www.burmeseclassic.com

လေရာင်ကျူးရှင်

ချစ်ရူးမလေး



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူရွှင်ပြုချက် – ၅၀၁၀၁၄၀၉၁၁၀

မျက်နှာဖုံးရွှင်ပြုချက် – ၅၀၁၀၇၀၁၀၁၀

အကြိမ် – ပထမအကြိမ်၊
၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀/-

ထုတ်ဝေသူ – ခေါ်ကေနိုင်ဦး (မြို့–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
မိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/ – ခေါ်နွဲ့နွဲ့ရီ (မြို့–၀၉၈၇၀)

အဖုံးပုံနှိပ်သူ ဓရဏောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း။
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၉၃

လရောင်ကျူးရင့်
ချစ်ရူးမလေး/ လရောင်ကျူးရင့်။ – ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၁၀။
၃၀၄– စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ချစ်ရူးမလေး

BURMESE CLASSIC .com

အခန်း (၁)

"ဆောရီး"

"ဆောရီး ဟုတ်လား၊ အဟွန်း.. ဟိုတုန်းက ရှင့်အဖေက ရှင့်အမေကို ဆောရီးလုပ်ပြီးထားခဲ့ရင် ဒီနေ့ ရှင် အဖေခေါ်စရာရှိမှာမဟုတ်ဘူး"

"တောက်"

"ရိုက်မလို့လား .. လုပ်ပါ၊ ဒို့ထက်နာကြည်းဖို့ကောင်းတာတွေ ကျွန်မ က ပြောဦးမှာ"

လေထဲကို အရှိန်နှင့်မြောက်တင်သွားသည့်လက်က ပြန်ဆင်းမလာဘဲ အတန်ကြာသည်အထိ ဒီတိုင်းနေ၏။ သူမသည် လက်ရွယ်လိုက်သည့်အချိန်မှာ တွန့်ခနဲ့တစ်ချက်ဖြစ်သွားပေမယ့် နောက်ထပ် ဘာအန္တရာယ်တွေရှိရှိ ပြောကိုပြောမှာဖြစ်ကြောင်း အနီးရောင်သမ်းနေသည့် စူးလက် သောမျက်ဝန်းများက သက်သေပြလျက် ...

"ဒီမှာ ရာသေ .. ဘယ်လောက်ထင်ပေါ်တဲ့ယောကျ်ားဖြစ်ဖြစ် ဘာမှမဟုတ်တဲ့သူပဲဖြစ်စေ၊ ယောကျ်ားမှန်ရင် ထင်သလိုနေ၊ ထင်ရာလုပ်ခွင့်ရှိတယ်ဆိုတဲ့အတ္တကြီးဟာ လူမဆန်တာပဲ၊ ရှင့်အပြုအမူ အယူအဆတွေကြောင့် ကိုယ့်ကိုယ်ကိုယ် တစ်ခေတ်ဆန်းနေတယ်ထင်ရဲ..."

www.burmeseclassic.com

www.burmeseclassic.com

"ထင်တော့ ဘာဖြစ်သွားနိုင်သလဲ၊ ဆက်ပြော"

"အမျိုးကောင်းသမီးတွေ ပျက်စီးတယ်"

"မင်း မှားနေပြီ နွေစပယ်၊ အမျိုးကောင်းသမီးဆိုရင် ခပျက်စီးဘူး"

နွေစပယ့်မျက်နှာ တင်းခဲနဲ့ ရဲခဲနဲ့ ပူးပေါင်းဖြစ်ထွန်းသွားတာ။ သူမက မိုးစပယ်ရဲ့အစ်မဖြစ်ကာ ညီမဖြစ်သူ မရှုမလှ ဘဝပျက်ကျန်ခဲ့သည့်အဖြစ်အတွက် မပြောချင်ဘဲ ပြောဖို့ မတွေ့ချင်တဲ့သူနဲ့ လာတွေ့နေရခြင်းဖြစ်သည်။

"ခေတ်ဆိုတာ ရေစီးကြောင်းတစ်ခုနဲ့တူတယ်ဆိုရင် ရေစီးထဲမှာ အမှိုက်ဖြစ်ဖြစ်၊ ဒိုက်ဖြစ်ဖြစ် ငြိချင်ငြိကြမယ်၊ ကပ်ချင်ကပ်သွားမယ်၊ အရှိန်ကုန်ရင်တော့ ပြုတ်ကွက်သွားကြမှာပဲ၊ အဲဒီတော့ ငါ ဘာကောင်ဖြစ်ဖြစ် ရေစီးထဲမှာမျောနေတဲ့ကောင်ပဲ၊ မငြိချင်ရင် ငါ့ရှေ့ရောက်မလာစေနဲ့"

ပြောပြီးတော့ ဒေါသမပြယ်သည့်မဲ့ပြုံးနှင့်စိုက်ကြည့်၏။

"မင်းညီမနဲ့ငါ ကလပ်မှာဆုံကြတာ"

နောက်ထပ် နွေစပယ့်မျက်နှာ မည်းခဲနဲ့ဖြစ်သွား၏။

"ရှင်းရဲလားမသိဘူး"

မေးပုံက အံကြိတ်ပြုံးသည့်မျက်နှာနှင့် ...

"နောက်ထပ်ပြောဖို့ရှိသေးတယ် နွေစပယ်၊ ဆောရီး"

သူ ကျောခိုင်းလိုက်တော့ နွေစပယ် ရှေ့ကိုတိုးလိုက်သွားကာ ...

"ရာဇသံ"

တစ်ယောက်နှင့်တစ်ယောက် လက်တစ်ကမ်းအကွာလောက်မှာ ရပ်သွားခဲ့ကြ၏။ ရာဇသံက ကျောခိုင်းထားရာကနေ နောက်ကိုပြန်လှည့်ရပ်ကာ ...

"ပြော"

"ရှင့်မှာ နှမ မရှိပေမယ့် အမေတော့ရှိမှာပါ၊ နောက်ကို မိန်းကလေး

တစ်ယောက်ကို ဖျက်ဆီးဖို့ အခွင့်အရေးရလာတိုင်း ရှင့်အမေမျက်နှာကို ပြန်မြင်လိုက်ပါ၊ ဒါဆိုရင် လောကကြီးမှာ အပျက်အစီးနည်းပါးပြီး အေးချမ်းသွားလိမ့်မယ်"

"မမြင်ဘူး၊ နေရာတကာ အမေ့မျက်နှာကိုမြင်နေလို့ ဘယ်ဖြစ်မလဲ၊ မင်း ပူမနေပါနဲ့၊ ငါလိုပဲ အမေ့မျက်နှာပြန်မြင်ဖို့ မမေ့နေတဲ့မိန်းကလေးတွေ ရှိဦးမှာပေါ့၊ အဟွန်း ..."

"တောက်"

နွေစပယ် လက်သီးလေးဆုပ်လျက်ကျန်ရစ်၏။ ရာဇသံ ဆိုသည့် ယောကျ်ားသည် သူမမျက်လုံးထဲမှာ မြင့်မြင့်မားမား၊ ပိန်ပိန်နဲ့ နွဲ့နွဲ့နှင့် ဆံပင် ထူအုပ်အုပ်ကိုလည်း ပစ်စလက်ခတ်ထားသေး၏။

ပြီးတော့ မျက်နှာခပ်သွယ်သွယ်လေးမှာ မျက်ခုံးထူထူက ရှိသင့်တာထက်ပိုနေသည်။ နှာတံပေါ်ပုံက မျက်နှာရှိနေတာနှင့် မလိုက်ဖက်သလို ရှိ၏။

ဒီလူကို ဆွဲဆောင်မှုရှိလွန်းသည့်မျက်နှာလို့ ဘာဖြစ်လို့ပြောနေကြကာလဲ။ တတ္တသိုလ် အားကစားအသင်းအဖွဲ့မှာတည်းက နှာမည်ကျော်ဖြစ်ခဲ့လျက် ခုချိန်ထိ သင်းက ဒီလိုအပြုံးနှင့် ဒီလိုနေနေတုန်း။

မိုက်မခဲ့သည့် ကိုယ့်ညီမကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

BURMESE CLASSIC .com

ရင်ခွင်တစ်ခုနှင့် ရာသီစက်ခွင် ဘယ်လိုကွာခြားသည်မသိပေမယ့် ရာသီတွေပဲ အလီလီပြောင်းလဲခဲ့ရကာ ရာဇသံ ဆိုသူတစ်ယောက်၏ ရင်ခွင်အကြောင်းက ပြောလို့မပြီးနိုင်။

"ဒီမှာ .. ဒီမှာ တွေ့လာပြီ ကြီးမေ"

"ဟင် .. ဘာလဲ"

"ရာဇသံ တဲ့"

"အို .. ခုကွာပါပဲ"

ဒေါ်ယုကြည် ခပ်သွက်သွက်လှမ်းလာသည့်ခြေလှမ်းတွေ သိသာစွာ နှေးကျသွား၏။ ပခြုပ်၏ တက်ကြွမှုလေးကတော့ ဂျာနယ်တစ်စောင်ကို ကိုင်ကာ လွယ်အိတ်ကိုလည်း ရောက်ချင်ရာရောက် ဖြုတ်ချပစ်သည်။

သင်တန်းကပေးလိုက်သည့် အောင်လက်မှတ်ကတ်ပါသော ပလတ် စတစ်ပန်းရောင်အိတ်ကိုလည်း တွေ့ကရာမှာချထားပြီးဖြစ်လျက် ...

"ချောလိုက်တာ .. အဲဒါကြောင့် ဒီလိုနာမည်ကျော်ခဲ့တာဖြစ်မှာ၊ ကြည့်ပါဦး .. ဦးရာက တော်တော်ကိုချောတာပဲနော်"

"ခု မချောတော့ဘူး၊ စိတ်ဓာတ်ကကျ၊ လူကဒိုထက်ပိန်ပြီး အရိုးပဒေသာ"

"ဟင် .. ဟုတ်လို့လား ကြီးမေကလဲ ...၊ မချော့တော့ဘူးဆိုရင် တောင် ခုခေတ်က အသက်ကြီးရင် ဝလာတဲ့ခေတ်၊ ဦးရာက ဝလာတဲ့ပုံ ဆိုရင် .. အင်း ..."

သူမကပဲ နူတ်ခမ်းကိုက်၊ မျက်မှောင်ကြုတ်၍ စဉ်းစားဟန်ချက်နေသည်။ ပြီးမှ ...

"ကြွံခိုင်ကျစ်လျစ်တဲ့ ခပ်ဖြောင့်ဖြောင့်ပုံတော့ကျန်ဦးမှာ၊ ကြီးမေက ဦးရာ အကြောင်းမေးတိုင်း ဘာဖြစ်လို့မပြောချင်ရတာလဲဟင်၊ ဦးရာက ပခြုပ်ရဲ့ကျေးဇူးရှင်မဟုတ်ဘူးလား၊ ဒီနေ့ထိ မြင်လဲမမြင်ဖူးဘူး၊ သိလဲမသိခဲ့ဘူး၊ ကိုယ့်ရဲ့မိဘဆိုလဲဟုတ်၊ အုပ်ထိန်းသူလဲဖြစ်နေတဲ့လူကို ပခြုပ်က ဘာဖြစ်လို့သိခွင့်မရှိရတာလဲ"

"မသိဘူး ပခြုပ်ရယ်၊ အဲဒီအကြောင်းကလွဲပြီး ကြိုက်တာမေး၊ သူ ကိုယ်တိုင်က လုံးဝအသိမပေးပါနဲ့လို့ပြောခဲ့တဲ့ကိစ္စ"

"ဒါဆိုလဲ အစတည်းက ရာဇသံ ဆိုတဲ့လူ သေသွားပြီလို့ ..."

"ဟဲ့ .. ဟဲ့ .. နိမိတ်မရှိ နမာမရှိ .. တိတ်စမ်း"

တိတ်စမ်း ဆိုတော့ တိတ်လိုက်ရသည်။ ဒါပေမယ့် မျက်လုံးတွေက ဂျာနယ်စာမျက်နှာထက်မှာပဲ စူးစိုက်နေဆဲဖြစ်၏။ ဘောလုံးပွဲတစ်ခုကို ရိုက်ထားတာဖြစ်ကာ အနီးကပ် လက်ရော ခြေရော လွှဲကန်နေသည့်ပုံက ရာဇသံ့ပုံဖြစ်နေသည်။ အနီရောင်အားကစားဝတ်စုံနှင့် နဖူးမှာပြန်ကျနေသည့် ဆံပင်တွေထဲမှာ အဖြူရောင်ခေါင်းစည်း၏တစ်စွန်းတစ်စကို မြင်နေရ၏။

ဂျာနယ်၏သက်တမ်းက နှစ်ပေါင်းများစွာတည်းကပါ။ ဒါပေမယ့် သိမ်းထားခဲ့သူ၏ မြတ်နိုးယုယမှုမှာ ဂျာနယ်က နုသစ်ကြည်လင်နေဆဲပဲ့၏။

ရာဇသံ ဆိုသူက ပခြုပ်ကိုမွေးစားခဲ့သည်။ သူမ အသက် ငါးနှစ်သမီးမှာ မိဘတွေ ဆုံးပါးသွားကြသဖြင့် ရာဇသံ လက်ထဲကို ရောက်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

သည်တဲ့။

ဒီဖြစ်ရပ်မှာ ဘာတွေထူးဆန်းနေလို့လဲ၊ ရာဇသံသည် ကလေးကို နာနီတစ်ယောက်နှင့်ထားကာ အစစ အားလုံးထောက်ပံ့ပေးခဲ့သည်။

နာနီလက်ထဲကနေ ပြောင်းလိုက်တော့ ဒေါ်ယုကြည်...၊ သူမ သိခဲ့ရသည့် အတိတ်အကြောင်းက ဒါပဲဖြစ်သည်။ နောက်ထပ် ဘာတစ်စွန်းတစ်စ မသိခဲ့ရတော့သလို မြင်ချင်ပါတယ်ပြောလည်း မြင်ခွင့်မရခဲ့ပေ။

နေ့စဉ် အသိဉာဏ်တွေ တိုးတက်ပြောင်းလဲလာခဲ့သမျှ ပခြုံပ် ရင်ထဲမှာ သိုသိပ်များပြားလာတာက ရာဇသံ ကိုမြင်ချင်သည်။

ဟိုအရင်တည်းက ရာဇသံ ဆိုသည့်နာမည်ကိုပြောလိုက်မိတိုင်း တအံ့တသြတွေဖြစ်၊ ခေါ်တဲ့ပြောတဲ့သူတွေက တော်တော်ကိုချောတဲ့လူလို့ပြောပြသလို ရွှဖို့ကောင်းလိုက်တာလို့ ပြောတဲ့သူကျတော့ မဲ့ရွဲ့နေသည့် မျက်နှာဟာ နည်းနည်းကွယ်တာနှင့် ထွီခနဲ တံတွေးထွေးသံပါ ကြားရတတ်သည်။

ထိုအခါ သူမ၏ မမြင်မစမ်းခြုံငုံသုံးသပ်ချက်မှာ ရာဇသံသည် ချော သလောက် ရွှပ်ပွေတတ်သူဖြစ်ရမည်။ ဘယ်လောက်ထိလဲဆိုတာက မခန့်မှန်းနိုင်။

အတိတ်ဟာ အတိတ်မှာ ကျန်ခဲ့တာပဲမဟုတ်ဘူးလား၊ ဒီနေ့ထိ ပခြုံပ် နဲ့အတွေ့မခံခဲ့တာ ဘာဖြစ်လို့လဲ ...၊

လူ့စိတ်သဘာဝအတိုင်း မမြင်ရလေ မြင်ချင်လေ၊ သိခွင့်မရှိလေ သိချင်လေ။ ပခြုံပ် ဂျာနယ်ကို စားပွဲပေါ်ပြန်ချလိုက်ရင်း ရှိုးကော့စ်မှန်တွေ လိုက်သုတ်နေသည့် ကြီးမေ၏မျက်နှာစူပူပူကို စိုက်ကြည့်မိသည်။

ကြီးမေက ဦးရာရဲ့အစ်မဝမ်းကွဲဆိုပြီး အလုပ်သမားတစ်ယောက်က အလုပ်ရှင်ကို ကြောက်ရသလိုပုံစံမျိုး ဘာဖြစ်လို့ဖြစ်နေတာလဲ။

ပခြုံပ်ကိုတောင် တခြားအချိန်တွေမှာ ဂရုတစိုက် ကြင်ကြင်နာနာရှိခဲ့ပြီး ဒီအကြောင်းမေးလိုက်တိုင်း အဆင်မသင့်လျှင် ငေါက်ငမ်းခံရသေးသည်။

နှစ်ထပ်တိုက်မြင့်ကြီးလွှစ်လုံးလုံးအတွက်သန့်ရှင်းရေးကို ကြီးမေက တစ်ယောက်တည်း ဒိုင်ခံလုပ်သည်။

"အိမ်ဖော်ငှားပါလား ကြီးမေကလဲ" လို့ ပြောဖူးသည်။ ဒီစကားက စိတ်ဆိုးစရာမရှိဘူးထင်၏။ ဒါပေမယ့် ကြီးမေ ဒေါသထွက်ဖူးသည်။

"ညည်းနဲ့ကျုပ်ပဲ စားသောက်မယ့်သူရှိတာ၊ ဘာတွေများ အလုပ်ရှုပ်စရာရှိလို့ အိမ်ဖော်ငှားရမှာလဲ၊ ရှုပ်ရှုပ်ယှက်ယှက်"

"ကြီးမေ ပင်ပန်းနေလို့ပြောတာပါ၊ အိမ်ဖာဟီရဆိုတာ ချက်ပြုတ်ကျွေး တစ်ခုတည်းမှမဟုတ်တာ၊ ဒီအိမ်အကြီးကြီးကို သန့်ရှင်းဖို့၊ လုံခြုံဖို့..."

"အမလေး .. ညည်းလေးကို နေမလောင် မီးမခေရဘူး ပခြုံပ် မပူနဲ့၊ သန့်ရှင်းရေးလဲ ငါမလုပ်နိုင်တဲ့အခါ ကျောတစ်နေရာစာပဲ လှည်းကျင်းအိပ်လို့ရတယ်၊ ဒီအိမ်မှာ ငါကြောက်ရမယ့်လူ မရှိဘူး၊ ညည်းလဲ ကျုပ်ကို ကြောက်နေရတာမှမဟုတ်တာ၊ မဟုတ်တာတွေ စဉ်းစားနေမယ့်အစား တစ်နှစ်တစ်တန်းအောင်ဖို့ကြိုးစား၊ စာမေးပွဲကျတဲ့နှစ်က အိမ်စုတ်လေးထဲရောက်မယ့်နှစ်ပဲ"

ဦးရာ က ဘယ်လိုကြိမ်းဝါးခဲ့သည်မသိပါ။ အထက်တန်းကျောင်းတက်နေကတည်းက ရီဝိုက်တ်တွေကို ဦးရာ ဆီ ပို့ရသည်။ အပ်လိုက်ပြီး ပခြုံပ်လက်ထဲရောက်လာပြီဆို သံ ဆိုသည့်စာလုံးကို ရာ စာလုံး၏ ရေးချပေါ်မှာ လှလှပပလေးတင်ထားသည့် ဦးရာ လက်မှတ်ကပါလာပြီးသား။

ဆယ်တန်းနှစ်မှာလည်း အိမ်မှာ Guide တွေခေါ်ပေးထားတာမို့ ပခြုံပ် မဆုတ်မနစ်ကြိုးစားခဲ့ရတာ ငါးဘာသာဂုဏ်ထူးနှင့်အောင်ခဲ့၏။

ထိုနှစ်က စိန်လော့ဂက်နှင့်ဆွဲကြိုးတစ်ကုံးရယ်၊ စိန်နားကပ်လေး တစ်ရန်ရောက်လာခဲ့သည်။ ကြီးမေကတော့ ပီတိတွေဖြစ်နေသည်မှာကား ကြီးနဲ့ပါ။

"အဲဒါတွေကို တန်ဖိုးမမေးနဲ့ ပခြုံပ်ရေ ..၊ ကိုင်တောင်မကြည့်ရဲတဲ့ဖြစ်သွားလိမ့်မယ်"

BURMESE CLASSIC .com

www.burmeseclassic.com

လို့ ပြောတာလည်း အဝိတော့မဟုတ်ဘူးထင်သည်။

''ပခြုပ်တို့နှစ်ယောက်တည်းနေဖို့ ဒီလောက်အိမ်အကြီးကြီး ဘာလုပ်ဖို့လဲ ကြီးမေ''

''အိမ်ကြီးအကြီးကြီးမလိုပေမယ့် သူ့မှာ အိမ်သေးသေးမှမရှိတာ'' တဲ့။

ရာဇသံ၏ အရိပ်မိုးက အဲဒီလောက်ထိရှိမှန်း သိခဲ့ရသည်။ ပခြုပ်ရင်ထဲမှာ လိပ်ခဲတည်းလဲဖြစ်နေရသည်က ရာဇသံသည် အိမ်ထောင်ရှိနေသူမို့ ဖနိုးတွေ သားသမီးတွေနဲ့ မနိုးစပ် မပတ်သက်စေချင်တာဆို သဘာဝကျသည်။

ခုကျတော့ ဒီနေ့ထိ အိမ်ထောင်မပြုခဲ့ဘူးလို့ပြောပြီး ပခြုပ်ကို ကျတော့ တိတ်တိတ်ပုန်းမွေးမြူခဲ့သည်။ တစ်ခါကတော့ စိတ်ထဲရှိတဲ့အတိုင်း ကြီးမေကိုပြောလိုက်မိ၏။

''ရုပ်ရှင်တွေထဲကလို ရည်းစားဟောင်းနဲ့မှားယွင်းပြီး ရခဲ့တဲ့ကလေးမို့လို့ လက်ရှိမိသားစုကိုအသိမပေးဝံ့တာဆိုထော်သေးတယ်၊ ခုတော့...''

''တော်ပါအေ ..၊ အခု ဘာမှမတော်တာတောင် ညည်း သူ့ကိုတွေ့ဖို့ နည်းမျိုးစုံကြိုးစားနေတာ၊ ဖအေသာဆိုရင် မီးပင်လယ်ကြီးခံထားရင်တောင် မရရအောင် လက်ပစ်ကူးသွားမှာ၊ ဟွန်း .. မြင်ယောင်ပါဘိ''

ကြီးမေတို့ ပြောပြီဆို ပခြုပ်ရင်ထဲမှာ ရှိနေတာတွေ ဒက်ထိ ..၊ ခုတော့ ဒက်ထိတွေ ထပ်ထွက်လာမှာစိုးကာ ပခြုပ် ဒီတိုင်းပဲ ကျန်ရစ်ခဲ့လေသည်။

ဆုံးဖြတ်ချက်ကတော့ ရှိပြီးသားပါ၊ ဦးရာကို တွေ့အောင်ရှာမှုမည်။

BURMESE CLASSIC .com

အခန်း (၃)

စီးကရက်ငွေ့ဖြူဖြူလေးတွေကိုကြည့်နေမိတာလည်း ကြာပါပြီ။ အနီဆန်သော အညိုရောင်နှုတ်ခမ်းတွေကိုလည်း မကြာခဏကြည့်မိ၏။

နားသယ်ဆစပ်တွေ စိမ်းမြနေအောင် အပြောင်သိမ်းထားသည့် ဆံပင်ပုံရိုးရိုးက ခေါင်းလိမ်းဆီကြောင့် ပြောင်လက်နက်မှောင်နေသည်။

ထိုအခါ ဖြောင့်စင်းသည်နှာတံက မျက်နှာဖြင်မှာ ထင်းနေအောင် ပေါ်သည်။ မျက်ခုံးတန်းထူထူတို့က ဆံပင်ပုံနှင့်ရောကာ ပို၍နိုင်ကျည်သည့်အသွင်ကိုဖြစ်၏။

ကိုယ့်နေရာမှာသာ တခြားမိန်းမငယ်တစ်ယောက်ဆိုရင်တော့ 'တစ်နေကုန်ထိုင်ကြည့်ရစမ်းပါစေ၊ ဘာမှမစားဘဲနေလိုက်ဦးမည်' လို့ ပြောနိုင်လောက်ပါ၏။

ဒါပေမယ့် ဒေါ်ယုကြည် ခြေထောက်တွေညောင်းနေပြီဖြစ်သည်။ အရမ်းဆာတာမဟုတ်ပေမယ့်လည်း ဗိုက်ထဲမှာ ဟာတာတာကြီးဖြစ်လာတာကိုသိနေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်မောင်ဝမ်းကွဲဆိုပေမယ့် ဟိုတုန်းတည်းက ကိုယ်ကနှိုင်ခဲ့တာ မဟုတ်၊ ခုဆို ကိုယ်က သူ့ဆီမှာ လက်ဝေခံသုံးစားနေရတဲ့ အခြေအနေ။

"မမယုကို ကျွန်တော် အားလုံး မှာထားပြီးသား"

နောက်ထပ် ပထမဆုံးထွက်လာသည့်စကားမို့ အတွေးလွန်နေသည့် ဒေါ်ယုကြည် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ နားနေခန်းဆိုသည့် တိုက်လုံးလေးကပဲ အကောင်းဆုံးဘန်ဂလိုပုံစံလေးဖြစ်လျက် နံရံသုံးဖက်စလုံးကို ငါးကန့်ကြီးတွေထည့်ထားသည်။

အတွင်းကကြည့်လျှင် ကန့်မဟုတ်ဘဲ ငါးတွေက လေထဲမှာသွားလာနေသလိုထင်ကြရလောက်အောင် ရေကလည်းကြည်လဲ့နေ၏။ အပြင်ခြံဝန်းကြီးတစ်ခုလုံးကိုလည်း အတိုင်းသားမြင်နေရသည်။

ရာဇသံသည် ထိုင်ခုံတစ်ခုခုမှာထိုင်နေတာမဟုတ်ဘဲ ငါးကန်ထောင့်က ပန်းစင်မှာ လက်တစ်ဖက်ထောက်ထားပြီး တစ်ဖက်က စီးကရက်ကိုင်၍ မတ်တတ်ရပ်နေတာဖြစ်သည်။

အထဲကိုရောက်လာတာနှင့် 'ဘာဖြစ်လို့လဲ' ဆိုသည့်မေးခွန်းတစ်ခုပဲ ထွက်ခဲ့သည်။ ဒေါ်ယုကြည် ပြောသမျှကိုနားထောင်နေခဲ့သည့်နောက်မှာ ဒီဝါကျတစ်ကြောင်း ထွက်လာတာက ဒုတိယ ...၊

"ဒီကောင်မလေး ဟိုမေးဒီမေးတွေဖြစ်လာအောင် ဖောင်းပွနှန်းမြှင့်လာတာ မမယု အနေအထိုင် အပြောအဆိုတွေမှားလို့ ..."

"ဟာ .. မဟုတ်ဘူး ရာဇသံ၊ မောင်လေး မှားနေပြီ၊ ငါ သူ့ကို ကိုယ့်တူမလေးလိုလဲနွေးထွေးခဲ့တယ်၊ ခပ်ကြမ်းကြမ်းမိန်းမကြီး တစ်ယောက်လိုလဲ မညာမတာဆက်ဆံပေးခဲ့တယ်၊ မင်းပြောတဲ့အဓိပ္ပာယ်က ဘာလဲတော့မသိဘူး၊ ငါ့ဘက်က သူ့ကို ဟိုတုန်းကအကြောင်း ဘာတစ်ခွန်းမှမပြောခဲ့တာ အမှန်ပါ"

စီးကရက်ကို နှုတ်ခမ်းကြားမှာတပ်၍ ဖွာရှိုက်နေရင်း ရာဇသံက မျက်ကြောစင်းနှင့်ငဲ့ကြည့်သည်။ ကြည့်ပုံက တရားခံတစ်ယောက်ကို

ကြည့်တာမျိုး ...။ ဒီအကြည့်တွေကြောင့် မပျောက်သေးပါလားဟု တွေးမိရင်း ရာဇသံ၏ တံကယ်ပိပြင်ခဲ့သောစရိုက်အမျိုးမျိုးကို သတိရလိုက်မိသည်။

'သမုဒယ' စံအိမ်ကြီး၏တစ်ဦးတည်းသောမျိုးဆက်သွေး 'ရာဇသံ' ...၊

ဆွေမျိုးတွေထဲမှာ အချမ်းသာဆုံး 'သမုဒယ' စံအိမ်နှင့် စီးပွားရေးလောကမှာ ဘုရင်တစ်ဆူလိုမင်းမူနိုင်ခဲ့သော 'သမုဒယ'ရဲ့ အရှင်သခင်တွေ ...၊

ဒီလိုအကြည့်တွေနဲ့ကြည့်လိုက်ပါ၏။ ရာဇဝင်တွင်အောင်ဆိုးခဲ့တာလည်း ဆိုးထိုက်ပါဝဲသည်။ မင်းညီမင်းသားတစ်ပါးလိုပြည့်စုံကြွယ်ဝသော စည်းစိမ်ခြေရံတို့နှင့် 'ရာဇသံ'ဆိုသည့်လူငယ်တစ်ယောက်က ရုပ် ရည်လက္ခဏာအရာမှာလည်း ပြောစရာမရှိ။

ဒေါ်ယုကြည် သိခဲ့တာ ဒါထက်မပိုပါ။ ပခြုပ်နှင့်ပတ်သက်သောကစ် မြစ်အခြေအနေကိုလည်း မသိ၊ ခုချိန်ထိ 'ဒီကောင်မလေး ကျွန်တော့်ရှေ့ကို ရောက်မလာစေနဲ့'လို့ပြောနေတာကိုလည်း နားမလည်။

လူငယ်ပီပီ သူ့အာသာ သိရှင်မြင်ချင်စိတ်တွေ နိုးကြားနေတဲ့အရွယ်မှာ ဘာဖြစ်လို့များ ကိုယ့်ကို တရားခံထင်ရတာလဲ။

ရာဇသံ က စူးစိုက်ကြည့်နေဆဲမှ ...

"ကျွန်တော် ကုမ္ပဏီတစ်ခုကို အကြောင်းကြားထားလိုက်မယ်၊ လိပ် စာကတ်လဲယူသွား၊ ပခြုပ်ကို အဲဒီပို့လိုက်"

"ဟင် .. ဘယ်လို ..."

"သူလဲ ကျောင်းပြီးနေပြီ၊ ဆယ်တန်းအောင်တုန်းကလဲ ဆေးကျောင်းတွေ ဘာညာတွေ သူ တက်လို့ရရဲ့သားနဲ့ စီးပွားရေးကိုရွေးတယ်၊ ခုလဲ သူ အပျံသင်နေတာ၊ လွှတ်ပေးလိုက်"

"မင်းပြောတာ မမ နားမလည်ဘူး၊ ပခြုပ်ကို ကုမ္ပဏီမှာ အလုပ်လုပ်ခိုင်းရမှာလား"

"ဟုတ်တယ်"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

"ဒါ .. ဒါဆိုရင်လဲ မင်းမှာ ကုမ္ပဏီတွေ ဒီလောက်လက်ညှိုးထိုး မလွဲဖြစ်နေတာ ..."

"မမယု ဘာတွေလာပြောနေတာလဲ၊ အခုပြဿနာက အလုပ်မရှိ အလုပ်ရှာနေတဲ့ကိစ္စ၊ အဲဒီတော့ ဘွဲ့ရကာမှ သင့်တင့်ရာဆိုတဲ့ စိတ်ကူး ကိုဖျက်ရမယ်၊ အခု လွတ်ပေးလိုက်၊ တစ်ချက်မှမနားရအောင် ခိုင်းမယ့် အလုပ်ရှိတယ်"

ပြောနေရင်း ခြေလှမ်းကျဲနှင့်လျှောက်သွားသည်။ ဖောင်းကားနေသည့် သားရေအိတ်ရှည်အနက်လေးထဲကို အဖြူရောင်ကတ်လေးတစ်ခု ထပ်ထည့်ပေးလိုက်ပြီး ကမ်းပေး၏။

အထဲမှာ ဌေတွေအပြည့်ပါမှန်း ဒေါ်ယုကြည် သိသည်။ ကတ်က တော့ ကုမ္ပဏီလိပ်စာကတ်ဖြစ်မှာပါ။ ရာသေ ဆိုတာ ပြောပြီးရင် ဖြစ်အောင်လုပ်ရမှ ...။

ဒေါ်ယုကြည်က အိတ်ကို သူမ လွယ်ထားသည့်အိတ်ထဲ ပြောင်းပါ ထည့်ရင်း သက်ပြင်းချလိုက်ကာ ...

"မမက စေတနာနဲ့ပြောတာပါ၊ မသိစေချင်၊ မမြင်စေချင်ဘူးဆိုတာ ကိုယ့်ခြံကိုယ့်ဝင်းထဲမှာပဲ၊ ပြေးချင်သလိုပြေး၊ ပုန်းချင်သလိုပုန်းလို့ရတာ၊ ကလေးက သူများအလုပ်သမားဖြစ်သွားပြီဆိုရင်တော့ ..."

မျက်လွှာတစ်ချက်ပင့်ကြည့်သည်။ ပြီးတော့ ဆက်မပြောတော့ဘဲ ပါးစပ်ပိတ်၍ လှည့်ထွက်လာခဲ့၏။ ပြောလည်း ကြိုက်မှာမဟုတ်တဲ့ အတူတူ .....။

အခန်း (၄)

"အင့်း .. သင်တန်းအောင်လက်မှတ်တွေကို ကျေနပ်ပါတယ်၊ လုပ်ငန်းအတွေ့အကြုံ ဘာမှမရှိသေးတာကတော့ ဒီလိုပဲ လုပ်ရင်း ကိုင်ရင်း တွဲခေါ်သွားရမှာပေါ့၊ ကိုယ်တိုင် စည်းကမ်းရှိရှိနဲ့ကြိုးစားဖို့တော့ လိုတယ်နော်"

"ဟုတ်ကဲ့"

MD ကိုယ်တိုင် ခန့်အပ်သည့်အလုပ်ကို ပခြုံပါ ရခဲ့သည်။ အိမ် ရောက်လို့ပြောပြတော့ ကြီးမေက မျက်နှာမကောင်းရှာ။

"ပခြုံပါတော့ ဖျော်တယ်၊ ခုမှ ပြင်ပလေကိုကြိုက်သလိုရှုရှိုက်ခွင့် ရသွားတာ"

"သြော်အေ ... ဖြစ်ရလေ"

ဒေါ်ယုကြည်က မခြောက်တခြောက်သနပ်ခါးကို ဘရပ်ရှိနဲ့ခြစ်ချ ရင်း ဆံပင်ရှည်တွေကို ဖြစ်သလိုလိပ်ပတ်ထုံးဖွဲ့၏။ တကယ်ဆို ဒီအရွယ် ပြင် လို့ဆင်လို့ကောင်းတုန်းပါ။

www.burmeseclassic.com

www.burmeseclassic.com

ကြီးမေကိုတော့ မိတ်ကပ်မပေါင်ခါနဲ့ ပခြုပ် တစ်ခါမှမတွေ့ခဲ့ဖူးပေ။ သနပ်ခါးခပ်ပါးပါးနှင့် ရင်စေ့လောက်တော့ဝတ်သည်။

ပါတိတ်တွေပဲအဝတ်များလျက် ရွှေနားကပ်လေးတစ်ရန်၊ ဆွဲကြိုးလေးတစ်ကုံးနှင့် လုံးချောလက်ကောက်တစ်ကွင်း။ ကြီးမေရဲ့ အဆောင်အယောင်က ဒါပဲဖြစ်၏။

ပခြုပ် အမြင်မှာတော့ ကြီးမေဟာ ဦးရာအတွက် အလွန်အားကိုးရသည့် အစ်မတစ်ယောက်ပင်။ ငွေကို ခြွေတာသုံးစွဲတတ်သလောက် အနေအထိုင် ကျစ်လျစ်သည်။

ချက်ပြုတ်အုပ်ထိန်းမှု ဘာဆိုဘာမှ ပြောစရာမရှိအောင် တော်တဲ့သူ ဖြစ်၏။ ဒါပေမယ့် ပခြုပ် အတွက်ကတော့ ...

"ကြီးမေက ဘာဖြစ်တာလဲ၊ ဒါ ဦးရာကိုယ်တိုင် 'သွားစေ' ဆိုပြီး လမ်းညွှန်လို့သွားခွင့်ရတာလေ၊ ကြီးမေလဲ ပေါက်စိပေါက်စလို့ကဲ့ပြာနေ ဖို့မလိုတော့ဘူး၊ ပခြုပ်လဲ 'ဘုရား' တပြီး ဖွဖွလျှောက်ဖို့ မလိုတော့ဘူး"

"ဟုတ်ပါပြီ၊ ညည်းလေးက ပျော်နေမှာပေါ့"

"ပျော်တယ်၊ အစတုန်းက သင်တန်းတွေလျှောက်တက်နေရတာ ဘာမှလဲအဓိပ္ပာယ်မရှိဘူးလို့ထင်သေးတာ၊ ခုမှပဲ ပွဲတက်ခွင့်ရတယ်"

"တက် ... တက် ...၊ တွန်းတင်တဲ့သူကတင်တယ် ... တက်တဲ့သူလဲ တက်တယ်၊ အပေါ်ကျမှ ခြေကုပ်မရှိလို့ ပြန့်ကြဲကြည့်ရရင် ညည်းသေပြီ"

"အဲဒီလိုတွေစိုးရိမ်နေရင် ကြီးမေ ဦးရာကိုပြောခဲ့ပါလား၊ ဟိုကိုကျတော့ မပြောရဲဘဲနဲ့ ..."

"ဟုတ်ပါတယ်၊ ရှင်ကလဲ ကျွန်မကိုပဲပြောပါ၊ လူငယ်တွေများ... အို ... သူ့အရွယ် လူငယ်လေးလဲမဟုတ်တော့ပါဘူး၊ ကလေးက တစ်မျိုး၊ လူကြီးကတစ်မျိုး၊ စိတ်ညစ်လိုက်တာနော်"

ပုံစံအကဲခတ်ရတာ ကြီးမေကို ဦးရာ တစ်ခုခုပြောထည့်လိုက်ပါပြီ။ သူမဘဝတစ်လျှောက်လုံးမှာ ရာဇသံနှင့်ပတ်သက်သမျှ ဘယ်အကြောင်းလေးပဲကြားလိုက်ပါရစေ၊ အားလုံးက စိတ်ဝင်စားဖွယ်တွေချည်းပဲ ဖြစ်လေသည်။

သေချာပါသည်၊ နောက်ထပ် စိတ်ဝင်စားဖွယ်တွေ ရှိနေဦးမှာ.....။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

"စားလေ ပခြုပ် ..၊ ဘာလဲ .. အလုပ်နဲ့အကိုင်နဲ့ဖြစ်သွားပြီဆိုပြီး ပြန်ဝယ်ကျေးဇူးရမှာစိုးလို့လား"

"မဟုတ်ပါဘူးဟာ၊ နင်က ဖုန်းဆက်တော့ ငါထမင်းစားပြီးနေပြီ"

"သိသားပဲ၊ ဟောဒီ ကိုကောင်းကင်ပေါ့၊ စားပွဲပေါ်မှာ နှင့်နဲ့ငါ ရိုက်ထားတဲ့ဓာတ်ပုံကိုကြည့်ပြီး မိတ်ဆက်ပေးစမ်းပါ ဇွတ်ဖြစ်နေလို့..."

"အဟွန်း .. တကယ်ပါ၊ ကျွန်တော်က ကောင်းကင် ..၊ ရွှေပခြုပ် ဟုတ်လား၊ ဓာတ်ပုံထဲမှာထက် လှတယ်"

ပခြုပ်က ပြုံးပြပြီး ကျေးဇူးလို့ပြောသည်။ မျက်မှန်အနက် ဂျာကင် အနက်နှင့် အသားကဖြူနေတော့ ရုတ်တရက်ကြည့်ရင် ချောတယ်လို့ ထင်ရပေမယ့် အသားကကြမ်းသည်။ နှုတ်ခမ်းသားတွေ ရဲနေတာက လည်း ပါးပါးလှပ်လှပ်မို့ ပြုံးလိုက်တော့ ဂိုးသားမှတွေ ပျောက်ဆုံးနေသလိုပင်။

မရောနောသင့်သည့် လူတစ်ယောက်အဖြစ် ဦးနောက်ကွန်ပျူတာမှာ အနီရောင်ကြက်ခြေခတ်တစ်ခုထင်၏။ ကောင်းကင်သည် ဖော်ရွေချွတ်သိုသောအပြုံးနှင့် သွားတွေအားလုံးပေါ်တဲ့အထိ အသံတိတ်ပြုံးလိုက်ရင်း ...

"ကျွန်တော့်ကို ခင်မင်ခွင့်ပြုပါနော်၊ ကျွန်တော်က သစ်ကုမ္ပဏီက ကိုယ်စားလှယ်တစ်ဦးပါ၊ ကြွားတာတောမဟုတ်ပါဘူး၊ ဒီရာထူးကို ဒီအရွယ်နဲ့ရထားတာက ကြိုးစားမှုရော မိဘရဲ့အကူအညီတွေ အားလုံးပါပါတယ်"

"ဧည့်.. ကြွားတယ်မထင်ပါဘူး၊ ကိုကောင်းကင်က ဘာတွေပြောလိုက်လို့လဲ၊ ကျွန်မ ရုတ်တရက် အာရုံပြောင်းသွားလို့ မကြားလိုက်ဘူး"

"ဟာ .. ဗျာ ..."

တကယ့်ကို စိတ်ဓာတ်ကျဆင်းသွားသည့်ရှုမဲ့ခြင်းဖြင့် သူနှုမူး သူရိုက်၍ ဟာခနဲဖြစ်၏။ ဒါကိုကြည့်၍ နန္ဒာနိုင်နဲ့အိမ်မှတို့က အသံထွက်ရယ်ကြသည်။

အိမ် က ပခြုပ် ရဲ့သူငယ်ချင်းပါ။ နန္ဒာနိုင် ကတော့ အိမ် ရဲ့အစ်မဖြစ်ကာ ဒီနေ့ထိ အဖျိုကြီးပဲဖြစ်သည်။ သူမတို့ညီအစ်မ၏အဖေက သစ်တောနဲ့အိမ်ရာဌာနက အရာရှိကြီးဖြစ်သောကြောင့် အိမ်မှာ လုပ်ငန်းနှင့်ပတ်သက်သူတွေ အဝင်အထွက်များ၏။

ကောင်းကင် ကတော့ နန္ဒာနိုင်နဲ့ရွယ်တူလောက်ရှိနိုင်ပေမယ့် အရာရှိငယ်တစ်ယောက်လို့ပဲ ဖြောရလိမ့်မည်။

"ဟုတ်တယ် ကိုကောင်းရေ ..၊ ကျွန်မနဲ့ပတ်သက်သမျှ သူငယ်ချင်းမိန်းကလေးတွေက ဒီလိုပဲ အချစ်ရေးကိစ္စတွေကို စိတ်ဝင်စားမှုနည်းကြတယ်၊ ညီမလေးရော .. ပခြုပ်ရော ဒီနေ့ထိ ချစ်သူမထားခဲ့တာကို ကြည့်တော့ ဒီရပ်ဒီရည်တွေ ကြိုက်မယ့်သူမရှိလို့ဆိုတာ ဖြစ်နိုင်မလား"

"ယုံပါတယ်ဗျာ.. ယုံပါတယ်၊ လက်တွေ့ကြီးကိုယုံတာပေါ့၊ ဒါပေ

www.burmeseclassic.com

www.burmeseclassic.com

မယ့် ဥစ္စာပေါ်ရုပ်ချောပြီး ကိုယ့်ကိုချစ်မယ့်သူဆိုတဲ့ အရည်အချင်းတွေ ပြည့်စုံမှုရွေးမယ်ဆိုရင်တော့ ခက်ခဲမယ်ထင်တယ်၊ ပြီးတော့ ရုပ်ချောရင် ကိုယ်ခန္ဓာပြေပြစ်မှုနည်းမယ်၊ ပြေပြစ်တဲ့သူဆိုရင် သိပ်မချောဘူး၊ အဆိုးနဲ့ အကောင်း ဒွန်တွဲနေတာပါ''

အလဲ ...၊ ဒီပုဂ္ဂိုလ်က ယောကျ်ားအများထုဘက်ကပါလား ...။ နိုက် ကြည့်နေရင်း ပခြုပ်က အခြောက်တိုက်ရယ်တော့ ကောင်းကင်က ကြည့်သည်။ ပြီးတော့ လိုက်ရယ်ကာ . .

''အများအားဖြင့်ရှိတတ်တာကို ပြောတာပါ''

''မှန်ပါတယ်၊ ဒါပေမယ့် မဖြစ်နိုင်တာမရှိဘူးဆိုတာကိုလဲ မမေ့နဲ့လေ၊ အရည်အချင်းကောင်းတွေ ပြည့်နှက်နေတဲ့ယောကျ်ား တစ်လောကလုံးမှာ တစ်ယောက်တည်းရှိနေတယ်ဆိုရင်တောင် အဲဒီတစ်ယောက်က ကျွန်မရဲ့ဖူးစာရှင်ဖြစ်မနေဘူးလို့ ပြောနိုင်မလား''

ပခြုပ်ကိုငေး၍ ကောင်းကင် ရုတ်တရက် ပြောစရာ ပျောက်သွား သည်။

နန္ဒာနိုင် က ရယ်ကာ ...

''သိပ်မှန်တာပေါ့၊ ယောကျ်ားလေးချင်းဆိုတော့ တစ်ယောက်ကို တစ်ယောက် ပခုံးချင်းယှဉ်နေတာပဲ၊ သိရှင်တောင် မသိသလို၊ မြင်လျှက် နဲ့မမြင်သလိုဖြစ်တတ်မှာပါ၊ ဒါပေမယ့် မေးရဦးမယ်၊ ကောင်းကင် က ဘယ်လောက်ထိချောတဲ့ယောကျ်ားမျိုးကိုမြင်ဖူးသလဲဟင်''

''ဗျာ ...''

''ကျွန်မက ရင်းနှီးတဲ့သူချင်းမို့လို့ မေးပါတယ်''

ကောင်းကင် မျက်နှာမှာ နားမလည်နိုင်သည့်အပြုံးတစ်ချက် ရွှဲပ် တိုက်သွားတာကိုမြင်နေရ၏။ သူ့စိတ်ထဲမှာတော့ 'မနိုင် တို့က ငါ့ကို ပခြုပ် နဲ့မိတ်ဆက်မေးဖို့ခေါ်ထဲတာလား၊ ဒီမှာ မျက်နှာစုံညီကျမှ ခေါက် ဖြုတ်ချင်လို့လား ...' ဟု တွေးနေပါပြီ။

ဒါကို အိမ့် က သတိထားမိသည်။ ခက်သည်က ပခြုပ်ကိုချိန်းပြီး ကောင်းကင်နဲ့ နှစ်ယောက်တည်းလာပေမယ့် မမနိုင်က သူလည်း ပွင်းလို့ ပါဆိုပြီးလိုက်လာတော့ မတတ်နိုင်။

တွေ့ဆုံကြဖို့က မရိုးသားမှုတွေမပါဘူးဆိုတော့ မမနိုင် လိုက်လာ တာကို အပန်းမကြီးစွာခေါ်ခဲ့မိ၏။ ကောင်းကင် ပြောလိုက်တဲ့စကားတွေ က မမနိုင်ရင်ထဲကို တိုက်ရိုက်ထိသွားခဲ့ခြင်းဟာ ...

''ကျွန်မ ခြင်ဖူးတယ် ကောင်းကင်၊ သိပ်ချောပြီး သိပ်ကိုရက်စက် တဲ့ယောကျ်ားပေါ့၊ ဘယ်လောက်ထိချောလဲ သိလား ...၊ သူ့ကို စိတ်ဆိုး လို့မရဘူး၊ သူနဲ့ဝေးရရင်သေချင်တယ်၊ သူ့ရဲ့ခွဲခွာခြင်းခံခဲ့ရတဲ့မိန်းကလေး ဘဝဆိုရင် ပတ်ဝန်းကျင်မှာ နော်မယ်စိတ်နဲ့ ပြန်ပြီး ရုတ်တရက်ခံစား မပျော်ဝင်နိုင်ဘူး''

''ရူးသွပ်သွားသလိုမျိုးပေါ့၊ ဒါမှမဟုတ်ရင် အသည်းကွဲဝေဒနာ လား၊ ရည်းစားပြတ်ရင် အသည်းကွဲတာဆန်းလို့လား မနိုင်ရာ''

''ဆန်းနေလို့ပြောတာ၊ အဲဒါ ကျွန်မက ရူးသွပ်ခဲ့တဲ့သူဖြစ်လို့ပြော တာမဟုတ်ဘူး၊ ကျွန်မထက် ပုံပျက်ပန်းပျက် ခိုးရွားကျန်ခဲ့တဲ့မိန်းကလေး တွေ လက်ညှိုးထိုးပြလို့ရသေးတယ်၊ တချို့က ကျွန်မလိုအပျိုကြီးပဲ၊ တချို့ ကတော့ အိမ်ထောင်တွေကျပေမယ့် မမြဲကြလို့ တစ်ခုလပ် တစ်လင်ကွာ တွေ ...''

ကောင်းကင် မျက်နှာက အထင်မြင်သေးသလိုကြည့်နေလိုက်၊ ရှဲမှဲ ပြီး တရားဝင်မယုံကြည်ခြင်းကိုပြနေလိုက်၊ သူ့စိတ်ထဲမှာ တော်တော်ချဉ် တူးနေပြီထင်သည်။

မမနိုင် စကားကိုဖြတ်ချပစ်ဖို့စိတ်ကူးပေမယ့် အိမ့် လည်းမတတ် နိုင်။ ကိုယ့်ဘာသာ ဘယ်အခြေအနေထိပဲ ပေါက်ကွဲခံစားခဲ့ရပါစေ၊ ကိုယ့်လက်ထဲမှာ ကိုယ့်ဘာသာအတည်ပြုတဲ့အမှန်တရားတွေ ဘယ် လောက်ရှိရှိ သူစိမ်းယောကျ်ားလေးတစ်ယောက်ရှေ့မှာတော့ ဒီလောက်

www.burmeseclassic.com

www.burmeseclassic.com

"မနိုင်ရယ်.. ဟိုအရင်တည်းက အဲဒီလိုမတွေးမိဘူးလား၊ အဟွန်း.. ဟွန်း ဟုတ်ပါပြီ၊ ကဲ.. မနိုင် အခုပြောတဲ့ ပဋ္ဌာန်းဆက်ကြောင့်ဆိုရင်တော့ ဒီလူ နတ်သားမမီအောင်ချောတယ်ဆိုဆို .. ကျွန်တော် ယုံကြည်လိုရပါပြီ"

"ဒါပေမယ့် ရှင် အရမ်းယုံဖို့ခက်နေလို့ ကျွန်မက ခြွင်းချက်ကိုပြောတာ၊ သူ့ကို တကယ်မြင်လိုက်ရင်တော့ ရှင့်စိတ်ထဲမှာ တစ်မျိုးဖြစ်ချင်ဖြစ်နိုင်တယ်နော်"

"အင်း .. ပြစမ်းပါလို့ပဲ ပြောရမလိုဖြစ်နေပြီ မနိုင်ရာ .."

"ပြမယ်၊ ကျွန်မတို့စကားဝိုင်းနဲ့တိုက်ဆိုင်လိုက်တာ ...၊ ဟိုမှာ ဆိုင်ထဲ ကို သူ ဝင်လာနေပြီ"

"ဟင် .. ဘယ်မှာလဲ"

နန္ဒာနိုင် က ဆိုင်အဝင်ဝဘက်ကို မျက်နှာမူနေတဲ့သူဖြစ်သည်။ သူမ ပြောလိုက်သဖြင့် အားလုံး နောက်ကို သမင်လည်ပြန်လှည့်ကြည့်လိုက်ကြ၏။

ဝင်လာတာက လေးယောက်တောင်ဖြစ်သည်။ အရပ်အမောင်း မတိမ်းမယိမ်းတွေဖြစ်ကာ အားလုံး၏ပုံစံတွေက ဟိုက်ဘော့စ်တွေပါ။

ဒါပေမယ့် ဘယ်သူနဲ့မှ ရောနှောမသွားဘဲ ထင်းနေသည့်တစ်ယောက်ဆီ အားလုံး မျက်လုံးတွေ ဝှန်းခနဲရောက်သွားကြ၏။

ဝတ်ထားသည့်အရောင်ကလည်း ထင်းထင်းကြီးမဟုတ်၊ ဆင်စွယ်ရောင်ရှပ်အင်္ကျီလက်ရှည်ကို ကြယ်သီးအစုံတပ်လျက် ကော်ဖီရောင်ဖျော့ဖျော့ ဘောင်းဘီရှည်နှင့်ဖြစ်သည်။

ထို့ပြင် စီးထားသည့်ဖိနပ်က နက်စွေးပြောင်လက်နေသည်။

လူတစ်ကိုယ်လုံးမှာ အဆီပိုမရှိသောကိုယ်ဟန်ကြောင့် လှမ်းဝင်လာပုံက မြင်တဲ့သူကို စိုက်ခနဲတော့ဖြစ်သွားစေတာ အမှန်ပဲဖြစ်၏။

ကောင်းကင် စကားသံတစ်ချက်မှမထွက်ဘဲ ခြေဆုံးခေါင်းဆုံးကြည့်လို့မပြီးနိုင်။

ပွင့်လင်းဖို့ မသင့်ဘူးထင်ပါသည်။ ဒါပေမယ့် နန္ဒာနိုင်က မရပ်သေး။

"သူ့ရုပ်ရည်က မဟာဆန်ပြီး နတယ်၊ စိတ်ဓာတ်ကတော့ သိပ်ရိုင်းတယ်"

"မနိုင် ကတော့ သိပ်မခံစားခဲ့ရဘူးထင်တယ်"

"အပျိုကြီးပဲလုပ်ခဲ့တယ်လေ"

"သြော် .. ဟား ဟား ...၊ မြင်ဖူးချင်လိုက်တာဗျာ၊ မျက်လုံးထဲမှာ ဘယ်လိုပုံစံမျိုးကို မှန်းမြင်ရမယ်မှန်းတောင်မသိတော့ဘူး၊ နတ်သားတစ်ပါး၊နဲ့များတူနေမလားထင်ပေမယ့် နတ်သားကိုလဲ မမြင်ဖူးဘူးလေ"

ကောင်းကင် က တည့်တည့်ပဲတိုက်ခိုက်၏။ 'နတ်သားလောက်များ ချောတယ်လို့များ ပြောချင်လို့လား' ဟု မေးချင်တာမျိုးလို...။ ပြောမယ် ဆိုရင်တောင် နတ်သားမမြင်ဖူးလို့ ဆောရီးပါလို့ လျောင်ရယ်တာမျိုး...။

ဒီထဲမှာ အဓိကဓာတ်ကောင်ဟုထင်ရသည့် ပခြုပ်လည်း ဒီတိုင်း ထိုင်ပြီးနားထောင်အုံသြနေခဲ့ရသည်။ အိမ့် ကတော့ မမနိုင်ရဲ့ဖီးလ်တွေကို သိပြီးသားမို့ ကောင်းကင်ကို အားနာနေတာပဲရှိသည်။

ခုချိန်ထိ နန္ဒာနိုင်က အပြုံးမပျက်ဘဲ ...

"ကောင်းကင်ကို ကျွန်မက ဒဏ္ဍာရီထဲကမင်းသားအကြောင်း ပြောနေတာမဟုတ်ဘူး"

"အဟွန်း .. ဟွန်း... ဟုတ်ပါပြီ၊ ကဲ .. ပြောပါ"

"တစ်ခုတော့ ရှိတာပေါ့နော်၊ မြန်မာဗုဒ္ဓဘာသာတိုင်းဟာ ပဋ္ဌာန်းဆက်ဆိုတာကို ယုံကြည်ကြတယ်၊ ပဋ္ဌာန်းဆက်ရှိထားတဲ့သူချင်း ဆုံလိုက်ကြတဲ့အခါ မြင်မြင်ချင်း စွဲလမ်းနှစ်သက်တာတွေ၊ တစ်ယောက် မျက်လုံးထဲမှာ တစ်ယောက် သိပ်လှတာပဲလို့ထင်ကြတာတွေ၊ ကိုယ်ထင်ရင် ခုတင်ရွှေနန်းဆိုတဲ့ စကားတွေလဲ ရှိတယ်မဟုတ်လား၊ သူ့ကိုစွဲလမ်းကြတဲ့မိန်းကလေးတွေက အဲဒီလိုအကြောင်းတွေနဲ့လားဆိုတာတော့ မသိနိုင်ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com

သည်။ အထဲ အဝင်တံခါးကိုမြင်ရသည့်စားပွဲမှ တစ်ယောက်တည်းထိုင်ကာ မဆုံတော့သည့်ဖိုက်ထဲကို အပူတွေရော အအေးတွေရော ထပ်ထည့်နေခဲ့၏။

ဒါပေမယ့် သူ ဘယ်လိုအတောင်ပံပေါက်ပြီး ပျံထွက်သွားသည်မသိ၊ အဝင်သာမြင်ရပြီး ပြန်ထွက်မလာခဲ့တော့ပေ။

ကံမငေးဘင်းသေးပါလား ....။

"ဦးရာ ..."

တစ်ခါမှမမြင်ဖူးခဲ့ပေမယ့် သူ့ပုံကို တစ်ခါပဲကြည့်ဖူးထားရုံနှင့် ပခြုံပဲ ဒက်ခနဲသိသည်။ နှုတ်ဖျားမှ ဖွဖွခေါ်ရင်း ထ,ရပ်မိတော့မတတ်ပင်။

ပုံထဲမှာ ဆံပင်က အရှည်ထူထူအုပ်အုပ်၊ ခုပုံစံက လူငယ်တစ်ယောက် လိုမဟုတ်ဘဲ တကယ့်လူကြီးလူကောင်းပုံ ရှင်းရှင်းတည်တည်။

ဘယ်လိုမှပြောင်းလဲမသွားတာက ထူတန်းမည်းနက်နေသောမျက်နှံး နှစ်ဖက်နှင့် ပေါ်လွင်သည့်နှာတံ ....၊

"နင်နဲ့ သိလို့လား ပခြုံပဲ"

ကပ်ကပ်လေးထိုင်နေသည့် အိမ့် က ပခြုံပဲ ခေါ်လိုက်သံကို ကြားသည်။ ဒါပေမယ့် ပခြုံပဲ က မဖြေဘဲ သူတို့တက်သွားကြသည့် အပေါ်ထပ်လှေကားရင်းထိ လိုက်ကြည့်နေကာ ...

"မမနိုင် သူ့ ... သူ့နာမည်က ဘယ်သူတဲ့လဲဟင် ..."

"ရာဇသံ"

"ဟား ..."

ဖျတ်ခနဲလှည့်လဲကြီး ကောင်းကင် မျက်နှာက မလှလားခြင်းအပြည့်နှင့် 'ဟား' ခနဲအသံထွက်၏။

"ဒါလဲ အစစ်အမှန်ပဲလား၊ တင်စီးထားလိုက်တဲ့နာမည်ဗျာ ..."

"အဟွန်း .. ဘယ်သဘောနဲ့လဲဆိုတာတော့ သူ့အမေမှပဲသိမှာပေါ့၊ ရှင် နည်းနည်းတော့ယုံသွားပြီထင်တယ်"

"ဘာပြောတာလဲ မနိုင်၊ ကျွန်တော် မြင်တာတော့ ချောပါတယ်၊ ယောကျ်ားလေးချင်းမို့ထင်တယ်၊ မနိုင်တို့ မိန်းကလေးတွေမြင်သလို မဟုတ်ဘူး"

နှုန့်နိုင်နဲ့ ကောင်းကင်တို့နှားလည်မှုမရခဲ့ဘဲ စကားပိုင်းက ရုပ်သိမ်းသွားခဲ့၏။

ထိုနေ့က အားလုံး လူစုခွဲလိုက်ကြပြီးမှ ပခြုံပဲ ဆိုင်ထဲကိုပြန်ဂင်

www.burmeseclassic.com

အခန်း (၆)

"မင်းက အကူအညီတောင်းတယ်ဆိုတော့ အချင်းချင်းတွေအမြင်နဲ့ ရောပေးထားလိုက်တာကွ၊ ကောင်မလေး ဒီလောက်ဖြစ်မယ်လို့မထင်ဘူး၊ ငါ့မှာ နေရာလွတ်မရှိပေမယ့်ကွာ၊ နေရာတိုင်းမှာ စိတ်တိုင်းမကျဖြစ်နေရတာ၊ ငါ့ရဲ့အတွင်းရေးမှူးက စပြီးတော့ပဲ"

"ပြောပါဦး"

သူပြုံးတာကိုကြည့်ပြီး 'မင်းကတော့ ပြောအားရိုတာကိုး' ဆိုသည့် အရိပ်တစ်ချက် ဦးအောင်မောင်းမျက်နှာမှာ ဖြတ်ပြေးသွား၏။ နှစ်ယောက်၏အလယ်မှာရှိနေသော လက်ဖက်ရည်ပန်းကန်တွေက ဇာစံဝက်စီသောက်လက်စနှင့် အေးစက်သည့်အခြေအနေကိုရောက်ကုန်ပြီဖြစ်သည်။

"မိန်းကလေးက တော်တယ်ကွ၊ စာရင်းဇယားနိုင်တယ်၊ ကွန်ပျူတာ ကျွမ်းတယ်၊ အလုပ်လုပ်တာလဲ စေ့စေ့စပ်စပ်ရှိတော့ ငါ နေရာပေးလိုက်တာတောင် လွဲသွားတယ်ထင်တာ"

"နေဦး ဦးအောင်၊ ဒီတိုင်းလေးပဲထားပါဦး၊ နောက်တော့မှတစ်ဆင့်ပေါ့၊ ကျွန်တော်ဖြစ်စေချင်တာကလဲ ကြိုးစားမှုကိုတပ်မက်ဖို့ပဲ၊ မိန်းမငယ်လေးမို့လို့ အရွယ်လေးရောက်လာတာနဲ့ ဟိုဟိုဒီဒီ အာရုံတွေများလာမှာကို မလိုချင်ဘူး"

"ဒါကတော့ သဘာဝပဲ မောင်၊ မင်း ထိန်းချုပ်ထားလို့မရဘူး"

ရာဇသံ က ပြုံးလိုက်၏။ နုနုငယ်ငယ် မျက်နှာလေးတစ်ခုကို မြင်ယောင်ကာ ဟိုတစ်လောက ဆိုင်ထဲမှာ သူ့ကို စာစီချိန်လုံးထိုင်စောင့်နေခဲ့တဲ့အဖြစ်ကို သတိရသေးသည်။

ဆိုင်ထဲဝင်ခဲ့တုန်းက မမြင်မိပါ။ ကိုတင့်ဆွေအောင်က ပြုံးစစနှင့် ပြောတော့မှ ...

"တကယ်ထူးတဲ့ကုသိုလ်ရှင်ပဲကွ၊ တစ်ဆိုင်လုံး မျက်လုံးတွေ ကျွတ်ကျမတတ်ဖြစ်ကုန်အောင် မင်းက ရုပ်ရှင်မင်းသားတွေထက် ညှို့နိုင်စွမ်းပါလား၊ အလယ်စားပွဲက မိန်းကလေးသုံးယောက်ကို သတိထားမိလား"

ခေါင်းခါလိုက်သော်လည်း လှည့်မကြည့်ဖြစ်ပေ။ စားပွဲရောက်ပြီး ထိုင်ချလိုက်တော့မှ အတွင်းကနေ မှန်ကိုထွင်းဖောက်၍မြင်လိုက်ရသည့် မျက်နှာတွေထဲမှာ ရွှေပခြုပ်ကို သူ တွေ့လိုက်ရတာဖြစ်၏။

သိပ်မကြာလိုက်ဘဲ ထ,ပြန်သွားကြပြီး ခဏအကြာမှာ သူမ ပြန်ဝင်လာသည်။ ဒီဘက်ကို တည့်တည့်လှည့်ထိုင်ပြီး စားပွဲတစ်လုံးမှာ စာစီယောက်တည်းထိုင်စောင့်နေ၏။ တစ်မျိုးပြီးတစ်မျိုး မှာသည်။

ဘာမှမကုန်ဘဲ လက်စတွေနှင့် သူမရှေ့မှာ အအေးတွေ၊ ကော်ဖီပန်းကန်တွေ ထပ်နေ၏။ ပြီးတော့ နာရီလေးငဲ့ကြည့်လိုက်၊ ဒီကို စူးစိုက်ငေးလိုက် ..၊

ရွှေပခြုပ်နဲ့ သူ့ကိုပတ်သက်နေမှန်းမသိတော့ ကိုတင့်ဆွေအောင်ကလည်း ပြုံးလို့မပြီးနိုင်။ သူ မလိုချင်တာ အဲဒါပဲဖြစ်၏။

ရွှေပခြုပ်ကို သူ ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ ဒါပေမယ့် ကလေး

www.burmeseclassic.com

www.burmeseclassic.com

က တခြား သူက တခြား နေခဲ့ကြ၏။ ဘာဖြစ်လို့ကျွေးမွေးခဲ့တာလဲ၊ ဘာဖြစ်လို့ အတွေ့မခံတဲ့နေသလဲ။

ဆက်စပ်ခဲ့တဲ့ လူတချို့ထံမှ ပဟေဠိတွေထွက်လာခဲ့၏။ သူ ဂရုမစိုက်ပါ။ ထို့ပြင် ရွှေပခြုံပ်ကို မပစ်ရက်သလို ကလေးအဖေတော့ အဖော်မခံချင်တာကြောင့် ဒီလိုမွေးမြူခဲ့တာလား.. စသဖြင့် မေးခွန်းပေါင်းများစွာသည် ...၊

"ဒါနဲ့ တစ်ခုမေးပါရစေ၊ မဖြေနိုင်ရင်တော့ မဖြေပါနဲ့၊ ကောင်မလေးက မင်းနဲ့ ဘာတော်တာလဲ၊ မင်းရဲ့အစ်မကြီးဆီမှာ အပ်ထားတာဆိုတော့ ညီမလေးလား .."

ဦးမောင်အောင်၏မေးလိုက်သံက သူ့စိတ်ကူးတွေကို ကောက်ဆက်ပေးလိုက်သလိုပင်။

"သမီးလားလို့ မမေးတော့ဘူးလား"

"ဟာ .. မဟုတ်တာ ...၊ မင်းက လူပျိုပဲကွ"

"သူများတွေကတော့ တိုးတိုးကြိတ်ကြိတ်ထင်ကြေးပေးနေကြတာပဲ"

"မဟုတ်တာပဲ ရာဇသံ၊ ကျုပ်က ကျုပ်ကိုယ်တိုင်လဲ ကိုယ်ကျင့်တရားကိုစောင့်ထိန်းတယ်၊ သူများကိုလဲ ကိုယ့်လိုပဲဆက်ဆံတယ်၊ မင်းကို ကျုပ် ဒီလိုပုံစံမျိုး လုံးဝမတွေးမိခဲ့ဖူးဘူး၊ နောက်ပြီး ဘယ်သူ .. ရွှေပခြုံပ်.. အေး .. ရွှေပခြုံပ်လေးက မင်းထက် အသက်ငယ်တယ် ဆိုတာတောင် သူ ကျောင်းပြီးနေပြီ၊ မင်းကလဲ လူကြီးစာရင်းဝင်နေပေမယ့် ကိုယ့်ကိုယ်ကိုယ်လဲပြန်ကြည့်ဦးလေ ...၊ ဒီအရွယ်သမီးကြီးရှိနေတာဖြစ်နိုင်တယ်ဆိုရင်ကောင် ပုံဖို့မရှိဘူး"

ဦးအောင်မောင်းက တကယ့်စိတ်ရင်းနဲ့ပြောနေတာမှန်း သိသာသည်။

"ဒီမေးခွန်းကို ကျုပ် မေးတာက မင်းလိုလူရဲ့သွေးသားဖြစ်နေရင် ကျုပ်က ကျုပ်လုပ်ငန်းထဲမှာ ဒီနေရာ ဒီအဆင့်လောက်ပဲ သူ့ကိုမေးတော့ ..."

"အတွေ့အကြုံဆိုတဲ့ ရင့်ကျက်မှုတွေအတွက် တစ်ကွက်ချန်တယ်လို့ သဘောထားရမှာပါ၊ ကျွန်တော်ကိုယ်တိုင် သူ့အတွက် ဒီတိုင်းပဲမှန်းထားခဲ့တာ"

မှသားမကင်းသည့်စကားမို့ ကိုယ့်မှာ အပြစ်မကင်းဘူးထင်သည်။ တကယ်တော့ မရည်ရွယ်ခဲ့သောရည်ရွယ်ချက်တွေဖြစ်ခဲ့တာက ဒီကောင်မလေး ကိုယ့်နားမှာ ရှိမနေဖို့ အဓိက ..၊ ဘာဖြစ်လို့လဲဆိုရင်တော့ ...

"ကဲ.. လက်ဖက်ရည်တွေလဲ အေးစက်ကုန်ပြီ၊ ကျုပ်တို့ အပြင်မှာ တစ်ခုခုသွားစားမလား"

"နေပါစေတော့ ဦးအောင်၊ ကျွန်တော် အလုပ်ကိစ္စလေးရှိသေးလို့ပါ၊ တစ်ခုခုထပ်စားဖို့ အချိန်မရတော့ဘူး၊ ဦးအောင်လဲ ကျွန်တော် ရောက်လာတာနဲ့ အလုပ်ရှုပ်သွားပြီ"

"ပြောရက်တယ် မောင်မင်းကြီးသားရယ် ..၊ ကျုပ် ကုမ္ပဏီကို မင်း ကြွလာတာ မျက်နှာပွင့်တာပါ၊ ဘာကိုအလုပ်ရှုပ်ရမှာလဲ"

ပြောရင်း နှစ်ယောက်အတူတူထ,ရပ်မိကြသည်။

"ရောက်တုန်း အထဲကို တစ်ပတ်လောက်ဝင်မွေသွားစမ်းပါ၊ လိုအပ်တာလေး ဘာလေးတွေ့ရင် အကြံပေးပေါ့၊ ကျုပ်မှာ တစ်နေ့တစ်နေ့ အမှန်းခံပြီး ပြောရဆိုရတာတွေများလွန်းလို့ နေရင်းထိုင်ရင်း ဘော်ဒီဂတ်သားရမလိုဖြစ်နေပြီ"

"ဘာဖြစ်လို့လဲ"

"ရန်သူတွေ ရှိချင်ရှိနေမှာလေ၊ တကယ် အဲဒီလောက်ကိုပဲ ..."

သူ့စကားသူပြောရင်း ရုံ့မဲ့နေပေမယ့် ရာဇသံ ရယ်တော့လည်း သူပါ လိုက်ရယ်သည်။

ကားနားထိလွှက်လာကြသည့်တစ်လျှောက်မှာ ကွက်ကြည့် ကွက်ကြည့် လိုက်ငေးကြသည့်အလုပ်သမားတို့၏မျက်လုံးတွေက မဖုံးနိုင်မဖိနိုင်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၇)

"အစ်ကိုလေး စာ .."

ဘယ်ကစာလဲလို့မမေးဘဲ ဝင်းမြင့်လက်ထဲက သူ ယူထားလိုက်သည်။ အထဲကိုလည်း ဖြန်မဝင်ဘဲ ပေါ်တီကိုအောက်မှာပဲ နံရံကို ခေါင်းတစ်ဝက်နှင့်ဖေးကပ်ထားရင်း စာအိတ်ကို ဖွင့်လိုက်၏။

ရာဇသံ ...

နာမည်ခေါ်လိုက်တာနဲ့ သိမှာပေါ့နော်။ ဦးပေါ်ဦးလောက် မတော်နိုင်ပေမယ့် 'ဆားနဲ့ပါဘုရား'လို့ နှင်ဖြေနိုင်မယ် ဆိုတာ ငါ ယုံကြည်တယ်။ ဘယ်လိုလဲ ..၊ ရာဇဝင်အပျက်ခံတော့မလို့လား။ လုပ်ပါ ..၊ နင် ခြေလှမ်းကျဲလို့ရအောင် ငါ လမ်းဖွင့်ပေးထားတာပဲ၊ ရွှေပခြုပ်ကို နင် ပိုင်တယ်လေ။

ငါ စာထည့်တာ တစ်နှစ်မှာ သုံးစောင် ..၊ နင် ဘာတစ်ခုမှ အဖြေမရှိခဲ့ပေမယ့် တိတ်ဆိတ်နေတဲ့ နှင့်ရင်ထဲကစာကို ငါ ထွင်းဖောက် ဖတ်ရှုနိုင်အောင်ကြိုးစားနေတယ် ရာဇသံ၊

ရွှေပခြုပ်ကိုတွေ့မလားလို့ မျက်လုံးတစ်ချက်တော့ဝေ့ကြည့်လိုက်မိသည်။ မတွေ့ပေမယ့် စကားသံလေးတစ်ချက်ကိုကြားလိုက်၏။

"တော်တော်ချောတယ်နော်" တဲ့ ...။

ဤနေ့ရှိသည့် မိန်းကလေးတစ်ယောက်လို ဒီစကားကြောင့် ရာဇသံ မျက်နှာ မသိမသာတင်းသွားခဲ့သည်။ ရှောင်ရှားလာခဲ့သည့် ဒီအသံတွေကို မကြားချင်တော့တာ သူ့မှာ ခံစားချက်တွေရှိသည်။

အထူးသဖြင့် ရွှေပခြုပ်၏မိခင်နှင့်ပတ်သက်၍ .....

www.burmeseclassic.com

www.burmeseclassic.com

အလိုက်မှ ပေါ့ပါးခြင်းကိုခံစားရတာလည်းမှန်သည်။ သို့သော် အတိတ်ကို စိတ်တိုပြန်ပြေးသွားတိုင်း ပူလောင်သည့်ရင်ထဲမှာတော့ ပေါ့ပါးခြင်းကိုမရခဲ့ပါ။

သူ့စိတ် .. သူ့ရဲ့အတ္တ၊ မှန်ခဲ့သောပစ္စုပ္ပန်တိုင်းအတွက် ခုတော့ အတိတ်သည် ....။

ခုလည်း ရေးရေးတော့သိနေပါပြီ၊ ငါမပြောခင် နင် တစ်ခုခု ဖွင့်ဟလာတာကိုကြားချင်တယ်၊ နင့်ကို ဝန်ချခိုင်းနေတာမဟုတ်ဘူး၊ ငါ စိန်ခေါ်ထားတာကို ဘွာမခတ်ဘူးဆိုတဲ့ ရာဇသံတစ်ခုခုပေါ့။

မကြောက်တာတော်ဘဲနဲ့ ဘာဖြစ်လို့ ငိုမ်နေတာလဲ၊ ရွေပခြုပ်ကို နင့်နားမှာမထားခဲ့တာ မသိတဲ့သူတွေ ဘယ်လိုထင်ထင် ငါကတော့ ရိပ်မိတယ်။

ခြေလှမ်းစတော့ ရာဇသံ၊ စိန်ခေါ်ထုတ်နေတာတောင် တစ်ကြိမ် နှစ်ကြိမ်မက ခေါင်းငဲ့နေရင် သည်းခံတာမဟုတ်တော့ဘူး၊ အဲဒါ ကြောက်တာဖြစ်သွားပြီ၊ ကြံစည်နေတယ်ဆိုရင်လည်း နင့်ကို စိန်ခေါ်နေတာက မိန်းကလေးနော်၊ ငါဘက်က လက်နက်ပုန်း မသုံးဘူး။

ယုံကြည်ပါတယ် ..၊ စောင့်နေမယ် ...။

သမီးရဲ့ဝိုင်ရှင်

စာဆုံးသွားပေမယ့် တွန့်ကုပ်ထားသည့်မျက်ခုံးထူထူနှစ်ဖက်က ပြေကျမသွားခဲ့ပေ။ အတန်ကြာမှ စာကို ခါးလယ်က ခေါက်လိုက်ပြီး ဒီတိုင်း ကိုင်ထား၍ ခြံထဲ ပြန်လှည့်ခဲ့၏။

ထိုစဉ် ညနေခင်း၏လေပြည်က သိမ့်ခနဲဖြူးသွားသည်။ ယိမ်းနွဲ့လှုပ်ရှားစရာ ပန်းပင်အလှတွေ ဘာမှမရှိပေမယ့် တစ်ခြံလုံးမှာ မြစိမ်းရောင်ကတ္တီပါလိုဖြန့်ခင်းထားသည့်မြက်ခင်းတို့၏ပဝါပါးက ရုတ်တရက် ရေပြင် ထက်ကလှိုင်းကြက်ခွပ်တွေလို လှုပ်လှုပ်ရွရွပြိုးပြက်လက်၏။

ဘောင်းဘီအိတ်ထဲမှာ လက်တွေထည့်လိုက်ရင်း မြက်ခင်းတွေထက်မှာ သူ တစ်လှမ်းချင်းဖြတ်လျှောက်ခဲ့၏။ စိတ်ရှပ်ထွေးမှုတွေဖြစ်လာတိုင်း ဒီပေါ်မှာဖြတ်လျှောက်သွားလာချင်သည့်စိတ်တွေ သူ့မှာဖြစ်၏။ သွား

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)

စွတ်စွတ်ဖြူသောဂါဝန်ကားကားလုံလုံလေးနှင့်၊ ခြေစွပ်နှင့်၊ လေဒီရှူး အဖြူရောင်လေးကို စီးထားသည်။

ဆော့နေသည့် ဘောလုံးအဖြူအနီစပ်ကျားလေးနှင့်ကလေးငယ်က စိမ်းစိုသောမြက်ခင်းပေါ်မှာ ပိုစတာတစ်ချပ်လို လှပနေ၏။

"ဦးကျော် ..ဟိုကလေးက ဘယ်ကလဲ"

"ဟင် ..."

အထူးအဆန်းတွေ့မေးနေသည်ဟု ပြောချင်သော ဦးကျော်မောင်၏ မျက်လုံးတွေ သူ့ဆီရောက်လာ၏။

"ဟင် .. ဘယ်သူလဲ အဲဒါ ..."

"ကလေးက ..."

ခြံထဲကို ကားဝင်လာသည့်တောက်လျှောက်မှာ သူ နှစ်ခါထပ်မေးပေမယ့် ဦးကျော်မောင်ကတော့ မပြည့်မစုံ တစ်ခွန်းစနှစ်ခွန်းစနှင့်ပေါ်တိကိုအောက်မှာ ကားရပ်သွား၏။

"ဟော.. သားလေး ပြန်လာပြီ"

နိုင်ငံခြားမှာ နှစ်နှစ်နေပြီးမှပြန်ရောက်လာသည့်သားကို ဝမ်းသာအားရ ကြိုဆိုလိုက်ပေမယ့် မေမေ့မျက်နှာပေါ်ကအပြုံးကို သူ တစ်မျိုးကြီး ခံစားလိုက်ရ၏။

ဖေဖေ့ဆီမှာ နှစ်နှစ်တောင်သွားနေရသလားဆိုပြီး မေမေ ကြေကွဲနေတာလား၊ ဒါမှမဟုတ် ...

"မေမေ နေကောင်းတယ်နော်"

"ကောင်းတယ် သား၊ သားကတော့ ဖြူဖြူမြင့်မြင့်ကြီးနဲ့ အသားတွေ တောင် ပန်းရောင်သမ်းနေသလိုပဲ၊ ချောလာလိုက်တာ ကြည့်စမ်း ..."

အိမ်ဖော်က သူ့သေတ္တာကို သယ်ချနေတုန်းမှာ မေမေနဲ့အိမ်ထဲဝင်လာရင်း သူ့မျက်လုံးတွေ ဟိုဒီဝေ့ဝဲသွားမိသည်။

"အိမ်မှာ ဧည့်သည်ရှိသလား မေမေ"

"မရှိပါဘူး သားရဲ့ ..၊ မသန်းက တောပြန်သွားပြီး ပြန်မလာတော့ဘူး၊ မေမေလည်း ကျန်းမာရေးသိပ်မကောင်းတော့ ယုကြည်က သူလာနေပေးမယ်တဲ့၊ ဒါပေမယ့် သူ့ရဲ့ကျောင်းဆရာမအလုပ် နယ်ဝေးကို ကျတယ်ဆိုမှ မလုပ်တော့ဘဲ ဒီကို လာမှာလေ၊ ခုတော့ ဖြိုမှာပဲ ကျတယ်ဆိုလား ..၊ ရောက်မလာပါဘူး သားရယ်၊ အဲဒါကြောင့် ပွဲစားဆီကပဲ ကောင်မလေးနှစ်ယောက် ခေါ်ထားရတယ်"

"မမေ တစ်ယောက်တည်းနဲ့ သူစိမ်းနှစ်ယောက်ရှိနေတာ မကောင်းဘူး မေမေ၊ အဲဒါကြောင့် ဖေဖေကလဲ ..."

"မင်းအမေက နဂိုကတည်းက ကျန်းမာရေးကောင်းတာမဟုတ်ဘူး၊ စိတ်က ပျော့သေးတယ်၊ ငါသား ပျော်နေရင်တောင် ဒီမှာ ကြာကြာမနေနဲ့နော်" တဲ့။

ဖေဖေ့စကားကို ပြောပြမလို့ဟာ မေမေ့မျက်နှာတင်းသွားတော့

www.burmeseclassic.com

www.burmeseclassic.com

ရှေ့ဆက်မပြောဖြစ်ပေ။

"မတတ်နိုင်ဘူး သားရယ်၊ သားက လူငယ်ဆိုတော့ လူငယ်ပီပီ လွတ်လွတ်လပ်လပ် သွားလာနေထိုင်ချင်တာကိုလဲ မတားချင်ဘူး၊ သားစိတ်ချရအောင်လဲ မေမေက ခေါ်လိုက်တာပါ၊ ကောင်မလေး တွေက မနှိ့ပါဘူး"

သူမေးတာက အဓိပ္ပာယ်တစ်ခု၊ မေမေ ဖြေနေတာက တခြား။

"ကျွန်တော် ဒီကစီးပွားရေးတွေကို သူများနဲ့လွဲထားနေရတဲ့အဖြစ်ကို မလိုချင်လို့ပါ၊ ဟိုမှာလည်း ဖေဖေရှိနေတုန်း နိုင်ငံခြားဈေးကွက်အကြောင်းလဲ လေ့လာချင်တယ်၊ မေမေ့ကိုထားခဲ့ချင်လို့မဟုတ်ပါဘူး"

"အို.. သားရယ် ..၊ သားကို မေမေက ဒီလိုသွားတဲ့အတွက်ပြောချင်တာမဟုတ်ပါဘူး၊ ဟိုမှာလဲ အဖေပဲ၊ သားက သားအဖေနဲ့တူမှထက်မြက်မှာ၊ ကျော်ကြားမှာ၊ မေမေ နားလည်ပါတယ်၊ မေမေ့သားစီးပွားရေးနယ်ပယ်ထဲကိုဝင်တော့မယ်ဆိုလို့ မေမေ ဝမ်းလဲသာတယ်၊ စိုးရိမ်တာတစ်ခုပဲရှိတယ်"

မေမေ့မျက်နှာ ညှိုးကျသွားတာကို သူ စိုက်ကြည့်နေမိ၏။ ခရီးရောက်မဆိုက် စကားစမပြတ်တော့ဘဲ သားအမိနှစ်ယောက် မျက်နှာချင်းဆိုင်ထိုင်မိကြသည်။

"မေမေ ပြောလေ"

"ငါယောကျ်ားပဲဆိုပြီး ရွပ်တာမွေတာတွေကိုတော့ ရှောင်ပါကွယ်"

'ရာဇသံ'ဂိုဏ်းသည့်နာမည်တစ်လုံးနှင့် သူမျက်နှာ မသိမသာပျက်၏။ ဒီစကားမျိုး မေမေ မပြောခဲ့ဖူးပေ။ ဖေဖေကိုယ်တိုင်က ဟိုတုန်းကနေ ဒီနေ့ထိ ချောမောကျော်ကြားခဲ့တဲ့ ယောကျ်ားတစ်ယောက်ဖြစ်သည့်တိုင် အပျော်ရွာတာ ပွေတာရွပ်တာ ဘာတစ်ခုမှမရှိခဲ့ပေ။

သူ ရှစ်တန်းဖြေသည့်နှစ်မှာ ဖေဖေ နိုင်ငံခြားထွက်သွားခဲ့သည်။ သေးငယ်စွာစုဆောင်းမိနေပြီဖြစ်သည့် မေမေ့ရင်ထဲက မကျေနပ်မှုတွေ

ဟာ လင်မယားအကြီးအကျယ် ကွဲတောက်ကဆတ် ဘာမှမဖြစ်ခဲ့ဘဲ တစ်ခါတည်း ကွာရှင်းခွင့်တောင်းခဲ့တဲ့အထိ ဖြစ်သွားခဲ့၏။

မေမေကလည်း အလွယ်တကူကွာရှင်းပေးခဲ့တော့ ဖေဖေ့ကို နောက်ထပ် အသစ်မြင်သွားပြီ၊ အိမ်ထောင်ပြုသွားပြီဟု လူတွေဝေဖန်ခဲ့ကြသေးသည်။

တကယ်တော့ ဒေါ်သီတာနွယ် ဆိုသည့် မေမေ့တို့မိသားစုဆွေမျိုးထဲမှာ ခေတ်ပညာတတ် ရာထူးရာခံကြီးတွေနှင့် တစ်ထီးတစ်နန်း ဝံ့ကြွားစွာနေထိုင်ခဲ့ကြတာပဲရှိသည်။ သိန်းထောင်ပေါင်းများစွာ ရင်းနှီးခြင်း၊ ရယူ ခြင်းများနှင့် စီးပွားရေးနယ်ပယ်မှာ ရပ်တည်ကြတဲ့သူမရှိ။

ဦးခိုင်ကြည်တို့ကျတော့ ဘွဲ့တစ်ခုကို ရအောင်ယူခဲ့တာက ဘွဲ့ရပြီး သည့်ပြယုဂ်တစ်ခုအဖြစ်သာရှိကြပြီး စီးပွားရေးမှ စီးပွားရေး ..။

ထို့ကြောင့် ဂုဏ်သိက္ခာနှင့် စားဝတ်နေရေးကို ညီမျှခြင်းလောက်နှင့် ခေါင်းပေါ်တင်ကာ ကျေနပ်နေနိုင်ကြသည့် ဒေါ်သီတာနွယ်တို့ဘက်နှင့် ရပြီးရင်းရချင့်သော 'ငွေရှိမှဖြစ်သည့်' ဒဿနကို အတည်ပြုခဲ့ကြသည့် ဦးခိုင်ကြည်တို့ တဖြည်းဖြည်းနှင့် စည်းရုံးမရဖြစ်ခဲ့ကြ၏။

ထို့ပြင် ရွက်ကြမ်းရေကျိုလောက်သောရပ်ရည်များနှင့် လင်မယားနှစ်ယောက်က မင်းသားတစ်ပါးလို နာသစ်ချောမွေ့နေသည့် သား တစ်ယောက်ကို မွေးဖွားခဲ့၏။

ရာဇသံ က အရွယ်ရီလေးမဖြစ်စလောက်တည်းက နာမည်တစ်လုံးနှင့် အကျော်အမော်ဖြစ်ခဲ့သူ ...၊

ဟိုဘက်ဒီဘက်မွေးချင်းတို့၏ကလေးကို မွေးမြူလိုပုံချင်း ကွဲပြားခဲ့သောအခါ ဒေါ်သီတာနွယ်က ရာဇသံကို အင်္ဂါကြွယ်သီးစုံအောင်တပ်၍ ကတ္တီပါဥပဓိနပ်ကိုစီးစေ၏။ ဦးခိုင်ကြည် ကျတော့ သားဖြစ်သူကို မူလ တန်းကျောင်းသားအရွယ်တည်းက ကျောင်းစိမ်းဘောင်းဘီရှည်နှင့် ရှပ် အင်္ကျီလက်ရှည်အဖြူမှာ လည်စည်းလှလှဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဒီအဖြစ်တွေ ကိုဆိုးကုန်သည့်အကြောင်းသည် ဒေါသီတာနွယ်မှာ ဦးခိုင်ကြည်ဘက်က မိဘဆွေမျိုးတွေ အိမ်ကို ရုက်ရှည်လများ လာလာနေကြပြီး ကလေးကို ဟိုလိုပုံသွင်း၊ ဒီလိုပုံသွင်းလုပ်ကြခြင်းကို ကြည့်နေခဲ့ရ၏။

စီးပွားရေးကိုပဲ သဲမဲရှာနေသည့် ဦးခိုင်ကြည်က အိမ်ပြန်နားချိန်မှ ရှင့်အမေက ဘယ်လို၊ ရှင့်ညီမက ဘာညာ စသည့် အိမ်တွင်းရေးကွိစကွစတွေကို မကြားချင်။

ပဋိပက္ခမဟုတ်ခဲ့ဘဲ မညီညွတ်ခြင်းကြောင့် ပြတ်ရွှေ့ကြောင်းက အရာထင်ခဲ့၏။ နောက်ဆုံးမှာ စိတ်ပျော်ပါသည်ဆိုသော ဒေါသီတာနွယ်ပဲ ရောဂါသည်လိုဖြစ်လာခဲ့သည်။

ပျော်ရွှင်စရာကင်းမဲ့လာသည့်အိမ်ထောင်ရေးကို ခါးသီးလာခဲ့ပြီး စိတ်ပျော့တယ်ဆိုပေမယ့် သူမကပဲ စတင်၍ လမ်းခွဖို့ ကြေညာခဲ့၏။

သို့သော် သူမ၏ ပြုပြင်ပြင်ဆင်လိုခြင်းဟာ နောက်ကျခဲ့သည်လား...၊ အရာမထင်တော့ဘူးလား ..။

ရာဇသံ ဆိုသည့် လူပျိုပေါက်စလေး၏နာမည်ကျော်ပုံက တစ်မျိုးတစ်မည်ဖြစ်လာခဲ့သည်။ မေးလိုက်တော့လည်း 'သား ဘာလုပ်လို့လဲ၊ မေမေက သားကိုမယုံတော့တာလား' တဲ့။

သားအမိနှစ်ယောက် အတွေးတို့တူညီစွာ မျက်လုံးချင်းဆုံသွားကြ၏။

ခဏလေးတိတ်ဆိတ်သွားခြင်းမှာ အဟိတ်နဲ့ပစ္စုပ္ပန် ဘယ်လိုဆက်စပ်နေပြီဆိုတာ ဒေါသီတာနွယ်က သိပေမယ့် ရာဇသံ မသိ။

''သား''

''ပြောပါ မေမေ''

''တကယ် ဘာမှမသိဘူးလားဟင်''

ရာဇသံ ကြောင်တောင်တောင်မျက်ဝန်းများနှင့် ငေးခနဲဖြစ်သွား၏။

ထိုမျက်ဝန်းတွေကို ဒေါသီတာနွယ်က စိုက်ကြည့်၍ ...

''ကဲ .. သားလဲနားလိုက်ဦးလေ၊ ညနေကျမှ ...''

''မဟုတ်ပါဘူး မေမေ၊ မေမေ တစ်ခုခုပြောမလို့မို့လား၊ ကျွန်တော်က ဘာကိုမသိခဲ့တာလဲ၊ အခု ဘာဖြစ်နေလို့လဲ''

မပြောချင်သည့်မျက်နှာခပ်လွဲလွဲနှင့် ဒေါသီတာနွယ် သက်ပြင်းရှည်ကြီးချ၏။

''သား ဝင်လာကာစက အိမ်မှာ ဧည့်သည်ရှိသလားလို့ ဘာဖြစ်လို့ မေးတာလဲ''

''ကျွန်တော် ...''

သူ ဖြေမလို့ ပါးစပ်ပြင်လိုက်တုန်းမှာ ...

''ဘွားဘွား''

''ဟာ.. မီးမီးလေး ...၊ ညြော့ .. ဘွားဘွား စကားပြောနေတယ်၊ ဖျော်ရည်သောက်ချင်လို့ဆို အဒေါ်ဖျော်ပေးမယ်နော် .. လာ ...''

သူ ခြံထဲဝင်လာတုန်းက မြင်လိုက်သည့်ကလေးငယ်ကလေး ဖြစ်သည်။ မေမေ ပြောသော မိန်းကလေးနှစ်ယောက်ဆိုတာ ဖြစ်နိုင်သည့် အသက်နှစ်ဆယ်လောက်မိန်းကလေးတစ်ယောက်က ကလေးကို ကဗျာကယာပွေ့ချီပြီး နောက်ဖေးထဲခေါ်သွား၏။

''ဧည့်သည် ဆိုရင်တောင် ဒီအရွယ်ကလေးက သူ့ဘာသာ အိမ်လည်လာပါ့မလား''

ကလေးကိုကြည့်၍ ဒေါသီတာနွယ်က အဆက်အစပ်မရှိ ထပ်ပြောသည်။

''ဒါဆို ဒီကလေးက ...''

''မေမေ့မြေးလေ၊ ဘွားဘွားလို့ခေါ်ပြီးဝင်လာတာ သား မမြင်လား''

''ဗျာ .. မေမေ .. မေမေ ဘာပြောလိုက်တယ်''

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်၊ အဒါ သားရဲ့နောက်မှာကျန်ရစ်ခဲ့တဲ့အကြောင်းတွေပဲ"

"မေမေ ကျွန်တော် နားလည်အောင်ပြောပြပါ၊ ကျွန်တော် .. ကျွန်တော် ဘာမှ ..."

"မိုးစပယ် ကိုတော့ သား သိမယ်ထင်တယ်"

"ဗျာ ..."

ရာဇသံ တအံ့တသြဖြစ်ခြင်းနှင့်အတူ ဒေါသတွေအလိပ်လိုက်ထကြွလာကြ၏။

"အဓိပ္ပာယ်မရှိတာ၊ မေမေ့ကို ဘယ်သူ ဒါတွေလာပေးသွားတာလဲ၊ မိုးစပယ်လား .. နွေစပယ်လား၊ ကျွန်တော်နဲ့ ဘာမှမဆိုင်ဘဲနဲ့ ဘာလဲ... ဟေ့ .. ကလေး ခေါ်ခဲ့စမ်း၊ ဟိတ် အထဲက ပြောနေတာ ကြားလား၊ အဲဒီကလေး ခေါ်ထုတ်ခဲ့"

"သား .. မင်း အဲဒီလိုမခုံးဖြတ်ရဘူး"

"ဖယ်ပါ မေမေ၊ ဒါ ကျွန်တော့်ဝဏ်သိက္ခာ ကျွန်တော့်ဘဝ၊ ကျွန်တော် မရှိတုန်းမှာ ဘာမှမသိခဲ့တဲ့လူကို မဟုတ်တမ်းတရားတွေနဲ့ ဒီလိုလုပ်သွားတာ"

"ဒါ .. ဒါဆိုရင် သား ..."

"ကျွန်တော့်ကိုယုံပါ မေမေရာ၊ ကျွန်တော် ဘယ်မိန်းကလေးနဲ့မှ..."

ပြောနေရင်း သူ စကားရပ်သွား၏။ ကလေးကိုချီပြီး ပြေးထွက်လာသည့်မိန်းကလေးက ဧည့်ခန်းဆီ လှမ်းမြင်ရသည့်တံခါးဝလေးမှာပဲ ရပ်တန့်သွားနေလျက် ...

"သွား ... ကလေးကိုပြန်ခေါ်သွား ရီရီ"

ရီရီ ဆိုသည့်မိန်းကလေး ခေါင်းတွင်တွင်ညိတ်ကာ ကလေးချီလျက် အထဲ ကပျာကယာဝင်ပြေး၏။

"ဟိတ်"

"သား"

"မေမေက ကျွန်တော့်ကို ဖြေရှင်းခွင့်မပေးတော့ဘူးလား"

"မဟုတ်ဘူး သား၊ သူပြောသွားတာမဟုတ်ဘူး၊ မင်းရဲ့ အဲဒီညကို သူတို့ သိကြတယ်"

"ဘယ်လို ..."

"မင်းနဲ့ မိုးစပယ် အတူတူအိပ် ..."

"မေမေ အဲဒါမဟုတ်ဘူး"

"မေမေ့ကို ဓာတ်ပုံပြပြီးပြီ"

"ဟင် ..."

ရုတ်တရက် သူ ဆွံ့အသွား၏။ ပြောဖို့မရှိတော့တာမဟုတ်ပေ၊ မပြောတတ်တော့တာဖြစ်၏။

ကိုယ်မဟုတ်ဘူးဆိုတာကို သိနေခဲ့တာက ကိုယ့်ကိုယ်ကိုယ်ပဲ ဖြစ်ကာ မဟုတ်တဲ့အကြောင်း သက်သေကမရှိ။

"ကလေးနဲ့အတူ ဓာတ်ပုံကိုလာပေးသွားတာ၊ ပြီးတော့ ပြောခဲ့တာတွေလေ...၊ မေမေ .. မေမေ ဘာတစ်ခွန်းမှပြန်မပြောနိုင်ဘူး၊ နောက်ဆုံး ဒါဟာ အမှန်တရားမဟုတ်ခဲ့ဘူးဆိုရင်တောင်မှ မေမေ မဖြေရှင်းနိုင်တဲ့အချိန်၊ ဖြေရှင်းနိုင်တဲ့သူမရှိခင် နှစ်ကြာမယ့်ကာလအတွင်း အပုပ်သတင်းတွေထွက်ကုန်တော့မယ်၊ ဝဏ်သိက္ခာ မာန်မာန သိပ်ကြီးတဲ့သားရဲ့အဖေနဲ့ သားအတွက် ..."

"မေမေ .. ကျွန်တော့်ဆီကို လှမ်းမေးလို့ရတာပဲ မေမေ၊ ဒါ .. ကျွတ်..."

"ဟုတ်တယ်၊ မေးလို့ရပေမယ့် မေးမြန်းဆွေးနွေးခြင်း မေမေ မရဘူး"

ဒေါသီတာနွယ်က ရောက်လာခဲ့သည့်မိန်းကလေးနှင့် ဟောက်ျား ဘစ်ယောက်၏မျက်နှာတွေကို နာကျင်မှုများနှင့်ပြန်လည်မြင်ယောင်ရင်း

www.burmeseclassic.com

ပြောသွားသမျှအားလုံးကို ...၊

"မိုးစယယ်က သူ့ကို ဆွေးနွေးပူးပါတယ်၊ သူ လုံးဝအပြောမခံခဲ့ဘူး အန်တီ၊ ဒါပေမယ့် သူတို့ အဲဒီနှစ်ရက်မှာ မှားယွင်းခဲ့ကြတာကို ကျွန်မတို့ သူငယ်ချင်းတွေ သိကြတယ်၊ မြင်တဲ့သူက မြင်လို့ တားဆီးဖို့မသင့်တော့တဲ့အခြေအနေမှာ ကောက်ရိုးတစ်မျှင် မြက်တစ်ပင်ဖြစ်ဖြစ်ဆုပ်ကိုင်ထားနိုင်ဖို့ ဒီဓာတ်ပုံကို ရိုက်ခဲ့တာ"

"နေပါဦး မိန်းကလေးရယ် ...၊ ကာယကံရှင်က ဘယ်မှာလဲ၊ အန်တီ့သားကလဲ အခု မရှိဘူး၊ ဒီဓာတ်ပုံနဲ့ပဲ အန်တီက ကလေး တစ်ယောက်ကို ကိုယ့်မြေးအဖြစ် ဘယ်လိုလက်ခံရမလဲ"

"ဒါကတော့ အန်တီ့သဘောပဲ၊ ရာဇသံဆိုတဲ့နာမည်ကျော် ဘယ်လို လူစားလဲဆိုတာ သူ ကျင်လည်ခဲ့တဲ့ပတ်ဝန်းကျင်အားလုံး သိတယ်။ ဒီသတင်းကို ဓာတ်ပုံနဲ့တကွ အင်တာနက်ပေါ်တင်လိုက်ရင် ..."

"ဘာ .. ဘာ .. ဘယ်လို ...၊ မင်း ဘယ်လိုပြောလိုက်တာလဲ မိန်းကလေး၊ သူများကိုထိခိုက်ဖို့ချည်းပဲတွေးနေမယ့်အစား မိန်းကလေး ဘက်မှာ ဘယ်လောက်နစ်နာသွားမလဲဆိုတာရော တွေးမိရဲလား"

"အဲဒါကို အန်တီ မပူပါနဲ့၊ ဒီကလေးကို အဖမဲ့အဖြစ်နဲ့ ပတ်ဝန်းကျင်အလယ်မှာ အရွက်တကဲ့မွေးမြူရမယ့်အစား အမှန်အတိုင်းဖြစ်သွားဖို့ ကြိုးစားတာ၊ လဲသင့်တာတွေကိုတော့ လဲယူရမှာပဲ၊ ဒါပေမယ့် ကျွန်မတို့က ယောကျ်ားလေးအမည်နဲ့ မိဘနာမည် လိပ်စာအပြည့်အစုံကိုပဲတင်ပြီး ကြေညာမှာ၊ ဓာတ်ပုံအရလေ ..."

ဒေါ်သီတာနွယ် ဓာတ်ပုံကို အလန့်တကြားကြည့်မိသည်။ မိန်းကလေးကိုဖက်ကာ သားက ပုဆိုးတစ်စသွဲလျက် အခန်းထဲကို မနိုင်မနင်းဝင်နေတဲ့ပုံဖြစ်သည်။

ကျောပေးထားသည့် သားရဲ့ကျောပြင်နဲ့ နောက်ပိုင်းကပဲ ထင်းနေလျက် မိန်းကလေးက ရင်ခွင်ထဲမှာ ပျောက်နေ၏။

"ရပါတယ်၊ အန်တီ လက်မခံချင်နေပါ၊ ကျွန်မတို့ကတော့ တစ်ဖက်က အသရေဖျက်မှုနဲ့ တရားပြန်စွဲမှာတွေ ဘာတွေကို မကြောက်ဘူး၊ ဒါက အမှန်တရားလေ၊ ဒီလိုမှမဟုတ်ဘဲ ရှက်ရမ်းရမ်းပြီး အတင်းငြင်းမယ်၊ တရားတွေဘာတွေထစွဲမယ်ဆိုရင်တော့ ရင်ဆိုင်ကြဖို့အဆင်သင့်ပဲ၊ ဒီဓောတ်ထဲမှာ ကိုယ့်ရင်ဘေး ဟုတ်မဟုတ် စစ်ဆေးတဲ့နည်းတွေ အများကြီးပါ၊ ကျွန်မတို့ ဘာလို့လာရဲသလဲဆိုတာ တွေးကြည့်ရင် အဖြေပေါ်မှာပဲ"

"ဟုတ်တယ် အန်တီ၊ ကျွန်တော်တို့ လာတဲ့အချိန်မှာ ရာဇသံ မရှိတာက တိုက်ဆိုင်တာပါ၊ သူမရှိတဲ့အချိန်ကို တမင်ရွေးလာတာမဟုတ်ပါဘူး၊ ကိုယ်ဝန်နဲ့ တခြားတစ်နေရာကိုရောင်ထွက်သွားပြီးမွေးထုတ်လိုက်ဖို့ ဖြစ်နိုင်တယ်ထား၊ ကလေးကို ကြီးပြင်းအောင်မွေးဖို့ကျတော့ လူမသိသူမသိ မဖြစ်နိုင်ဘူး၊ သားသမီးချင်းကိုယ်ချင်းစာပြီး စဉ်းစားပေးပါအန်တီ၊ ရာဇသံ ပြန်ရောက်လာရင်လဲ ဒီကိစ္စ မမှန်ကန်ရင် သူ ဖော်ထုတ်နှာပါ၊ အခု သူရှိမနေတာနဲ့ပဲ အန်တီ လက်မခံနိုင်ဘူးဆိုရင် မလိုလားအပ်တဲ့ပြဿနာတွေ ရှင်းကြရမှာ"

"ဒီမှာ အန်တီ .. လောလောဆယ် သူများကလေးကိုမွေးစားတယ်လို့ပဲသဘောထားထား၊ ကလေးကို လက်ခံလိုက်ပါ၊ အန်တီ စွန့်စားရမှာနဲ့ မိန်းကလေးတစ်ယောက်ရဲ့ဘဝ အရွက်ရက်ဆိုးရမှာကို ချိန်ထိုးပြီးတော့လေ ...၊ ကျွန်မတို့က ပြေလည်ချင်လို့ညီတာ၊ မဟုတ်ရင် မဖြစ်ဖြစ်တဲ့နည်းနဲ့ ရသလောက်ဖဲ့ယူရမှာပဲ၊ ဒီအမှုဖြစ်လာရင် အန်တီတို့ချမ်းသာလို့ ကျွန်မသူငယ်ချင်းဘက်က အပြတ်အသတ် အနိုင်မယူနိုင်ခဲ့ရင်တောင် နစ်ဖက်စလုံးရဲ့သိက္ခာနဲ့ဘဝတွေ သွားပြီ"

ဒေါ်သီတာနွယ် မျက်ရည်ကျခဲ့မိ၏။ သူမ စိတ်ပျော့ပါသည်၊ မှားတာပါသည်ဆိုပါမှ ဘာဖြစ်လို့ ကိုယ်ပဲ ဆုံးဖြတ်ဖို့ ဖြစ်လာခဲ့တာလဲ။ ခုနေ သားကို လှမ်းမေးလိုက်ပြန်လည်း သားကိုယ်တိုင် လက်မခံချင်

www.burmeseclassic.com

www.burmeseclassic.com

ခဲ့တဲ့ကိစ္စဟာ ခုလည်း လက်ခံမှာမဟုတ်ပေ။ ဒေါသအလျောက် ပေါက်ကွဲပြောဆိုတာတွေ ထဖြစ်ခဲ့ရင် ဟိုမှာ ဖအေလုပ်သူ သိသွားလိမ့်မည်။

သူကိုယ်တိုင်တောင် သားရဲ့ဂုဏ်သိက္ခာနဲ့ ဘဝရှေ့ရေးကိုငဲ့ညှာပါသည်ဟု ပတ်ဝန်းကျင်မှာပြောရင်း ဒီနေ့ထိ နှောက်အိမ်ထောင်မပြုခဲ့ပေ။

သားရဲ့စာရိတ္တ ဤသို့စုတ်ပြတ်နေပါလား လို့သိလိုက်လျှင် ကိုယ့်ကို လည်းအပြစ်တင်မည်။ သားကိုလည်း အထင်သေးသွားမှာဖြစ်၏။

အကြီးမားဆုံးနှိပ်စက်ခဲ့သည်က သားရဲ့ဂုဏ်သတင်းကျော်ကြားမှုကို အနှီးကပ်ရှိနေသည့် သူမသာ အသိဆုံး။

ထို့ကြောင့် ဒီလိုမှားယွင်းမှုက ဖြစ်နိုင်သည်ဟု ဒေါသီတာနွယ် တွက်ခဲ့မိ၏။

"သားကိုအထင်သေးတာမဟုတ်ပါဘူး၊ ဒါပေမယ့် အဲဒီအချိန်မှာ ဒါ ဖြစ်နိုင်တယ်ဆိုတဲ့ဘက်မှာပဲ မေမေ့စိတ်က ရှိခဲ့တယ် သား၊ အဲဒါ မေမေ မှားပါတယ်"

ဒေါသီတာနွယ် ဝန်ခံလိုက်ပေမယ့် သူ့ဒေါသက ငြိမ်းသေမသွားခဲ့ပေ။ ဒါပေမယ် မေမေ့ကိုမဟုတ်ပါ၊ ဒါ မတရားသက်သက်လုပ်ကြမှု…၊

"ဒီကိစ္စ ကျွန်တော် သွားရှင်းမယ်"

"သား …"

သူ ဆတ်ခနဲထ၊ ရုပ်လိုက်သည့်နှင့် ဒေါသီတာနွယ်က ပြုံင်တူထ၊ ရပ်၏။

"မိန်းကလေးက ဆုံးသွားပြီ"

"ဗျာ …"

မိုးစပယ် မျက်နှာလေးကိုမြင်ယောင်လိုက်ကာ စိတ်ထဲမှာ တစ်ချက် တွေ့ညှဉ်သက်သွားခဲ့သည်။ ဒါပေမယ့် ကျွန်ခဲ့တဲ့လူကို ကိုယ့်အထုပ်ကြီး လွဲချပစ်ခဲ့တာ ကောင်းသလား၊ မဆီမဆိုင် …၊

"ဒါတွေဖြစ်လာတာ မိုးစပယ် မဟုတ်ဘူး မေမေ၊ နွေစပယ်

လက် ချက်၊ သူ သေသွားလဲ ရှင်းရမှာပဲ"

"သားရယ် ကလေးကလဲ သားနဲ့တူ …"

"လွဲကုန်ပြီ မေမေရာ၊ ကျွန်တော် သိတယ်၊ ဒီကိစ္စ ကျွန်တော်နဲ့… ကျွတ်…"

"ဘာပဲဖြစ်ဖြစ် ခေါင်းအေးအေးထားပြီးစဉ်းစားပါဦး သားရယ်၊ ချစ်လို့ကြိုက်လို့ရယူခဲ့တာမဟုတ်တော့ ခေါင်းထဲမှာစွဲစွဲထင်ထင်ရှိချင်မှ ရှိမယ်၊ အဲဒီနေ့က သားတို့သူငယ်ချင်းတစ်ယောက်ရဲ့ ဘချလာနိုက်ကအပြန် သားလဲမူးနေတယ်ဆို၊ ဓာတ်ပုံထဲမှာ သား ဝတ်ထားတာလဲ ဝှဲဆိုးကြီးနဲ့…"

မြောချင်တာက ညအိပ်ရာဝင်တာတောင် တစ်ခါတလေ ပုဆိုးမလဲ ဘဲ ဘောင်းဘီနဲ့ ဒီတိုင်းဝင်အိပ်တတ်တာကိုဖြစ်သည်။ ဓာတ်ပုံထဲမှာ ဝတ် ထားတဲ့ပုဆိုးတောင်မှ ဖရိုဖရဲနဲ့ …။

"အဲဒီဓာတ်ပုံကြောင့် မေမေ အခု အရှုံးပေးလိုက်ရတယ်မဟုတ်လား၊ မရဘူး မေမေ၊ ကျွန်တော် ဘယ်လောက်မူးမူး ဒီအမှားမျိုးကို ဘယ်ကောင်မှ မကျူးလွန်ဘူး၊ ကျွန်တော် မိကောင်းဖခင်သားသမီး"

"သားရယ် အဲဒါတွေဟာ သားရဲ့လူချောလူပွေဆိုတဲ့ ဂုဏ်သတင်းတွေကနေ ပျက်စီးခြင်းကိုစ၊ ခဲ့တာ၊ သားရဲ့သတင်းတွေကို မေမေ ကြားနေတာ ကြာပြီ၊ ဒါပေမယ့် သား ဒီလိုလူမဟုတ်ဘူးဆိုတဲ့အသိနဲ့ မမြင်သလို မကြားသလိုနေခဲ့တာပါ၊ လူရိုးလူအေးသမားတွေတောင် ကိုယ့်တိုင် အမှားမကျူးလွန်တဲ့ ရှင်းမရအောင်ရှုပ်နေတဲ့ပြဿနာထဲမှာ နစ်မွန်းခဲ့ရတာတွေ ရှိသေးထယ်၊ သားမှာ ဒီလိုကျော်ကြားမှုတွေရှိနေခဲ့တဲ့နောက် ခါနဲ့ယှက်နွှယ်တဲ့ပြဿနာတွေဖြစ်လာတာကို ရင်ဆိုင်ဖြေရှင်းရမှာပေါ့၊ ငါများ ဟုတ်လေသလားလို့ တစ်ခေါက်လောက်တွေးကြည့်စမ်းပါ၊ ပြီးတော့လေ … မြေး … အဲ … ကလေးငယ်က အရမ်းချစ်ဖို့ကောင်းပေါ့၊ သားစရာလေး …၊ ကိုယ့်ရင်သွေးဖြစ်နေရကန်နဲ့ ရက်စက်မိသလိုဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com

ရင် ...''

''မေမေ ...''

တော်ပါတော့လို့အော်ပစ်လိုက်ချင်သည်။ ဒါပေမယ့် မအော်ရက်ပါ။ မေမေ့မျက်နှာကိုငေးကြည့်ရင်း ရင်ထဲကိုကြည်နူးချင်မိ၏။ မေမေဟာသူ့ကို လူပွေတစ်ယောက်ဆိုတဲ့အမြင်နဲ့ ဘယ်လောက်ထိ သိုသိပ်စွာရှိနေခဲ့သလဲ။

ဒီပြဿနာကို မရှင်းတတ်လို့ ပွေ့ပိုက်ယူထားလိုက်တာလား၊ စ, ကတည်းက 'ငါ့မြေး'ဆိုတဲ့ မေတ္တာတွေထားပြီး တယုတယပွေ့ပိုက်ခဲ့တာလား''

''တောက်''

သူ အိမ်ထဲကို ချာခနဲ လှည့်ကာ ...

''ဟေ့ အထဲက ကလေးကို ခေါ်ခဲ့စမ်း''

ဟု ခေါ်ခြင်းနှင့်အတူ ဖုန်းရှိရာကိုလျှောက်သွား၏။ ဖုန်းခေါ်နေရင်း ကလေး ချီထွက်လာသူကိုလည်း ငဲ့ကြည့်ကာ ...

''နွေစပယ်လား ..၊ တို့က ရာဇသံ ..''

''ဩော် .. မသိဘဲနေပါ့မလား၊ ဒီလေသံ သြဇာတိက္ကမမျိုး ရှင်ပဲရှိတာ''

''ငါ အပိုတွေမပြောချင်ဘူး၊ မင်းတူမကို အခုလာခေါ်လိုက်''

''ကျွန်မတူမပေမယ့် အဲဒါ ရှင့်သမီး''

''နွေစပယ် .. မိန်းမတစ်ယောက်ကို ဒီဇာတ်နှိုက်နှိုက်ချွတ်ချွတ်စုတ်ပြတ်ကုန်အောင် ငါ အထုပ်ဖြေမပြချင်ဘူး၊ အေး .. ငါနဲ့ ဘာမှမပတ်သက် ပေမယ့် မင်းရဲ့တူမအရင်းပဲဆိုတာတော့ မင်းကိုယ်တိုင် သိပြီးသားနော်... ရတယ်''

ရာဇသံ က ဖုန်းကို ဘေးမှာချထားလိုက်ပြီး မျက်လုံးဝိုင်းလေးနှင့် ရပ်ကြည့်သည့်သည့်ကလေးကို သူ ရပ်နေရာသို့ ဆောင့်ဆွဲခေါ်လိုက်၏။

''လာစမ်း''

''သား ..''

''မေမေ ဖယ်၊ ဒီအိမ်နဲ့ နင်နဲ့ ဘာမှမဆိုင်ဘူး၊ ပြောစမ်း .. ဘယ်သူလဲ''

''မီးမီးနာမည် ရွှေပခြုံပါ၊ အဟီး .. ဟီး''

အသံတုန်လေးနှင့်ဖြေကာ ခေါ်သီတာနွယ်ကိုလှည့်ကြည့်ပြီး ငိုတော့သည်။

''ဟိတ် .. တိတ်စမ်း .. ခု တိတ်၊ ငါပြောသလို လိုက်ပြော၊ အန်တီ နွေစပယ် ..''

''..... ...''

''ဟိတ် .. ကဟာ ..''

''အား .. ဟီးဟီး''

''ပြော .. ခုပြောစမ်း၊ အန်တီနွေစပယ်''

''အန် .. တီ .. နွေစပယ်''

''ခုချက်ချင်း ပြန်လာခေါ်ပါ''

''... ... ...''

''ငါ .. တယ် ..''

''ခု .. ခုချက် ခေါ် ..''

''ဆယ့်ငါးမိနစ်အတွင်း ...''

''... ... ...''

''ဟာ .. ကဟာ ..''

''အား .. ဘွားဘွား .. ဟီးဟီး''

''သား .. သား တော်ပြီ၊ ကလေးမှာ ဘာမှအပြစ်မရှိပါဘူး''

ခေါ်သီတာနွယ်ကိုယ်တိုင် မျက်ရည်တွေကျလျက်ဝင်ဆွဲသည်။ ဒီဘာမှ ရိုက်နှက်ခြင်းကိုရပ်၍ ရာဇသံ မတ်မတ်ပြန်ရပ်ပြီး ခါးထောက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်မှာပဲ နောက်ဖုန်းတစ်လုံးက စူးစူးရှရှမြည်သံပေးလာ၏။

သူပဲ ခြေလှမ်းကျဲများနှင့် တလွှားလွှားရောက်သွားပြီး ကောက်ကိုင်ကာ ...

"ဟေ့ .. မင်းနဲ့ငါ ဖုန်းနဲ့ ဘာမှမပြောချင်ဘူး၊ နောက်ထပ်မကြုံနိုင်တော့ဘူးဆိုရင် ခုလာခဲ့၊ ဒါပဲ .."

ဖုန်းကို ဂွပ်ခနဲချဖစ်လိုက်သည်။ နောက်ထပ်မြည်လာတော့ ပလပ်ဖြုတ်ထားလိုက်၏။ သိပ်မကြာလိုက်ပါ၊ ကလေးဇာရှိုက်သံလေး အဆက်ဝေးသွားစဉ်မှာ ပေါ်ဘီကိုဆောက်ကို စွဖွင်းအနက်ရောင်လေး ထိုးရှင်းလာခဲ့၏။

ကားပေါ်မှာလည်း အနက်ရောင်ဝတ်စုံဝတ်ထားသည့် အမျိုးသမီးတစ်ယောက် ..၊

"ဟုတ်တယ် .. သူ .."

ဒေါ်သီတာနွယ်ဆီက ခပ်တိုးတိုးအသံထွက်လာပြီး သူမက လှမ်းထိုးလာ၏။ သတ္တိကလေး သေးသေးကွေးကွေးမဟုတ်ဘူးဗျာ၊ ဒီမိန်းမ ဘာ မပါ၊ အဖော်မခေါ်ခဲ့ဘဲ သူမဟာ်ယောက်တည်း ..။

"ကလေး ဘယ်မှာလဲ"

"အပွန်း"

ငါက ရာဇသံ ဆိုတာ မင်း အမှန်သာလား ဧန္ဒစယ် ...။

အခန်း (၉)

အာရုံတွေ ထွေပြားနေစဉ်မှာ ဖုန်းသံကြောင့် စိတ်က ပစ္စုပ္ပန်ဆီပြန်ရောက်လာခဲ့၏။

"ဟလို"

"ရာဇသံ ငါပါ၊ ပခုံပ် ခုထိ ပြန်မရောက်သေးလို့ .."

ဖုန်းကိုင်ထားရင်း နာရီမော့ကြည့်လိုက်တော့ ညနေခြောက်နာရီခွဲ။

"ခါတိုင်း ဘယ်အချိန်ပြန်လဲ"

"ငါးနာရီဆို ပြန်ရောက်နေပြီ"

သူ့မျက်ခုံးနှစ်ဖက်တွန့်ကျသွား၏။

"ခဏတော့စောင့်ကြည့်လိုက်ပါဦး၊ ကျွန်တော် သူ့အလုပ်ထဲကို ဖုန်း ဆက်ကြည့်လိုက်မယ်"

"မောင်လေးရယ် .. အဲဒါကြောင့် နင့်ကို ငါပြောတာ၊ ကောင်မလေးကို မင်းဘေးမှာ ..."

"မယု ဒါဝမ်္ဘိလား"

www.burmeseclassic.com

www.burmeseclassic.com

"နေပါဦး နင်ကလဲ ..၊ တစ်ခုခုကြံဦးလေ၊ အချိန်ကုန်မှ ဘယ်လို လိုက်ကြမလဲ၊ သူနဲ့အတူ ပြန်ပြန်လာတတ်တဲ့ကောင်မလေးလဲ ဒီနေ့ အလုပ်မဆင်းဘူး"

"ဒါပဲ"

သူမ ပြောနေတုန်း တစ်ဖက်က ဂွပ်ခနဲဖုန်းချသွား၏။

ဒေါ်ယုကြည် သက်ပြင်းချရင်းကျန်ခဲ့၏။ ဒီကောင်လေး ဒီလိုပဲလုပ်နေကျ ..။ မောင်နမ တော်စပ်ပေမယ့် ဒေါ်ယုကြည်က ရာဇသံထက် ဆယ့်လေးနှစ်တောင်ကြီးသည်။ မောင်နမဟုတ်ဘဲ သားအမိလို့ပြောလျှင် ရလောက်အောင် သူမက အရွယ်ကျနေတော့ ပိုဆိုးသည်။

ဒါကြောင့်လည်း ပါပါသည်။ ရာဇသံကို အမြဲတမ်းခွင့်လွှတ်ခဲ့ရင်း...

"တင်းတောင် .."

အိမ်ရှေ့ကဘဲလ်တီးသံကြောင့် ကပျာကယာ ထ,ထွက်ခဲ့ပြန်သည်။

"ဟယ် .. သခွာမောင်တို့ပါလား၊ အန်တီတောင် ခုနသွားရှာသေးတယ်၊ သမီးအစ်မနဲ့ပဲတွေ့တယ်လေ၊ သမီး ဒီနေ့ အလုပ်မဆင်းဘူးဆို..."

"ဟုတ်တယ်၊ တံခါးမဖွင့်နဲ့တော့ အန်တီ၊ သန်ဘက်ခါ သမီးမွေးနေ့ မို့လို့ ဖိတ်စာလာပေးတာ၊ ပခြုပ်ကိုတောင် သမီးတို့ ဈေးဝယ်သွားတုန်း ပုဇွန်တောင်ဈေးနားမှာတွေ့ခဲ့သေးတယ်၊ သူ ဒီနေ့ အလုပ်မဆင်းဘူးမှတ်နေတာ"

"ဟင် ..."

ဒေါ်ယုကြည် မျက်နှာပျက်သွား၏။ ကိုယ်က မေးမလို့ဘဲရှိသေးသည်။ တံခါးကြားကနေ ဖိတ်စာကိုယူလိုက်ပြီး ပြုံးမရတော့သည့် မျက်နှာကို ဟန်ဆောင်ပြုံးထားဖို့မေ့သွား၏။

"ပခြုပ် ပြန်မရောက်သေးလို့လား အန်တီ၊ သူ တစ်နေရာရာကို ကုမ္ပဏီကခိုင်းတာဖြစ်မယ်၊ ဘေးမှာတော့ ယောကျ်ားလေး၊ မိန်းကလေး

အဖော်တွေ အများကြီးပဲ၊ ဖုန်းမဆက်ဘူးလား"

"ညောင်.. အေး၊ ဆက်တော့ဆက်ထားတယ် သမီးရဲ့ ..၊ ဘယ်သွားမယ် .. ဘယ်လာမယ်ဆိုတာ သေချာမပြောလို့ စိတ်ပူနေတာ"

ဘာမှ ရေရေရာရာမပြောရဲတဲ့ ကိုယ့်စကားကို အဆုံးသတ်ရသည်။ ဒီသတင်းကိုပေးမလို့ ရာဇသံ ဆီ ပြန်ခေါ်ပေမယ့် ဖုန်းက ဆက်လို့မရတော့ပေ။

ဒေါ်ယုကြည်နှင့်ရာဇသံတို့ကြားထဲက ပြတ်ဆောက်မှုကို ပြန်လည် ချိတ်ဆက်လိုသော ပခြုပ် ကတော့ နာရီဝှံကြည့်ရင်း ကျေနပ်နေခဲ့၏။

ဒီအချိန်ဆို ကြီးမေ ဦးရာကို ဖုန်းဆက်ပြီးနေပလောက်ပြီ။ ဦးရာကတော့ ကိုင်ချင်မှကိုင်မည်၊ ဒါပေမယ့် ဖုန်းကိုင်လိုက်တာဆောင် ရွေပမြုပ် ဘာဖြစ်နေနေ ငါနဲ့မဆိုင်ဆိုသည့်သဘောထားနှင့် ဂရုမစိုက် စွာရှိနေဖို့လည်းဖြစ်နိုင်သည်။

သူမကတော့ ဆုံးဖြတ်ပြီးသားပါ၊ ဒီနေ့ ဦးရာကိုယ်တိုင် ထွက်မလာမချင်း သူမ အိမ်မပြန်။ အစစအရာရာ ပြည့်စုံအောင်ပုံပေးပြီး ပြည့်စုံအောင်စောင့်ရှောက် ထားခဲ့သည့်သံယောဇဉ်အတိုင်းအတာတစ်ခုကော့ ဦးရာ ရင်ထဲမှာရှိနေမှာပါ။

စောင့်ရှောက်မွေးမြူထားကြသည့် ခွေးလေး၊ ကြောင်လေးတောင်မှ မျက်စိအောက်မှာမရှိတော့ဘူးဆို 'ရွှေဝါရေ'၊ 'ဂျော်နီရေ' ဘာညာ တကြော်ကြော်ခေါ်၍ ရှာဖွေတတ်ကြသည်။

လူတစ်ယောက်လုံးပျောက်နေတာ ဘာများဖြစ်နေသလဲဆိုသည့် ပူပန်စိတ်မဖြစ်တော့ဘူးလား၊ ဖြစ်ကိုဖြစ်ရမည်၊ ဦးရာ လိုက်လာမှာပါ။

"ခင်ဗျာ ထိုင်မယ်နော်"

စားပွဲမှာ တစ်ယောက်တည်းထိုင်နေတုန်း ခွင့်တောင်းခြင်းကို ဝတ္တရားကျေရုံလေး အသံလွှင့်ပြီး ဖျတ်ခနဲထိုင်ချလိုက်သည်။

ကြည့်လိုက်တော့ ရှပ်အင်္ကျီရှင်ကွဲ၊ ဆံပင်ဘုတ်သိုက်နှင့် ဂုံဘက်

www.burmeseclassic.com

www.burmeseclassic.com

ပြင်ကျယ်ကြီးနှင့် မျက်နှာမှာ အဆီတပြန့်ပြန့် နီမြန်းမြန်း။

အသက်ကတော့ နှစ်ဆယ်ကျော်အစိတ်လောက်ပဲ ရှိနိုင်ပေမယ့် အရက်သမား လောင်းကစားသမားရုပ်ကြီး။

"ဟဲ ဟဲ .. ညီမလေး တော်ယောက်ယောက်ကို စောင့်နေတာလား"

"ဘာဖြစ်ဖြစ် နင်နဲ့ဘာဆိုင်လဲ"

"ဪ .. ဟဲ ဟဲ .. ဒီနားက ကိုယ်ပိုင်ကားတွေပဲများတော့ ကိုင်းကား အသွားအလာနည်းတယ်လေ၊ ဒီအချိန်ဆို ပြတ်သလောက်ဖြစ်သွားပြီ၊ ဒီထက်နောက်မကျခင် ပြန်သင့်တယ်လို့ပြောမလို့ပါ၊ အထင်မလွဲပါနဲ့"

ဘာမှဆက်မပြောဖြစ်အောင် ပခြုပ် မျက်နှာကိုတင်းနေလိုက်သည်။ ဒါပေမယ့် နာရီကိုတော့ မသိမသာငဲ့ကြည့်မိ၏။ ည ၅နာရီထိုးတော့မည်။

ယုံကြည်ချက်တို့က ကြည်လင်ပြတ်သားမှုလျော့ပါးခဲ့လျက် အနည်းငယ်ဝေဝါးစပြုလာသည်။ ဖုန်းဆက်ကြည့်တုန်းကတော့ ကြီးမေ အသက် ပျာယာခတ်လို့ပါ။

ခေါ်ပဲခေါ်လိုက်ပြီး ကြီးမေအသံကြားတာနှင့် သူမ ဖုန်းချပစ်လိုက်သည်။

"ဟလို ပခြုပ် လားဟင် .. သမီး ဘယ်သူလဲ၊ ဟလို .. ဟလို"

ကြီးမေ ဘယ်လောက်စိတ်ပူနေတာကို ဖုန်းထဲကနေသိခဲ့ရသည်။ ကြီးမေမှာ အရေးကြောင်းရှိ တိုင်ပင်ပြေးပြောစရာ ဦးရာ တစ်ယောက်ပဲ ရှိသည်။

ပခြုပ်တို့နှစ်ယောက်၏ဘဝကို ချုပ်ကိုင်လွှမ်းမိုးနေခဲ့တာလည်း ဦးရာပဲဖြစ်၏။ ဒီအချိန်ထိ သူမ ပြန်မရောက်သည့်ကိစ္စဟာ ဒီအချိန်ထိ ဦးရာ မသိဘဲနေမှာမဟုတ်။

"ဘာလဲ .. ညီမက အိမ်ပေါ်ကဆင်းခဲ့တာလား"

လာပြန်ပြီ၊ စိတ်ကပူလောင်နေတုန်း၊ ဒီလူမူးနဲ့တော့ ဆားသူမှာ [illegible] အစ်မဖြူးထင်ကွဲနဲ့တော့မည်။

"ကူညီရှင်လို့ပါ၊ ခုနေဆိုရင် ဟိုကားကိုပဲ [illegible] ကားတယ်"

ဝင်လာထိုင်ပြီး ဘာမှလည်းမစားသည့်ဆိုသူကို ပခြုပ် အလေးအနက် သေးစွာစိုက်ကြည့်လိုက်မိကာ ...

"ဒီမှာ ဖလိုပါဘူးဆို ဒီလောက်ကူညီနေတာ ဘာလဲ၊ ခုကိုယ်ပြီး သေစားဖို့ပိုက်ဆံမရှိလို့လား၊ အဲဒီမှာ ရေခဲရေရှိတယ်၊ တစ်ဘူးလုံး ကုန်အောင်သောက်၊ ပြီးရင် သွားတော့"

"ဟင် ..."

လူရွယ်က ကြောင်တောင်တောင်နှင့် ပခြုပ်နဲ့ရေသန့်ဘူးကို တစ်ချည့်စီကြည့်၏။

ပြီးတော့ ယွဲ့ပြီဆိုသည့်မျက်နှာနှင့် ရှဲမဲသွားကာ ..

"မဟုတ်ပါဘူးကွာ .. တကယ်ပါ၊ ငါက လမ်းပေါ်မှာ [illegible] ကြီးခြောက်ကိုးသုံးပေမယ့် အလှူခံစားရလောက်အောင်နဲ့တော့ မဟုတ်သေးပါဘူး၊ ဒီမှာ .. ရှူး .."

ပခြုပ် ရှေ့မှာပဲ သူက စားစရာမှာလိုက်ကာ ...

"မင်းယိအောင် မှာလိုက်ရတာ .. ဗိုက်က သိပ်မဆာဘူး"

"မဆာဘဲ ဆိုင်ထဲ ဘာလို့ဝင်လာတာလဲ"

"မင်းလိုပဲပေါ့၊ စားသောက်ပြီးနေပေမယ့် မထာဘူးလေ၊ နေပါဦး နင်နဲ့ငါနဲ့ပြောရအောင် မင်းအသက် ဘယ်လောက်လဲ"

"ဘာလို့ပြောရမှာလဲ"

"ငါက သိချင်လို့အစ်ကြည့်ကာမဟုတ်ပါဘူး၊ ဗုဒ္ဓဘာသာလူမျိုးဆို ဂါရဝဝါစတာရားရှိရတယ်"

"ရှိပေမယ့် အရက်သမားကို ရိုသေရမယ်လို့မပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ဟ .. ပြောလို့ရမလား၊ အရက်သမားကို ပုံဖော်မပြပေမယ့် ဘယ် လိုလူကို ရိုသေရမယ်လို့ ပြောမထားဘူးလေ၊ ပြီးတော့ မင်းငါ့ကို ဘာဖြစ် လို့ အရက်သမားလို့ပြောတာလဲ"

စကားမစပ်ပြောချင်လို့နေကာမှ ပြန်ပြောဖြစ်စရာမေးခွန်းတွေပဲ ထွက်လာနေသဖြင့် ပခြုံပါ မျက်နှာလေးက မကျေနပ်စိတ်နှင့် စူပုပ်ပုပ်လေး ဖြစ်လာသည်။

ပခုံးထက်ကနေကျော်ပြီး ရင်ဘတ်ပေါ်ကိုဖြာဆင်းလာသည့် ဆံပင်တွေကို ကျောနောက်ပို့ပစ်လိုက်ကာ ...

"ဒီမှာ အရက်သမားက အရက်သမားရုပ်ပေါက်နေတာမဆန်းဘူး၊ အပိုတွေထပ်မပြောနဲ့၊ နင်မသွားရင် ငါသွားမယ်"

ပခြုံပ် က ဝိတ်တာကို လက်ယပ်ခေါ်လိုက်ပြီး ဝိုက်ဆ်ရှင်း၏။ ရေသန့်မှာထားပြီး မသောက်ဖြစ်သေးသည့် ဘူးအသစ်ကို မေးဆတ်၍...

"နင် ရေသောက်မှာလား"

"ဟင် .. သြော် ... ရေဒါနဲ့ပြုမလို့လား၊ အလကားသောက်ရမှာပဲ ဟာ သောက်ပေးပါ့မယ်"

"ဟွန်း.. ဒါပဲ" ဆိုသည့်အထင်သေးသည့်မဲ့ပြုံးနှင့် ပခြုံပ် က ရောသန့်ဘူးအတွက်ပါ ရှင်းပေးလိုက်သည်။ နေရာက ဆတ်ခနဲထ၊ ရပ်လိုက်ပြီးမှ လမ်းဘက်ကိုလှည့်ကြည့်မိသည်။

အလင်းရောင်ရှိနေတုန်းကတော့ ပြည်လမ်းမကြီးက ပန်းရနေသည်။ ခုကျတော့ လမ်းဘေးမီးတိုင်တချို့၏မီးရောင်မှအပ ကားမီးရောင်လေး ဘာညာတောင် လှုပ်ရှားမှုမရှိ။

အပြင်ထွက်ခဲ့တော့လည်း ပါကင်နေရာမှာ ကားလေးစီးတန်းစီထားတာပဲရှိသည်။ လူဆိုလို့ ဆိုင်ထဲမှာပဲရှိသည်။ ဒါတောင်မှ ညရှစ်နာရီခွဲဆိုသည့်အင်အားမှာ လူအင်အားက မရှိသလောက်နည်းနေပြီဟု ခံစားမိ၏။

လမ်းပေါ် တကယ်ရောက်လာပြီဆိုမှ ကြောက်လန့်ဖို့ သတိရ၏။

ဘာရယ်မဟုတ်ဘဲ ဆိုင်ထဲမှာကျန်ခဲ့သည့် ဟိုအရက်သမားကို သတိရလိုက်မိသည်။

သူမ တာဖြစ်လို့ ဒီနေရာ ဒီဆိုင်ကိုမှရွေးချယ်ခဲ့မိပါလိမ့်။ တကယ်တော့ နေဘက်တုန်းက ဒီနေရာလောက် စည်ကားတာမရှိ။

ဒီနေရာ ဒီဆိုင်ထဲမှာ မရနိုင်တာဘာမှမရှိ။ အစားအသောက်၊ အလှအပပစ္စည်း၊ အဖျော်အပါး၊ တေးသံစုံမျိုးစုံနှင့် ကုန်တိုက်ငယ်လေးတစ်ခုလိုဖြစ်သည်။

ဒါပေမယ့် နှစ်ထပ်ခွဲအဆောက်အအုံလေးက သိပ်တော့မခမ်းနားပါ။ ကားပါကင်ကို ကျယ်ကျယ်သန့်သန့်လေးလုပ်ထားပုံကြောင့် လမ်းမကြီးမှာ သွားလာနေသမျှ မဝင်ဖြစ်တဲ့ကား သိပ်မရှိ။

အနည်းဆုံး လက်ဖက်ရည်ကော်ဖီသောက်ရင်ဖြစ်ဖြစ် အပန်းတော့ပြေနိုင်သည်။ ဘာဖြစ်လို့လဲဆိုလျှင် မျက်နှာစာအပြည့်မှာ ရေတံခွန်အတုကြီးရှိနေသဖြင့် ရေသံနှင့်မြင်ကွင်းက ဆွဲဆောင်နိုင်သည်။

သူမ ရွေးချယ်လိုက်တာလည်း ဒါကြောင့်ပဲဖြစ်၏။ ဒီလိုနေရာကို ဦးရာလိုလူ ရင်းနှီးနေရမည်။ ပြီးတော့ ကုမ္ပဏီနဲ့အိမ်ကိုသွားလာတိုင်း နေ့စဉ်ဖြတ်ဆန်းနေရမည့်နေရာ ...။

သူမဟုတ်ရင်တောင် သူနဲ့ပတ်သက်တဲ့လူတချို့ဆီ စုံစမ်းတဲ့အခါ ကြောင်တောင်တောင် တစ်ယောက်တည်းထိုင်နေသည့်သူမကို သတိထားမိပြီး သတင်းပို့ဖို့နှိုးစပ်၏။

ထို့ကြောင့် သူမရှေ့ကို ဦးရာ ရောက်လာရမည်။ ဒါမှမဟုတ် ကြီးမေ ဖြစ်ဖြစ်၊ တခြား ကူညီမည့်သူတစ်ယောက်ယောက် ...၊

လိုချင်တာ ဒါပဲဖြစ်၏။ ဦးရာ ထွက်မလာရင်တောင် ကိုယ်ဟာ ဦးရာ၏ စောင့်ရောက်မှုအောက်က ပန်းတစ်ပွင့်၊ သို့မဟုတ် ဦးရာ ထိခိုက်ပွန်းပဲ့ မခံနိုင်စွာ တယုတယစောင့်ရောက်မွေးမြူထားခဲ့သည့် မိန်းကလေး ...၊

www.burmeseclassic.com

www.burmeseclassic.com

ရုံထဲမှာ တမ်းတနေမိဟာ ကိုယ့်ဟာကိုယ်သိသည်။ ဦးရာနဲ့ သူမ၏ တိုက်ရိုက်ခံစားပတ်သက်လို့ရနိုင်သည့် ဦးရာထံမှ နွေးထွေးသောလှပ်ရှား မှုတစ်နုံတစ်ရာပါ။

သူမ ဒါကို အလိုရှိနေခြင်းပင်။ ခုတော့ ...

"ဘာအလိုရှိသလဲဆိုတာ မေးကြည့်မှသိမှာပေါ့ကွ၊ မင်းတို့ အသာနေ"

ခြေလှမ်းနေရင်း နောက်ကအသံကြောင့် လူက တုန့်ခနဲဖြစ်သွား၏။ အရက်သမားပြောလိုက်သည့် ဟိုဘက်ထိပ်ဆုံးသည့်ဘက်ကို ကားငှားမလို့စိတ်ကူးနှင့် သွားနေတုန်း ...

"ဘယ်လိုရွေ့နေတာလဲ၊ ဟိတ် .. မသိရင်မေးလေကွာ၊ မျက်စိသူငယ် နားသူငယ်နဲ့ ဘာလို့သွားနေတာလဲ"

"ဆွဲထားလိုက်ပါကွာ၊ ဒီလောက်လန်းနေတာ မျက်စိရောဲနားရော လုံးဝမငယ်နိုင်ဘူး"

စကားသံတွေ ချက်ချင်းကြီးပိုနီးလာကာ ဆေားနှစ်ဖက်မှာ လူရိပ်တွေ ထင်လာ၏။ ဒီတစ်ခါတော့ ဘကယ်ပဲ အရက်နံ့တွေပါလာလေသည်။

ဘယ်လိုမှ ဟန်ဆောင်လို့မရသည့်ကြောက်စိတ်ကြောင့် ဒူးနှစ်ဖက်က ခွေလဲချင်လာ၏။

"ဟိတ် .."

"အို .. ဘာလုပ်တာလဲ"

"မင်းက မရပ်တော့ ဆွဲထားတာပေါ့၊ ပို့ချင်ပါလား၊ ရုက်မနေပါနဲ့ ကွာ"

"ရှင်ကို့နော် .. ဖယ် .. လွတ်"

"မင်းကလဲကွာ ..."

"အို .. လွတ်လို့ပြောနေတာ .. ကဲဟာ ..."

"ဟ .."

တိုသူက အရောင်မြန်သည်။ ဒါကောင် လက်ဖျားနဲ့ခတ်မိသွားသည့် ပါးကို ပွတ်သပ်၍ ပခြုပ် ကို စူးစူးရဲရဲကြည့်လျက် ...

'ဒါကော့ မင်း ကိုယ့်ကြမ္မာကိုယ့်ဖန်တီးလိုက်တာပဲ၊ ငါတို့က ကန်ရာ တန်ကြေးရအောင် ပြန်ယူတတ်တယ်"

"အမလေး"

လူနှစ်ယောက်ရဲ့လက်ထဲမှာ ပခြုပ် ဆိုးဆိုးရွားရွားဖြစ်သွားသည်။ ကယ်တင်မယ့်သူဆိုဟာ စိတ်ကူးထဲမှာလို ဘွားခနဲပေါ်မလာဟိလား။ ဘယ်တုန်းကချောင်ကပ်ရပ်ထားသည်မသိသော ခိုင်ကယ်လ်ကန်စီးပေါ်ကို အတင်းတင်ကာ နောက်ကနေ တစ်ယောက်က ခွထိုင်ဦး ရှုပ်သား၏။

ဆိုင်ကယ်လ်ကို ရုတ်တရက် ထွက်လို့မရတာ ပခြုပ် ကံကောင်းသွားသည်။

"ဟိတ် .. ဟိတ်လူတွေ ရပ်"

အသံနှင့်အတူ လူတစ်ယောက်ပြေးလာကာ ရိုက်နှက်ညည်းညူသံတွေ ရွှမ်ကုန်သည်။

"သွားပြီ၊ သေကုန်ပြီလားမသိဘူး"

အရက်သမား၏အသံ၊ ရှေ့လူရော နောက်လူပါ ရိုက်ခံလိုက်ရသည့် ခါင်းတွေကို အုပ်ကိုင်ညည်းညူနေတုန်း ပခြုပ် က လွတ်အောင်ရုန်းသွက်လိုက်၏။

အရက်သမားသည် တုတ်မကိုတိုတစ်ချောင်းကိုကိုင်၍ရိုက်ပြီးမှ အလန့်ကြားဖြစ်သွားသည့်ပုံနှင့် ...

"ကြည့်ပါဦး၊ သေကုန်ပြီထင်တယ်"

"မသေပါဘူး၊ ဟိုမှာ ကောက်ကွေးအော်ဟစ်နေကြတုန်း၊ လာ ... ကွန်မကို့ပြေးမယ်"

"နေဦး .. တစ်ခုခုလုပ်ပေးခဲ့မှကောင်းမယ်"

www.burmeseclassic.com

www.burmeseclassic.com

"အို .. လူရမ်းကားတွေဥစ္စာ ..၊ သေပါစေ .. လာပါဆို..."

တုတ်က ဘယ်မှချပစ်ခဲ့မှန်းမသိဘဲ ဆွဲပြေးတာက ပခြုံပ်ဖြစ်ကာ ရှေ့တရောက်နေတော့ အရက်သမား ...၊

ပြီးတော့ ပခြုံပ်လက်ကို သူက ဆွဲထားလျက် ...

"ဟောဟိုမှာ ကားလာနေတယ်၊ ကွေ့ထွက်မသွားရင်တော့ ဘုရားမတာပဲ၊ မင်း ..."

ဒီဘက်ကို မျက်နှာလှည့်လာတော့ သူ့စကားရပ်သွားကာ...

"မင်း တော်တော်အဖြစ်ဆိုးလာတာပဲ"

"ဟင် .. အို ..."

သူပြောမှ ကိုယ့်ကိုယ်ကိုယ်ပြန်ကြည့်မိသည်။ ပန်းသွေးရောင်အပါးသား လည်ကပ်အင်္ကျီက ကြယ်သီးသုံးလုံးထိပြုတ်နေကာ ပခုံးတစ်ဖက်က ပြဲကျနေတာ နည်းတာကြီးမဟုတ်။

ထိုပြင် အင်္ကျီက အပါးစားမို့ ရင်ဘတ်မှာတပ်ထားသည့်ကပ်ပန်းလိပ်ပြာကြီးက ပြုတ်ထွက်ကျနေတာ တည်းတည်းလေးပဲကျန်၏။

"ကျန်မ ..."

"ကဲ .. ပြုတ်ကျလုလုဟာကြီးကို ဖြုတ်ချလိုက်တော့၊ ကြယ်သီးတွေ မြန်မြန်တပ်"

"ဒီ .. ဒီမှာ ပခုံးကြီးပြဲနေတာ ..."

"ရော့ ..."

"ဟင် .. ဘာ .. ဘာလုပ်တာလဲ"

"ဒီအင်္ကျီထပ်ဝတ်သွားလေ၊ ဘာလဲ . ဒါက Z max တံဆိပ်နော်၊ အရက်နံ့ ဘာညာ လုံးဝမရှိဘူး၊ အရက်သောက်ပြီး ရေချိုးပြီးမှ ဝတ်ထားတာ"

မသောက်တတ်ဘူးလို့ပြောလည်း မယုံပါ၊ ချွတ်ပေးလာသည့်အင်္ကျီနှင့် ပခြုံပ် မယူချင်ပေမယ့် မယူလို့လည်းမဖြစ်။

လက်မောင်းအပြဲကို ဒါဝတ်လိုက်မှ လုံခြုံမည်။

"ဟိုမှာ ကားလာနေပြီ၊ ငါ ဟိုသစ်ပင်အောက်မှာ ခဏကွယ်နေလိုက်မယ်၊ အဲဒါ အင့ှားကားမှန်ရင် ရအောင်ဒုးပေါ့၊ ဒါ မင်းအရည်အချင်းပဲ"

"ရှင်က လူမြင်မခံဝံ့ရအောင် ဝရမ်းပြေးလား"

"လေးလောဆယ် ငါ ဘာပုံပေါက်ပေါက်၊ မင်းပုံစံနဲ့ မင်းရဲဘေးမှာ အင်္ကျီမပါတဲ့လူရှိနေတဲ့အဖြစ်လောက်မဆိုးဘူး၊ ဆက်လုပ်"

ပခြုံပ် ရင်ထဲမှာ နွေးခနဲဖြစ်သွားသည်။ ဒီလူ စိတ်ရင်းတော့ကောင်းတဲ့လူပါ။

လာတဲ့အင့ှားကားကို လက်ပြတားလိုက်တော့ ရှောရှောရှူရှူ ရပါသည်။

ဒုးပြီး ကားပေါ်တက်ဖို့ကျတော့ တစ်ယောက်တည်း အင်္ကျီဗလာနှင့်ကျန်ရစ်ရမည့်သူ့ကို စိတ်ကမဖြောင့်။

"ဟေ့ . တက်လေ၊ ကားက သိမ်းဖို့ပြန်လာတာ၊ မိန်းကလေးတစ် ယောက်တည်းဖို့လို့ ..."

ကားသမား၏ စိတ်မရှည်သံကြောင့် 'ဟုတ်ကဲ့' ဟုပြောရင်း တံခါးကိုတွေ့ဆဲဖွင့်လိုက်မိသည်။ မျက်လုံးက မှောင်ရိပ်ထဲက သူ့ဆီရောက်၍...

"သွား"

လို့မပြောရုံတစ်မယ် လက်နှစ်ဖက်ကိုခါထုတ်ပြနေတာ ငှက်ပျံသင်နေတဲ့အတိုင်း ...။

ပခြုံ့ ဝိုက်ဆံအိတ်ကိုဖွင့်၍ အထဲက လိပ်စာကတ်လေးကို ထုတ်ယူသည်။ ပြီးတော့ သူမြင်အောင်ချထားခဲ့ပြီးမှ ကားပေါ်တက်လိုက်၏။

ကံမကုန်ရင်တော့ ပြန်ဆုံချင်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com

"ညကကိစ္စ ဦးရာ သိသွားတယ်ပေါ့ ဟုတ်လား"

သိစေချင်တာမဟုတ်ဘဲ သိမှာကြောက်တဲ့ပုံဖမ်းရှိမေးရသည်။ ဒါမှ ကြိုးမေ့က အမှန်အတိုင်းပြောမှာ ...။

"မသိဘဲနေမလားအေ့ ...၊ ငါလဲဘယ်မှမလိုက်တတ်တော့ သူ့ကို ပြောရတာပေါ့"

"အဲဒါနဲ့ ဘာတွေဖြစ်ကုန်လဲ၊ ကြိုးမေတို့ကတော့ နည်းနည်းအဲချိန် ကုန်အောင်များစောင့်ပါဦးလား၊ ဦးရာ ဆူရောလားဟင် ...၊ ဒုက္ခပါပဲ.. ပခြုံပ် ပြန်ရောက်တော့လဲ ညက ကြိုးမေ ဖုန်းဆက်ပြောတာ မတွေ့ဘူး၊ ရှစ်နာရီခွဲကျော်ရုံလေးရှိသေးတာ"

"ကိုးနာရီထိုးပြီးမှပြီ မမရေ၊ နာရီကိုတော့ ညာဖို့ဖြီးဖို့မကြိုးစားနဲ့၊ ညက ဖုန်းပြန်မဆက်တာက ညည်းအကြောင်းပြောပြီး တစ်ခါပဲ၊ နောက် ထပ် ဘယ်နှစ်ခါခေါခေါ ခေါမရလို့မဆက်ရတာ"

"ဟယ်.. ဒါဆို.. ဒါဆိုရင် ပခြုံပ် ပျောက်နေပြီထင်ပြီး လိုက်ရှာ နေသလားမှမသိတာ၊ ဦးရာရဲ့ဟန်းဖုန်း ဆက်ကြည့်သေးလား"

"ဆက်တာပေါ့"

"ဒါနဲ့ ပခြုံပ် ဓမးတော့ ဟန်းဖုန်းခဲပါတ်မသိဘူးဆို ..."

အိုက်ဖမ်းမေးလိုက်တော့ ခေါပဲ့ကြည်မျက်နှာ ကွက်ခနဲပျက်သွား၏။

"ကဲ .. အရေးမပါတာတွေ လျှောက်မေးမနေနဲ့၊ ညည်း ညကလို ထပ်လုပ်ရင်တော့ ရာဇသံ က စိတ်ပူမှာမဟုတ်ဘူး၊ အမွေပြတ်စွန့်လွှတ် မလား၊ စောင့်ရှောက်မှုတွေရပါပစ်မလား တစ်ခုခုပဲ၊ ကိုယ့်ကိုယ်ကို နှားလည်"

"ဘာ .. ဘာပြောတယ် ကြိုးမေ"

ဒီစကားတစ်ခွန်းနဲ့ပဲ ဦးရာနဲ့ ပခြုံပ်တို့၏ပတ်သက်မှုအတိုင်းအကာ ကို သိသာစေခဲ့ပြီဖြစ်သည်။ အမွေပြတ်ဆိုတာက သားသမီး သွေးသား တစ်ခုတစ်ရာတော်စပ်နေဖို့ငသည့်အဖြစ်ကိုပြောသာ စောင့်ရှောက်မှုတွေ

အခန်း (၁၀)

"အမလေး .. လျှောက်လည်ကြရင်း သူငယ်ချင်းတွေနဲ့လမ်းခွဲပြီးမှ မျက်စိလည်နေတယ် ဟုတ်လား၊ မယုံချင်စရာကောင်းလိုက်တဲ့စကား အ ...၊ မျက်စိလည်ရအောင် ညည်းက စကားမပြောတတ်တဲ့ကလေး လား၊ သူငယ်ချင်းတွေနဲ့ လမ်းခွဲနေရဲတဲ့သတ္တိတော့ရှိပြီး ဒီလောက်အ၊ ရင် ဘာဖြစ်လို့ ဖုန်းမဆက်သလဲ"

"ဖုန်းက ဘက်ထရီခေါင်းသွားလို့ထင်တယ်၊ ခေါတော့မိတော့မယ် ထင်လိုက် ပြုတ်ကျသွားလိုက်နဲ့ ..."

"ဘာမှ ဘက်ထရီမခေါင်းဘူး၊ ညက ဘက်ထရီသွင်းလျက်ကြီး ထားပြီး ညည်းဆီဝင်နေလို့ ကျူပ်ကိုယ်တိုင် ဖြုတ်လိုက်ရတယ်"

ဘာတစ်ခုမှ ယုတ္တိမပါဘဲ မေးသမျှကိုလည်း မဖြေဘဲနှင့် ပခြုံပ် က သိချင်ကာတစ်ခုကိုပဲမေး၏။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၁)

တစ်ယောက်ချင်းဝင်လာသူတွေကို တစ်ချက်ပဲမေ့ကြည့်လိုက်ကာ အဆင်သင့်ထုတ်ထားပြီးသည့်ငွေစက္ကူတစ်အုပ် ကမ်းပေးလိုက်၏။

သူတို့ကလည်း ဘာမှမပြော၊ သူလည်းမမေးဘဲနှင့်လုပ်ငန်းတစ်ခု ပြီးဆုံးသွားခဲ့သည်။ သို့သော် မှန်တံခါးချပ်မှာ နောက်တစ်ယောက်ပေါ် လာကာ ...

"ကျွန်တော် ရဖို့ကျွန်သေးတယ်လေ"

မျက်နှာပြားပြား၊ အသားမည်းမည်းနှင့် ဝတ်ထားတာကတော့ စမတ် ကျကျပါ။ 'မွန်းဘဂရီ'၏ သီးသန့်စားသောက်ခန်းလေးထဲမှာ ရာဇသံ တစ်ယောက်တည်းထိုင်နေလျက် ထိုသူ ဝင်လာကာမှ စီးကရက်မီးညှိ သောက်သေးသည်။

ပြီးတော့မှ မီးခြစ်ကိုလက်ဖဝါးနှင့်ကာပွတ်၍ စားပွဲပေါ်ချပ်ခနဲတင်ကာ...

"မင်း ဘာမှမလုပ်လိုက်ရဘူးလေ"

"ဟာ .. ဆရာကလဲ ...၊ ဒါပေမယ့် ကျွန်တော် အဆင်သင့်ပြင်ဖို့ အဲဒီ ကိုရောက်သွားခဲ့တယ်လေ"

ရပ်ပစ်မည်ဆိုတာကတော့ ဘာမှတော်ဘူး၊ ဘာမှလည်းမဆိုင်ကြဘူးလို့ ယတိပြတ်ကြေညာလိုက်သလိုပင်။

မတော်စပ်ဘူးဆိုတာကိုလက်ခံဖို့ကာ ရင်ထဲမှာမစိမ်းသက်ခဲ့ပါ။ မသက်ဆိုင်ကြသည့်အဖြစ်က ဘာလဲဆိုတာကိုတော့ သိချင်မိသည်။

ဘာမှမတော်စပ် မသက်ဆိုင်ပါဘဲ သူတစ်ပါးရဲ့အကျေးအမွေး အစောင့်အရှောက်နဲ့နေရတဲ့သူမဘဝက ဘာလဲ ...။

www.burmeseclassic.com

"မမိလိုက်ဘူးမို့လား"

"မီပါတယ်၊ ကျွန်တော် ရောက်တော့ သူတို့ ဖိုက်တင်ပလေးနေကြတာ မပြီးသေးဘူး၊ ဒါပေမယ့် ကျွန်တော့်လှုပ်ရှားမှုပါအောင် ဝင်ကျူးပေးလိုက်ရင် ဟိုနှစ်ကောင် ရှောသွားမှာပေါ့၊ စေတနာတွေပါ"

"အဟွန်း"

သူ ပြုံးလိုက်ပြီး မေးဆတ်ညိတ်၏။ နောက်ထပ် အဆင့်သင့်တစ်အုပ်ကို ထပ်ထုတ်ပေးရင်း ...

"ရော့ .. တစ်ပြားမှမလျော့ဘူး"

"ဟဲ ဟဲ .. သိပါတယ်၊ ဆရာ ဒီလို ကပ်ဖဲမလုပ်ဘူးဆိုတာ..."

ငွေကို ကမန်းကတန်းကောက်သိမ်းလိုက်ပြီးမှ ...

"ဒါ .. ဒါနဲ့ဆရာ ကောင်မလေးကိုကြိုက်လို့ ရအောင်ယူမယ်ဆိုလဲ ဘာဖြစ်လို့ ဟီးရိုးတုံးရတာလဲ၊ ဆရာ လုပ်သွားတာ ရှင်းရှင်းလေးပေမယ့် နားမလည်ဘူး"

"အဲဒါကြောင့် မင်း ဟိုကောင်တွေထက် တစ်ဆင့်နိမ့်နေတာ"

"ဗျာ .. ဘာဖြစ်လို့လဲ"

"စကားများလို့ ..."

"ဟာ .. ဆရာကလဲ ဒီ .. ဒီလိုပါ ..."

"စပ်စုတာ ယောကျ်ားအလုပ်မဟုတ်ဘူး၊ သွားတော့"

ကြောက်ကြောက်လန့်လန့်နှင့်ထွက်သွားသူကိုကြည့်၍ သူ့နှုတ်ခမ်းမှာ မထိုတာထိအပြုံးတစ်ခုဖြစ်ထွန်းသွား၏။ ကိုယ့်ကိုယ်ကိုယ် သဘောပေါက်သွားတာက ဂိုဏ်းစတားကြီးပုံ ပေါက်နေလို့ပါ။

သောက်လက်စနှင့် စီးကရက်ကို ခွက်ထဲလှမ်းထည့်လိုက်ပြီး ဖိုင်တစ်ထပ်ကို ရှေ့မှာဆွဲယူချလိုက်သည်။ အလုပ်လုပ်ဖို့ စိတ်ကူးလိုက်သော်လည်း...

"ဆရာ .. ဆရာ စကားပြောနေတုန်း သူငွေးဦးလွင်ဦးဆီက

ဖုန်းဝင်ထားပါတယ်"

"အေး သိပြီ"

ပြောပြီး သူ ဖုန်းကိုင်လိုက်၏။

"ဦးလွင်ဦး ကျွန်တော်ပါ၊ ဖုန်းဆက်သေးတယ်ဆိုလို့ ..."

"မောင်ရာဇကို ကျွေးပြီး ပြောစရာလေးရှိလို့ပါ၊ အပြင်မှာ ခဏတွေ့ကြရအောင် အချိန်ရမလား"

"ရပါတယ် .. အချင်းချင်းတွေပဲ၊ မရလဲ ရရမှာပေါ့၊ ပြောလေ .. ကျွန်တော် ဘယ်ကိုလာရမလဲ"

"ကျွေးကိုအေးကိုကိုလဲချိန်းထားတယ်၊ အလုပ်ကိစ္စလေးပြောချင်လို့ ဂါ၊ ဒါဆို အိုခေနော်၊ ပြီးခဲ့တဲ့ဆန်းဒေးတုန်းက ဒင်နာစားကြတဲ့ ဘိုတယ်လ်ဆို ဖြစ်လား"

"အိုခေ .. အိုခေ"

သူ ဖုန်းချလိုက်ပြီး နာရီကြည့်သည်။

"ဆရာ ..."

"အေး .. ဝင်ခဲ့"

ဆံပင်ဆံရှည်နှင့် အရပ်မြင့်မြင့် မျက်နှာရင့်ရင့်နှင့်လူကြီးတစ်ယောက် ဝင်လာသည်။ သူက ရာဇသံ ရဲ့အတွင်းရေးမှူးဆိုလည်းဟုတ်၊ စက်ရုံတစ်ခုလုံးရဲ့လက်ထောက်ကိုယ်စားလှယ်လည်းဖြစ်သည့် ကိုဇော်ထက်။ ရာဇသံထက် အသက်ဝိုကြီးသော်လည်း တရိတသေရောက်လာကာ...

"မိုးကောင်းကင်ကွန်စထရပ်ရှင်ကိုပို့လိုက်တဲ့ ဟင်္ဂလန်ချောင်းတွေ ဆိုက်မစုံဘူးဆိုပြီး အားလုံး ပြန်လာတယ် ဆရာ"

"ဘာ .. ဆိုက်မစုံရအောင် .. သူ့စာရင်းအတိုင်း အစည်းလိုက်တွဲပေးလိုက်တာမဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ အဲဒါကို ဦးကြာညွန့်တို့လုပ်တာပါ"

"ဟား .. ဘယ်သူလုပ်လုပ် ခင်ဗျားစီစဉ်မှုနဲ့လုပ်နေကြတာပဲ

www.burmeseclassic.com

www.burmeseclassic.com

ကိုဇော်ထက် ...၊ ဒါလောက်က ပြဿနာထဖြစ်စရာအလုပ်ကိုမဟုတ်ဘူး၊ ဒါဆို အခုပဲ ပစ္စည်းတွေနဲ့ အဲဒီလူစုကို ကွင်းထဲမှာခေါ်ထားလိုက်.. ကျွန်တော် လာမယ်''

''ကောင်းပါပြီ''

သူတို့နှစ်ယောက် ရှေ့ဆင့်နောက်ဆင့်ထွက်သွားခဲ့ကြပြီးသည့် နောက်မှာ ဖုန်းမြည်သံက ဆူညံစွာထွက်ပေါ်လာ၏။

အခန်းထဲမှာရှိသည့် အတွင်းရေးမှူးက 'ဆ,ကိုင်ကာ ...

''အမိန့်ရှိပါခင်ဗျာ''

''ဦးရာဇသံနဲ့ဆွေးနွေးစရာရှိလို့ ခဏလောက် ခွင့်တောင်းပေးပါ''

''ဩော် .. ဆရာ ခုလေးတင်ပဲ စက်ရုံကွင်းထဲဆင်းသွားပါတယ်၊ ပြန်လာရင် ပြောမေးပါ့မယ်၊ လူကြီးမင်းရဲ့နာမည်လေး တစ်ဆိတ်လောက် ပြောခဲ့ပါခင်ဗျား''

''ရပါတယ်၊ ကျွန်မပဲ ပြန်ဆက်လိုက်ပါ့မယ်၊ ကျေးဇူးပါပဲ''

ဖုန်းချသံကြားလိုက်တဲ့အထိ သူ နားထောင်နေမိသေးသည်။ ပြီးတော့မှ အသာလေးဖုန်းချပြီး ပခုံးနှစ်ဖက်တွန့်လိုက်မိ၏။

လာလိုက်တဲ့ဖုန်းတွေ တစ်ဆယ့်ကို မိန်းကလေး အယောက်နှစ်ဆယ်လောက်များရှိမလားမသိ၊ လုပ်ငန်းနဲ့ပတ်သက်သူတွေက ဒီလိုဆက်သွယ်ပုံမျိုးနဲ့မဆက်ကြပါ။

လူမတွေ့ရလျှင် ဘာအကြောင်း ညာအကြောင်း စသဖြင့် ဘယ်လုပ်ငန်းက ဘယ်သူဘယ်ဝါဆိုတာတွေ သေချာမှာသွားတတ်၏။

ခုလိုပုံစံမျိုးကတော့ ...

ဩော် .. ကုသိုလ်ထူးတဲ့သူများကျတော့ 'ဟင့်အင်း' ပြီးရင်း 'ဟင့်အင်း' နေတာတောင် ဝင်လာမစဲတသဲသဲ ...။

အခန်း (၁၂)

တံခါးတွန်းဖွင့်ပြီး ဝင်လာတဲ့သူကိုမြင်လိုက်တော့ ရာဇသံ ဖျတ်ခနဲ မျက်နှာလွှဲ၏။

''ဘယ်လိုလဲ မောင်ရာဇ ...''

လုပ်ငန်းထဲမှာ လူအများက ကိုရာဇ၊ ဦးရာဇလို့ခေါ်ကြတာ များသည်။ မိတ်ဆွေသူငယ်ချင်းတွေကတော့ 'ရာဇသံ' ပါပဲ။

သူ မျက်နှာလွှဲလိုက်တာကို တစ်မျိုးထင်သွားသဖြင့် ဦးလွင်ဦးမှာ ပျာသလဲဖြစ်သွား၏။

''ကျုပ်က အချိန်အများကြီးမဟုတ်ပါဘူး၊ တစ်ပတ် သို့မဟုတ် ဆယ်ရက်ပေါ့၊ ဒီလုပ်ငန်းမှာ ကျုပ်ရဲ့သားကိုယ်တိုင် သူ့နာမည်၊ သူ့ရဲ့ကိုင်ဆိုဂရုပ်ဖိတွေ၊ သားသမီးက မိဘလုပ်ငန်းထဲ လက်ဝင်လှုပ်တာမျိုး ဖြစ်စေရဘူး၊ စကတည်းက သူ့အထိုင်နဲ့သူ ဖြစ်ရအောင် ...''

''ဖြစ်ရအောင် ဦးလွင်ဦးရဲ့သားက လုပ်ငန်းနဲ့ ဘယ်လောက်ဝင်းနှီးလို့လဲ''

www.burmeseclassic.com

"မရင်းနှီးဘဲနေမလား မောင်ရာဇရေယ်၊ မိဘက ချမ်းသာတယ်၊ အလို လိုက်တယ်၊ ဒါကို မိဘဆီမှာ ပေါ့ပေါ့ပါးပါးလက်ဖြန့်သုံးပြီး ပခုံးမှာလွယ် အိတ်ချိတ်ရတာကို မပျော်ပိုက်ဘဲကောင်ပဲ၊ ပြောရရင် ပက်လက်လှန်ပြီး တံတွေးထွေးသလိုဖြစ်တော့မယ်၊ ဒီကောင်လေး ပညာရေးကို စိတ်မဝင်စားသလောက် မိဘကိုကူမယ်၊ အလုပ်လုပ်မယ်နဲ့ ငယ်ငယ်ကစာညီးက စပ်စပ်စုစု သိပ်လုပ်ခဲ့တာ"

"ဒါဆို ဖညာမတော်ပေမယ့် ကိုလွင့်သားက စီးပွားရေးပညာ ထူးချွန် တယ်ပေါ့၊ ဒီလိုလား ..."

ဦးအေးကိုက ကြားဖြတ်မေးလိုက်တော့ လှည့်ကြည့်ပြီး ဦးလွင်ဦးက ခေါင်းခါသည်။

"မိဘလုပ်ငန်းကိုပါပဲ၊ တခြားနေရာတကာမှာ ထက်မြက်ထူးချွန်တာမျိုးတော့မဟုတ်ပါဘူး"

ပြောရင်း ရာဇသံကိုကြည့်လိုက်တော့ ဦးအေးကိုက ပြုံးကာ ...

"ရာဇ ကိုတော့ မကြည့်နဲ့လေ ..၊ သူက မိန်းကလေးတွေ မူးမေ့လဲကုန်မှာစိုးလို့ ငဲ့ညာတဲ့စနစ်နဲ့ အပြင်ထွက်သွားလာတဲ့ကြိမ်ရေနှုန်းကို နှာခေါင်းလျှော့ပြီး စိတ်ရောလူရော စီးပွားရေးထဲမှာ နှစ်ထားတာ၊ အာရုံနည်းတဲ့သူက စူးစိုက်မှုပိုကောင်းတာပေါ့၊ ဟုတ်ဇယ်နော် မောင်ရာဇ"

"လုပ်ပြီ ဦးအေး ကလဲ .. မဟုတ်တာတွေ ..."

"ဘယ့်နယ် မဟုတ်ကမှာလဲ ..၊ မင်းရဲ့ငယ်ဘဝက ရာဇဝင်တွေ ရွတ်ပြတာမဟုတ်ဘူးပြောချင်လို့လား ..၊ ခုခေတ်ကြီးထဲမှာ ယောကျ်ားပီသခန့်သားပြီး စီးပွားဥစ္စာ အသင့်အတင့်ပြည့်စုံရုံနဲ့တင် ဖူးစာဖက်ဖြစ်ချင်တဲ့မိန်းမလှတွေ မရှားပါးတဲ့ဥစ္စာ ..၊ မင်းရုပ်ရည်နဲ့ ဘုန်းလက်ရုံးမျိုးက ကိုယ်ပြောတာ လွန်ပါ့မလား"

သူတို့နှစ်ယောက်ပြောနေတာကို ဦးလွင်ဦးက ခေါင်းညိတ်လက်ခံနေကာ ...

"ဟုတ်တယ်၊ အဲဒါတစ်ချက်လဲ ကျူပ်သား ကံမကောင်းဘူး"

"ဘာဖြစ်လို့လဲ"

"သူ ငယ်ငယ်က ကျောက်ပေါက်လိုက်တာ ကျောက်ကြီးတွေချည်း ပဲ အဲဒါနဲ့ ကျောက်တွေပျောက်သွားတော့ မျက်နှာမှာ ပုံဆိုးပန်းဆိုးမဖြစ်ခဲ့ပေမယ့် ချောချောမွေ့မွေ့မရှိတော့ဘူးပေါ့"

"ဖြစ်ရလေဗျာ၊ ဒါနဲ့ ခုရော ..."

"ခုတော့ ဘာဆေးဝါးနဲ့မှမလုပ်ဘဲ ငယ်ငယ်တုန်းကထက်စာရင် ပြေပြစ်သွားသလိုပဲ၊ သိပ်တော့အကြည့်ရမဆိုးဘူးပေါ့ဗျာ၊ ဒါပေမယ့် အကျည်းတန်လှချေရဲ့လို့မပြောသာရဲပဲဆိုပါတော့ ..၊ အရပ်အမောင်းပိုက်ဆိုက်လေးသာမကယ်ရင် မတွေးရဲဘူး"

"ယောကျ်ားလေးက ဒီအရည်အချင်းတွေရှိပြီး စည်းစိမ်ဥစ္စာ ပေါကြွယ်ဝနေရင် မဒီကညာတွေ မရှားပါဘူးဗျာ၊ ပြောရမယ်ဆိုရင် ကျူပ်တို့ အသိုင်းအဝိုင်းတွေထဲမှာ ခင်ဗျားက အချမ်းသာဆုံးပါ"

"ဒါတော့ မလုပ်နဲ့ဗျာ ..၊ ဒီလောက်မဟုတ်ပါဘူး"

"ဟုတ်တယ်လုပ်လိုက် ကိုအေး၊ ခင်ဗျားမှာ ဝိုင်ဆိုင်သမျှလုပ်ငန်းတွေ တစ်ခုမှ သေးသေးကွေးကွေးမဟုတ်ဘူးနော်၊ အချင်းချင်းလျှိုမနေနဲ့၊ ကျူပ်မှာ သမီးသာရှိရင် ခင်ဗျားလိုလူကို ခမည်းခမက်တော်ဖို့ လက်လွတ်ခံမဟုတ်ဘူး"

"ခက်ကုန်တာ အဲဒါပဲဗျို့"

"ဟင် ... ခက်ပြန်ပြီလား၊ ဘာဖြစ်ကုန်လို့လဲ"

ဦးအေးကို ပြောရခက်နေသလို သက်ပြင်းချနေဆဲ ရာဇေ မျက်လုံးတွေ အပြင်ကိုရောက်သွားခဲ့၏။

စိတ်အာရုံတို့သည် စကားဝိုင်းမှာမရှိတော့တဲ့ ရွှေပခြုပ် ထိုင်နေသည့်ဘားပွဲမှာပဲ စူးနစ်သွားခဲ့ပြီး ...

"သားက မိန်းမရသွားခဲ့တယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com

"ဟင် ..၊ ခင်ဗျားပြောတော့ ရုပ်သိပ်မချောပါဘူးဆို ...၊ ကဲ.. အဲဒါပဲ လေ ... ယောကျ်ားကောင်းတစ်ယောက်အတွက် ဖျိုကညာ မရှားပါဘူး ဆိုတာ ..."

"မဟုတ်ဘူး"

ဦးလွင်ဦးက စကားပြောရင်း မျက်မှောင်ကြုတ်၍စိုက်ကြည့်နေသည့် ရာဇေဿကို 'သတိထားမိသွားကာ ...

"ဘာဖြစ်လို့လဲ မောင်ရာဇ"

မေးပြီး အပြင်ဘက်ကိုလှည့်ကြည့်၏။ အပြာရောင်မှန်ချပ်သည် အပြာရောင်မြင်ကွင်းအဖြစ် အပြင်ကလှုပ်ရှားမှုတွေကို အတိုင်းသားမြင်နေရ၏။

သူတို့ချက်လုံးထဲမှာတော့ ဘာမှထူးခြားမှုမရှိသလိုပဲ။ သို့သော် ကြည့်နေရင်း ဦးအေးကိုက ခေါင်းညိတ်ကာ...

"မင်း ဟိုအဖြူရောင်ကောင်မလေးကို ကြည့်နေတာမဟုတ်လား"

"ဟုတ်တယ်၊ ကောင်မလေး ဖုန်းဆက်ဖို့ထသွားတုန်း ပိုက်ဆံအိတ် စားပွဲပေါ်မှာကျန်ခဲ့တယ်၊ အဲဒါကို ဟိုမှာထွက်သွားတဲ့သူ ကောက်ယူသွားပြီ"

"ဟင် ..."

"ဒီမှာ .."

လက်က ဘဲလ်ဘုကိုဖိနှိပ်လိုက်ရင်း ပါးစပ်ကပါခေါ်တော့ ဝိတ်တာ ကောင်လေး အပြေးအလွှားရောက်လာ၏။

"မင်းတို့ဂိတ်စောင့်ကို ဆက်သွယ်လို့ရလား"

"ဗျာ .. ဟုတ်ကဲ့၊ ကားပါကင်မှာ ပြဿနာရှိလို့လား ဆရာ"

"မဟုတ်ဘူး၊ အင်္ကျီဖြူနီစံပယ်ရောင်နဲ့ ဆံပင်ကောက်ကောက်၊ အသားမည်းမည်းလူ စားပွဲပေါ်ကပိုက်ဆံအိတ်အနီရဲလေးကို ကောက်သွားတယ်"

"ဟင် .. ဟုတ်လား"

"အဲဒီလူကို လှမ်းတားထားဖို့ပြောပေးပါ"

"ဟုတ်ကဲ့၊ စိတ်ချပါ ဆရာ"

"ဒီလို ဖြစ်နေတာလား"

ဦးလွင်ဦးမှာ သူပြောသမျှကို ရာဇေဿ ဘာတစ်ခုမှစိတ်မဝင်စားဘဲ တခြားမှာ စိတ်ရောက်နေသည်မှန်းသိလိုက်တော့ အောင့်ဆက်သက်လည်း ဖြစ်လျက် အထင်ကြီးစိတ်ကလည်း မဖြစ်ဘဲမနေနိုင်။

မြင်ကွင်းထဲမှာလည်း ဖုန်းဖို့ရှင်းမလိုဖြစ်တော့ ကောင်မလေး ဟိုရှာ ဒီရှာနှင့် စားပွဲဆီ မျက်နှာလေး သမင်လည်ပြန်ရောက်သွား၏။

"ဟင် .. မဟုတ်ဘူး၊ ပိုက်ဆံအိတ် ကျွန်မ ပါတယ်၊ ဒါတစ်ခုပဲ ကိုင်လာတာ"

ပခုံးပိ မျက်လုံးတွေပြူးကျယ်သွား၏။

ခုတစ်လော ဘာဖြစ်နေတာလဲ၊ ဦးရာနဲ့ဆုံဖြစ်ခဲ့အောင် မျက်စိအောက်မှာ တမင်တကာခလုတ်တိုက်မိအောင်နေဖို့ ရှိမယ်ထင်တဲ့နေရာတွေကို တတ်နိုင်သမျှ သွားထိုင်ခဲ့မိသည်။ သွားမိတိုင်း အရာရာနဲ့အကြောင်းကြောင်း ...၊

အလုပ်ထဲမှာ နို့တစ်စာတွေအတင်ခံလိုခံရ၊ လမ်းပေါ်မှာ လမ်းသရဲဆွဲလိုဆွဲ ...၊

"တကယ်ပြောတာ .. ကျွန်မ စိတ်လောပြီးထလာတုန်း စားပွဲပေါ်မှာ. ကျန်ခဲ့တာပါ"

"ရပါတယ်၊ ဖုန်းဆက်တာက ပိုက်ဆံမပေးရပါဘူး၊ စားသောက်ခရွင်းဖို့ပဲ ညီမ စဉ်းစား"

သူမကို ဘေးလူတချို့ကြည့်နေတာကို မျက်လုံးချင်းမဆုံကြပေမယ့် သိသည်။

အပြင်ကနေ အထဲကိုမမြင်ရပေမယ့် တကယ်လို့သာ အပေါ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com

မှန်လုံခန်းထဲမှာ ဦးရာ ရှိနေလျှင် ဒီဘက်လှည့်ထိုင်နေလိုက်တော့ မမြင်ဘဲ နေမှာမဟုတ်။

ကိုယ်ကသာ ဓာတ်ပုံထဲမှာမြင်ဖူးသည်။ အပြင်မှာ ဖျတ်ခနဲ ဟိုမှာတွေ့၊ ဒီမှာတွေ့၊ ဦးရာ က ကိုယ့်ကို မသိဘဲ နေမလား။

စိတ်တွေလှုပ်ရှားလှိုင်းထန်ကာ ချွေးတွေပင် ပြန်လာ၏။ စားပွဲမှာ ဖျတ်ခနဲပြန်ထိုင်၍ ဘယ်ကိုမှမကြည့်မိအောင်နေ၊ မယ့် ကိုယ် စားသောက်ထားတာတွေကိုတော့ ကြည့်မိ၏။

ဒင်မ်ဆန်းက လေးပွဲ၊ တိုဘာရီတစ်ခုနှင့် ကုတ်တစ်ဘူး၊ ပြီးတော့ ရေသန့်တစ်ဘူး ပါသေးသည်။ မကျဘူးဆို အနည်းဆုံး ခုနစ်ထောင်ပင်။

ပိုက်ဆံအိတ် ဘယ်ရောက်သွားလဲ၊ ဒီမှာထိုင်တဲ့အထိရှိနေသေးတာသေချာ၏။

"အစ်မ ဒီမှာ အစ်မ ပိုက်ဆံအိတ်"

"ဟင် .. ရှင် .. ဟုတ် ..ဟုတ်ပါတယ်၊ ဒါ ဘယ်က ပြန်ရခဲ့တာလဲဟင် .."

"အစ်မ ဖုန်းဆက်နေတုန်း ဒီခုံပေါ်ကနေ ကောက်ယူသွားတာကို အပေါ်ခန်းထဲကအစ်ကိုတစ်ယောက်လှမ်းမြင်လို့ အချိန်မီလိုက်ခိုင်းတာပါ"

"ဟင် ..."

ပခြုပ် မျက်လုံးတွေ ထိုဆီရောက်သွားချိန်မှာ ဝန်ထမ်းကောင်လေးဘာတွေဆက်ပြောနေသည်၊ မပြောသည်ကို မကြားတစ်ချက် ကြားတစ် ချက်။

"ဒီမှာရှင့် ..."

သတိရလို့လှည့်ကြည့်လိုက်တော့ ကောင်လေးက ထွက်သွားပြီမို့ ပြန်ခေါ်လိုက်ရကာ ...

"အဲဒီပေါ်မှာ ဘယ်နှစ်ထပ်တောင်ရှိနေလဲဟင် ..၊ ဟို .. ပြောတဲ့လူက ဘယ်လိုပုံစံလဲ၊ တို့က ကျေးဇူးတင်စကား သွားပြောချင်လို့ပါ"

"ရှပ်အင်္ကျီကော်ဖီရောင်လက်ရှည်နဲ့၊ နှုတ်ခမ်းမွေးနဲ့မေးဖျားတွေမှာ ဂိမ်းနေတယ်၊ လူပုံက အသိသာကြီးပါ"

စိတ်လိုလက်ရပြောသွားတာကို ကျေးဇူးတင်သွားမိ၏။ သူမ ထင်သည့်အတိုင်းပါပဲ၊ ထိုသူဟာ ဦးရာမလွဲ၍ မဖြစ်နိုင်။

ခြေလှမ်းတွေက ကြောက်ရွံ့နောက်တွန့်ဖို့ကို သတိမရပေ။ စားပွဲအထပ်ထပ်ကိုကျော်လွှားကာ လှေကားထစ်တွေကိုနင်းဖြတ်တက်ခဲ့၏။

ကောက်ကွေ့ခြင်းမရှိသော လှေကားထစ်ကိုတက်ခဲ့ပြီး မှောင်လုံနေသည့်မှန်တံခါးကို တွန်းဖွင့်လိုက်သည်။ ထိုအခါ လူသုံးယောက်တည်းရှိသော သူမရှေ့မှာ နီးနီးလေးရှိနေသည့်စားပွဲကို မျက်လုံးက တန်းခနဲရောက်သွား၏။

အသက်ကြီးကြီးလူနှစ်ယောက်က သူမနှင့်မျက်နှာချင်းဆိုင်ဖြစ်ကာ ရာဇသံက ဘေးတိုက်အနေအထား။

"ဦးရာ ..."

မှုန်ညက်ဝင်းနေသည့်မျက်နှာကိုငေးရင်း ထိုနာမည်ကို မနည်းခေါ်လိုက်ရသည်။ ကိုယ့်ကိုတောင် ပြန်လည်မွေးဖြူခဲ့သည်ဆိုသောယောကျ်ားကစ်ယောက်၏အသက်အရ ဘယ်လောက်ထိနုပျိုချောမွေ့နိုင်မှာလဲ။

ဒါပေမယ့် ရာဇသံ ဆိုသည့်လူက ချောမွေ့နေသည်။ ဇရာ၏ခေါင်းချီးရာတို့ ပြစ်မှုးမဲ့မထင်အောင် နုပျိုနေသည်။

ကုပ်ချီထားသည့် မျက်ခုံးထူထူတွေက မလိုလားမနှစ်သက်ခြင်းကို ဖော်ပြနေတာတောင် တိုစိပ်စိပ်ထူနက်သောမျက်တောင်ကော့တို့၏ ဖမ်းစားခြင်းကြောင့် ထိုမျက်နှာသည် ဒေါသနှင့် ရင့်ရော်မသွားခဲ့ဒေ။

ရှေ့ကို နောက်တစ်လှမ်းတိုးလိုက်ပြီး နောက်ထပ်ပြောဖို့အတွက် ပခြုပ် အားယူနေဆဲ ...

"ဘယ်သူ့ကိုခေါ်တာလဲ၊ ဘဂကိစ္စလဲ"

"ရှင် .. ဟို .. ဟိုလေ ... ပခြုပ်ရဲ့ပိုက်ဆံအိတ် ..."

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်၊ ဒီကနေ စီးမြင်နေရတာ ကြည့်မကောင်းလို့ လက်တို့ပြလိုက်တာ"

"အဲဒီအတွက်ရော ...၊ ပြီးတော့ ..."

"ကျေးဇူးတင်တယ်လို့ပြောမလို့လား၊ ဒါဆို ဒီတစ်ဝိုင်းအတွက် ရှင်းသွားလိုက်"

"ဟင် ..."

"တစ်သိန်းကျော်ရဲ့လောက်ပဲရှိမှာပါ၊ မင်း မတတ်နိုင်ဘူး မဟုတ်လား"

"ပခြုပ်က ..."

"မင်းနဲ့ငါ အပိုစကားတွေ ပြောမနေချင်ဘူး ရွေပခြုပ်၊ အဲဒါကြောင့် သွားတော့"

"ဦး .. ရာ..."

"မင်းကို သွားလို့ပြောနေတယ်"

ဖန်ခွက်ကို ခပ်ဖိဖိဆောင့်ချလိုက်တော့ စားပွဲပေါ်မှာ ဒုတ်ခနဲမြည် သွားသည်။

"တောက်"

စောစောကနှင့် လုံးဝခြားနားသွားခဲ့သော ရာဇသံမျက်နှာကို ဦးလွင်ဦး တို့မှာ နားမလည်နိုင်ဖြစ်လျက် မိန်းကလေးနှင့် သူ့ကို တစ်လှည့်စီကြည့် နေမိကြသည်။

"ဆောရီးဗျာ .. ဆောရီး"

ဒီဘက်ကို လှည့်တောင်းပန်ရင်း မျက်ရည်ဆေးတို့လူပ်လှုပ်လဲ့နှင့် မျက်ဝန်းလေးတွေကိုတော့ နောက်ထပ်ပြန်မကြည့်ဘဲနေခဲ့၏။

မဖြစ်နိုင်တာတွေမှာ မတတ်နိုင်တာတွေ ထပ်မဆင့်ပါနဲ့ ...။

ရွှေသမင်စာပေ

အခန်း (၁၃)

မျက်နှာထက်မှာ ကျကျနန ခြယ်သသည်။ ဝတ်ထားတာက နက်ပြာရောင်ရင့်ရင့် ဒူးကျကိုယ်ကျပ်ဂါဝန်ဖို့ အပေါ်ထပ်အပါးသားခြုံလွှာလည်း ပါသည်။

နက်ပြာရောင်လေဒီရှူးကိုစီးလိုက်တော့ ဖြူနုဝင်းစိုသောကိုယ်ပေါ်မှာ နက်ပြာရောင်က ထင်းရှင်းနေသည်။ ဆံပင်တွေနှင့် အရောင်ရောစရာ ဘာစခုရှာတော့ အဆင်သင့်ချထားပြီးသည့် နီလာတစ်ဆင့်စာကို ဖယ်ဆုတ်လိုက်သည်။

"ဟဲ့ .. ဘာတွေကောက်ဝတ်နေတာလဲ ပခြုပ်ရယ်၊ မွေးနေ့ပွဲသွားမှာ ပလာဇာသွားမှာမှမဟုတ်ဘဲ"

လိမ္မော်ရောင် ခရစ်စတယ်လုံးရည်နှင့် နားကပ်တွေလက်ကောက်တွေ နေရာပြည့်သွားတော့ ကြိုးမဲ ရောက်လာပြီး တအံ့တသြပြောဇာ်။

ပြီးပြက်လက်နေသည့် ရတနာတွေကို ဟိုဟာကောက်ကိုင်၊ ဒီဟာ ကောက်ကြည့်နှင့် ရတနာရယ်လို့ မက်ရကောင်းမှန်းမသိသည့် ပခြုပ်ကို သည်း အားမလိုအားမရဖြစ်နေပုံရှိကာ ...

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုပွဲမျိုးဆိုတာ တစ်ယောက်နဲ့တစ်ယောက် ဒီဂရီအဆင့်အတန်းတွေ ပြိုင်ဆိုင်အနိုင်လုကြတဲ့ပွဲ ..."

"ပခြုပ်မှာ ဘာမှမရှိဘဲနဲ့ ဘာကိုပြိုင်ရမှာလဲ၊ ဒါတွေက ဦးရာပစ္စည်း တွေ ..."

"အဲဒီလို ဝကျကျမပြောနဲ့လေ ...၊ သမီးဆိုလဲဟုတ် .. ညီမလေးဆိုလဲဟုတ်၊ ဒါ သူပေးတဲ့အမွေပေါ့"

"ကြီးမေ .. ပခြုပ် က အမွေကိုလိုချင်တာမဟုတ်ဘူး၊ ဦးရာကိုပဲ လိုချင်တာ"

"ဘုရားရေ ..."

ဒေါ်ယုကြည် မျက်လုံးပြူးသွား၏။ ဒီကောင်မလေး သွက်သွက်လက်လက်လေးဆိုတာသိပါသည်။ ဒါပေမယ့် ဒီစကားမျိုးကို သွက်တိုင်းပြောလို့မရ။

ပြီးတော့ ဘာအဓိပ္ပာယ်နဲ့ပြောလိုက်တာလဲ ...။

ဒေါ်ယုကြည် ဖြစ်သွားတာကို ပခြုပ် က ကြည့်ပြီး မဲ့မဲ့လေးနေ၏။

"ပခြုပ် ညည်း ဘယ်လိုပြောလိုက်တာလဲဟင် ..."

"ရိုးရိုးပဲပြောတာလေ ...၊ ဦးရာ ပခြုပ်ကို ဘာဖြစ်လို့ ဒီလိုထားတာလဲ၊ အမည်မဖော်နိုင်တဲ့သမီးတစ်ယောက်ဆိုရင်လဲ ပြောလိုက်စမ်းပါ၊ မင်းသားတစ်ပါးလို ပြည့်စုံချောမွေ့နေတဲ့သူ့ကို ပခြုပ်ကလဲ အဖေခေါ်ပါရစေလို့ မတောင်းဆိုဘူး၊ ဒါမဟုတ်ဘူးဆိုရင် ဘာလဲ ...၊ ဘာမှမတော်စပ်ဘဲနဲ့ ဒီလို ပြည့်စုံအောင်ထားတာ ..."

"ပြည့်စုံတာထက်ကို လွန်နေပါသေးတယ်ကွယ်၊ စိန်ရွှေရတနာ ညည်းမှာ ဘာလိုသလဲ၊ နောက်ဆုံး တိုက်၊ ကား ဘာဖြစ်ဖြစ် မဟောင်းဘဲနဲ့ မကောင်းသေးပါဘူးလို့ပြောရင် လက်ညှိုးထိုးသမျှ အားလုံးဖြစ်တယ်"

"အဲဒါကိုပြောပြစမ်းပါ၊ ဘာဖြစ်လို့ ဒီလိုဖြစ်ခွင့်တွေပေးပြီး လူကို ကျတော့ အရမ်းတင်းမာနေရတာလဲ၊ သူ .. သူ ပခြုပ် ကို အော်လွတ်

ဘယ် သိလား"

"ဟင် .. ဘာ .. ညည်း .. ညည်း သူ့ကိုသွားတွေ့ဘယ်၊ ဘယ်မှာလဲ၊ ဘယ်လိုလုပ်သိပြီး သူ့ဆီရောက်သွားတာလဲ"

ပခြုပ် မဖြေပါ။ အပြာရောင်ပန်းခရမ်းရင့်ရင့်တင်ထားသည့် မျက်ခွံပေါ်စပ်တို့ကြောင့် ထိန်းချုပ်မရသည့်မျက်ရည်တွေက အလိုက်မသိ ပြည့်ဘက်လာ၏။

နာကြည်းမုန်းတီးလို့မဟုတ်ပါ။ ရာဇသံ ဆိုသည့် ယောကျ်ားကို ခဲ့ လမ်းတပ်မက်ကြသည့်မိန်းကလေးများစွာထဲမှာ သူမသည် သက်တမ်းရင့်စွဲလမ်းခဲ့သူဖြစ်နိုင်သလို ဖန်းဝင်ကြိုးကို ဖြတ်နိုင်ခဲ့သူဖြစ်ချင်သည်။

သူမ လူမှန်းသိပြီဆိုကတည်းက ကြားခဲ့ရသည့် ရာဇသံ ဆိုသူ အကြောင်း .. စိတ်ဝင်စားမှုတွေ ရင့်သန်လာခဲ့ပေမယ့် သူများတွေပါးစပ်များမှာ ရာဇဝင်တွင်နေခဲ့ပြီး သူမတစ်ယောက်တည်း မမြင်မစမ်းမှန်းသမ်းကြည့်နေခဲ့ရသည့်အဖြစ်တွေ ...၊

ခုကျတော့ မြင်ဖူးတွေ့ဖူးလာလေ .. အရူးရင့်လေ ...၊

ရာဇသံ ဆိုသည့်မျက်နှာမှာ အသက်အရွယ်ဆိုသည့် ဇရာ၏အရိပ်တို့ ငုပ်လျှိုးနေခဲ့သည်လား ...၊

ဒါမှမဟုတ်လျှင် ယောကျ်ားတစ်ယောက်၏ သုံးဆယ်ကျော် လေးဆယ်ဆိုသည့်အသက်အရွယ်ဟာ နှပျိုချောမွေ့မှုတို့ကို ဝိုင်နိုင်စွာ ဆုပ်ကိုင်ထားနိုင်သတဲ့လား ...၊

ပခြုပ် ဘယ်လိုမှ မေ့ပျောက်ပစ်လို့ မရတော့ပေ။

ထိုအခါ ဒီလိုထားပြီး ဘာရည်ရွယ်ချက်တွေနဲ့ နစ်ရည်လများနေခဲ့သလဲဆိုတာကို သိချင်ခဲ့သည်။ မသိရလေ မကျေနပ်နိုင်လေ ...။

ဒေါ်ယုကြည်သည် သူမကိုယ်တိုင် သေချာမသိရသောပြဿနာတစ်ခုကို ဘယ်တုန်းကမှ သိဖို့မကြိုးစားခဲ့သော်လည်း ပခြုပ်ကိုတော့ မေားစေချင်သည်မို့ ...

www.burmeseclassic.com

www.burmeseclassic.com

"ညည်းစိတ်ထဲမှာ ဖောက်လွဲဖောက်ပြန်တွေရှိနေတယ်ဆိုရင် ဖျောက်ပစ်လိုက်ပါ သမီးရယ်၊ ဒီပြဿနာတွေကို ဘယ်သူမှ ရေရေရာရာမသိခဲ့ကြဘူးဆိုတော့ တကယ်လို့များ ရာဇသံက ညည်းအဖေ ..."

"အို.. မဟုတ်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး၊ သွေးကစကားပြောတယ်ဆိုရင် ပခြုပ် သွေးထဲက ခံစားမိနေတယ်။ ဦးရာက ဘယ်လိုနည်းနဲ့မှ အဖေ မဟုတ်ဘူး"

သူမသည် တစ်စုံတစ်ရာကို နာကျင်စွာတွေးငေးသွားသလို အံကြိတ်၍ မျက်နှာလေးနေပြီးမှ ...

"သူ့မျက်လုံးထဲမှာ မိဘ ဆိုတဲ့ ငါးရာ့နှစ်ဆယ့်ရှစ်နဲ့တူတာ ဘာမှမရှိဘူး"

"မဟုတ်ဘူးလေ၊ အကြောင်းတစ်ခုခုကြောင့် စိတ်နာကြည်းပြီး စောင့်ရောက်ထားတာကတော့ သားသမီးဖြစ်နေတဲ့အတွက် ..."

"အို .. မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး၊ ပခြုပ် သိတယ်၊ ဟုတ်ကိုမဟုတ်ဘူး"

တစ်ကိုယ်လုံးမှာ ပေါက်ကွဲစဉ်ထွက်နေသည့်ဒေါသအစိုင်အခဲက စည်ခဲပွဲထဲရောက်တဲ့အထိ မငြိမ်မသက်ရှိနေဆဲ ...၊

ဒီစည်ခဲပွဲက တကယ်ဆို ကိုယ်နဲ့ ဘာမှမဆိုင်၊ သိလည်းမသိ၊ ခင်လည်းမခင်ပေ။ မွေးနေ့ပွဲ၏ပိုင်ရှင် ဦးစည်သူ၏ယောက်ဖနှင့် ချစ်သူမက လင်မယားမကျရင်းနှီးနေသော နဒီပွင့်ဖြူနှင့်မသိကြဘဲ ရင်းနှီးခွင့်ရအောင် စည်းရုံးပေါင်းသင်းခဲ့ရသည်။

သူမကလည်း မိတ်ဆက်ပြီဆိုတာနှင့် ဒက်ခနဲသိ၏။

"တို့နဲ့ပတ်သက်တဲ့အကူအညီတစ်ခုခုလိုချင်တာထင်တယ်၊ ရတယ်လေ၊ တို့ရဲ့ဘွိုင်းဖရန့်တွေကို မင်းကိုပြောပြမယ်၊ မငြိစေနဲ့ပေါ့၊ ကျန်တာတို့ ကူညီနိုင်တယ်" တဲ့။

"မဟုတ်ပါဘူး၊ ကျွန်မက လူတစ်ယောက်နဲ့ဆုံဖြစ်ချင်တာပါပဲ၊

ဓမနဒီ သွားတဲ့ တကယ့်ပွဲတွေမှာ သူနဲ့ဆုံဖြစ်မယ်လို့ထင်တယ်၊ အဲဒါကြောင့်..."

နဒီက ဘယ်သူဘယ်ဝါ ဘာအကြောင်းနဲ့လဲ- တစ်ခုမှမစဉ်စုပါ။ သူမနဲ့ မိတ်ဖွဲ့ရရေးကို ပခြုပ်တစ်ယောက်တည်းပဲ ကြိုးစားရပေမယ့် သူငယ်ချင်းတွေကတော့ သုက်ပြင်းချနေ၏။

ကျောင်းတက်နေတုန်းကလို အတူတွဲ အတူသွားနေကြရင်တော့ တားဆီးကြမှာ သေချာသည်။ ခုတော့ ....

"သတိတော့ထား ပခြုပ်၊ နှင့်ရဲ့ရူးသွပ်မှုကို ငါတို့ကလဲ ဒိုဏက်အုန်းခံပြီးမတားချင်တော့ဘူး၊ နဒီပွင့်ဖြူက နည်းနည်းရှုပ်တယ်" တဲ့။

အများကြီးရှုပ်တယ်ဆိုလည်း ဒီလိုနေရာမျိုးကိုရောက်ရဖို့အတွက် ပခြုပ် သူမနဲ့မပေါင်းလို့မဖြစ်။

"ဟိတ်.. တစ်ယောက်တည်း ဘာငေါင်နေတာလဲ၊ မကဘူးလား"

ငေးချင်ရာငေးနေတုန်း အနက်ရောင်အနောက်တိုင်းဝတ်စုံနှင့် လူတစ်ယောက် ဘေးမှာ ဖျတ်ခနဲလာထိုင်သည်။ နှုတ်ခမ်းတို့က ပြုံးရီနေသလောက် ပခြုပ် တစ်ကိုယ်လုံးကို ရွှန်းရွှန်းစားစားကြည့်၏။

ထို့ပြင် တို့တို့တိတိစားသောက်ထားတာတွေကို မျက်လုံးတစ်ချက် ဆေးကာ ...

"မင်း ပွင့်ဖြူနဲ့ပါလာတာ မဟုတ်လား"

"ရှင် ..."

နဒီပွင့်ဖြူကို ဘယ်နှစ်ပိုင်းထုဆစ်ပြီးခေါ်နေကြပါလိမ့်။ ကြောင်တောင်တောင်ဖြစ်သွားပြီးမှ ပခြုပ်က ခေါင်းညိတ်၍ ...

"ဟုတ်တယ်"

"ကမယ်လေ၊ ဟိုမှာ မင်းရဲ့ပွင့်ဖြူ တွေ့လား၊ သူက အရမ်းပွင့်လင်းတာကွ၊ ချစ်ဖို့လဲကောင်းတယ်"

ဟုပြောလိုက်သည့်မျက်လုံးက ညရဲတေးသွားအတိုင်း ရီလေတော့ကာ

www.burmeseclassic.com

www.burmeseclassic.com

ကွေ့နေသောလူပ်ရှားမှုများနှင့် နဒီတစ်ကိုယ်လုံးမှာ စူးစိုက်လျက် ...

"ဟိတ်... ဘယ်လိုလဲ၊ ကိုယ်နဲ့က၊မလား"

"ဟင့်အင်း .. ကျွန်မ ကဖို့လာတာမဟုတ်ဘူး"

"ဟုတ်တယ်လေ၊ ဒါပေမယ့် မင်းက အစ်ကိုဖြိုးထွဏ်းတို့မိသားစု နဲ့ သိတာမှမဟုတ်တာ"

"ဟင် ..."

ပခြုံပ် မျက်နှာလေးပျက်သွားတာကိုကြည့်ပြီး သူက ပခုံးတွန့်လိုက် ၏။ ထို့နောက် ကယောင်ကတမ်းဆုပ်ကိုင်ထားသည့် ပခြုံပ်လက်ထဲက အရှိုရည်ဘူးကို သာသာလေးစွာယူလိုက်ပြီး ...

"မင်း ဒီကိုလာတာ တစ်ယောက်ယောက်ကိုလာစောင့်နေတာလဲ ကိုယ်ထင်တယ်"

"အဲဒီတော့ ဘာဖြစ်လဲ"

"ဘာမှမဖြစ်ပါဘူး၊ မင်းစောင့်နေတဲ့လူက သူရောက်လာလဲ မင်းနဲ့ တွဲကမှာမဟုတ်ဘူး၊ အဲဒီတော့ ..."

"ဒီမှာ ..."

ပခြုံပ် ဒေါသသံလေးနှင့်အော်လိုက်တော့ သူက "ဘာဖြစ်တာလဲ" ခဲ့ သည့် ထူးထူးဆန်းဆန်းအကြည့်နှင့် ကြည့်သည်။

"ရှင်က ဘယ်သူလဲ"

"အဟွန်း .. ကိုယ်က မင်းကို သူ သဘောက်သဟမ်းလုပ်လွှတ် လိုက်တုန်းက အေးကနေ စိတ်မသက်သာစွာကြည့်နေ မြင်နေလိုက်ရတဲ့ သူတစ်ယောက်ပေါ့"

ပခြုံပ် မျက်နှာလေးတစ်ပြင်လုံး ညိုမှောင်သွား၏။ သူက စိုက်ကြည့် နေပြီး ပြုံးလိုက်ကာ ...

"သူက ချက်နှာတစ်ခု အရင်းပြုပြီး မာန်မာနတွေထောင်လွှားနေ တာဝါကွ၊ သူ့လိုချောတဲ့ထောတဲ့သူတွေ အများကြီးပါ၊ တကယ်ချော

တယ်၊ တကယ့်လှတယ်၊ မင်း ကိုယ့်ကိုစိတ်မဝင်စားရင်လဲ တခြား..."

"တောက်"

ပခြုံပ် နားလည်းရှက်၊ ဒေါသလည်းထွက်ကာ နေရာမှ ဆတ်ခနဲထ၊ ရပ်မိ၏။

"မင်း ပြန်ထိုင်လိုက်ပါ၊ မဟုတ်ရင် ကိုယ်က အပြင်ဆွဲခေါသွားမှာ နော်၊ ဒီနေရာက ဧည့်ခံပွဲနဲ့သိပ်မဆိုင်ဘူး၊ ပျော်ပွဲရွှင်ပွဲ သပိသပ်အစီ အစဉ်"

"ရှင်က လူကို ဘယ်လိုအတန်းအစားမှတ်နေလို့လဲဟင် ..."

"ကိုယ် ဘယ်လိုကောင်ဆိုတာရော မင်းရဲ့ပွင့်ဖြူကို နည်းနည်းမေး ကြည့်လိုက်စမ်းပါ၊ ရာဇသံ ဆိုတဲ့ကောင်လောက်တော့ မရွေးသေးဘူး"

"ဟား ... လိုက်ရှာလိုက်ရတာ .. မင်းကွာ ..."

နှစ်ယောက်သားကိုရောက်လာသူက ပခြုံပ်ကို ကစ်ခါတုန်းက ကူညီခဲ့ဖူးသူ ...၊

ခုလည်း သူ့ပုံစံက အဖြူရောင်စပို့ရှပ်အင်္ကျီနှင့် ကုတ်အင်္ကျီကြီး ဝတ်ကာ ဂျင်းဘောင်းဘီအပြာရောင်မွဲမွဲ ...။

ဧည့်ခံပွဲလာတဲ့ပုံစံဖြစ်နိုင်ပေမယ့် အရောင်က မထွက်။ သူက ဘယ်တင်ဖို့ကြိုးစားတာဖြစ်သော်လည်း ...

"လာရှိုးမနေနဲ့ ကိုယ့်လူ၊ ဒါ ရုပ်ရှင်ရိုက်နေတာမဟုတ်ဘူး"

"ဟာ.. ဘာတွေလာပြောနေတာလဲ၊ သူက ကျွန်တော့်မိတ်ဆွေ..."

"ကိုယ်နဲ့ပြေလည်ဖို့ကြိုးစားနေတုန်း အပိုတွေပြောပြီး လာရှုပ်မနေနဲ့"

"သူက ကျွန်မမိတ်ဆွေ၊ ရှင် ဘာတွေဝိုက်ရိုင်းနေတာလဲ၊ ကဲဟာ..."

ပခြုံပ် လူတွေ့သတိထားမိလာမှာစိုးကာ ရှက်ရွံ့ရွံ့နှင့် ရင်ဘတ်ကို ဘားဆောင့်တွန်းပစ်လိုက်မိသည်။ သို့သော် သူက လက်ကိုဖမ်းဆုပ် ဆွဲလိုက်သဖြင့် သူလည်းမလဲ၊ လက်ကိုလည်းရုန်းမရဖြစ်ကာ လက်ဆွဲ ဘားတဲ့ပုံအတိုင်း မဖွယ်မရာကြီးဖြစ်နေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

"သူများခြံဝင်းထဲမှာဆိုတာ သတိရစမ်းပါ၊ ဒါ နိုက်ကလပ်မဟုတ်ဘူး"

"ဟင် ..."

"ဦး .. ရာ .."

ဖြူစွတ်နေသော အနောက်တိုင်းဝတ်စုံဝတ်ထားသဖြင့် မျက်နှာက နှင်းပွင့်လိုဖြူနေသည်။ ဒေါသရိပ်သမ်းနေသဖြင့် နှုတ်ခမ်းနှင့်ပါးပြင်တွေက နီမြန်းမြန်း။

ပခြုပ် ကြောက်လန့်နေတာတွေရော၊ ရှက်ခဲ့တာတွေအားလုံး ဘယ်ရောက်ကုန်မှန်းမသိတော့ဘဲ ရာဇသံကို ငေးနေမိလေသည်။

ရာဇသံက ဆုပ်ကိုင်ထားသည့် ထိုသူ့လက်ကို ထပ်ကိုင်ကာ ပခြုပ်လက်ကလေးကို အသာလေးဖြေချလိုက်၏။

"ရာဇသံ .. မင်းက အိမ်ရှင်ဘက်ကဟီးရိုးလား၊ ကောင်မလေးဘက်ကလား"

"နှစ်ဖက်စလုံးပဲ"

ပြောပြီး လက်တစ်ဖက်က ဘောင်းဘီအိတ်ထဲရောက်ကာ တစ်ဖက်က ပခြုပ်လက်ကလေးကို ဖျတ်ခနဲဆွဲလိုက်ပြီး ...

"သွားမယ်"

ပခြုပ် ပါသွားတော့ နှစ်ယောက် ကျန်ခဲ့ကြလျှင် ....

"ခုကျတော့ ဘာဖြစ်လို့ကြည့်နေသလဲ၊ ရာဇသံ ..ဟုတ်လား၊ နာမည် ကြားပြီးကြောက်သွားတာလား ..."

တက်ခေါက်လိုက်သူက သူ့ကို စူးစူးဝါးဝါးပြန်ကြည့်ကာ ...

"မင်းကရော ..၊ ခုနပြောတော့ သူ့မိတ်ဆွေဆို ..၊ ဒီလူ လုပ်သွားပုံကို ဒေါသမဖြစ်ဘူးလား"

"ဘာလို့ဖြစ်ရမှာလဲ၊ သူ့အုပ်ထိန်းသူလား၊ အသိလားမှမသိတာ၊ မင်းလို ကလပ်မျိုးစုံအေးတက်ပြီး ညမွေးပန်းနဲ့ရတိုင်း နှာခေါင်းပွစိပွစိ

ဖြစ်တတ်တာက သေရင် အပေါက်ကျဉ်နဲ့သေတယ်တဲ့နော်၊ ဘယ်အပေါက်လဲတော့မသိဘူး"

"ဟိတ်ကောင် ..."

က,နေကြသည့် အထက်က လည်ပတ်နေသောရောင်စုံမီးလုံးလေးတွေ၏ ပြောင်းလဲမှုကြောင့် သူ့မျက်နှာ စိမ်းတစ်လှည့် နီတစ်လှည့်ဖြစ်နေတာကို စူးစိုက်ကြည့်ပြီးမှ ဆွဲကိုင်ထားသည့် ရင်ဘတ်အင်္ကျီစကို ဆောင့်သွတ်သည်။

"တောက် .. လူပုံနဲ့ တန်ရာတန်ရာမပြောဘူး"

ပြောရင်း တက်ခေါက်သေးသည်။ သူက အင်္ကျီရဲ့ရွဲသွားတာကို ခပ် ပြုံးပြုံးမျက်နှာနှင့် ဆွဲသပ်ပြုပြင်လျက် ...

"ငါက မင်းနေရာ မှားတတ်တဲ့အကျင့်ရှိတာကိုမြင်လို့ သတိပေးတာပါ၊ ခုကြည့်လေ .. ပါတီနဲ့နိုက်ကလပ် မှားရတယ်လို့ ..."

"ဟာ .. ဒီကောင် ..."

"ဟေး .. ဒေါသတွေဖြစ်နေကြတာလား၊ နှုတ်ဆက်ကျိစယ်နေကြတာလားကွ၊ ဧည့်ခံပွဲထဲမှာ ဟော်သွားကြလို့ ကပွဲထဲရောက်နေတယ်နှုတ်တာ ..."

ဖြိုးထွဏ်းတို့ညီအစ်ကို ရောက်လာကြ၏။ ရောက်လာသူ တစ်ဝက်သောက်က စည်သူ့ဧည့်သည်တွေပဲများတာပါ။ ဒါပေမယ့် ဖြိုးထွဏ်းက သိသိမသိသိ သူ့ဧည့်သည်လိုပဲ ဧည့်ခံ၏။

လူတွေထပ်ပါလာတဲ့အထိ တစ်ယောက် သုန်သုန်မှုန်မှုန်၊ တစ်ယောက်က ပြုံးစိစိမျက်နှာနှင့် ...

"ဘာမှကျိစယ်ဖို့မရှိဘူး၊ ရွံစရာ ..."

ရွံစရာဆိုတာကို သွားကြားစေ့သံနှင့်ပြောတော့ မွေးနှေ့ရှင်ညီအစ်ကို ကြားပါ။ သူကတော့ ကြားလိုက်သည်မို့ ...

"ဒါပေါ့ ...၊ ကျွန်တော်တို့က သိပ်ခင်တာ၊ ခင်လွန်းတော့ ဟာညှဉ်

www.burmeseclassic.com

www.burmeseclassic.com

ဘူးလေ၊ ဒီကောင်က မတည့်အောင် သိပ်ပြောတာ''

ပြောပြီး လည်ပင်းဖက်လိုက်သဖြင့် တစ်ဖက်က မျက်နှာတင်းသွား၏။ ပြီးတော့ လက်တို့ အသာလေးဖယ်ပစ်လိုက်ကာ ...

''ကျွန်တော်၊ ပြန်တော့မယ်၊ ငါပြန်မယ် စည်သူ''

''ချစ်လွန်းကို .. မင်းက ဘာဖြစ်တာလဲကွ၊ ငါ ဒီမှာ ဘာမှတောင် မစဉ်းစားသေးဘူး''

စည်သူက မျက်နှာပျက်ပျက်နှင့် သူ့ကိုကြည့်၏။ အခြေအနေကို သူက ရိပ်မိနေသဲ့ ..၊

''ရွက်လွှင့်နဲ့ အဆင်မပြေကြဘူးထင်တယ်၊ မင်းတို့ကလဲကွာ .. ရင်းနှီး ကြတဲ့သူတွေပဲ .. တစ်ခုခု အံမှားအယွင်းရှိရင် သည်းခံမှပေါ့''

''သူက ရွက်လွှင့် တဲ့လား .. ဟွန်း ..''

''ဟင် ..''

ခုမှ နာမည်မေးလိုက်သည်မို့ စည်သူ ပို၍အံ့အားသင့်သွား၏။ အစ်ကို ဖြစ်သော ဖြိုးထွဋ်းကတော့ ဘာမှကိုမပြောတတ်အောင်ပါ။

''ဟုတ်ပါတယ်၊ ငါက ရွက်လွှင့် ..၊ နာမည်က ချစ်တာခင်တာတွေ မပါပေမယ့်၊ ခင်တတ်ပါတယ်၊ နောက်တွေ့ရင် ခေါ်နော်''

ဟွန်းခနဲရယ်သွားလိုက်သေးသည်။ ပြီးတော့ ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ၊ ထွက်သွား၏။

''ငါးနဲ့ ဒီမှာ ဘာတွေလာငြိနေတာလဲ၊ သူက ဘဏ်သူဌေး ဦးတိုက်ခွင့်ရဲ့ တစ်ဦးတည်းသောသား၊ ကုမ္ပဏီလုပ်ငန်းတွေမှာကျတော့ ဦးလွင်ဦး လို့ခေါ်ကြတယ်ကွာ''

''ဘာ .. ဦးတိုက်ခွင့် သား ..''

''ဟုတ်တယ်၊ သူပုံစံက မင်းမြင်တဲ့အတိုင်းပဲ၊ မိသားစုကိစ္စတစ်ခုခု တော့ ရှိမှာပေါ့ကွာ၊ ဒီကောင်က အိမ်မကပ်ဘူးကွ၊ ဖအေက သူ့နောက်ကို တကောက်ကောက်လိုက်နေရတာ''

''ရူးနေတာဖြစ်မှာပေါ့၊ ပုံစံကိုကြည့်ပါလား''

ချစ်လွန်းကို ဒေါပွနေတာကိုကြည့်ပြီး စည်သူက ဖြိုးထွဋ်းကိုလှည့်ပြောယ်ပြ၏။ 'ကိုယ့်ဘာသာရှင်းတော့' ဆိုသည့်သဘောနှင့် ဖြိုးထွဋ်းက ခေါင်းလှည့်ထွက်သွား၏။

''ချစ်လွန်း .. မင်း သူနဲ့ ဘာတွေဖြိုင်ဆိုင်နေတာလဲ၊ မတူပါဘူးကွာ၊ သူ ဘယ်လောက်ပဲ ဖိုးပေါမှာလွှင့်နေနေ မင်းရှပ်နဲ့သူ့ရှပ် ...''

''မင်းက သူနဲ့လဲခင်နေတာပဲ၊ ငါကျန်ခဲ့လို့ ငါ့ဘက်ကပြောနေတာ ဟား''

''မဟုတ်ပါဘူးကွာ၊ 'ဓာတ်တူနာမ်တူ ဆေးဘက်ယူ' တဲ့၊ ဒီကောင့်နဲ့ ငါတို့က ဓာတ်မတူပါဘူး၊ ဒါပေမယ့် ကိုကြီး သတော်သားလုပ်ကာ ပြောပြီး ကုမ္ပဏီထူထောင်ဖို့ပြောင်ဆင်တော့ ရာဇသံတို့ .. ဦးတိုက်ခွင့်ဟိုက ရှိမဖြစ်...''

''ဘာ ...''

ဒီလူနှစ်ယောက်က နေရာတကာ အဓိကနေရာမှာလား ...၊ ချစ်လွန်းကို စိတ်ဖျက်သည့်မျက်နှာကြီး တဖြည်းဖြည်းဖြစ်ကျသွားကာ...

''တော်ပြီ ဟိတ်ကောင်၊ အဲဒီနာမည်တွေ မင်း ထပ်ရွတ်ပြရင် ငါ လူသတ်ချင်စိတ်ပေါက်တယ်''

ဟု သူများပဟေဠိဖြစ်ကျန်ရစ်အောင်လုပ်ထားခဲ့ပြီး ...

www.burmeseclassic.com

www.burmeseclassic.com

တင်း မေးပစ်လိုက်၏။ ဒီအချိန်မှာ ရင်ဝမှာ ဓားနဲ့ပဲ ထောက်ထားထား၊ နားထင်မှာ သေနတ်နဲ့ချိန်ထားတာပဲဖြစ်ဖြစ်ပါ သိရမှဖြစ်မည်။ မေးဖြစ်အောင် မေးသွားမည်၊ ရင့်ထဲမှာ ဆုံးဖြတ်ပြီးသား။

"ရွှေပခြုံပ"

ရာဇသေ က ရွှေကိုဖျတ်ခနဲငုံ့လာကာ ခြေတစ်ဖက်ကို သူမ ထိုင်နေသည့်တင်ပါးဘေးမှာ ထောက်၏။ ထိုဒူးပေါ်မှာ လက်တစ်ဖက်တင်၍ မျက်နှာရွှေ့တိုးလိုက်တော့ အလွန်နံ့စိမ်းကြွယ်ကောင်းသည့် ရေမွှေးနံ့က ပခြုံပ်ကို ကျီစယ်၏။

"မင်း အခုနေရတဲ့ဘဝမှာ ဘာလိုလေသေးရှိသလဲ"

"ပခြုံပ်မှာ မိဘမရှိခဲ့ဘူးလား၊ ဆွေမျိုးရင်းချာ မရှိဘူးလား"

"ဘာမှမရှိဘူးလို့ပဲ မှတ်ထားလိုက်၊ လောကကြီးမှာ ငွေရှိရင် ပျော်အောင်နေလို့ရတယ်၊ မင်း သိထားရမှာက မင်း ငါ့ကို ဆိုးခွင့်မရှိဘူး၊ နောက်ထပ်တစ်ခါ လမ်းပေါ်မှာ ထင်သလိုသွားလာနေတာတွေ့ရင်၊ အပေါင်းအသင်းတွေနဲ့ ရောက်ချင်ရာရောက်နေရင် မင်းကို ငါခွင့်မလွှတ်တော့"

"ပခြုံပ်နဲ့ ဦးရာက ဘာတော်တာလဲဟင် ..."

"ဘာ ..."

"ဟုတ်တယ်၊ အခု ပခြုံပ် ကျောင်းပြီးနေပြီ၊ အလုပ်လုပ်ရတာထောင် သူများကုမ္ပဏီမှာလေ၊ သူတို့က ဦးရာနဲ့ပခြုံပ် ဘာတော်သလဲ ဘိမမေးပေမယ့် ..."

"ဘယ်သူတွေကိုပြောတာလဲ၊ မဟုတ်တဲ့ပြဿနာနဲ့ မင်း ငါ့ကို ကြီးချဲ့မနေနဲ့၊ သူတို့ဆိုတာ ပတ်ဝန်းကျင်ကိုမပြောနဲ့၊ မင်းရဲ့ ကြီးမေ ရော ဘာတွေသိလဲ၊ အဲဒါမေးကြည့်လိုက်"

ပခြုံပ် ကြောင်တောင်တောင်တေ့ဖြစ်သွားမိသည်။ ဒါပေမယ့် ...

"ဟုတ်ပါတယ်၊ မသိကြပါဘူး၊ ဒါပေမယ့် သူဌေးက ဦးရာနဲ့ ဘာလဲ၊ သူက သေချာမသိဘူးဘဲထား၊ ပခြုံပ်ကို ဘာမမေးနဲ့

အခန်း (၁၄)

"အား"

ကျွန်းဆက်တိုက်ပေါ် ပစ်စလက်ခတ်ကျသွားသဖြင့် တစ်ကိုယ်လုံး နာကျင်သွား၏။ မျက်နှာပေါ်ထိ ဖွားခနဲလွှမ်းခြုံသွားသည့်ဆံပင်တွေကလည်း တဖြည်း ဖြည်းချင်းပြုံဆင်းပြီးမှ အမြင်အာရုံကိုကြည့်လင်ခွင့်ပြုခဲ့သည်။

သူမရှေ့မှာ ရာဇသေ ရပ်နေလျက်ပါ။ ဒီတစ်ခါတော့ ရွှေ့နောက်မှ ထွက်ပြေးပျောက်ကွယ်သွားမှာမဟုတ်တာသေချာသည်။ အတယ်ကြောင့် ဆိုသော် ...

"ရွှေပခြုံပ .. မင်း ပြောစမ်း၊ မင်း ဘာအချိုးချိုးတာလဲ၊ ဘာဖြစ်ချင်တာလဲ"

"ဦးရာနဲ့ စကားပြောချင်တာ"

"မင်း လဲသေလိုက်ပါလား၊ တောက် .. အဓိပ္ပာယ်မရှိအရူးထတာ"

"ဟုတ်ပါတယ်၊ ပခြုံပ် ရူးနေတာပါ၊ ဦးရာ မရူးဘူးဆိုရင်သာ ပခြုံပ် ကိုဒီပုံစံဘာဖြစ်လို့မွေးမြူခဲ့တယ်ဆိုတာ အမှန်အတိုင်း ပြောပြလိုက်ပါ"

ပခြုံပ်က နှစ်ရှည်လများတောင့်တခဲ့ရသည့်မေးခွန်းကို ရဲရဲတင်း

www.burmeseclassic.com

www.burmeseclassic.com

ဘူးလို့ ဦးရော ထင်သလား''

''အေး .. မေးရင်ဖြေလိုက် .. ဘာမှမတော်ဘူး''

''မတော်ရင်လဲ ဒီအရွယ်အထိ မွေးမြူခဲ့ရတဲ့အကြောင်းရှိမှာပါ၊ အဲဒါကို ပခြုံပ်ကို ပြောပြပါ''

''တော်တော်မုန်းစရာကောင်းတဲ့မိန်းကလေး၊ မင်း .. တော်က...''

တကယ်မုန်းတီးရွံရှာသည့်အကြည့်နှင့် သူ စိုက်ကြည့်သည်။ သူ့ရဲ့ အကြည့်တစ်ချက်မှာ ပခြုံပ် မျက်ရည်တွေဝေစေခဲ့ပြီးတက်၏။

ပခြုံပ်ကို မွေးမြူခဲ့သူရဲ့နွေးထွေးမှုတွေလား၊ မမြင်ရလည်း ချစ်၊ မြင်ရတော့လည်း ချစ်၊ သူမ အနှစ်နှစ်အလလ တောင့်တချစ်ခင်ခဲ့ရသူဟာ သူ့ဘက်က ကိုယ့်အပေါ်မှာ အမြဲတမ်း ဒီသဘောထားတွေနဲ့ပါလား...။

ရင်ထဲမှာ လေတိုးမခံနိုင်အောင် နာကျင်နေသော အနာစိမ်းတစ်ခုကဲ့သို့ ...၊

''မင်း သိပ်သိချင်သလား''

''သိ ချင် တယ်''

''ဟွန်း''

မဲပစ်လိုက်သည့်နှုတ်ခမ်းတွေရဲ့နေတာကို ငေးမိ၏။ မျက်မှောင်ကြုတ်ထားသည့်မျက်နှာတန်းတို့၏အောက်စပ်မှာ မျက်တောင်ကော့စို့ တစ်စွန်းတစ်စထောက်ကပ်နေပုံဟာ မိန်းကလေးတွေလို လှနေတာမျိုး မဟုတ်ဘဲ သူ့ရဲ့ခက်ထန်မာကျောမှုတွေအားလုံး မျက်တောင်ဖျားတို့မှာ စုဝေးနေသည့်နှယ် ...၊

ပြီးတော့ နားသယ်စပ်တို့မှာ တိုရှင်းနေသည့်ဆံပင်က နဖူးဆောက်မှာ တစ်ပင်တလေခု ပြိုဆင်းမနေအောင် သစ္စာကြိုးပုံက ထူးခြား၏။ မကျယ်လွန်းမကျဉ်းလွန်းသည့် နဖူးပြေပြေက ဘယ်လောက်ပဲပြောင်ရှင်းနေနေ အကြည့်ရဆိုးသွားမယ်ပုံမရှိ။

သူက ကိုယ့်ကို ဒေါသတွေအပြည့်အသိပ်နှင့် စူးစိုက်ကြည့်၏။ ပခြုံပ် ကတော့ သူ့ရဲ့ညှို့နိုင်စွမ်းတို့အပေါ်မှာ အလဲလဲအပြိုပြို ယစ်မူးနေခဲ့ရင်း...

''မင်းက ငါသိပ်မုန်းတဲ့ မိန်းမတစ်ယောက်ရဲ့သမီး''

''ဟင် ...''

မျက်လုံးထဲမှာ မြင်နေသမျှ ဖြုတ်ခနဲပျောက်ကွယ်သွား၏။

''ဦး .. ဦးရာ .. ဘာ .. ပခြုံပ် က ...''

''မင်း သတိထားရမှာက သိချင်ရင် နားစိုက်ထောင်၊ ပြန်မမေးနဲ့''

''မသိလို့မေးတာမှမဟုတ်တာ ဦးရာရဲ့ ...၊ ပခြုံပ် က ဒီလောက် အံ့သြဝမ်းနည်းစရာကောင်းတဲ့အဖြစ်ကို နားကြားမှားသွားပါစေလို့ ဆုတောင်းခွင့်မရှိဘူးလား၊ ဒီထက် ရှင်းသွားအောင် ပြောစမ်းပါ၊ မေမေ့ကို မုန်းလို့ နှင့်ကလေးကိုပေး၊ ငါ နပ်နပ်စဉ်းပစ်ချင်လို့ဆိုပြီး ဦးရာ တောင်းသွားခဲ့တာလား''

ရာဇသံ က အသံမထွက်ဘဲ မဲခြင်းနှင့် လှောင်ရယ်၏။

''ဒါမှမဟုတ်ရင် မေမေက ဦးရာအပေါ်မှာ အပြစ်တွေ ဘယ်လောက်ကောင်းကျိုးလွန်ခဲ့လို့ ကိုယ့်ရင်သွေးကို သူများကို ပေးပစ်ခဲ့ရတာလဲ''

''အဲဒါတွေ မင်းသိချင်ရင် ဘဝကို နောက်တစ်ခါပြန့်စဖို့ ပဋိသန္ဓေဆပ်နေလိုက်ဦး၊ ကျန်ရစ်ခဲ့တာတွေကို ငါ စိတ်မဝင်စားတဲ့အတွက် မင်း သိချင်တာတွေကို မဖြေနိုင်ဘူး၊ စောစောက ငါပြောခဲ့တာတွေကို ကောက်ထားပြီး မင်း ပြန်တော့''

''ဟင့်အင်း .. မပြန်ဘူး''

ရာဇသံ မျက်နှာတင်းတင်းမာမာကြီးဖြစ်သွားတာကို ပြန်မော့ကြည့်သော ပခြုံပ် ထိုင်နေရာကနေ ထလိုက်သည်။

''ဦးရာ ပခြုံပ်ကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ မွေးထားခဲ့တာလဲ၊ ရှင်းဆက်ပြီး ဘယ်လိုကြိုးဆွဲသွားမှာလဲ၊ အဲဒါတွေ ပခြုံပ် သိချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဟိုတုန်းက ဦးရာ စိတ်မဝင်စားခဲ့တာတွေကို မပြောချင်ရင် ထားလိုက်ပါ၊ အခု အဲဒါတွေကိုသိချင်တယ်၊ ဦးရာ ပြောပြပါ''

''ရွှေပခြုပ် .. မင်းမေးနေတာတွေက ငါ့အနာဂတ်နဲ့ အများကြီး သက်ဆိုင်တယ်နော်၊ ဒီမေးခွန်းတွေရဲ့တစ်ဆုံးတစ်စကို မင်း ဘယ်လောက်ထိမြင်သလဲ''

''ပခြုပ် သိတယ်၊ ဒါပေမယ့် ...''

''အနာဂတ်ကို ဘယ်သူမှ ကြိုမသိနိုင်ဘူးကွ၊ ငါလို ဘာမှသိချင်စိတ်မရှိတဲ့သူက ပိုဆိုးတယ်၊ အဲဒီတော့ မင်း သိချင်နေတာတွေအားလုံးနိုးပဲ''

နှစ်ယောက် အကြာကြီး မျက်လုံးချင်းဆုံနေစဉ်မှာ ရာဇသံ က ဖျတ်ခနဲ မျက်နှာလွှဲ၏။ ပခြုပ် က ပင့်သက်လေးရှိုက်၍ သူမ ရောက်နေသည့်တိုက်ကြီး၏ မြင်မြင်သမျှကို ခဏအတွင်းမှာ စေ့စေ့စပ်စပ်ကြည့်ပစ်လိုက်သည်။

လူရိပ်လူယောင်မမြင်၊ ဘာသံမှလည်းမကြားပေမယ့် ပါကေားရောင်တလက်လက်နှင့်ကြမ်းခင်းနဲ့ အသုံးအဆောင်ပရိဘောဂတွေကိုမြင်တာနှင့် သိသည်။

သန့်ရှင်းရေးအလုပ်သမား ဒါမှမဟုတ် တခြားတစ်စုံတစ်ယောက်တော့ရှိနေရမည်။ ဒါပေမယ့် ...

''ဟိတ် .. မင်း ဘာလုပ်နေတာလဲ''

''ပခြုပ် က ဘာလုပ်ရမှာလဲ''

''မင်း ငါ့ကိုတွေ့ချင်တာဆို .. စကားပြောချင်လို့ဆို ..''

''ဟုတ်တယ်''

''အခု ငါပြောနိုင်တာအားလုံး ပြောပြီးပြီ၊ မပြောနိုင်တာတွေလဲ မင်း သိပြီပဲ၊ နောက်ကို ဒီညလို အချူးထတာတွေ ဘယ်တော့မှမလုပ်နဲ့၊ ပြန်တော့၊ အပြင်မှာ မင်းကို လိုက်ပို့ဖို့ ကားနဲ့ဒရိုင်ဘာရှိတယ်''

''ရပါတယ်၊ ပခြုပ်ကို လိုက်ပို့စရာမလိုပါဘူး''

''ဘာပြောတယ်''

ပခြုပ် က ပြောနေရင်း တံခါးဝကို လှည့်ထွက်သွားကာ ...

''ပခြုပ် ဆိုတာ အလွန်မှန်းစရာကောင်းတဲ့မိန်းမပါ၊ သူနဲ့ပတ်သက်တဲ့လူတိုင်းလဲ ဒီတိုင်းပဲ မြင်ကြမှာပဲ''

တံခါးနားရောက်မှ ခြေလှမ်းကိုရပ်ပစ်လိုက်ပြီး ကျောနောက်ကို မျက်နှာ ခပ်စောင်းစောင်းငဲ့ကာ ...

''ဘာဖြစ်လို့လဲဆိုတော့ ကြီးမေ ခဏခဏ အော်ဟစ်ညည်းမူးတယ်၊ ဦးရာနဲ့ဆင်တူရိုးမှားပါပဲ၊ ဒါပေမယ့် ပန်းစကားတော့မဟုတ်ဘူး၊ ပြောမရ ဆိုမရနဲ့ ညည်းလိုမိန်းကလေးကို ထိန်းဖို့အစား တခြားဘာတာဝန်ဖြစ်ဖြစ် ရာဇသံ ငါ့ကိုပေးခဲ့ရင်ကောင်းသား၊ တကယ့်ကို အရှုပ်ထုပ်လေးပဲ တဲ့ .. ဟွန်း''

မှောင်မိုက်နေသည့်ခြံထဲဆီကို ပြန်လှည့်လိုက်ပြီး ပခြုပ် ခြေလှမ်းစ၊ ရွေ့၏။

''အဲဒါကြောင့် ပခြုပ်အတွက် ပူပင်တဲ့လူလဲရှိမှာမဟုတ်တော့ ဘယ်သွားသွား၊ ဘာလုပ်လုပ် လိုက်ပြီးထိန်းကျောင်းတည့်မတ်ပေးဖို့မလိုတော့ဘူး၊ ဦးရာလဲ ဘာမှသက်ဆိုင်တဲ့လူမှမဟုတ်တာ၊ နေသာသလိုနေလိုက်ပါ''

ရွှံ့တာမှန်းသိသည်။ ကြည့်မနေဘူးဆိုတာသိလို့ တမင်လုပ်တာမှန်းသည်း သိသည်။ ဒါပေမယ့် သူ ပြန်မရွံ့နိုင်။ ညက ညဉ့်နက်နေပြီဖြစ်၏။

ကိုယ်တိုင် ဒါရိုက်တာလုပ်ပြီး လူကြမ်းတွေကို 'ဒီကောင်မလေးရက်ကြောက်ထိတ်လန့်သွားအောင် နည်းနည်းဟန်ပြသရပ်ဆောင်ပေးလိုက်' လို့ အမိန့်ပေးခဲ့တုန်းက ကိုယ့်ဘက်ကလက်ပြလိုက်တာနှင့် လူကြမ်းတွေက အားလုံး အိုခေ ..။

ဒီလိုညမျိုးမှာ ဒါရိုက်တာလွတ်တာမဟုတ်ဘဲ လူကြမ်းတွေ ရောက်သာခဲ့ရင် ကိုယ်ကလည်း ဇာတ်လိုက်မင်းသားမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com

"ဟိတ် ရပ်နေစမ်း"

ပေါ်တီကိုအောက်ထိ ခြေတစ်လှမ်းချပြီးမှ ပခြုံပ် ခြေထောက်ကို ပြန်ရုပ်လိုက်၏။ ဒါပေမယ့် လှည့်မကြည့်ရဲပါ။ ပင့်သက်ရှိုက်၍ မသိ မသာ အံကြိတ်ထားတာကလည်း နောက်ထပ် ဘယ်လိုဆုံးမသြဝါဒ စကားမျိုးနဲ့မှ နောက်မဆုတ်ဖို့ ...

"ရပ်လို့ ပြောနေတာ မကြားဘူးလား"

နောက်ကနေ ပခုံးကိုဖျစ်ဆုပ်ပြီး ကြမ်းရမ်းစွာ ဆွဲလှည့်ပစ်၏။ ပခြုံပ် ကိုယ်လေးသည် နောက်ပြန်ပါသွားသည့်တိုင် ရုပ်ပျက်ဆင်းပျက် ယိုင်လဲလျက် ...

"ဦးရာ နော့် .. အား"

လူကို ကျောနဲ့ကပ်တိုက်လိုက်ပြီးမှ ပိုးစိုးပက်စက် ပက်လက်လန် လဲကျတော့မယ့်အဖြစ်ကြောင့် သူ့ခါးကိုပဲ နောက်ပြန်ဖက်ထားလိုက်မိပြီး...

"အား .. ခြေထောက်ချင်းတိုက်မိပြီး ဘာတွေဖြစ်ကုန်ပြီလဲမသိဘူး၊ နာလိုက်တာ"

နောက်ထပ် ပြန်တွန်းပစ်လိုက်ဖို့စိတ်နှင့် လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီးမှ ရာဇသံ ဒီတိုင်း ကိုင်ထားလျက်ဖြစ်သွားကာ ...

"မရှုပ်သင့်တာတွေရှုပ်တာ၊ မင်းပြောင့် မကြိုက်ဘူး၊ သွား ကားပေါ်တက်"

"ဟင့်အင်း"

ကားက မလှမ်းမကမ်းမှာ ဒရိုင်ဘာအဆင်သင့်ထိုင်နေ၏။ တံခါး သွားဖွင့်လိုက်ပြီး တွန်းထိုးထည့်မှာစိုးလို့ ပခြုံမ် က ခြေထောက်နှာလျက် နှင့် လက်နှစ်ဖက်စလုံးကို ဆောင့်ရုန်းပစ်ကာ အိမ်ပေါ်ပြန်တက်ပြီး ရပ်လိုက်၏။

"ပခြုံပ် လုံးဝမသွားဘူးနော် ဦးရာ၊ ဖွတ်အတင်းကားပေါ်တင်လိုက် တော့ ဘေးခြံတွေပါကြားကုန်အောင် မဟုတ်တရုတ်တွေအော်မှာပဲ..."

"ဘာ .. ဘာပြောတယ်"

"ဟင့်အင်း .. မသွားဘူး၊ အဲဒီကားကို လုံးဝ မစီးဘူး၊ ဒီမှာ နေခွင့်မရတော့ဘူးဆိုရင် ဦးရာလဲ ပူစရာမလိုဘူး၊ ပခြုံပ်ဘာသာ ဘယ် သွားသွား"

"ငါ ခွင့်မပြုမှန်းသိလို့ မင်း အခွင့်အရေးယူပြီးပြောနေတာလား ပခြုံပ်၊ ဒီလိုပဲသံယောဇဉ်ကြီးလွန်းလို့မထင်နဲ့နော်၊ ငါ့မှာ အကြောင်းရှိနေလို့ မင်းကိုသွားခွင့်မပြုတာ"

"ဘာအကြောင်းပဲဖြစ်ဖြစ် ဘာတွေပဲကြံကြံ ဦးရာနဲ့အတူ နေချင် တယ်၊ ရုပ်ရှင်တွေထဲကလို ဦးရာတို့လူကြီးချင်း အငြိုးအာဃာတတွေ ထားပြီး အဲဒီထဲမှာ ပခြုံပ်က မြေစာပင်လိုပါပြားနေပါစေ၊ ဘာတွေဖြစ်ကြ တယ်၊ ဘာဖြစ်သွားတယ်ဆိုတာ သိခွင့်ရှိချင်တာ"

"မင်း ငါနဲ့နေဖို့မလိုဘူး ပခြုံပ်၊ ဒါက အချိန်တန်ရင် သိလာမှာ"

"ဟုတ်တယ်၊ မလိုရင်လဲ ဦးရာနားမှာပဲ နေချင်တာ၊ ရိုင်းစိုင်းတယ် ပဲဆိုဆို၊ အရုက်မရှိဘူးလို့ပြောပြော အဲဒါ ရင်ထဲရှိတဲ့အတိုင်း..."

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၅)

"ဦးရာ ဘယ်သွားတာလဲဟင်၊ ဒီလိုပဲ အစောကြီး ထတ်တတ်တာလား"

"အလိုတော် .. ညည်းနဲ့ကျပ် တစ်ညတည်းမှာ ဒီကို အတူတူ ရောက်ကြတာ ဘယ်သူက သိမှာတုံး၊ ဒီမှာ သူ နေတတ်တောင် ခုရောက်မှပဲ သိရတာကို ..."

"တကယ် ..."

"ညာပြောတော့ ဘာရမှာမို့တုံး"

ကော်ဖီထည့်ပေးနေရင်း ဒေါ်ယုကြည် မျက်နှာက မကြည့်သလို စကားကလည်း မပြေပြစ်။

"ကြီးမေက စားနေကျမုန့်ကြွပ်မပါလို့ ဒေါကန်နေတာလား၊ ညကမှ ပခြုပ်တို့ကို ဖြုန်းခဲ့ကြီး အိမ်ပေါ်ခေါ်တင်လိုက်ရတာဥစ္စာ .. ဒီမနက် ဘယ်ပြည့်စုံဦးမှာလဲ"

"ကြိုက်တဲ့မုန့် ပါ,မပါတော့ မသိဘူး၊ အစ်ကိုလေး မှာထားလို့ ကျွန်တော် အစောကြီးသွားဝယ်ထားပါတယ်၊ ဒီမှာ လာပါပြီ"

မုန့်ဘူးတွေအထပ်လိုက်ကိုပိုက်၍ ဝင်းမြင့် ဆိုသည့်ကောင်လေး ဝင် လာသည်။ ညကလည်း အိပ်ခင်းတွေလာပြီး ပြင်ဆင်ပေးရင်း ပြောသွားသေးသည်။

'ဒါ အစ်ကိုလေးရဲ့အိပ်ခင်းတွေ၊ ဒီမှာ အဝိထားတာမရှိဘူး' တဲ့၊ ခြုပ် ကတော့ နှစ်ခြိုက်စွာပြုံးလိုက်မိသည်။ ဦးရာကို သူ ဖက်လိုက် တုန်းက ရခဲ့တဲ့ ကိုယ်သင်းနံ့ကိုပါ။

ခေါင်းအုံးကိုပွေ့ဖက်ပြီး နမ်းခဲ့မိတာလည်း ဘယ်သူမှမသိ။ ကိုယ့်ကို သမ်းမထွက်ရဲအောင် လူတွေလွှတ်ပြီးစော်ကားတဲ့ပုံ ရုပ်နိုင်းလိုက်တာ သည်း ဦးရာပဲဆိုတာ သူ ခေါင်းမညိတ်ပေမယ့် ပခြုပ် သိနေသည်။

ဒါက မိုးလင်းတော့ ကြီးမေ မှားသွားတဲ့စကားတစ်ခွန်းကြောင့်ပါ။

"ကောင်းတယ်၊ အဲဒီတော့ အသေကြောက်သွားပြီ၊ နောက်ဆို ညာက် လမ်းမထွက်ရဲတော့ဘူး" တဲ့။ ထို့ပြင် ...

"ညည်းကို ဘာမှ လွန်လွန်ကျူးကျူး လုပ်မသွားဘူးဖို့လား" လို့ မေးသေးသည်။ ဘာပဲဖြစ်ဖြစ် ကြီးမေ အမှုအရာတွေ၊ စကားမှားတာ တွေက အသိသာကြီးပါ။

ဒါကြောင့် ကြောက်သွားခဲ့သည့်စိတ်တွေက ပိုပြီးရဲတင်းသွားခဲ့တာ ဖြစ်၏။

ဒီတစ်ခါ စွန့်စားရတာတော့ တန်ပါသည်။

"အဟွန်း .. တကယ်တန်တယ်"

"ဘာ .. ဘာကိုတန်တာလဲ"

"သြော် .. မုန့်က စားလို့ကောင်းလို့ ..."

ကိုယ့်ဘာသာ ရင်ထဲကစိတ်ကူးတွေ ပွင့်ထွက်ကုန်ကာ စကားတွေ အပြီးအမောက်လွဲကုန်သည့်ကိစ္စ၊ မီးဖိုခန်းဘက်ကိုကူးမလို့ ထွက်သွားပြီး

www.burmeseclassic.com

သည့် ဝင်းမြင့်ကလည်း ပြန်လှည့်ကြည့်ကာ ...

"မတန်ဘူး မမလေးရဲ့ ...၊ မမလေး စားတဲ့ ဘလိုက်တ်ခြောက်က ဘူးကြီးတစ်ဘူးလုံးမှာ ခြောက်ထုပ်ပဲပါတယ်၊ သုံးထောင်ပေးရတာ"

"ဩော် .. အင်း ...၊ ဒါနဲ့ လာပါဦး မေးစရာရှိလို့"

"ဗျာ .."

နေရာတကာသွက်လက်နေပြီးမှ ခေါ်လိုက်တော့ ဝင်းမြင့် မျက်လုံးပြူးသွား၏။

"အစ်ကိုလေးက စကားများမနေရဘူး၊ ကိုယ့်အလုပ်ကိုယ်လုပ်တဲ့"

"အမလေး .. ငါတို့တွေက နေကျနေခန်း တစ်မိုးအောက်ကည်းမှာ နေစဉ် မြင်တွေ့သွားကြရမှာ၊ စကားလေးမှမပြောရရင် ဘယ်လောက် ပျင်းဖို့ကောင်းသလဲ၊ လာပါ .. နင် ဘာတွေပြောသွားတယ် ဆိုသွား တယ် ဆိုပြီး ငါက ပြန်မကိုင်ပါဘူး၊ မသိတာလေးသိရတော့ ကျေးဇူး တောင်တင်သေး"

"ဘာတွေသိချင်တာလဲ ပခြုပ်ရယ်၊ အတူနေကြာလာရင် ညည်း မသိချင်လို့လဲမရဘူး၊ ရာဇသံက စကားများများပြောတဲ့လူမဟုတ်ဘူး"

"ဟုတ်တယ် မမလေး၊ အစ်ကိုလေးက စည်းကမ်းဘစ်ခုကိုလဲ နှစ်ခါ မပြင်ဘူး၊ သတိမပေးဘူး၊ မှားပြီဆို အပြစ်ပေးတာ"

ကြောက်ပါသည်ဆိုပြီး ဝင်းမြင့် ရုံ့ရုံ့မဲ့မဲ့နဲ့ ရောက်လာရှာ၏။

"ဟဲ့ ငါကလဲ ဘာမှမမေးပါဘူး၊ ကိုကို .. အဲ ဟုတ်တယ်၊ ဦးရာ အရမ်းနုတယ်၊ ချောလဲချောပါတယ်၊ ငါနဲ့ဆို သားအဖလို့ပြောဖို့မှမဖြစ်နိုင်တာ၊ မောင်နှမဆိုရင် ကိုကိုဆိုမှ အဆင်ပြေမှာ"

ခေါ်ယုကြည် ကော်ဖီမှုတ်သောက်နေဆဲ မျက်လုံးကြီးပြူးခနဲဖြစ် သွား၏။ ဒီကောင်မလေး လုပ်ချလိုက်ပြန်ပြီ။ ဝင်းမြင့် ကတော့ ရာဇသံ၏ တပည့်ဦးသစ္စာ ပခြုပ် ဘာပြောပြော ချီးသည်ခါးသည် ဘာမှမမေး ပခြုပ် မေးနေသမျှ အားလုံးဖြေနေပြီးမှ ...

"မမလေးက နောက်နေတွေဆို မီးဖိုချောင်ဝင်တော့မှာပေါ့"

"အဲဒီလောက်တော့မဟုတ်ပါဘူး၊ ဒါပေမယ့် ကြီးမေးကို ဝိုင်းကူ ရင်းသင်တော့မယ်၊ အချက်အပြုတ်က တတ်ကိုတတ်မှဖြစ်မှာဥစ္စာ၊ ဒါနဲ့ ကိုကိုက အစောကြီးထ,တတ်တယ်နော်"

"ဟုတ်တယ်၊ ငါးနာရီဆိုရင် ပြန်ရောက်ပြီ"

"ဟင် .. တစ်ညလုံး ဘယ်တွေသွားနေလို့လဲ"

ဒါက ခေါ်ယုကြည် မေးတာဖြစ်သည်။ ကော်ဖီတစ်ကျိုက် မုန့် အစ်ကိုကိုနှင့် ပထမဆုံး မျက်နှာစိမ်းဘဝနှင့် မိုးလင်းခဲ့ရခြင်းမှာ အိမ်ရှင် ရှိုဘဲ ကော်ဖီသောက်ရတာမို့ ပိုခါးနေသလားသလိုလို ...၊

"ကျန်းမာရေးအတွက် ပြေးတာလေ၊ နောက်ဖေးမှာလဲ ထရိန်နင်္ဂ် ရှိတယ်၊ ကွင်းကနေ အိမ်ထဲပြန်ရောက်လာရင် ငါးနာရီကျော်တိပဲ၊ ချိုးစားသောက်ပြီးတာနဲ့ ခုနစ်နာရီ၊ တစ်ခါတလေ ရုစ်နာရီဆိုတွက်ပြီ"

"ကိုယ့်အလုပ်ကို ဒီလောက်အစောကြီးပဲလား၊ ခုနစ်နာရီကတော့ စောပါတယ်ကွယ်"

ဝင်းမြင့်က မေးရင်ဖြေသည်။

ဝေဖန်တာမျိုးဆို ပါးစပ်ပိတ်နေ၏။

"ဒါနဲ့ တစ်ခုတော့ဖြေပါဦးကွယ်၊ မင်းရဲ့ဆရာက ချစ်သူတွေဘာ သွေထားပြီး အိမ်ခေါ်လာတာမျိုးတွေ ရှိဖူးလား၊ ငါကလဲ သူ့အစ်မပေ မဲ့ သူ့အပေါ် လွမ်းမိုးနိုင်တာမဟုတ်ဘူး"

"မခေါ်ဖူးပါဘူး၊ တစ်ခါတလေ ဒင်နာလုပ်တဲ့ညတွေဆိုရင် စုံတွဲ ပါလာကြတယ်၊ စားသောက်ကိုင်တွယ်ထားတာတွေကို ကျွန်တော်ပဲ သွားချင်းရှင်းရတာ၊ တစ်ခါတုန်းက ရေခဲသေတ္တာထဲမှာ စနိုးတာဝါ ဘယ်သူထည့်ခဲ့မှန်းမသိဘူး၊ ရောဂါတစ်ဘူးမှာလဲ နှုတ်ခမ်းနီရာပေကျွန်ခဲ့ တာ အစ်ကိုလေးက ရေခဲသေတ္တာကြီးကိုပဲ တွန်းလှဲပစ်လိုက်ဘာ။ အစ်ကိုလေး ဒေါသဖြစ်ရင် ကျွန်တော်ဖြင့် ရှူးရှူးတောင်ပါချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နိုင်တယ်ဟု ခေါ်ယုကြည် ခေါင်းညိတ်လေသည်။
သူမတောင် အစ်မတော်နေလို့ ...ၢ ညီမသာဆို မလွယ် ...။
မဟာဗုဒ္ဓဝင်ဇာတ်တော်ထဲက ရှေမန်းတင်မောင် ပြောသလို ...။
"ငါတောင် သူ့ကို ပြန်ကြောက်နေရတာ" ဆိုတာမျိုး .....။

အခန်း (၁၆)

အိမ်မှာနေခွင့်ပေးခဲ့ပြီးပေမယ့် အလုပ်ပြောင်းခွင့်ကျတော့ မရခဲ့ပေ။
"ငါ့အလုပ်ထဲမှာ မြင့်တဲ့နေရာတွေမှာ မိန်းကလေး မထားဘူး"
"ဒါဆိုလဲ ကိုကိုပိုင်တဲ့ တခြားအလုပ်တစ်ခုမှာရော ..."
"ဘာဖူးမှာမို့လို့လဲ ပခြုပ်၊ မင်းကို အဲဒီကသူဌေးကလဲ ပြောင်းသွားမှာစိုးနေတာ၊ ငါပဲ ခန့်ထားပေးပါပြောလိုက်၊ ပြန်ဆွဲထုတ်လိုက်သုပ်ရအောင် ဒီလူတွေကို မင်း ဘာမှတ်နေသလဲ" တဲ့။

လိုချင်တာတွေ တစ်ခုပြီးတစ်ခု တောင်းဆိုနေသည်ဟုမြင်ကာ ကိုကို ဒီဆက် ဝိတင်းမာသွားမှာတော့ စိုးရိမ်မိသည်။ ထို့ကြောင့် ဒီကိစ္စကို တော့ ပခြုပ် ဘာမှထပ်မပြောတော့ဘဲ နေလိုက်ပါသည်။

"ပခြုပ် က ကိုကိုနဲ့ အတူမသွားရဘူးလားဟင် ..."
"မသွားရဘူး"

ကားပေါ်ကို ဝုန်းဒိုင်းကြဲသလိုတက်၍ မောင်းထွက်သွားပုံက ဟတ်သမ်းတစ်လျှောက်မှာ လေယာဉ်ပြေးသလို အရှိန်ပြင်းနှင့် ...

www.burmeseclassic.com

www.burmeseclassic.com

ပခြုပ် နောက်ထပ်မတောင်းဆိုမိအောင်ထိန်းချုပ်ဖို့ဆုံးဖြတ်ရင်း အဆင်သင့်စောင့်နေသည့်ကားပေါ်ကိုပဲ တက်လိုက်ရသည်။

အိမ်မှာ လူသုံးယောက်ပဲ ရှိသည်။ ထမင်းစားပွဲမှာ ထမင်းစားတိုင်း လည်းမဆုံ၊ ကော်ဖီသောက်ကြတော့လည်း တစ်ယောက်တစ်ခွက်စီ။

ကြီးမေကတော့ ဟိုတုန်းကတည်းက တစ်ခါတလေပဲ ပခြုပ်နဲ့ အတူတူ ဝင်စားတတ်တာပါ။

စားသောက်နေရင်း အချဉ်လေးပါရင်ကောင်းမှာ၊ နည်းနည်းပေါ့နေ တယ်၊ သကြားဘူးက ဘယ်မှာလဲ စသဖြင့် ခိုင်းတာတော့မဟုတ်ဘဲ ပခြုပ် တို့က ထိုင်ရာမထ ပါးစပ်က ပေါက်ပေါက်ဖောက်၏။

ထို့ကြောင့် စားသောက်ရင်းတန်းလန်းနှင့် တစ်ခုခုထလုပ်လျှင် အစား ပျက်တတ်သောကြီးမေက ပခြုပ်ကိုချည်း လိုလေသေးမရှိ လုပ်ကိုင်ပေး တတ်ပြီး ပခြုပ် ပြီးခါနီးပြီဆိုမှ တစ်ခါတစ်ခါကျတော့လည်း ပြီးပြီဆိုမှ သူမ ဝင်ထိုင်တတ်သည်။

"စားပါ၊ ညည်းပြည့်စုံမှဖြစ်မှာ၊ ကျုပ်တို့ပါးစပ်က စားစရာဆိုရင် ကြဲသလိုကောက်သွင်းတတ်ပေမယ့် ခဏဖြတ်ထားပြီးမှ ပြန်စားလို့ရတာ မဟုတ်ဘူး" ဟုပြောထားသဖြင့် ကြီးမေကလဲ ဝင်စားပါလား လို့ အခဲ့ ပြောတတ်သော်လည်း ကြီးမေနဲ့လက်ဆုံစားဖြစ်ဖို့ကို ပခြုပ် မမျှော်ပါ။

စိတ်ထဲမှာ တမ်းတနေမိတာက ကိုကိုနဲ့တစ်ဝိုင်းတည်း နွေးထွေးစွာ စားသောက်ကြမည့်ထမင်းပွဲ ...၊

ကိုကိုကြိုက်တာတွေကို နေ့စဉ်လိုက်မှာ၊ သင်ယူချက်ပြုတ်ခဲ့ရတာ လည်း ကိုယ်ကသာ အချိန်ပေးပြီးကြိုးစားနေရမပမယ့် ဒီနေ့အထိ အခွင့် မသာခဲ့ပေ။

"လုပ်မနေပါနဲ့ ပခြုပ်ရယ်၊ ဝင်းမြင့်က မပြောရဲ မတားရဲဖြစ်နေ ကြည့်နေတာ၊ ရာသေ ကာ ညည်းချက်ကျွေးတာ နှတ်သုဒ္ဓါလောက်ကောင်း နေလဲ ကြိုက်မှာမဟုတ်ဘူး၊ ဝိသေချာတာက ညည်း ဘာလုပ်လုပ်

ဘာတစ်ခုမှ အမှတ်ပြည့်မရနိုင်ဘူးဆိုတာပဲ .. မယုံမရှိနဲ့"

ယုံပါသည်။ ဒီနေ့ထိ ပခြုပ်ကို မျက်နှာတည့်တည့်ကြည့်ပြီး စကား ကောင်းပြောခဲ့ဖူးတာရှိလို့လား၊ တကယ်တော့ မရအရ ဖွတ်ယူခဲ့ရတဲ့ ဒီနေရာဟာ ရခဲ့တာနဲ့ ကြိုးစားခဲ့ရတာ မတန်ပါ။

ကိုကို တကယ် ရက်စက်လေသည်။

"အမလေး"

ကားက အသံမြည်ကာ ဒိုင်းခနဲဆောင့်ရပ်သွားသဖြင့် ပခြုပ် အတွေး တွေပြတ်တောက်ကုန်ရုံမကဘဲ လန့်ဖျပ်ကာ လူက မြောက်ခနဲခုန်တက် သွားတဲ့အတိုင်း ...

"ဘာ ဘာဖြစ်တာလဲဟင် .."

"လူ .. လူကို တိုက်မိပြီထင်တယ်"

"ဘုရား .. ဘုရား"

ရှေ့မှာ ဘာမှလည်းမတွေ့၊ ဘေးမှာလည်း ကားတစ်စီးမှမရှိ၊ လမ်း ကြီးလမ်းကြားမဟုတ်ပေမယ့် ဒီလမ်းကျယ်မှာ အမြဲတမ်းလိုလို ကား အသွားအလာ ရှင်းနေတတ်သည်။

ဦးတိုးဝေကိုယ်တိုင် အသံတွေတုန်ကာ နဖူးမှာ ချွေးသီးစို့လာတာ ဖြင့်တော့ ပခြုပ် စိတ်တင်းလိုက်သည်။ သက်ကြီးရွယ်အိုကို အပြစ်တင် နေလို့လည်း ပြီးမှာမဟုတ်။

ကားပေါ်ကနေဆင်းလိုက်တော့ တွေ့ပါပြီ၊ ကားရှေ့မှာ နှုတ်ခမ်းမွေး စစနှင့် ပိန်ရှည်ရှည်လူတစ်ယောက်က ဒူးခေါက်ခွက်ကို လက်နှစ်ဖက်နှင့် ဖိအုပ်ထားပြီး ရုံ့မဲ့ညည်းညူနေတာ အသံပင်မထွက်နိုင်။

ပခြုပ် ကတော့ သွေးသံရဲရဲ မခြင်ရတာနဲ့ပဲ ဝမ်းသာလုံးဆို့သွားကာ...

"ဒီမှာ ဘာဖြစ်သွားတာလဲဟင် .. ခြေထောက်ကိုထိသွားတာလား၊ ဘာက မျက်လုံးသိပ်မကောင်းလို့ပါရှင်"

"မျက်လုံးမကောင်းရင် မမောင်းနဲ့ပေါ့ဗျ၊ အား .. အ .. ကျွတ်

www.burmeseclassic.com

www.burmeseclassic.com

ကျွတ်၊ ခြေသလုံးရိုးတော့ ဆန့်ကွဲစေ့တွေဖြစ်ကုန်ပြီ သေချာတယ်''

''ရှင် ...''

''ဘီးနဲ့ တက်ကြိတ်ပစ်လိုက်တာ''

''ဟာ .. မင်းကွာ ... အဲဒီလောက်တော့မဖြစ်နိုင်တာမပြောပါနဲ့၊ သေးကပေါ်လာတာ ရိပ်ခနဲမြင်လိုက်တာနဲ့ ကျုပ် ဘရိတ်အုပ်လိုက်တာပါ၊ မင်းရဲ့ပခုံးစောင်းကြီး ဘွန်းနစ်ပေါ်ပစ်တိုက်တယ်၊ ပြီးတော့ ရွှေကိုပြန်လဲသွားတော့ ကျုပ် ဘရိတ်အုပ်လိုက်နိုင်တာနဲ့ တက်ကြိတ်မိတဲ့အထိ မဖြစ်တာ သေချာပါတယ်''

''ဘာဗျ .. ဘာပြောတယ်''

''နေပါဦး ဘဘရဲ့ ..၊ သူ့မှာ ခံနေရတဲ့ဥစ္စာ ..''

ထိုစဉ် အတော်ဝေးဝေးမှာရှိနေသည့် စတိုးဆိုင်လေးရှေ့ လူ တစ်ယောက် ခပ်သုတ်သုတ်လျှောက်လာပြီး အော်ရောက်လျှင် ...

''ဟော .. ရွေပခြုပ်ပါလား၊ ဘာဖြစ်နေကြတာလဲ''

''သူ ...''

ပခြုပ် အံ့သြသွား၏။ ကိုယ် ဒုက္ခတွေ့နေတိုင်း ရောက်ရောက်လာပြီး သူ့နာမည်ကို ခုချိန်ထိမသိခဲ့ပါဘဲ ကိုယ့်နာမည်ကိုတော့ သိလို့ပါလား။

ပြီးတော့ ပခြုပ် က ဘာမှပြောမပြရသေးဘဲ လဲကျနေသူနှင့် အခြေအနေကို သူဖဲလိုက်ကြည့်သုံးသပ်ကာ ...

''ဟား .. မင်းပါလား''

ဟုပြောကာ လဲကျနေသူဘေးမှာ မုဆိုးဒူးထောက်ထိုင်ချလိုက်၍ ဘာတွေ ကပ်ပြော်နေမှန်းမသိ။

''ဘာကွ''

''မင်းကလဲ ယုံစမ်းပါကွာ၊ ငါ တကယ် အမှန်ပြောနေတာ၊ နော်.. ကျေနပ်လိုက်ပါ''

''ဒီမှာ ကျိုးနေပြီကွ''

''ဟုတ်တယ်၊ ငါ ပြန်ဆက်ပေးမယ်ဆိုမှကွာ ...၊ ကဲ ...''

သူက ဘယ်သူ သဘောတူတူ မတူတူ သူပဲ ဆုံးဖြတ်ကာ နေရာမှ ပြန်ထ၊ ရပ်လိုက်ပြီး ...

''ကဲ .. ပခြုပ်တို့ကလဲ တိုက်လိုက်မိတာဆိုတော့ သူ့ကို ငါးထောင် တော့ပေးလိုက်ပါ''

''ဘယ်လို .. ငါးထောင် ...''

ငါးထောင်နဲ့ ငါးသောင်း နားကြားမှားလိုက်တာလား၊ ပခြုပ်က လဲနေသူကို ငုံ့ကြည့်လိုက်၊ သူ့ကိုပြန်ကြည့်လိုက်နှင့် ပိုက်ဆံအိတ်ကို ကိုင်လိုက်ပေမယ့်လည်း မဖွင့်ဖြစ်။

''ဟကောင် .. မင်းမသိပေမယ့် မင်းကို ငါသိတယ်၊ အချင်းချင်းဆို တာ ဂိုဏ်းရောင်ရတယ်ကွ၊ ငါ အဲဒီလောက် မပြောချင်ဘူးကွာ၊ စော်ကြာ မင်း ငါးထောင်တောင်မရလိုက်ဘဲဖြစ်သွားမှာနော်၊ ဒါဆို ရန်ကုန်မြို့မှာ တက္ကစီငှားပြီး မင်းကြိုက်တဲ့နေရာ သွားလို့ရသေးတယ်''

ထိုသူက လဲကျနေရာကနေ ခြေတစ်ဖက်ထော့၍ထ၊ ရပ်လိုက်သည်။ သူက ဖော့ထားသည့်ခြေထောက်ကို ဝေ့ကြည့်ပြီးပြုး၏။ ထလို့မရသည့် ပုံနှင့် လဲကျသွားတော့ ရယ်သည်။

''ဟိတ်ကောင် မင်းက ဘာရယ်တာလဲ၊ မင်းပြောတာကို ငါက ကျေနပ်မယ်မှတ်လို့လား၊ ဖယ်းမဖြစ်ချင်ရင် အေးဖယ်နေလိုက်''

သူက ဆတ်ခနဲ ခေါင်းညိတ်လိုက်ကာ ...

''ဒါဆို ပြီးတာပဲ၊ ငါ့ဘက်ကလဲ စည်းစောင့်ဖို့မလိုတော့ဘူးပေါ့၊ ဟင်း ဒီလောက်ဆေးဖိုးဝါးခလိုချင်ရင် ဆေးဖိုးပေးမယ်၊ ဝါးတော့ မရဘူး''

''ဒီမှာ ...''

ပခြုပ် က မပြေလည်တာကို မလိုချင်။ ဆေးဖိုးလိုချင်မှန်းသိနေသည်း ပေးလိုက်ရုံပဲဖြစ်သည်။ သူ့ဘာသာ ဟန်ဆောင်တာဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် ဒီနေရာမျိုးမှာ အမှုအကြီးအငယ်ကို သူ့ပါးစပ်ထဲမှာ မိန့်ကြွေးလုပ်လို့ ရနေ

www.burmeseclassic.com

www.burmeseclassic.com

တာမသိဘူးလား ...။

သူက ပခြုပ်ခေါ်တာကို ငဲ့ကြည့်ပြီး ခေါင်းခါပြကာ ...

"ကားပေါ်ပြန်တက်"

"ဘာ"

"အဘ ဟိုဘက်က ထိုင်ဦး"

ပခြုပ်တို့ကို သူပဲ ဦးစီးဦးဆောင်ပြု၍ သူက မောင်းသူနေရာမှာ ဝင်ထိုင်လိုက်သည်။ ထို့နောက် လဲနေသူကိုခေါင်းထုတ်ကြည့်လိုက်ပြီး ...

"မင်း အဲဒီအတိုင်းနေနော်၊ မင်းခြေထောက်က လှုပ်လို့တောင်မရ တော့ဘူးဆိုတော့ ကျိုးကြေသွားလဲ အသက်နဲ့အဝေးကြီး၊ ဆေးဖိုး ငါ ပေးနိုင်တယ်"

"အမေ့ ..."

"မောင်ရင် ဘာလုပ်မလို့လဲ"

"ခဏလေး"

ဘက်ခ်ဆုတ်လိုက်တာကြမ်းတော့ ပခြုပ်ကိုယ်လေးဆောင့်ခါသွား၏။

ကားရှင်းသည်နေရာမို့ ဝေါခနဲပြန်ဆုတ်သွားသည့်ကားက မူလ နေရာကနေ အတော်ဝေးဝေးထိ ချက်ချင်းရောက်သွား၏။

ခြေတစ်ဖက်ဆန့်၍ နှိပ်ကိုင်ထားသည့် သူ့မျက်နှာကြီး ပြိုပျက်ကျ မတတ် ဖြစ်သွားသည်။ သူ ကြက်သေသေသလိုဖြစ်သွားစဉ် ကားက ခဏတဲ့ရပ်သွားပြီး ဝေါခနဲ ရှေ့ကိုပြေးတက်လာတော့ မျက်လုံးအစုံသည် ပုစွန်ဆီတက်သို့ ပြူးထွက်လာ၏။

"ဟာ .. ဟိတ် .."

"အမလေး"

ပခြုပ် လန့်ဖျပ်ပြီး မျက်လုံးတွေကိုမှိတ်၍ ကူရှင်နောက်မှာ မျက်နှာ ငုံ့ချမစ်လိုက်မိသည်။ ကားက အရှိန်ပြင်းပြင်းနှင့်ထိုးရပ်သွားကာ 'ကျိ' ခနဲ ပွတ်တိုက်သံကြီးထွက်သွားခဲ့လျက် ...

"ဘယ်လိုလဲ .. ရပြီနော်"

"မင်း .. တော့က..."

စကားသံတွေကြားမှ ပခြုပ် မျက်လုံးဖွင့်ကြည့်လိုက်၏။ လမ်းသား မှာ နှုတ်ခမ်းခွေးနှင့်လူက မတ်တတ်ရပ်နေလျက်။ သူက ကားပေါ်က ဆင်းလိုက်ပြီး တဲခါးကို နောက်ပြန်ပိတ်၍ ...

"ဘယ်နှစ်ရာစုနှစ်မှာ အိပ်ပျော်နေခဲ့တာလဲ၊ ဒီလိုနည်းတွေ ရှိးနေပြီ"

"ငါးထောင်ပဲပေး"

"တစ်ပြားမှမရဘူး"

သူက ခါးနှစ်ဖက်ထောက်လိုက်ပြီး နောက်ပြန်ကြည့်ကာ ...

"အဘတို့ သွားတော့ .. ရပြီ"

"အို .. မဟုတ်သေးပါဘူး၊ ကျွန်မတို့ကြောင့် ရှင် စကားများနေရ ဦးမယ်"

ဟု ပြော၍ ပခြုပ် က ကားပေါ်က ကမန်းကတန်းဆင်းလာပြီး ငွေငါးထောင်ကိုထုတ်ပေးလိုက်သည်။

ထွက်သွားရပေမယ့် အားလုံးကို ဘုကြည့်ကြည့်သွားသူက သူ့မျက်နှာ ကိုတော့ နှပ်နှပ်စဉ်းပစ်ချင်သည့်မေတ္တာဘာဝနာနှင့် ...

"ဒါနဲ့ ရှင့်နာမည် ဘယ်လိုခေါ်လဲဟင်၊ ကျွန်မကိုတော့ နာမည် ဘယ် လိုလုပ်သိတာလဲ"

ပန်းနရောင်ရုပ်အင်္ကျီလက်ရှည်နှင့် မြင်လိုက်ရတိုင်း ကျင်းဘော်ဘီ ကလည်း သူ့ကိုယ်ပေါ်မှာ မရိုးနိုင်။ ရုပ်ကမချောတော့ အရပ်ကြီးရှည်ပေ မဲ့ ကြည့်ရှုမကောင်းလိုက်တာပဲ ဦးခေါင်းရှိုခဲ့ပူးသောမျက်နှာဟာ ထူးအဆန်းဖြစ်သည်။

ဒုတိယတစ်ခါဆုံတော့ ခင်ဖို့ကောင်းလာသလိုလို၊ တတိယတစ်ခါ ကျတော့ တကယ်ခင်မင်စိတ်ဝင်၏။ သူကတော့ သူ့ကိုယ်သူ သေးအင်

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုလူကိုမှ အရေးတယူ အမှတ်တရဖြစ်မနေတတ်သည့် အမှတ်တမဲ့ ဖော်ရွေသောအပြုံးနှင့် …

"ဟိုတစ်ခါဈည့်ခံပွဲမှာ မင်းနဲ့ဆုံသေးတယ်လေ၊ မင်းနဲ့ ရာဇသံပြန်သွားတော့ သိရတာပါ၊ ရာဇသံလိုလူနဲ့ အတူရှိနေတဲ့မင်းကို ခဲရာခဲဆစ် စုံစမ်းဖို့မှမလိုတာ"

"ကြော် .. ဟုတ်ပါပြီ၊ ဒါဆို နာမည်ပဖြာ"

"ဘာလုပ်ဖို့လဲ၊ မင်းသိထားတဲ့ အရက်သမားပါပဲ၊ နင့်နဲ့ငါနဲ့ပဲပြောရတယ်"

"ရှင်က အဲဒါကိုရင်ခံနေတာလား"

"ဘယ်နေရာမှာမှမခံဘူး၊ ငါက မင်းကိုခင်ပါတယ်"

ပခြုပ်က ရယ်လိုက်ပြီး ဆံပင်တွေကို ခေါင်းလေးတိမ်း၍ နောက်ဖို့ ပစ်လိုက်၏။

"ခရော သောက်လာခဲ့ပြီးပြီလား"

"သွားသောက်မလို့ …"

"ပခြုပ် တိုက်မယ်၊ ဒါပေမယ့် ရေနှော၊ ကြိုက်တာမှာစား၊ ပြီးရင် ရေပဲ"

နှစ်ယောက်သား ရယ်လိုက်မိရင်း ရင်းနှီးသွားခဲ့ကြ၏။

"ပခြုပ် ရှင့်ကိုခင်ပါတယ်၊ အခက်အခဲဒုက္ခတွေကြုံနေတိုင်း ရောက်ရောက်လာတတ်တဲ့သူမို့လို့ ကျေးဇူးလဲတင်တယ်၊ စိတ်လဲဝင်စားတယ်၊ ရှင်နဲ့ပခြုပ် တွေ့နေကြတာ တော်တော်တိုက်ဆိုင်တယ်နော်၊ မထင်ရဘူးသိလား"

"ဘာကိုလဲ၊ ငါ တမင်လိုက်နေတာလို့ ပြောချင်တာလား"

"ဟာ.. မဟုတ်ပါဘူး၊ အဲဒီလိုလူမျိုးကိုများ ခင်စရာလား၊ ဒီလောက်အော့ လူကဲခတ်တတ်ပါတယ်၊ ဘယ်လိုလဲ .. အခု လိုက်စား မလား"

"မစားတော့ဘူး၊ အစားတစ်ခုခုစားရင် သောက်ချင်စိတ်ဖြစ်ဖြစ်လာလို့၊ အခု ဖေဖေခေါ်ထားလို့ သွားတွေ့ရမှာလေ၊ သောက်စားသွားလို့ မဖြစ်လို့မို့၊ နောက်ထပ် တိုက်ဆိုင်လာရင်ပေါ့ .. သွားမယ်"

"အို .. နေပါဦး၊ သွားမယ်ဆိုလဲ ပခြုပ် လိုက်ပို့မယ်လေ၊ ဘာလဲ နာမည်ထပ်မေးမှာစိုးလို့လား"

"မဟုတ်ပါဘူးကွာ၊ ငါ့နာမည်က 'ရွက်လွှင့်' "

"ရွက်လွှင့် .. လှလိုက်တာ"

ပခြုပ် ပြောတော့ သူက ပခုံးတွေလှုပ်အောင် ရယ်သည်။

"လူတွေကပြောတော့ အဲဒါကြောင့် ကိုယ် လမ်းပေါ်မှာလိမ့်နေတာတဲ့၊ ဖေဖေကလဲ အိမ်မကပ်လို့ဆူတိုင်း ဒီနာမည်ကိုပဲ ပုတ်ခတ်တယ်၊ မင်းက လှတယ် .. ဟုတ်လား"

"ဟင် .. ဒါဆို ဒီနာမည်ကို ဘာလို့ပေးတာလဲ"

"ဖေဖေဝဲပေးတာ၊ ဒါပေမယ့် ကိုယ့်ကိုယ်ဝန်နဲ့တုန်းက ဖေဖေ အရမ်းအလုပ်ရှုပ်တာကို မေမေက အရွဲ့တိုက်ပြီး သူလဲ အိမ်မကပ်ဘူးတဲ့"

"ဟင် …"

"ဆွေမျိုးတွေအိမ်ရောက်သွားလိုက်၊ ဘုရားတွေထွက်လိုက်။ ဆွေမျိုးအိမ်ဆိုတာ တောင်ဉာဏ်လာနဲ့ သုဝဏ္ဏကို ကူးလူးသွားလာရတာမျိုး မဟုတ်ဘူးနော်၊ မြန်မာပြည်အနှံ့အပြားမှာနေကြတာ"

"ကြော် .. ဒီလိုလား …"

"ဒီလို .. ဒီအတိုင်းပဲ"

"ဒါပေမယ့် လှတယ် ရွက်လွှင့် ရဲ့ .. ဒီနာမည်လေးကိုကြိုက်တာ အကြောင်းပြုပြီး ရှင့်ကို ခင်မင်လေးစားပေမယ့် 'ရွက်လွှင့်' လို့ပဲ ခေါ်မှာ နော်"

သူက ခေါင်းညိတ်ပြပြီးရယ်နေ၏။

ကိုယ်ကပဲ ခင်မင်လာမိလို့လားမသိ၊ ရွက်လွှင့် က ရယ်ရင်းတောင့်

www.burmeseclassic.com

www.burmeseclassic.com

မျက်ဝန်းလေးတွေမှေးစင်းသွားပြီး နှုတ်ခမ်းဖွင့်ပုံလုတော့ ကြည့်လို့ကောင်းသည်။

တစ်ယောက်နဲ့တစ်ယောက် နှုတ်ဆက်ပြီး လမ်းခွဲခဲ့တော့ ပခြုံပ်သူ့အကြောင်းပဲ တွေးဖြစ်လာခဲ့၏။

ရွက်လွင့် က အခွင့်အရေးယူတတ်တဲ့သူမဟုတ်တာတော့ သေချာသည်။ အရက်သမားပုံလည်းပေါက်ကာ အရက်သောက်တာကိုလည်း သူကိုယ်တိုင် ဝန်ခံနေသည်။

ပြီးတော့ လမ်းပေါ်မှာ ထင်သလိုနေတဲ့သူ၊ ဒီလိုအခြေအနေမျိုးနဲ့ အရက်သမားတစ်ယောက်က ကိုယ်ကျင့်သိက္ခာကောင်းမွန်တယ်ဆိုတာ တော်တော်တော့ အံ့သြဖို့ကောင်းနေ၏။

ထို့ပြင် စောစောက ကားကိုဝင်တိုက်ပြီး ပြဿနာရှာတဲ့သူကို ပြောလိုက်ပုံက ဒီလိုပဲလုပ်စားနေကျလူအချင်းချင်းလိုလို ..၊

ပထမတစ်ခါ အရှိုးသတ်တုန်းကသာ နှုတ်ခမ်းမွေးနဲ့လူ အသာတကြည် နောက်ပြန်လှည့်သွားခဲ့လျှင် သူမ ဒီတိုင်းပဲ တကယ်သတ်မှတ်မိမှာဖြစ်၏။

ကားနဲ့ပစ်တိုက်ယောင်ပြလိုက်ပြီးမှ သူ ဘာလုပ်မှန်းကို ရှင်းရှင်းသိရသည်။ အဖေ ရှိသေးတယ်ဆိုပြီးတော့လည်း အဖေနဲ့မနေ။

တစ်လမ်းလုံး သူ့အကြောင်းပဲတွေးလာတာ ကုမ္ပဏီရှေ့ရောက်တော့မှ အဆုံးသတ်ခဲ့သည်။

ဒါပေမယ့် ထိတ်လန့်ကာ ရင်ခုန်သံမြန်လာတာက ဒုတိယဒုက္ခ..၊

ဆူမှသာဆူပါစေတော့ .. ကိုကိုနဲ့တွေ့ခွင့်ရပါစေ။

ဒီကိုင်းလှည့်ပြန်သွားရရင်လည်း အပြန်ကျတော့ဆူခံထိမှာပဲ၊ ဒါကြောင့် .....

အခန်း (၁၇)

"ရွေပခြုံပ် လို့ ပြောပေးပါ"

သိပ်မစောင့်လိုက်ရဘဲ ပူးတာကောင်လေး ပြန်ထွက်လာ၏။

"ဆရာ မရိုက်ရဲခင်ဗျ၊ ရပ်စ်ထရန်နဲ့မှာ မိတ်ဆုံစားပွဲတက်ဖို့သွားတယ်"

"ပြီးရင် ဒီပြန်လာမှာလားဟင် ..."

"ပြန်လာပါတယ်၊ ဆရာက ဘယ်သွားသွား ရုံးဆင်းချိန်ကိုတော့ ရောက်အောင်ပြန်တတ်ပါတယ်"

နေရာထိုင်ခင်းပေးတာကလည်း လေးလေးစားစားပါပဲ၊ ဒါပေမယ့် နေ့လယ်ကနေ ညနေဘက်ရောက်လာတော့ လူမြင်ကွင်းလည်းမတော်၊ ခါးတွေလည်း ညောင်းလာ၏။

ရေသောက်ဖို့ချပေးထားသည့်ရေဘူးကလည်း လက်နှစ်လုံးလောက်ပဲကျန်တော့သည်။ ပခြုံပ် ထိုင်နေသည့်နေရာနားတစ်ဝိုက်မှာလည်း ယောကျ်ားလေးတွေချည်းပဲမို့ သတိဆွဲပြီးထိုင်နေသည့်ကိုယ်က ခါးထဲမှာ သစ်ချောင်းကြီးသွင်းခံထားရသလိုပင်။

ယိုစဉ် မျက်လုံးရှေ့တည့်တည့်ကနေလှမ်းဝင်လာသည့်အသံပုံရိပ်

www.burmeseclassic.com

www.burmeseclassic.com

ကို ဘွားခနဲမြင်လိုက်ရ၏။ မျှော်နေတုန်းမို့ ပခြုပ် မျက်လုံးထဲမှာ မိုးကျ ရွှေကိုယ်လောက်ပင် ချောမောနေသလား၊ထင်မိခဲ့သည်။

ရာဇသံ ကလည်း လေကားတွေကနေ လှည့်ထွက်လိုက်ကတည်း က စည်းဝေးခန်းမရှေ့ဧည့်ခန်းမှာ ပခြုပ်ကို တန်းခနဲမြင်၏။ အနားရောက် လာတော့ သူ့ဘောင်းဘီအိတ်ထဲကသော့တွဲတစ်တွဲကို ဖွိုက်ယူပြီး ပစ် ပေးကာ ....

"ငါ နောက်ကျမှာ၊ ကားသော့ပါတယ်၊ ပြန်နှင့်တော့ .."

"ကိုကို ..."

ပခြုပ် သော့ကိုမကိုင်ဘဲ အမှတ်တမဲ့ထ,ရပ်လိုက်တော့ သော့ပြုတ် ကျသံနှင့်ခေါ်သံကြောင့် ဒေါသရိပ်ထင်နေသည့်မျက်နှာ ဖျတ်ခနဲပြန်လှည့် လာ၏။

"ကိုကို့ကို စောင့်နေမယ်"

ဘယ်တုန်းကမှမပြေပြစ်ခဲ့သည့်မျက်နှာက တင်းခနဲဖြစ်သွားသည်။ ကိုကိုလို့ခေါ်လိုက်ကတည်းက ဝန်ထမ်းတွေအားလုံး ရှောင်ထွက်တဲ့သူ က ထွက်၊ ခေါင်းငုံ့သွားတဲ့လူသွား၊ ဘယ်လိုတွေ ထင်ကုန်ပြီလဲ။

စိတ်ရှိလက်ရှိကိုင်ပေါက်ဆွဲဆုတ်ပစ်ရလျှင် လေဆင်နာမောင်း အမွေ ခံရတာထက် ဆိုးသွားနိုင်၏။

"အဲဒီမှာ သော့ဝိုင်း၊ နားနေခန်းမှာသွားနေ"

လို့ပြောကာ မောင်သူ့ကို လှမ်းကြည့်လိုက်ပြီး ...

"မောင်သူ လိုက်ပို့လိုက်စမ်းကွာ"

"ဟုတ်ကဲ့ ဆရာ"

ဒီထက်ဆက်ပြောနေလျှင် ရှင်းလေရှုပ်တာမျိုးဖြစ်တော့မှာမို့ တမင် ပြောပစ်လိုက်တာပါ။

"ဟိတ် .. စားပွဲမှာထိုင်ပြီး လျှောက်မဖွဲနဲ့နော်"

"ဟုတ်ကဲ့ ကိုကို"

ပခြုပ် တစ်နေကုန်စောင့်ခဲ့ရပြီး ထပ်စောင့်ရမည့်အဖြစ်ကို မငြင်းဆိုင့် အလွန်လှသောနားနေခန်းလေးထဲကို ဝင်ခွင့်ရလိုက်သည့်အတွက် ရာထူး ကိုးပေးခြင်းခံလိုက်ရသော ဝန်ထမ်းတစ်ယောက်လို ပျော်လွန်းလို့ မြောက် ကြွနေသည်။

အထဲမှာ မှန်ချပ်တွေချည်းကာထားသဖြင့် အပြင်က ရေတံခွန်ကြီး ကို မြင်နေရသည်။ နံရံကပ်လေ့လော်ကန်နှင့် ငါးတွေ ရောင်စုံဖြာပြီး ကူးလူးနေကြတာလည်း ရင်သပ်ရှုမောဖြစ်လောက်ပါ၏။ လူပုံကြည့် ဆော့ မာမာကျောကျော ဘုဆတ်ဆတ်နှင့် အလှအပ ဒီလောက်ကြိုက် သလား၊ သာယာမှုကိုရော တကယ်ခံစားတတ်တာလား ...။

ပခြုပ်-သော့လေးတချွင်ချွင်နှင့် တစ်ခန်းလုံးကိုလျှောက်ကြည့်နေရင်း ခိုက်ကဆလှာတော့ ရေခဲသေတ္တာဆီရောက်သွားခဲ့သည်။

အထဲမှာ ပန်းသီး၊ စပျစ်သီး၊ ပန်းသစ်တော် သစ်သီးတွေချည်းပဲ ဖြည့်ဆောင်ရှိ၏။ ပြီးတော့ ရေပုလင်းတွေနှင့် မုန့်ဘူးတွေ၊ နောက်ပြီးတော့ အချိုရည်ပုလင်းနှစ်ပုလင်း၊ ပုလင်းပြားပုပုလေးတွေမို့ ဆွဲယူကြည့်တော့ မှန်မကြည့်ရဘဲ မွေးကြိုင်နေသည့် အချိုရည်နဲ့က စပျစ်နဲ့လိုလို၊ နာနတ် သီးနဲ့လိုလို ...။

မုန့်ပုံးတစ်ပုံးယူကာ အချိုရည်ပုလင်းလေးကိုင်ပြီး ပခြုပ် ဒရင်းဘက် ကို အကျအနေလှဲလိုက်၏။ ဒါ ကိုကိုထိုင်တဲ့ခုံဟု တွေးပြီး ခေါင်းမိုနေရာကို ရွေးလိုက်မိသေးသည်။ ကိုကိုလိမ်းနေကျခေါင်းလိမ်းဆီနံ့က သင်းနေ၏။

ပြီးတော့ ဒီကနေ ငါးကန်ကိုဖောက်ထွင်းကာ စက်ရုံးခန်း အဆောက် အုံကြီးကို ရှင်းလင်းစွာမြင်နေရသည်ဆိုတော့ ဒီမှာ ကိုကိုထိုင်နေကျက သေချာသွားသည်။

"အား .. သိပ်လဲမချိဘူး၊ ချဉ်စုပ်စုပ်နဲ့ ဘာလဲမသိဘူး"

အသေအချာတားလိုက်ကာမှ ပါးစပ်ထဲကိုလည်း တစ်လုံးကြီးပင် သွားတော့ မျိုချပစ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆွေးနေတာကလည်း ပစ်ရက်စရာမရှိ၊ သောက်လိုက်တော့ ချိုမြမြ ချဉ်စုပ်စုပ်။

'အရက်တွေများလား' လို့တွေးမိပေမယ့် ချိုမွေးနေတာက 'မဟုတ်ဘူး' လို့ဖြေနေသလိုပင်။ နှစ်ကျိုက်လောက်သောက်ပြီးတော့ အရသာကို ခံတွင်းတွေ့လာကာ မုန့်စားလိုက် မော့သောက်လိုက်နှင့် အိပ်ငိုက်လာတော့မှ ရပ်တော့သည်။

"အမေ .."

ရေလေးသောက်ပြီး ငါးကန်ကြည့်ရင်း မိုန်းလိုက်ဖို့စိတ်ကူးက ထ၊ ရပ်လိုက်သည်နှင့် ခွေခနဲပြန်လဲလေသည်။ ခေါင်းထဲမှာ မူးယစ်ယိမ်းထိုးလာတာလည်း ချက်ချင်း။ ညနေခြောက်နာရီကျော်မှ ပခြုပ်ကိုသွားခေါ်ခိုင်းတော့ မောင်သူ ဟုယီးပုာယာ ပြန်ပြေးလာကာ ...

"အိပ်ပျော်နေတယ် ဆရာ"

"ကျွတ်"

ဒီကောင်မလေး ဘာလုပ်လုပ် တစ်ခုမှ မပြောမဆိုရဘဲ ပြီးသွားတာ မရှိ။ သူကိုင်ထားသည့်ဖိုင်ကို အိတ်ဆဲထည့်ပစ်ခဲ့ပြီး ခြေလှမ်းကျဲကျဲများနှင့် ပခြုပ် ရှိရာဆီ ရောက်ခဲ့၏။

နီရွှေရင့်ရောင်ဆံနွယ်တွေက ဒရင်းဘက်ဒ်၏အောက်ခင်းကြမ်းထဲကနေ တချို့တစ်ဝက်ပြုံဆင်းနေလျက် .. တိရုပ်အညိုရောင်၊ ဂျင်းဘောင်းဘီအနက်နှင့် ...။

အားမှာရပ်ရင်း စူးခနဲကြည့်သည်။ ဒီဘက်ကစားပွဲပုလေးဆီ အကြည့်ရောက်တော့ နားလည်လိုက်၏။ ဖျော်ရည်မှန်း အရက်မှန်းမသိရအောင် သင်းက နှာခေါင်းမပါဘူးလား၊ မျိုချတဲ့အထိ မသိတာကရော အရသာခံတဲ့အာရုံကြောတွေပါ ပျက်စီးနေလို့လား ...။

"ပခြုပ် .. ဟိတ် ရွှေပခြုပ် .. ထစမ်း"

" ... ..."

ပခုံးကိုပုတ်နှိုးပေမယ့် သူမက တုတ်တုတ်တောင်မလှုပ်။

"ရွှေပခြုပ် .. ဟိတ် ငါ .. တယ် ..."

ပခုံးကိုဖျစ်ညှစ်ပြီးဆောင့်လွှတ်လိုက်ကာ ငုံ့နေသည့်ကိုယ်ကို ဆတ်ခနဲပြန်မတ်၏။ ဒီလောက်ရိုလွှတာ တွေ့မယ်၊ မင်း ...၊

ရေခဲသေတ္တာထဲက ရေတစ်ပုလင်းသွားယူကာ သူမ မျက်နှာပေါ်က စ၍ လည်မင်းရင်ဘတ်တွေထိ ရေမကုန်မချင်း သွန်ချပစ်လိုက်၏။

"အား .. ဟူး .. ဘာ..ဘာလုပ်တာလဲ၊ အား ..."

ပခြုပ် သတိရပေမယ့် မျက်လုံးတွေ ဖွင့်မရ။ ဖွင့်လို့ရတော့လည်း ရေကကျနေဆဲဖြစ်ကာ ရင်ဘတ်တစ်ပြင်လုံး စိုရွှဲကုန်မှ ...

"ကိုကို .. ကိုကို တော်ပါတော့"

"တော်ရမလား၊ သေချာတယ်နော်"

"သေချာပါဖို့၊ အဟင့် ..."

ပခြုပ် ဒရင်းဘက်ဒ်ပေါ်မှာပဲ ငုတ်တုတ်လေးထိုင်ကာ ချုံးပွဲချင့်၏။

ရာဇသံ က ပခြုပ်ကို နှုတ်ခမ်းစေ့လျက်နှင့်စိုက်ကြည့်ကာ ရေပုလင်းအခွံကို စားပွဲပေါ်မှာ ဒိုင်းခနဲဆောင့်ချ၏။

"မိန်းကလေးဖြစ်ပြီး အရက်သောက်တာ မင်းကိုယ်မင်း ဘာထင်နေသလဲ"

"ဟင် ..."

"မင်းကို ငါ တခြားမှာမွေးမြူစောင့်ရှောက်ထားတာ အဲဒီလို ဆိုးသွမ်း ဟုက်စီးဖို့လား"

"ကိုကို ပခြုပ် .. ပခြုပ် အဲဒါကို အရက်မှန်း ..."

"ကိုင်ကြည့်လို့မသိရင် မျိုချရင် သိရမယ်"

"တကယ်ပါ ကိုကို၊ ဖြစ်နိုင်လားလို့တွေးမိပေမယ့် ဟုတ်လိမ့်မယ်လို့ မထင်လို့ပါ၊ ပြီးတော့ ကိုကို့အခန်းထဲမှာ ဒီလိုဟာမျိုး ..."

"ဘာပြောတယ်၊ ငါက အရက်သောက်မှာမဟုတ်ဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com

ဒီလို ပြောချင်တာလား''

ပခြုပ် က မျက်ရည်ကွေတိတ်သွားပေမယ့် မသုတ်ဖြစ်ဘဲ သူ့ကို ငေးနေ၏။

''အရက်တင်မကဘူး၊ ကောင်းတာမကောင်း, စိတ်ထင်သမျှ ငါ မလုပ်တာမရှိဘူး၊ နေဦး .. မင်း ငါ့ကို ဘယ်လောက်ထိအထင်ကြီးထား သလဲ ပခြုပ်၊ မင်းစိတ်ထဲမှာ ငါ့ကို ဘယ်လောက်ထိတွေးထားသလဲ ပြောစမ်း''

''ကိုကို့ကို ...''

''ကိုကိုလို့ခေါ်တာ ငါ့အသားကိုလိုးချနေသလိုပဲ၊ မင်းကို အဲဒီလို ခေါ်ဖို့ မယု သင်ပေးတာတော့မဖြစ်နိုင်ဘူး''

''ပခြုပ် စိတ်ထဲမှာ ဖြစ်လာတဲ့အတိုင်းခေါ်တာပါ''

''ရွေးပခြုပ် မင်း ထ,လိုက်စမ်း''

ပခြုပ် ရှိကိသဲလေးမပွင့်တပွင့်နှင့် နေရာမှထ,ရပ်လိုက်သည်။ သူမ ရှေ့ထိ ရာဇသံ က လျှောက်လာပြီး ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်၍...

''မင်း ငါ့ကို စိတ်ဝင်စားနေသလား''

'' ... ...''

''မင်းစိတ်ကူးထဲမှာ ငါက မက်လောက်စရာကောင်းကြီးဖြစ်နေလား''

'' ... ...''

''ဟိတ် မေးနေတယ် .. ဖြေစမ်း''

ပခြုပ် နှုတ်ခမ်းလေးကိုဖိပိတ်ထားလျက် သတ္တိတွေမွေးနေခဲ့၏။ ကိုကို့မျက်နှာကိုငေးရင်း အမှန်အတိုင်းခေါင်းညိတ်လိုက်ဖို့သတ္တိတွေ ...၊ ဒါပေမယ့် ...

''လုံးဝမဟုတ်ဘူး''

မှန်ကုပ်တင်းမာနေသည့် သူ့မျက်ခုံးနှစ်ဖက် သိသာစွာပြေကျသွား၏။ ပြီးတော့ ဖိဆုပ်ထားသည့်လက်တို့ကို ဖြည်းလေးစွာလွှတ်ပေးလိုက်၍...

''မင်း မဆိုးဘူး''

ပြောပြီး သူ ဟိုဘက်လှည့်သွား၏။

ဘာဖြစ်လို့မဆိုးတာလဲ၊ ကိုကို့ကိုမချစ်ပါဘူးပြောလို့လား၊ မဟုတ်ဘူး.. ကိုကို့ကို သိပ်ချစ်တာ၊ ငယ်ငယ်လေးတည်းက ချစ်တာ ကိုကို့..။ အခု ကိုကို့ကိုမှ ပိုင်ဆိုင်ခွင့်မရရင် သေပစ်ချင်တဲ့အထိ အရူးအမူးခံစားနေတုန်းပဲ ...၊ ပခြုပ် ဘာဖြစ်လို့ ခေါင်းခါလိုက်တာလဲ သိလား၊ ခေါင်းညိတ်လိုက်ရင် ကိုကို ဘာလုပ်တော့မှာကို သိလို့ ...။

ခုနေသာ ကိုကိုနဲ့ထပ်ဝေးရရင် မခံစားနိုင်လို့ပါ ကိုကိုရယ် ...၊ ပခြုပ်လေ ပခြုပ် ဆယ်ကျော်သက်အရွယ်လေးကို ကျော်လွန်ခဲ့ပြီးပေမယ့် အသည်းရိုင်းနဲ့ အချစ်ရိုင်းပါ၊ ပခြုပ် က အချစ်ရူးမလေးပါ ကိုကို...။

''ရွှေ .. ရေတွေ သုတ်ပစ်''

ရင်ခွင်ထဲကို ကိုကို့ကိုယ်သင်းနံ့ပါသည့်မျက်နှာသုတ်ပဝါတစ်ထည် ပစ်ထွေးပစ်ဝင်လာသည်။ ကျောလယ်လောက်ရှိသည့်ဆံပင်ထဲမှာပါ ရေတွေစိုနေသဖြင့် ပခြုပ် ပဝါနဲ့ မျက်နှာနဲ့ရင်ဘတ်တွေ၊ ဆံပင်တွေပါ ကျွန်မ သွေ့သွားအောင်သုတ်လိုက်၏။

ဒါပေမယ့် ရေစိုနေတဲ့ပုံစံကတော့ ပျောက်ပျက်မသွားခဲ့ပါ။ အပြင်ကို ခွာလာခဲ့ကြလျှင် ရုံးဆင်းသွားပြီဖြစ်ပေမယ့် ယောကျ်ားတွေ တော်တော်များများသွားလာနေကြတာတွေရှိ၏။

ပခြုပ် ကို ကြည့်လည်းမကြည့်ရဲ၊ ကြည့်မိတဲ့လူတွေကလည်း ဘာအံ့တသြပုံတွေ မသိမသာ သိုဝှက်သွားခဲ့ပြီး ...

''မင်း ဟိုမှာ လက်ထောက်စာရင်းကိုင်လုပ်ရတာ အဆင်မပြေဘူး ဆိုရင် ဂမုန်းပွင့်မှာ အမျိုးသမီးဝတ်စုံနဲ့အသုံးအဆောင်ပစ္စည်းတွေ သပ်သပ်ရောင်းတဲ့ Brand ရှိတယ်၊ တိုးချဲ့ဖို့ လုံးဝစီတ်မဝင်စားခဲ့ပေမယ့် အခုခေတ်မှာ အမျိုးသမီးအသုံးအဆောင်တွေ အလှအပပစ္စည်းတွေ ကစားကွက်ကောင်းတာ အဲဒီမှာပေါ်လာတယ်၊ မင်းကို အဲဒီမှာ

www.burmeseclassic.com

www.burmeseclassic.com

"ကိုကို့ဆိုင်မှာ ပခြုံပိုက ထိုင်ရမှာလားဟင် ..."

"စာရေးမ လုပ်ရမှာ"

သေလိုက်စမ်း ရွေပခြုံ ...၊

ရင်ထဲမှာ ဘယ်ကခုန်ထလာမှန်းမသိသည့် အပူလုံးကြီးက ရင်ဘတ်နံရံတွေကို အားပြင်းစွာမစ်ဆောင့်နေသည်လား ...။

ရာဇသံ က ကားမောင်းနေရင်း ပခြုံပ် မျက်နှာဆီကို နည်းနည်းလေးမှ ငဲ့ကြည့်သည်မရှိ။

"ငါချည်းပဲဆိုရင် လုပ်ဖြစ်ဖို့မရှိဘူး၊ ဇေမီမီ အပြောကောင်းတာနဲ့ စမ်းကြည့်မယ်ဆိုပြီး ခြေလှမ်းစ,လိုက်တာ၊ နေရာတကာ ကိုယ်ပိုင်လုပ်ငန်းတွေနဲ့နေခဲ့ပေမယ့် အဲဒီမှာတော့ ဒေါ့ကို လွှဲထားတယ်လေ၊ မင့်သူ့စကားကိုနားထောင်ရမှာ၊ နောက်ပိုင်းမှာ မင်း တကယ် စိတ်ဝင်စားလာရင်တော့ ..."

"ပခြုံပ်ကို ကိုယ်ပိုင်မားကက်လေးတစ်ခုထောင်ပေးပါလား ကိုကို၊ ဘွဲ့ရပြီးတာနဲ့ အတော်ပဲ"

"အဲဒါ မင်းကြိုးစားလေ"

ရာဇသံ က ဖျတ်ခနဲလှည့်ကြည့်၏။ 'မင်းမို့ပြောထွက်တယ်' ဆိုသည့် အထင်မြင်သေးသောမျက်ဝန်းတွေက ပခြုံပ် တစ်ကိုယ်လုံးကို လေပူတိုက်လိုက်သလို ပူခနဲ ဖြာဆင်း၏။

ဒီနေရာကနေ စကားစပြတ်ကာ ရာဇသံ က သူ့သဘောနဲ့သူ စားသောက်ဆိုင်ကြီးတစ်ဆိုင်မှာရပ်၏။ ဆိုင်ထဲဝင်တာနဲ့ ညစာမှာတာ ပခြုံပ် ကို ဘာတစ်ခုမှမမေးဘဲ သူ့သဘောနဲ့ပဲ ပြီးဆုံးသွားခဲ့ပြီ။

"မင်းသိအောင်ပြောပြမယ်၊ ဒီအကြောင်းတွေကို .. အဲ .. ငါ့ရဲ့ ဘယ်အကြောင်းဖြစ်ဖြစ် မမယုတောင်မသိဘူး၊ မင်းကို ခုပြောမှာက နောင် ဘယ်တော့မှ မရှင်းရင်လို့ ..."

"ပခြုံပ် က ဘာတွေရှုပ်နေလို့လဲ ကိုကို"

"မင်း ငါ့ကို ပြန်မမေးနဲ့"

အော်ငေါက်ခံလိုက်ရတာလည်း စိတ်ဆိုးဖို့မေ့၏။ ရှေ့မှာ ခွေးခိုက်ကြည့်နေသည့်မျက်ဝန်း၊ အမိန့်တွေပေးနေသည့်နှုတ်ခမ်း၊ အရာခပ်သိမ်းဟာသည် ဒေါသမာနတွေပြည့်လျှမ်းနေသော ရာဇသံ ဆိုသည့်လူကိုယ်တိုင်ဟုတ်ခဲ့ဘဲ ပန်းချီကားတစ်ချပ်၊ ဒါမှမဟုတ် ဓာတ်ပုံတစ်ပုံသာဖြစ်ခဲ့ပါသည် ...

ပခြုံပ် တစ်နေကုန်ထိုင်ငေးနေမည်။ ဘေးပတ်ဝန်းကျင်မှာ ရှိသမျှသူ၊ ကား၊ ပစ္စည်းဥစ္စာတို့၏ လွှမ်းရှားမှုမှန်သမျှကလည်း သူမ အာရုံပဲ မရှိတော့မည်မထင်။

နှတ်သုခွါကဲ့သို့ အလှပြည့်ဝကောင်းမွန်သော စားစရာတွေ ရောက်သာပါစေ ..၊ စားဖြစ်ခြင်းသို့မရောက်ဘဲ အေးစက်ထုံထိုင်းသွားနိုင်၏။

သူမအတွက် ငွေလည်းမလို၊ ရွှေလည်းမလို၊ ကိုကို့ကိုသာ ပိုင်ဆိုင်လို၏။

"ချစ်တယ်ဆိုတာတွေကို ငါ မှန်းခဲ့မှားတယ်၊ ပြီးတော့ စာနာကြည့်ဖို့ကြိုးစားတယ်၊ နောက်ထပ် ဘယ်လိုမှ အကောင်းမမြင် အထင်မကြီးတဲ့ ငါ့ဒီသမားဖြစ်ခဲ့တာ ဒီနေ့ထိ"

ပခြုံပ် မျက်ဝန်းလေးတွေကို စိုက်ကြည့်ပြီး သူက တစ်လုံးချင်း ဆက်ပြောနေ၏။ နှစ်ယောက် မျက်နှာချင်းဆိုင်ထိုင်နေကြသော်လည်း ပြုံးရွှင်ကြည်နူးနေကြခြင်းမဟုတ်ဘဲ ရာဇသံ ဆိုသည့်ပုဂ္ဂိုလ်က နှလုံးသားတစ်ခုကို မီးလောင်တိုက်သွင်းပြီး အေးအေးလူလူထိုင်ကြည့်နေတာဖြစ်လေသည်။

"ငယ်ငယ်က ကိုယ့်ကို ချောတယ်ပြောရင် သဘောကျတယ်၊ ကောင်မလေးတွေ သဘောကောင်းကြတာကို 'ငါ့ကွ' လို့ လက်ခံလေးစားတယ်၊ ဒါပေမယ့် ကြာတော့ ရွံလာတယ်၊ အဲဒီအချိန်မှာ မင်းအမေရဲ့ တစ်ဖက်သတ်ကြိုးစားမှုတွေက အသားပေါ်ကို တစ်ချက်ချင်းကျနေတဲ့

www.burmeseclassic.com

www.burmeseclassic.com

မားခုတ်ရာတွေပဲ''

မေမေ ဆိုတော့ ဘာမှမသိမမြင်ခဲ့ရသည့် အတိတ်ကပုံရိပ်တစ်ခုကို ပီပြင်စေလိုဇောနှင့် ပခြုံပ် စိတ်မဝင်စားဘဲမနေနိုင်တော့ပေ။

သို့သော် အတိတ်တော့ အတိတ်ပဲပေမယ့် မေမေနဲ့သက်ဆိုင်သည့် အတိတ်က ထိုမျှသာပဲဖြစ်ကာ ...

''မင်းကို ငါမှရှိတုန်းမှာ အိမ်ကို ပို့လိုက်တာ''

''ဟင် ...''

''ငါ အိမ်ကိုပြန်ရောက်တော့ မင်း လေးနှစ်သမီးရှိနေပြီ''

စကားတစ်ခွန်းပြောရန် အလွန်ခဲယဉ်းစွာနေလျက် ပခြုံပ် ကိုဆို မျက်နှာသာတစ်ချက်မှမပေးခဲ့သော ရာဇသံသည် ဒါကိုသိပါရစေလို့ ပခြုံပ် ဟာ မမေးဝံ့ပေမယ့် ...

''မင်းနဲ့မင်းအမေကို ငါ ဘယ်လောက်ချွေသွားသလဲဆိုရင် မင်းကို သံယောဇဉ်ဖြစ်နေတဲ့မေမေက ငါက မင်းအပေါ်မှာ ရက်စက်တယ်ဆိုပြီး တစ်နှစ်လုံးလုံး စကားမပြောဘူး၊ နောက်ထပ် နှစ်ဝက်မှာ မေမေ ဆုံးသွားတယ်၊ မေမေ ဆုံးတာကိုတောင် နမြော်ပူဆွေးရမှန်းမသိလောက်အောင် ငါ့ရင်ဘတ်ထဲမှာ ထိချက်ပြင်းခဲ့တယ်၊ အဲဒါ အမုန်းတရားတွေပဲ''

''မေမေက ပခြုံပ်ကို ဘာဖြစ်လို့ ကိုကိုကိုလာပေးသွားတာလဲဟင်...''

''အဟွန်း .. အဲဒီအဖြေကို ငါ ဖြေစရာလိုလို့လား ...''

''ဟင် ...''

ရီဝေနေသလား ..၊ ဝူးရဲ့ပူလောင်နေသလား ..၊ နှစ်ရပ်စလုံးပဲလား ရာဇသံ စိုက်ကြည့်လိုက်သည့်မျက်လုံးတွေကို စေခွဲမရနိုင်။

ထို့ပြင် ဘာအဓိပ္ပာယ်နဲ့ပြောလိုက်တာမှန်းလည်းမသိ၊ ပခြုံပ် က ဒီအဖြေကို ကိုယ့်ဘာသာသိနိုင်စွမ်းပါ့မလား ...။

''ပြောချင်တာကို လိုရင်းကိုမရောက်တော့ဘူး၊ ဒီမှာ .. ငါ ဖေ့ကိုလဲ မဆက်သွယ်ဘူး၊ မေမေ့ဥပေက္ခာကိုလဲ ဂရုမစိုက်ခဲ့ဘဲ ကိုယ့်ခွန်

အားနဲ့ကိုယ် မိတ်ဆွေကောင်းရှာတယ်၊ လုပ်ငန်းတစ်ခုပေါ်မှာ မှီတွယ်နိုင်ဖို့ ကြိုးစားတယ်၊ အဲဒီကနေ လုပ်ငန်းရှင်ဆိုတဲ့ဘဝကိုပိုင်ဆိုင်ခဲ့တာ၊ အဲဒီတော့ မင်းမှာ မာနရှိတာယ်ဆိုရင် ကြိုးစားဖို့ပဲပြင်ထား၊ ဘဝဆိုတာ ကလေးကစားစရာမဟုတ်ဘူး၊ လူရယ်လို့ဖြစ်ခဲ့ကြတာမှာ သံယောဇဉ်ဆိုတာ ရှိခဲ့ကြပေမယ့် ချစ်ကြဖို့အဓိကနဲ့ ပြီးသွားမှာမဟုတ်ဘူး၊ မင်းရင်ထဲမှာ တချစ်ခွန်းမြည်သံထွက်အောင် ချစ်နေတာရှိရင်လဲ ဒီလိုအချစ်တွေရဲ့ပိုင်ရှင်ဖြစ်တဲ့အတွက် မင်းဘဝမှာ ဘာမှတိုးတက်ပြောင်းလဲလာဖို့မရှိဘူး''

''ပခြုံပ် သိပါပြီ ကိုကို၊ ကိုကို့ကို နောက်ထပ် စီးပွား၊ လုပ်ငန်းဘာဖြစ်ဖြစ် ထူထောင်ပေးဖို့ မပြောတော့ပါဘူး''

''ဟုတ်တယ်၊ မင်း ဒီတိုင်းသွားလဲ လက်ထောက်စာရင်းကိုင်ဆိုတော့ ရာထူးတက်လဲဘဲမှာပါ၊ ငါ့အလုပ်ကိုမှစိတ်မဝင်စားတာ ဆိုရင်တော့ မင်း ခေ့ရဲ့တစ်သြဇာအောက်မှာ သူ့စိတ်တိုင်းကျနေရမှာပဲ၊ ဘယ်သူက မြင့်တဲ့နေရာကနေဆင်းပြီး အနိမ့်ကိုလာမှာလဲ''

''ပခြုံပ် လာမှာပါ''

''ဘာ ...''

''ကိုကို့အလုပ်ထဲမှာပဲ ပခြုံပ် လုပ်ချင်တယ်''

''မင်း ...''

''အဲဒါက ပိုသိက္ခာရှိတယ်ထင်လို့ပါ''

ရာဇသံ မျက်နှာမှာ အေးစက်သည့်အပြုံးရိပ် ထင်သွား၏။

အဲဒါကြောင့်ပြောတာ ပခြုံပ် ..၊ 'မင်း မောက်တယ်' .....

www.burmeseclassic.com

www.burmeseclassic.com

အားလုံးကို မော့မကြည့်ဘဲ သူက လွယ်အိတ်ထဲကလက်ကိုင်ပဝါ ဆုတ်ယူကာ နှာခေါင်းကို ဖိအုပ်ထားလိုက်ပြီး "ရတယ်" တွင်တွင်ပြောချ ထွက်သွားလေသည်။

အားလုံးက စိတ်မကောင်းဘဲ တကြည့်ကြည့်ကျန်ရစ်ခဲ့ကြ၏။ ပခြုပ်ကတော့ လူတွေကြားထဲရောက်နေပေမယ့် ရပ်ကျန်မနေခဲ့ပါ။

"ရွက်လွှင့်"

ခေါ်ရင်း နောက်ကပြေးလိုက်၏။

"ရွက်လွှင့် နေဦး၊ ဘယ်လိုဖြစ်သွားတာလဲ အဲဒါ ..."

သူ ရပ်နေပြီး ပြန်လှည့်ကြည့်လိုက်တော့ လူတွေမရှိတော့ပါ။

"မျက်နှာကြီးရောင်နေတဲ့ဥစ္စာ .. ဆေးခန်း ခဏဝင်ပြီး ဆေးထည့်ရင်း နားလိုက်ပါလား၊ ပုံစံက လူကို မတွေ့ချင်လို့ရောင်ထွက်သွားတဲ့ အတိုင်းပဲ"

"ဟုတ်တယ်"

"ဟင် .. ဘယ်လို ..."

တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်ရပ်မိကြလျှင် ရွက်လွှင့် ဘာ ဖော်ရွေသည့်အပြုံးနှင့် ...

"တကယ်ပြောတာ၊ လှတဲ့ကောင်မလေးရေ့မှာ သူများထိုးကြိတ်တာ လိုမ်ခံနေရတာ ဘယ်လောက်ရှက်စရာကောင်းသလဲ၊ ကြည့်လေ .. အရမ်းလှနေတာကို ..."

မျက်နှာကြီးကိုမေးထိုးပြ၍ သူ့ဘာသာ ရယ်သေးသူည်။ ပခြုပ်က သူ ပွင့်လင်းတာကို သဘောကျပြီး ရယ်သည်။ ပြီးတော့ ဟီဇယ်အကို့ပုံမှာ ခါးပတ်နက်လေးနှင့်တွဲချိတ်ထားသည့် လေးထောင့်အိတ်ပြားလေးကို ဖြုတ်ယူ၏။

"ရော့ .. စနိုးတာဝါလိုပဲ .. မွေးတယ် အေးတယ်"

"ဟင် .. စာအုပ်လေးမဟုတ်ဘူးလား"

အခန်း (၁၈)

"ဟယ် .. လာကြပါဦး၊ ဟိုမှာ လူကိုရိုက်နှက်ပြီး ဝိုင်းလုနေကြတယ်၊ ကယ်ကြပါဦးရှင်"

မြင်ကွင်းထဲမှာ ရွက်လွှင့် မရှုမလှခံနေရတာကိုမြင်လိုက်တာနှင့် ပခြုပ် ပတ်ဝန်းကျင်ကို တအားအော်ပစ်လိုက်သည်။ လူတွေ ပြေးလွှားရောက်လာကြတော့ လူမိုက်သုံးယောက် ခလုတ်တိုက်အောင်ပြေးကြ၏။

ဒါပေမယ့် ကျန်ခဲ့တဲ့လူမှာ နှာခေါင်းထဲကသွေးစုနှင့် ပါးရိုးတစ်ဖက် ရောင်ကိုင်းနေ၏။ မြေပြင်မှာ ဒီတိုင်းပုံကျနေသည့်လွယ်အိတ်ကို သူ ပြန် ကောက်ပြီးလွယ်စဉ် အနားမှာ လူတွေဝိုင်းလာကြသည်။

"ဘာလဲ ညီလေး၊ ဘာဖြစ်သွားလဲ"

"ဘာတွေပါသွားသလဲ"

"တောက် .. ဒီကောင်တွေ ကားပေါ်တက်ပြေးသွားကြပြီ"

"ဘာမှ ပါမသွားပါဘူး၊ ရပါတယ်"

"ဟာ .. သွေးက မတိတ်ဘူးလား"

"ရတယ် .. ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

ရွှက်လွှင့် က လှမ်းယူပြီး သုံးလက်မအရှည်လောက်ရှိသည့် အိတ်ပုံစံ စာအုပ်လေးကိုဖွင့်ကြည့်၏။ အထဲမှာ အစိမ်းရောင်သမ်းနေသည့်အရိပ် လေးတွေပြေးနေသလို အံကောင်းစားတစ်သျှူးတွေကို အထပ်လိုက် တွေ့ရ၏။

"ဒုတ်တော်ကောင်းတာပဲ၊ မတွေ့ဖူးဘူး"

"ဘယ်တွေ့ဖူးမလဲ၊ ကိုယ့်ဘာသာလုပ်ထားတာကို"

"ဟင် .. တကယ် ..!"

"ဟုတ်တယ်၊ စာအုပ်လေးက မွေးနေ့မှာ သူငယ်ချင်း လက်ဆောင် ပေးထားတာ၊ အထဲမှာ ကိုယ့်ဘာသာစိမ်ထားတဲ့တစ်သျှူးလေးတွေ ထည့်ထားတာကတော့ အိုင်ဒီယာချုပ်ပေါ့နော်"

"တော်ပါဗျာ"

"အဟွန်း .. နေလောင်ခံခရင်မဲနဲ့လိမ်းပြီး ရေခဲနဲ့ပေါင်းထားတာ၊ ပြီးမှ မီးပူလေးတင်ပြီး ချက်ချင်းသိမ်းထည့်လိုက်တော့ အသေးဓာတ်က ပျောက် သွားတဲ့အထိမဖြစ်ဘဲ အဲဒီလိုပေါ့ ..."

"တကယ်ပါ ... အရမ်းတော်တာပဲ၊ ရော့ .. ကိုယ်က ရပါတယ်"

"ဟင် ..."

ရွှက်လွှင့် က ခေါင်းခါ၍ တစ်သျှူးအိတ်လေးကို ပြန်ပေးသည်။

"ဒီမျက်နှာကြီးက ကြမ်းပြီးသား .. ၊ ကိုယ် ဆယ့်သုံးနှစ်သား လောက်ကတည်းက လမ်းပေါ်မှာ ဒီလိုပဲ၊ ကိုယ်က ဦးရင်ဆော်လိုက်၊ နာတာကျင်တာတွေက မဆန်းတော့ဘူး"

"မဆန်းပေမယ့် အကြာကြီးနာနေမယ့်ဟာ ခဏနဲ့ပျောက်တာပေါ့၊ လာပါ .. ၊ ဟိုကားမှတ်တိုင်မှာထိုင်ရအောင်၊ ပခြုပ် လုပ်ပေးမယ်"

"နေပါစေဆို ..."

"အို .. မရပါဘူး"

ပခြုပ် သူ့ကို သံယောဇဉ်ဖြစ်နေပါပြီ။ အလုပ်ကအပြန် အိမ်ကိုပဲ

ဆောဆောပြန်ပြီး ရေချိုးအနားယူဖို့ဟာ ခုတော့ နားဖို့အတွက်ကိုမေ့သွားခဲ့ပြီ။

အလုပ်ထဲမှာ အဆင်မပြေခဲ့သမျှ စိတ်ဆင်းရဲခြင်းအားလုံးက ခုကျမှ ပြေသွားသလိုလို .. ၊ ကားမှတ်တိုင်ကုက္ကိုပင်ကြီးအောက်မှာ လူထိုင်လို့ ရအောင် ပင်စည်ပြတ်တွေ လေး၊ ငါးခုချထားခြင်းဖြစ်သည်။

ဘာပဲဖြစ်ဖြစ် နီးနီးကပ်ထားသည့် သစ်လုံးနှစ်လုံးမှာ မျက်နှာချင်း ဆိုင်ကာ ...

"ဒါကို နှစ်ခုထပ်ပြီး ပါးရိုးမှာကပ်ထားလိုက် အေးနေလိမ့်မယ်၊ ပြီးရင် နွေးလာရော"

ပခြုပ် က သူမကိုယ်တိုင် တစ်သျှူးထုတ်ပေးကာ သူမကတော့ သက်ကိုင်ပဝါလေးကို ပါးစပ်မှာကပ်၍ ပါးလေးနှစ်ဖက်ဖောင်းနေအောင် လေမှုတ်သည်။ ထို့နောက် ...

"ဘာလုပ်မလို့လဲ ပခြုပ်၊ ဟာ .. နေပါစေ ရတယ်၊ လမ်းဘေးကြီး ခုကွာ ..."

"အို .. လူတွေရှုပ်နေတာမှမဟုတ်တာ၊ လာပါ .. ပခြုပ်တို့က ရိုးရိုးသားသားဥစ္စာ .."

"မဟုတ်တာကွာ၊ လူကြားထဲမှာ မောင်နှမ၊ သားအဖ တွဲလျှောက် ရင်တောင် မသိရင် အပြောအဆိုခံရသေးတယ်၊ မင်းအတွက် အန္တရာယ်ရှိ ဘယ်၊ အဲဒါ ကိုယ့်ကိုပေး"

ရွှက်လွှင့်ကို ပခြုပ် လေးစားသွားမိသည်။ မျက်နှာကတော့ အရက် ရှိန်ရှိနေသည့်အခါ ဖောင်းနေသလိုလို .. ၊ နီနေသလိုလို .. ၊ အဆီပြန်နေ ဆော့ ပို၍မုန်းစရာဖြစ်၏။

ဒါပေမယ့် နောက်ပိုင်း ရိုးသားစွာတွေ့ဆုံကြသည့်အချိန်တွေမှာ ဒီလူ ဟာ အရက်သမားပါလို့ပြောရင် ဘယ်သူယုံမှာလဲ ...။

စကားပြောတာ ရည်မွန်သည်။ စိတ်သဘောထားပြည့်ဝ၏။ ဇာပနချာ ကြည့်တော့ ရယ်ပြုံးလိုက်တိုင်း ခင်မင်ဖို့ကောင်းတဲ့မျက်နှာပေးဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com

ငါတို့ခေါင်းတွေ သုံးချက်စီချုပ်လိုက်ရတယ်၊ အဲဒါ မင်းကို မကျေနပ်လို့ ကမ္ဘာပတ်ရှာနေတာ ဒီနေ့ဆို နာရီပေါင်းတွက်ကြည့် ...''

ဘာတွေပြောသွားမှန်းမသိပါ။ သရုပ်ပြပွဲဆိုတာရယ် ...၊ ငွေမက်တယ်ဆိုသည့်စကားရယ်ကို တွက်ကြည့်လျှင် ဒါ တစ်ယောက်ယောက်က ငွေပေးခိုင်းတာဖြစ်နိုင်၏။

ဒါ အမှန်ဆိုလျှင် ပခြုပ်ကို ဒုက္ခပေးဖို့သက်သက်လား၊ ပြန်ပေးဆွဲချင်တာလား၊ သူ့ခေါင်းထဲမှာ မေးခွန်းတွေဖြစ်နေတုန်း လက်သီးချက်တွေ ဝင်လာခဲ့သည်။

အသားနာနေတာတောင် ပခြုပ်အတွက် အန္တရာယ်ကြီးနေသည်လားလို့ တွေးမိနေတာက ပျောက်မသွားခဲ့သည်မို့ သူမှာ ခံပြီးရင်းခံ ...။

''ရွက်လွှင့်''

''ဟင် ..''

''ပြီးစိမ်းနဲ့ဘာငိုင်သွားတာလဲ၊ ရယ်စရာပြောမလို့လား၊ ကြေကွဲစရာလား''

''မဟုတ်ပါဘူး၊ ကိုယ်လဲမသိလို့စဉ်းစားနေတာ၊ သူတို့က မင်းကို ဗလက္ကာယပြုချင်တာမျိုးမဟုတ်ဘူးထင်တယ်''

''ဟင် .. ဘယ်လို ...''

ရွက်လွှင့် ခေါင်းခါပြလိုက်သည်။ ပခြုပ်လည်း သူ့ထက်ပိုသိမှာ မဟုတ်တာကိုတွေးမိ၍ဖြစ်သည်။

မထူးနိုင်သည့်ကိစ္စတစ်ခုကို တစ်ဖက်မှာ ထိတ်လန့်သွားတာပဲ အဖတ်တင်ရင် ဘာလုပ်မှာလဲ။

''မဟုတ်ပါဘူး၊ သူတို့က စပြီးမှတ်မိလို့ ကိုယ့်ရှေ့မှာပြောသွားတာ၊ သူတို့ခေါင်းကွဲသွားတယ်တဲ့''

''ဩော် .. ဒီလောက်သွေးသံရဲရဲဖြစ်သွားတာ မကွဲဘဲနေပါ့မလား''

ပြန်သည်။

''ဘာဖြစ်လို့ရန်ဖြစ်ကြတာလဲဟင် ...၊ ပခြုပ်လိုမျိုး အမြင်မတော်လို့ ဟီးရိုးဝင်လုပ်ရင်းနဲ့လား ...''

''ဟုတ်တော့ဟုတ်တယ်၊ ဒါပေမယ့် မဟုတ်ဘူး''

သူပြောပုံကို ပခြုပ် က ရယ်လိုက်ပြီး ထိုဝိရင်းကနေ လက်လေးပိုက်၍ ...

''နောက်ကို သတိထားပေါ့၊ ကိုယ်နိုင်မယ့်အရည်မမြင်ရင် ပတ်ဝန်းကျင်ကိုလှုံ့ဆော်ပေးလိုက် ပြီးတာပဲ၊ ဒါမှမဟုတ်လဲ ပခြုပ် တုန်းကလို တုတ်တစ်ချောင်းတော့ကိုင်ထား''

သူ့မျက်နှာမှာလည်း ပြုံးယောင်သမ်းလာကာ ...

''ဟုတ်တယ်၊ ဒါပေမယ့် အဲဒီလို နေရာတကာတော့ဝင်မပါတတ်ပါဘူး၊ ကိုယ်က ဖိုက်တင်မကျွမ်းဘူးလေ''

''ဒါပေမယ့် ပခြုပ်နဲ့သိမှ နှစ်ခါရှိပြီ''

''တစ်ခါတည်းပါ''

''ဟင် ...''

''အဲဒီသုံးယောက်ထဲက နှစ်ယောက်ကို မင်း မမြင်လိုက်လို့ ..၊ သူတို့က မင်းကိုနောင့်ယှက်တဲ့ကောင်တွေ''

''ဟုတ်လား''

''ကိုယ်တောင်မမှတ်မိဘူး၊ သူတို့ကိုယ်တိုင် မကျေနပ်သံတွေထွက်လာတာ''

ပြောပြီး ကြက်သီးထဟန်နှင့်ပခုံးတွန့်၏။ ကြားတုန်းက သူ အံ့သြသွားတာ အမှန်ပင်။

''ငါတို့က ငွေမက်ပေမယ့် မိန်းမတစ်ယောက်ကို အဲဒီလောက် ရုပ်ပျက်ဆင်းပျက် မက်မောတဲ့ကောင်တွေမဟုတ်ဘူးကွ၊ ဟွန်း .. ငါတို့ရဲ့ သရုပ်ပြပွဲကို မင်းက အလစ်မှာ ဟီးရိုးဝင်လုပ်သွားတော့

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်နော်၊ မင်း အချိန်မီမအော်နိုင်ရင် ကိုယ်လဲ ဒီစခန်းသွား မှာပဲထင်တယ်"

နှစ်ယောက်သား ရယ်မိကြသည်။ ကားစောင့်နေသည့် လူ တစ် ယောက်စ နှစ်ယောက်စ ရောက်လာပြီး သူတို့ကို ပြောင်ပြောင်ပဲကြည့် နေကြသည်။

ကြည့်ပါစေ ..၊ ပခြုပ် က ဂရုမစိုက်ပါ။

"ပါးရိုးမှာ အရောင်ကျသွားပြီ တွေ့လား၊ သွေးလဲတိတ်သွားပြီ"

"ကျေးဇူးတွေ အရမ်းတင်ပါတယ်၊ အရမ်းပါပဲ"

ပခြုပ် ရယ်နေတာကို သူ ငေးကြည့်မိသည်။ လှလိုက်တာ ကောင်မ လေး ..ယ် ...။ ချစ်တဲ့စိတ်ဟာ နိမ့်တာမြင့်တာကိုလည်း မကြည့်၊ သူ လှတာ၊ ကိုယ်မချောတာတွေလည်းမမြင်၊ ကောင်မလေးက ကြိုက်ပါ့ မလားဆိုတဲ့တွေးစိတ်ပါးပါးလေးရဲ့အောက်မှာ ခိုင်ခံ့ထူထဲစွာ ကိန်းအောင်း ဖြစ်တည်နေခဲ့၏။

တမင်တကာ လုပ်ယူဖန်တီးခဲ့တာ တစ်ခုမှမပါခဲ့တာမို့ ဘယ်လိုလုပ် မလဲ ...။

"ရွက်လွှင့်ကို တစ်ခုမေးချင်တယ်"

"ဘာမေးမှာလဲ ..၊ မေးလေ"

"တစ်မျိုးမထင်နဲ့နော်၊ ဟို .. ရှင့်ပုံစံကြည့်ရတာ ရည်မွန်ယဉ်ကျေး တဲ့သူပါ၊ ခပ်နိုနိုမို့အဆင့်အတန်းထဲက သောက်စားသွားလာနေတဲ့လူပုံစံ မပေါက်ဘူး"

ရွက်လွှင့် က ရယ်သည်။ ခုမှ သတိရသွားသလိုမျိုး ရှိုးတိုးရှုန်းတန် ဖြစ်သွားသည့်မျက်ဝန်းများနှင့် ခပ်ပွပွဆံပင်ကို တစ်ချက်သပ်၏။

"ဒါပေမယ့် ရှင်က အရက်သောက်နေတာလဲမြင်နေရတော့ ..."

"ပြောပါ၊ ပစ်တင်လိုက် .. ဆွဲချလိုက်၊ ငယ်ငယ်တည်းက ကိုယ်ကလဲ မိုးပျံရထားစီးပြီး ကြိုးပြင်းခဲ့တာ"

"အဟွန်း .. တကယ်ပြောတာ၊ ဖခြုပ် က ရွက်လွှင့်ကို အဲဒီလိုကြီး ဖြစ်စေချင်လို့ ..."

"ဘယ်လိုကြီးလဲ"

"လူကောင်းပဲဟာ .. ကောင်းအောင်နေပေါ့"

"အရက်မသောက်ဖို့ပြောနေတာလား"

"ပြောလို့ရရင်တော့ ပြောချင်တာ အမှန်ပဲ၊ ဒါပေမယ့် ဒါမျိုးက ဆရာ လုပ်ဆင့်တဲ့ကိစ္စလဲမဟုတ်ဘူး"

"လုပ်လို့ရပါတယ်၊ ကိုယ့်မှာလဲ ဆရာလိုနေတာဥစ္စာ .."

"တကယ်လား..၊ ပခြုပ် ပြောတာကို နားထောင်မှာလားဟင်..."

"တစ်ခုပြန်မေးမယ်"

"ဟင် .. ပြော ..."

သူက စကားကို ပြောသင့် မပြောသင့် ချင့်ချိန်နေသလို ကြပ်ထုပ် ကိုင်နေသည့် လက်ကိုင်ပဝါလေးကို လက်ဖဝါးနှစ်ဖက်ထဲမှာ ဖိညှပ်ထား ခဏငြိမ်သွား၏။

"ရုပ်ရှင်ဇာတ်လမ်းထဲမှာ အစ်ခါကြည့်ဖူးတယ်၊ ရွာတစ်ရွာက ကြောင်ပကြီးလေ .. သူက မိန်းကလေးကို အရမ်းကိုခင်သွားတာ၊ မိန်းကလေးကလဲခင်တယ်၊ ဒါပေမယ့် သူက မြို့ကြီးသူ၊ နောက်ကျတော့ ကြီးရဲ့ရင်ထဲမှာ မရိုးသားမှုတွေဖြစ်ခဲ့တယ်"

ရွက်လွှင့် မျက်ဝန်းတွေက စူးရဲနေသဖြင့် ရိုးသားစွာနားထောင်နေပေ မယ့် ပခြုပ် မျက်နှာလေး မသိမသာလွှဲမိ၏။ ဘာကိုပြောချင်တာလဲဆို တာတော့ မှန်းကြည့်လို့မရပေ။

"မိန်းကလေးက အဲဒီလိုမဟုတ်ခဲ့ဘဲ သူ့ကို ရူးတူးတူးပေါတော ထားပုံစံတွေမျောက်ပြီး သူများအခိုင်းခံဘဝကလွတ်အောင် ရွေ ဘယ် သောက်ရအောင်ကြိုးစား၊ ငွေ ဘယ်လိုစု၊ ဘာညာ နေမှထိုင်မှကားစ မိန်းပြကူညီခဲ့တယ်၊ အားလုံးဖြစ်မြောက်လာတော့မှကွာ ..."

www.burmeseclassic.com

www.burmeseclassic.com

ရွက်လွင့် မျက်နှာမှာ တည်ကြည်ခြင်းတွေဖြစ်လျက် ပခြုံပ် မျက်နှာထဲက်ကအကြည့်ကို တခြားသို့လွှဲပြောင်းသွားခဲ့ပြီး ...

"မိန်းကလေးက လက်ပြထားရစ်ခဲ့တယ်"

အဆုံးသတ်ပြောပြီးမှ သူ ပခြုံပ်ဘက်ကို ပြန်လှည့်၍ ...

"ရသောက်ချင်နေတဲ့လူကို ပူးသလက်သွားကျွေးထောလဲ အားဖြစ်လာမှာမဟုတ်ဘာ၊ အဲဒီအဖြစ်ကို မင်း တွေးကြည့်ပါဦး၊ တစ်ယောက်ကလဲ စေတနာသန့်သန့်နဲ့ကူညီခဲ့တယ်၊ နာခံတဲ့လူကလဲ အင်တိုက်အားကိုက် စိတ်ရောကိုယ်ပါ လိုက်နာကြိုးစားခဲ့တယ်၊ ဒါပေမယ့် ဘာမှအရာမထင်ဘဲဖြစ်ကုန်တာက မိန်းကလေး ပြန်သွားပြီး သိပ်မကြာခင် ပွကြီးက လွှမ်းတဲ့စိတ်နဲ့ပဲ ဆုံးသွားတယ်"

"အဲဒါတွေ ပခြုံပ် ကြားဖူးပါတယ်၊ ရှင့်လိုပဲ ကြုံဖူး ကြည့်ဖူးတာလဲ ရှိတယ်၊ ဒါပေမယ့် ရှင်က ပွကြီးလောက် အိုဗာဖြစ်နေတဲ့အဆင့်မဟုတ်ဘူးလေ၊ ပခြုံပ် ကလဲ ဟိုမိန်းကလေးလို အရမ်းဖိအားပေးပြီး ရှင့်ကို ပြောင်းလဲစေမှယ်သူမဟုတ်ဘူး၊ မဆိုင်တာတွေ ရွက်လွင့်ရယ်..."

"မဆိုင်တဲ့သူချင်းပါပဲ၊ ဒါမေမေယ့် သံယောဇဉ်ဆိုတာ ရှိတယ်"

"ရွက်လွင့် ပြောချင်တာကို တည့်တည့်ပြောလေ၊ ပခြုံပ်ကို ရှင့်မရိုး သားစွာခင်တဲ့အကြောင်း ..."

"ဖြစ်ခဲ့ဖူးတဲ့အကြောင်းတွေပါ၊ မင်း မေလိုက်ပါ ပခြုံပ်ရာ၊ ကိုယ် ဘာမှမပြောခဲ့ဘူးလို့ပဲထားလိုက်၊ အရက်မသောက်ဖြစ်တာလဲကြာပါပြီ၊ မင်းနဲ့ ဒုတိယတစ်ခါဆုံဖြစ်ခဲ့ပြီးတဲ့နောက် ထင်တယ်၊ မသောက်ရမနေနိုင် အောင်ချိုးကပ်နေတဲ့အဆင့်မရောက်သေးတော့ မသောက်ဘဲနေလိုက်ရမှာ သိပ်မခက်ခဲပါဘူး၊ ပြီးတော့ ကိုယ် အရက်သောက်ခဲ့တာက..."

အကြောင်းရှိခဲ့လို့ပါလို့ စ,လိုက်မိလျှင် ဒီအစကို အဆုံးထိ ဆွဲထုတ်တော့မည်။ မစတာပဲအကောင်းဆုံးလို့သတ်မှတ်၍ သူ ပါးစပ်ပြန်ပိတ်လိုက်သည်။

"အဆင့်အတန်းပဲ နေမှာပေါ့နော်၊ ကိုယ်က လမ်းပေါ်မှာပဲနေတော့ အရက်သမားဖြစ်သွားတာ သဘာဝကျပါတယ်"

ဟုတ်တော့မလိုလိုနှင့်အဖျားရှူးသွားသည့် ရွက်လွင့် စကားကို ပခြုံပ်က ဘဝင်မကျပေ။ တစ်ခုခုကို ဖုံးကွယ်ထားသလိုလို၊ နာကျင်စရာအကြောင်းတွေရှိခဲ့သလိုလို ...၊

မျက်နှာမှာလည်း ဘာကိုမှ ဆုပ်ဖမ်းကြည့်လို့မရဘဲဖြစ်နေ၏။

ရွက်လွင့်သည် သူ့ကိုယ်သူ အရက်သမားပါလို့ ဝန်ခံခဲ့တာပဲရှိကာ ဘယ်အဆင့်အတန်း ဘယ်လိုအခြေအနေဆိုတာကို တမင်နှိမ့်ချပြောခဲ့တာလည်းမရှိ၊ ကြွားဝါးပြောတာမျိုးလည်း မကြားဖူးပါ။

ဒါတွေ မေးမြန်းရင်းနှီးရလောက်အောင်လည်း ခင်ခင်ကာဆုံဖြစ်ပေမယ့် စကားကြာရှည်စွာပြောရတာ ဒီတစ်ခါ ပထမဆုံး ...၊

တကယ်ဆို သိပ်မချောပေမယ့် ရည်မွန်သန့်ပြန့်တဲ့ရုပ်သွင်နှင့်ပါ။ စကားအကောင်းပြောနေလျှင် လူရည်မွန် လူတော်လူကောင်းဖြစ်သွားဘာ်ပြီး အရက်သောက်ထားသည့်မျက်နှာကျတော့ အရက်သမားပဲဖြစ်၏။ ဒီလူကို ဘယ်လိုအကဲခတ်လို့မှမရ။

လောလောဆယ် ပြောနေတာတွေကရော မရိုးသားစကားတွေဖြစ်နေလျက်နှင့်ရိုးသားသလို မျက်နှာကြည့်၍ တည့်တည့်ကြီးပြောခဲ့သည်။

ပြီးတော့ မေလိုက်ပါ တဲ့ ...၊ မေဖို့ မုန်းဖို့အတွက် ဘာမှရှိမနေခဲ့သည့်ရင်ထဲမှာ ဒီစကားတွေကြောင့် လှုပ်ရှားမှုတစ်စုံတစ်ရာမှ ဖြစ်မသွားခဲ့ပါ။

ဒါပေမယ့် စိတ်ဝင်စားမိခြင်းသည် စကားတွေကိုပဲလား ...၊ လူကိုသား ... တစ်ခုခုဖြစ်နိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၉)

"အဆင်ပြေလား"

"ကိုကို .."

"ဟော .. ပေါ်တော်မူကြီး"

မိန်းကလေးနှစ်ယောက်၏ အုံဩသောမျက်နှာတွေလှည့်လာတော့ ပခြုပ် က သူ့ရှေ့နားမှာဖြစ်၏။ ဒါပေမယ့် ဝမ်းသာအားရပြုံးနေသည့် မျက်နှာလေးကို တစ်ချက်ကြည့်၍ အသိအမှတ်ပြုပေးလိုက်သည်က မျက်ခုံးနှစ်ဖက်အနည်းငယ်ပင့်၍ဖြစ်သည်။

ခြေလှမ်းတွေက သူမကိုကျော်၍ ဧမိမိ တို့ဆီသို့ ...

"ငင်းကိုမေးတာပေါ့ကွ၊ ကိုယ့်ညီမကို ပြောဆိုကောင်းရဲလား .။ နိုင်းလို့အဆင်ပြေရဲလားလို့ ..."

"မဆိုးပါဘူး၊ သူက တော်ပါတယ်"

ပခြုပ် အသည်းငယ်တတ်သူမဟုတ်ပါ၊ ဒါပေမယ့် မျက်ရည်တွေ ဝဲ ခနဲပြည့်တက်လာ၏။

ချဖို့အထည်တွေရွေးနေသည်လက်က တုန်ယင်နေခဲ့သည်။

"သမီး"

ပုဆစ်တုပ်ထိုင်နေသည့်ရှေ့မှာ ဆွဲခြင်းနှင့်ပါတိတ်ထဘီ၏ ခြေသလုံးပိုင်းက ဝင့်လာ၏။ မော့ကြည့်လိုက်တော့ ကြီးမေ ...။

"ကြီးမေ ပါလာတယ်"

"အေး ... ညည်း နေကောင်းရဲ့လား"

"ဟုတ်ကဲ့"

ဒေါ်ယုကြည် အားလုံးကိုမြင်ပါသည်။ ကြားလည်းကြားသည်။ ကိုယ်က မမွေးပေမယ့် ကိုယ် ကျွေးမွေးခဲ့ရသည့်ကလေးမို့ သမီးလေးပါပဲ။ လက်ကဆွဲခြင်းကိုချလိုက်ကာ ပခြုပ်ရဲ့ဘေးမှာပဲ ပိတိုကြားပြားကြီးထိုင်လိုက်၏။ သူမ လုပ်နေရှာသည့်အလုပ်တွေက မြင်ရက်စရာမရှိ။

"ဒါတွေက ဘာလုပ်ဖို့လဲ"

"နှစ်ကူးမှာချမယ့်အထည်တွေ .."

ကြီးမေ မျက်ဝန်းတွေကို မော့ကြည့်လိုက်မိကတည်းက လှိုက်ခနဲ ပူလောင်သွားသည့်ရင်ထဲမှာ ဘယ်လိုမှထိန်းလို့မရတော့ပါ။ ခေါင်းငုံ့ပစ်ခဲ့ပေမယ့် မျက်ရည်စက်တွေက ခုန်ပေါက်ဆင်းကုန်ကြသည်။ ကြီးမေ ဆိုင်ကိုလိုက်လာကာမှ ဘာဖြစ်လို့ငိုချင်မှန်းမသိ။

ဒေါ်ယုကြည် ပင့်သက်ရှိုက်လိုက်ရင်း အထည်စင်တွေကာနေ၍ မမြင်ရပေမယ့် ကြားနေရသည့်ရယ်သံတွေဆီ ခေါင်းထောင်ကြည့်မိ၏။ ပြီးမှ ပခြုပ်ဆီ မျက်လုံးပြန်ရောက်လျက် ...

"အလုပ်လုပ်နေရင် စိတ်ကို တစ်စိတ်ပဲထားပါအေ .။ ငါ ညည်းကို ဒီထက် ဘာမှမပြောချင်ဘူး၊ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို စိတ်ဆင်းရဲခံနေရတာလဲ"

"ကြီးမေရယ် .. ပခြုပ် ..."

"ရွှေပခြုပ် နင့်ကို မမ လုမ်းကြည့်နေတယ်ဟ၊ ဧည့်သည်တွေ ပြန်သွားရင် ဆူဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com

စကားပြောတဲ့နေရာကို ဆပ်ဝင်တိုတိုကောင်မလေးတစ်ယောက် လှစ်ခနဲကပ်လာပြီး ပခြုပ်ကို တိုးတိုးလေးသတိပေးသွားသည်။

"ဘာဖြစ်လို့လဲ ... ညည်းကို ရာဇသုံညီမမှန်း မသိလို့လား"

"ကိုကိုက ပြောမထားဘူး"

"ဟင် .. ဒါဆို ခုနက ငါညီမလို့မေးလိုက်တာပဲ"

ပခြုပ် ခေါင်းလေးခါ၍ မျက်ရည်သုတ်သည်။

"ပခြုပ် မသိဘူး"

ငိုသံလေးနှင့်ပြောတာကို မကြားရက်ပါ။ ရွှေပခြုပ် ဆိုသည့် မိန်းကလေးဟာ ရာဇသံနှင့်ထိပ်တိုက်မဆုံစည်းမိအထိ အလွန်သွက်လက်လှပသောမိန်းကလေးဖြစ်သည်။

ကျောလယ်သာသာဆံနွယ်တွေက အဖြောင့်တိုင်း ပြောင်လှက်ပေမဲ့ လျက် ပန်းခရမ်းရောင်လေးလက်နေတတ်သည်။

ဝတီစုံအတိုင်း နှုတ်ခမ်းနီကအစ ဖိနပ်အထိ အရောင်တူလိုက်ဖက် စွာဆင်တတ်၏။ နှုတ်ခမ်းပါးပါး၊ မျက်တောင်ကော့ကော့လေးတွေနှင့် စိတ်ကောက်နေနေ၊ ရယ်နေနေ အလွန်ချစ်စရာကောင်းသူလေးဖြစ်သည်။

သူခအပေါ်မှာလည်း အရင်းအချာမဟုတ်မှန်းသိလျက်နှင့် ဆိုးနဲ့ စိတ်ကောက်တာကို မလျော့၊ မေတ္တာမပျက်၊ အခင်မပျက်ခဲ့ပေ။

ဘာအကြောင်းကြောင့်မှ သူမမျက်နှာလေးမှာ ငိုကြွေးပူဆွေးနေ သည့်ကောက်ကြောင်းတွေ ကြုံကြုံအရာအထင်။

ခုတော့ အားလုံးပြောင်းလဲကုန်ပါပြီ။ တမ်းတလိုက်ရသည့် ဦးရာ.. ကိုကိုလို့ခေါ်တာကို ရာဇသံ မတားဆီးဘူးလို့ပြောပြီး ခုန်ပေါက်ဆူမြူးနေ ခဲ့ရသည့်အပျော်တွေ အကုန်လုံး အရည်ပျော်ပျောက်ရုကုန်ပြီလား...။

"ကိုကိုနဲ့ပဲနေချင်တယ်" ဆို ...၊

မေးမေးပြီးတော့သာ ခေါင်းကိုခေါက်ပစ်ချင်တော့သည်။ တကယ် ဆို ကိုယ့်ရဲ့သွေးသားတော်တာက ရာဇသံ ဖြစ်သည်။ ရင်ထဲမှာ နင့်နေ

အောင် သနားမိတာကျတော့ ပခြုပ် ကိုပဲဖြစ်၏။

ဒီကောင်လေး ဘယ်ခြေလှမ်းလှမ်းနေသည်၊ ဘာကိုရည်ရွယ်သည် ဆိုတာ ကိုယ်က လူကြီးမို့ ရိပ်မိပါသည်။

ဒါပေမယ့် ဘာကြောင့် ဒီလိုဖြစ်လာသည့်အကြောင်းရင်းကိုမသိ။ ဘစ်ဆိုင်လုံးကို ဇဝဲကြည့်မိရင်း ဘယ်လောက်ကြီးကျယ်ခမ်းနားတဲ့သည့် သုပ်ငန်းမို့လို့ အလုပ်သမားဝင်လုပ်ပြီးလေ့လာခိုင်းရတာလဲဆိုသည့် မေးခွန်း ကို ကိုယ့်ဘာသာ အဖြေရှာမိ၏။

အထည်တွေ ဒီဇိုင်းအမျိုးမျိုးရှိသည်။ အသုံးအဆောင်ပစ္စည်းတွေ သည်း တော်တော်စုံသည်။ ဘာလဲ ..၊ ဒီပစ္စည်းတွေကိုပါ ကိုယ်တိုင် ဆုတ်လုပ်ဖြန့်ဖြူးရအောင်လား ...၊

စိတ်ထဲမှာ မကောင်းနိုင်တော့တာနှင့် နေရာမှထ၊ ရပ်လိုက်မိသည်။

"ဟိန်းလဟောက်လှချေလား၊ အင်္ကျီသစ်ဒီ ပီသတယ်နော်"

"မဟောက်လို့မရဘူး ရာဇသံ၊ မိန်းကလေးတွေအများကြီးကို အုပ် ချုပ်နေရတာ၊ ဘာလဲ .. ယူညီမကိုချုန်စ်ပေးစေချင်တာလား၊ လုံးဝမရ ဘူး၊ အလုပ်သမားတိုင်း ဒီလိုပဲ"

"မဟုတ်ပါဘူးဗျာ၊ ကိုယ်က ကျောင်းသားလုပ်နိုင်းကတည်းက ကြိမ် လုံးစာမိနိုင်တာပါ ပြောလိုက်ပြီးသား ..."

"အိုခေ"

"ရာဇသံ ငါ ပြန်နှင့်တော့မယ်"

ပုံမှန်အသံနှင့်ပေမယ့် ပြောပြီး ချာခနဲလှည့်ထွက်လိုက်တာမို့ မလို လားတာကိုတော့ ရာဇသံ ရိပ်မိသည်။

ဒေါ်ယုကြည်သည် အိမ်ထဲမှာ ဘယ်လောက်လှုပ်ရှလုပ်ရ အပြင် ထွက်သွားလာရမှာကို အလွန်ကြောက်တဲ့သူဖြစ်၏။

"မယုက ကျေးတောသူကျနေတာပဲ" လို့ သူ စိတ်မရှည်ပုံစံပြခဲ့ ဖူး၏။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၀)

"ဘယ်သူမှလဲမရှိဘူး၊ အခု မင်းနဲ့ငါ နှစ်ယောက်တည်းရယ် ရာဇသံ၊ ပြီးတော့ ငါက မင်းရဲ့အစ်မတစ်ယောက်ပါ၊ ငါ မင်းလောက် မချမ်းသာပေမယ့် မင်းရဲ့အရိပ်မှာမနေရလဲ အခြေနဲ့အနေနဲ့ ရွှေနဲ့ငွေနဲ့ တော့နေနိုင်တယ်"

"ဟုတ်ပါပြီ၊ အဲဒါ မယု ဘာဖြစ်စေချင်တာလဲ၊ ဘာလုပ်ချင်လို့လဲ ပြော"

"ဖြစ်စေချင်တာက ပခြုပ် ကို မင်း ညာစေချင်တယ်၊ ဘာလုပ်ချင်တာလဲဆိုရင်တော့ လုပ်ချင်တာမဟုတ်ဘူး .. လိုချင်တာ၊ မင်း ပခြုပ်ကို အခုလိုဆက်ဆံနေတဲ့အကြောင်းရင်း ..၊ အဲဒါကို သိချင်တာက ငါ လိုချင်တဲ့အဓိကပဲ"

"အဓိကတစ်ခုကိုဖယ်ပြီး မယု ကြိုက်တာမေး"

"ဘာ .."

ဒါကိုမေးလျှင် ဒီလိုမပြေလည်ဖို့ရှိတယ်ဆိုတာ သိပြီးသား .. ဒါကြောင့် မမေးဘဲနေခဲ့ပေမယ့် ပခြုပ် က အိပ်ရာပေါ်မှာ ဖြန်းဖြန်းဆိုပြီး

"ဟုတ်တယ်၊ ကျေးတောသူကို ခဏခဏခေါ်ထုတ်သွားရင် သူ ရဲတင်းလာရင်လာမှာ၊ ငါကတော့ ရန်ကုန်မြို့လယ်ကောင်ကြီးကို လမ်းလဲ ဖြတ်မကူးချင်ဘူး၊ ကားလဲငှားမစီးစံဘူး၊ လိုင်းကားကျပ်ကျပ်ကိုတိုးစီးဖို့ ဆို ဝေးရော ..."

ဤသို့ရှိခဲ့သောဒေါ်ယုကြည်က ဆွဲခြင်းကို ပေါ့ပါးသည့်အရာတစ်ခု လိုဆွဲ၍ လှည့်ထွက်သွားလိုက်တာ နောက်တစ်ခါ ဒီဆိုင်ထဲကိုပြန်ကြည့်ဖို့ ရင် သေရပါစေလို့များ ကျိန်ထားသလားမသိ။

ဇေ က ကြည့်လိုက်ပြီး ပြုံးတော့မလို မဲ့တော့မလိုဖြစ်သွားတော့ သူက ပြုံးပြကာ ...

"နောက်မှတွေ့မယ်၊ သွားပြီ"

နှုတ်ဆက်ထွက်ခဲ့သည်။ ပခြုပ် ကို လှမ်းကြည့်တော့ သူ ဝင်လာ ကနေရာမှာ မတွေ့တော့ပါ။ လူမမြင်သည့်ခဏလေးမှာ ရာဇသံ မျက်နှာ ပျက်သွား၏။

နောက်ထပ်ပြန်ဝဲမရွှာမိအောင်ထိန်းချုပ်ရင်း ဆက်ထွက်လာခဲ့မိသည်။

ဆောရီး ချာတိတ်ရယ် ...၊

မင်းနဲ့ငါ့ကြားမှာ မထားလို့မဖြစ်တာ အဲဒါပဲ ...၊

တမင်တကာ ဥပေက္ခာတွေ .....။

www.burmeseclassic.com

"မသိရရင်လဲ ငါ မကြိုက်တာကိုတော့ ပြောရမှာဖြစ်မယ် ရာဇေး၊ မင်း ဒီထက်နည်းနည်းလေးလျှော့လိုက်ပါကွာ၊ ဒေမီမီကို ဆိုတဲ့ တစ်ယောက်က မင်းညီမမှန်းသိရက်နဲ့ ကလေးကို ဘယ်လောက်တောင်ခိုင်းနေသလဲ၊ ဘယ်လိုဆူပြောနေသလဲ၊ အခုကြည့်စမ်း ...၊ သူ ဘာမှပြန် မတိုင်ပေမယ့် အိပ်ရာထဲလဲရာပြီ"

"ဒါကတော့ သူ ဖွဲ့မရှိတာပဲ၊ တခြားမိန်းကလေးတွေလုပ်နေကြတာ ဘာမှမဖြစ်ကြဘူး၊ ကူလီထမ်းနေကြတာမဟုတ်တဲ့နဲ့ ဒီလိုဖြစ်မှီကိုမလိုတူး"

"ဩော်.. ပြောရက်ပါပေ့ ရာဇေးရယ်၊ မင်း ... ကွာ ...၊ ဟိုမိန်းကလေးတွေက တစ်သက်လုံး ဒီလိုပဲဝန်ထမ်းအလုပ်နဲ့ အသက်ဆက်နေကြရတာ၊ လှကုန်မှ ကုန်စုံဆိုင်တွေကို ကြေးပြေးဆပ်၊ ထပ်ယူပါရစေလို့ တောင်းပန်၊ နောက်တစ်လမှာ ပိုက်ဆံမျက်နှာလေးမြင်ရဖို့ တစ်လလုံး အသေကြိုးစား၊ အဲဒီလိုလူတွေကို မင်း နောက်ထပ် ထမင်းစားဘဲ အလုပ်ဆင်းရမယ်လို့ အမိန့်ထုပ်ထုတ်ရင်တောင် ပါကြီးလေ့စား .. ရသောက်ပြီးဆင်းနေကြမှာပဲ၊ သူတို့မိသားစုတွေအတွက် သူတို့မှာ ဝလိုလှလို့ရှိနေမှာပဲ၊ အဲဒါက ဘဝနဲ့ငွေ"

"ကျွတ်"

"ခဏလေးပါ၊ မင်းသိနေတာကိုပဲပြောနေတာပေမယ့် ငါလဲသိနေတာကို မင်းသိစေချင်တာ၊ ရွှေပခြုပ် က ဘယ်ဘဝကလာတဲ့မိန်းကလေးလဲ ငါမသိဘူး၊ ဒါပေမယ့် ငယ်ငယ်လေးကတည်းက နေမလောင်မီးမခံခဲ့ဘူး၊ ဒုက္ခဆိုတာ အလုံးလား၊ အပြားလားလို့မေးမယ့်သူ၊ မင်းက အတွေ့ မခံသလို ငါကလဲ တုတ်တစ်ချက်အရာထင်အောင် မရိုက်ခဲ့ဘူး"

"နေပါဦး .. မယု ဒါတွေပြောနေရအောင် သူ့ကို ဒါလုပ်ပါလို့ ကျွန်တော် ခိုင်းခဲ့သလား .."

"ခိုင်းတယ်လေ၊ အဲဒါ မင်းခိုင်းတာမို့လို့ ခါးချွေးအောင်လုပ်ပြနေတာပဲ၊ သူတောင်းဆိုသမျှ မင်း ဘာမှမလိုက်လျောတဲ့အပြင် နောက်ဆုံး

ကျတော့ ကျောတစ်ရာ ရင်တစ်ရာခတ်ပြီး မြို့ရပ်ကထွက်စေဆိုတာ ချိုး... သူ့ခမျာ မင်းပြောတဲ့စကားတွေကို ဝမ်းနည်းသွားရှာမှာပေါ့၊ အစကတည်းက မိဘမဲ့ဘဝနဲ့ မင်းရဲ့ထောက်ပံ့မှုပဲရှိခဲ့တာ၊ အခု မင်းက ကိုယ့်အရည်အချင်းနဲ့ပဲ ဖြစ်မြောက်အောင်ကြိုးစားရမယ်၊ ဒေမီမီကို ခိုင်းတာလုပ်ရမယ်နဲ့..."

"အဲဒီလိုဖြစ်အောင် ဝမင်ကိုလုပ်တာ မယု၊ ဒီကောင်မလေး ..."

သူ စကားရပ်သွားသည်။ ပခြုပ် ရင်ထဲကို သူ ဖတ်နိုင်သည်။ ဒါပေမယ့် ဒီရင်ထဲမှာ ဒီလိုရှိနေပါသည်လို့ ဘယ်သူမှမပြောနိုင်။ ဒေါ်ယုကြည် ကတော့ ဘာကိုနားလည်နေသည်မသိ ..။

"အေးပါ..၊ ငါကလဲ ပါသင့်မှန်းမသိ .. မပါသင့်မှန်းမသိ ပြောနေတာမဟုတ်ပါဘူး၊ မင်းလုပ်နေပုံက မင်းမှာ နားအေးပါးအေးရှိနေရင် တော့မသိဘူး၊ တစ်ဖက်မှာ သတ္တဝါနဲ့လက်နက်မမျှဘူး၊ အဲဒါကို ခေါင်းထဲ နည်းနည်းထည့်ပါဦး"

ပြောသွားတာတော့ 'ဒါပဲ' လို့ အဆုံးသတ်သွားခဲ့ပါ၏။ သူ့မှာ ဒီစကားကြောင့် ဒီမှာတင်ပြီးလို့မရတော့တာ ကိုယ့်ဒုက္ခနဲ့ကိုယ် ...၊

ရွှေပခြုပ် ဆိုတဲ့ကောင်မလေး ဘာဖြစ်လို့ သူ့နောက်ကို တကောက်ကောက်လိုက်နေတာလည်း သူသိနေသည်။ မမြင်ဖူးခဲ့တုန်းကလည်း သူ ပြောသူပြောတွေကြားပြီး မြင်ဖူးချင်တာ ဖြစ်နိုင်သလို မြင်ဖူးခဲ့တော့လည်း...၊

မဖြစ်နိုင်ပါ၊ ရွှေပခြုပ် ရင်ထဲမှာ ဤသို့သောခံစားချက်တွေဖြစ်လာမှာကို သူ လက်မခံနိုင်။ တစ်ခွိန်က ရာဇေးနဲ့တွေ့ရင် မိန်းကလေးတချို့ ဆီက ဆီအိုးထဲကျသွားတဲ့ ဂွမ်းစလေးတွေဖြစ်သွားကြတယ်ဆိုသော စကားလေးတွေ ဟိုတစ်စဒီတစ်စ ဖြစ်ခဲ့ဖူးသည်။

ဒီဝကားတွေမှာ သာယာနေခဲ့စဉ်ကတောင် ဘယ်မိန်းကလေးအပေါ်မှာမှ အခွင့်အရေးယူပြီး ကျူးလွန်စော်ကားဖို့ သူ မကြံစည်ခဲ့ဖူးပေး

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်ပြီးသား၊ ဒီမှာ ရာဇသံ .. နင်ပို့လွှတ်မယ့်ရာဇသံတွေကို ထာဝရ သိမ်းထားလိုက်ပြီး ကလေးကို ကြည်ကြည်ဖြူဖြူမွေးစမ်းပါ၊ အဲဒါ နင့်သွေးဆိုတာ မယုံဘူးလား''

''နွေစပယ်''

သူ နွေစပယ်ကို အတင်းဆွဲချုပ်ပြီးဖက်ထားလိုက်၏။ နွေစပယ်သည် မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားကာ ရုတ်တရက် ဘယ်လိုမှ မထင်မှတ်သည့်အဖြစ်တစ်ခုလို ရုန်းထွက်ဖို့ပါ မေ့နေ၏။

ရာဇသံသည် သူမကို ခါးလှလှလေးကနေ သိမ်းပိုက်ချုပ်ထားလျက် မျက်နှာလေးကို ဖိကပ်ပွတ်တိုက်ပစ်ရှိနမ်းတာနှင့်ဆင်ဆင်တူသော ထိတွေ့ခြင်းကို ကျူးလွန်ပစ်၏။

မျက်နှာချင်းပွတ်ကပ်နေပေမယ့် ပါးကိုလည်းမဟုတ်၊ နှုတ်ခမ်းကိုသည်းမထိ၊ ပြီးတော့ ချက်ချင်းပဲဖြေလွှတ်လိုက်ကာ အလွန်အလွန်ရှုပ်ခြင်းဖြစ်သွားသကဲ့သို့ ထွီခနဲထွေးပစ်၏။ သူ လက်ထောင်ပြလိုက်တော့ လက်ထဲမှာ ဖုန်းက သော့ချိတ်အနက်ရောင်လေးတယမ်းယမ်းနှင့် ...

''ပြီးပြီ၊ ဒီထဲမှာ မင်းကို ငါ နမ်းနေတဲ့ပုံ ရိုက်ပြီးသွားပြီ''

''ဘာ ..''

မျက်ဝန်းတွေ စူးခနဲဝင်းပြောင်သွားကာ နွေစပယ့်လက်တစ်ဖက် အရှိန်နှင့်မြောက်တက်လာ၏။ ရာဇသံ က မျက်နှာ နောက်ကိုလှန်ပစ်လိုက်ပြီး သူမလက်ကို ဖတ်ခနဲပုတ်ထုတ်ပစ်သည်။

''ကိုယ့်အသားနာမှ နာမှန်းမသိရဘူးကွ၊ 'ဟုတ်တာကိုဆိုနာလို့ ခံခက်' ဆိုတာက လူလိမ်လူညာတွေအချင်းချင်း အစ်အောက်ယုတ်မာတဲ့စကား၊ အဲဒီလိုနေရာတွေမှာပဲသုံး၊ မဟုတ်တာပြောလို့ မခံနိုင်တဲ့ခံစားချက် မင်း အခု နားလည်ရောပေါ့''

''နင် .. နင် သက်သက်ယုတ်မာတာ''

''မင်းက အရင်ညစ်ပတ်တာလေ၊ ဒီပုံကို ပြန်မှားပြီး ငါ့ဘာလုပ်

ကိုယ် မကြဲပါဘဲ ကြဲပါသည်ဟုစွပ်စွဲသော မိန်းမတစ်ယောက်ကြောင့် ထိုနေ့မှာ သူ ဘဝပျက်သလိုခံစားခဲ့ရသည်။

လူငယ်သဘာဝအတိုင်း ရူးရူးနှိုင်းနှိုင်းပြောဆိုမိတာတွေဖြစ်ကာ သူမနဲ့ ရှင်းကြတော့ ...

''မင်းရဲ့ညီမကို ငါ ဒီအဖြစ်မျိုးထိ မကျူးလွန်ခဲ့ဘူး နွေစပယ်၊ အဲဒီအတွက် အခု သက်သေပြဖို့မရှိဘူး''

''ဟုတ်တယ် နင့်မှာမရှိဘူး၊ ငါ့မှာရှိတယ်၊ ဒီမှာ ရာဇသံ .. ခုမှ နင် ရုန်းထွက်ဖို့စိတ်ကူးရင် နင် ဘာကောင်ဖြစ်သွားမလဲ၊ နားလည်ရဲ့လား၊ ကလေးနီတြာရဲလေးမှာတည်းက နင့်အမေလက်ထဲကို ငါထည့်ခဲ့တာ သက်သေခံစာရွက်စာတမ်းတွေရှိတယ်၊ လူသက်သေတွေစုံတယ်၊ နင့်အမေကိုယ်တိုင် သူ့သားအကြောင်း သူသိလို့ ကလေးကို သံယောဇဉ်အကြွင်းနာကြီးစွာ ကတုန်ကယင်လက်ခံယူခဲ့တယ်''

''မင်း စကားလုံးတွေပြင်ပြောစမ်း နွေစပယ်၊ ရွံစရာကောင်းလိုက်တဲ့မိန်းမ ..''

''အဲဒါ နင့်လိုကောင်ကို ငါကပြောရမှာ၊ မကြိုက်ဘဲနဲ့ မိန်းကလေးတွေကို ထည်လဲတွဲနေတဲ့ယောကျ်ား''

''တွဲသွားတွဲလာနေခဲ့ကြတာ နှစ်ယောက်တည်းမဟုတ်ဘူး၊ ငါ ဘယ်မိန်းမနဲ့မှ နှစ်ယောက်တည်း အခန်းမအောင်းခဲ့ဘူး၊ ဒီဓာတ်ပုံထဲက နေဟာ ငါ့သူငယ်ချင်းတွေနဲ့ငါဖြစ်တာ၊ သူ ရောက်လာတော့ ငါ အရမ်းမူးနေပြီ၊ ငါ .. ငါ ဘယ်လိုဖြစ်သွားလို့ သူနဲ့အတူ အဲဒီအခန်းရှေ့ရောက်နေတာလဲ အဲဒီအချက်ကို မရှင်းနိုင်လို့ ...''

''မရှင်းနိုင်ရင် မရှင်းနဲ့လေ ..၊ ဒီလိုကိစ္စမျိုးမှာ တံခါးမှုံးရှိတာ မဟုတ်တော့ ငါ့ဘက်က ဒီထက်ခိုင်လုံအောင်ထပ်ပြဖို့မရှိဘူး၊ နင့်မှာ ဘာမှ မပြနိုင်ဘူးဆိုတော့ နားလိုက်တော့၊ ခု ကလေးက လေးနှစ်ရှိပြီ၊ ငါကလဲ နင့်ရဲ့ဒီနေ့မျိုးကိုစောင့်နေတာပါ၊ မဲဆောက်မှာနေတော့ဖို့ အားလုံး

www.burmeseclassic.com

www.burmeseclassic.com

မလဲ မင်းသိလား၊ မင်းက မိုးစပယ်လို မိန်းမမိုက်မဟုတ်ဘူးလို့ ပြောခဲ့တဲ့စကား မင်းမှတ်မိတယ်နော်၊ အေး .. မင်း ငါ့ကို စိတ်မဝင်စားဘူးဆိုတာ မင်းနဲ့ ငါနဲ့ပဲ သက်ဆိုင်တာ၊ ဒီပုံကိုမြင်လိုက်ရင်တော့ မင်း ဘာမြောပြော ဘယ်သူမှယုံမှာမဟုတ်တော့ဘူး''

''တောက်''

သူမမှာ အိမ်ထောင်ရှိနေပါပြီ။ ဖိုက်တဲမှာလည်း ကိုယ်ဝန်နှစ်လရှိနေပြီဖြစ်၏။ ဘာမဟုတ်တဲ့လုပ်ကြံဖန်တီးမှုတစ်ခုကြောင့် အိမ်ထောင်ပျက် တစ်ခုလပ်ဘဝကိုရောက်ရတော့မည်လား ...၊

ရာဇေသ် ဆိုတဲ့အရိပ်လက်တံဟာ သေးသေးလေးမဟုတ်မေ။

''မင်းညီမက အဲဒီကောင်ကိုမရလို့ စိတ်ရောဂါရပြီးသေရတာဆို၊ တောင်တောင်မြောက်မြောက်သတင်းတွေတောင် ငါ ကြားခဲ့သေးတယ်၊ ဒီကောင်က တော်တော်ချောဆိုပဲ ..''

စကားတွေ ဘာလိုလိုပြောရ၍ ကိုယ့်ကိုတောင် ယောကျ်ားဖြစ်သူက ရိတိတိတွေပြောခဲ့ဖူးသည်။ 'မင်းရော ကျိတ်ကြိုက်ခဲ့ဖူးလား' လို့ မမေးရဲတော့မယ် ...၊

နွေစပယ် မျက်လုံးတွေက သူမ ဘယ်ရောက်နေသည်ကိုလည်း သိကာ စိတ်ပျက်ခြင်းများနှင့် အခန်းတစ်ခုလုံးကိုဝေ့ကြည့်သည်။

ရာဇေသ်ရဲ့စာကြည့်ခန်းဖြစ်နိုင်ကာ လူမဝင်တာလည်း ကြာနေပုံပေါက်၏။

ရာဇေသ်သည် ပြန်ရောက်ရောက်ချင်း ကလေးကိုခြင်ပြီး ခေါသအိုးပေါက်ကွဲကာ ...

''ဘယ်လိုလဲ။ မင်းနဲ့ငါ မျှတမှယ်ဆိုရင် ဒီအတွက် မင်း ဘာပြဿနာမှ မရှိစေရဘူး''

''ဘာလဲ ..၊ နင်နဲ့ငါ အလဲအလှယ်လုပ်ဖို့ ငါ့မှာ ဘာမှမရှိဘူး၊ ယောကျ်ားကောင်းတစ်ယောက်ဆိုရင် နင် မယုတ်မာပါနဲ့''

''ဘာ .. ဟား .. ဖြစ်ပြန်ပြီကွာ ..၊ ခုနကတော့ ငါက လူယုတ်မာဆို .. သူများသားသမီးကိုစော်ကားပြီးမှ ဖြစ်လာတာကို တာဝန်မယူချင်လို့ ရှောင်ပြေးတာဆို ...''

နွေစပယ် ဘာမှမပြောနိုင်ဘဲ အံကြိတ်၏။ ရာဇေသ်ရဲ့အမေ ဒေါသီတာနွယ်ကိုလည်း ဟိုတုန်းက ဒီစကားတွေနဲ့ ယုံအောင်ပြောကာ ကလေးနိမိုရဲရဲလေးကို ထိုးထည့်လာခဲ့ခြင်းဖြစ်သည်။

တကယ်တော့ ကိုယ့်တူမအရင်းလေးပါ၊ ကလေးကိုချစ်ပေမယ့် ညီမဖြစ်သူက ဆုံးသွားခဲ့ပြီဖြစ်သလို မိုးစပယ် ဘာကြောင့်ဆုံးရတယ်ဆိုတာ ကိုယ်ပဲ သိသည်။

ထို့ကြောင့် နယ်မှာ သူမ အလုပ်တာဝန်ကျတဲ့ဆီကို ညီမလေးကို ခေါ်သွားပြီး ကလေးကို တိတ်တဆိတ်မွေးဖို့ကြိုးစားခဲ့သည်။

ကလေးကို ကိုယ့်ကလေးလို့ မကြေညာပေမယ့် တစ်နေ့နေ့မှာ တစ်နည်းနည်းနဲ့မွေးစားပြီး လက်ထဲရောက်အောင်လုပ်ဖို့က လွယ်လွယ်လေးပါ။ ဒါတွေက မိုးစပယ် မဆုံးမီရှိခဲ့တဲ့ အစီအစဉ်ဖြစ်၏။ မိုးစပယ်က ကလေးမီးပွားပြီး နှစ်ရက်အလွန်မှာ ဆုံးသွားခဲ့သည်။

သူမ မဆုံးမီ မှာသွားခဲ့သော သေတမ်းစကားများနှင့်ပတ်သက်၍ ...

''မမနွေ မိုးရဲ့ဒုက္ခကို မမနွေတစ်ယောက်ပဲသိတာပါ၊ မိုး ဘယ်လောက်ရူးခဲ့တယ်ဆိုတာလဲ မမနွေပဲ နားလည်ပါတယ်၊ ဆက်ပြီးတော့ နားလည်ပေးပါနော်၊ ကလေးကို .. ကမ်းကိုး သူ့ဆီ ပို့ပေးပါ၊ သူ့ရင်သွေးလို့ ပြောပေးပါ၊ အဲရိုပ်နဲ့ ပပလင်းတို့ဆီမှာ မာတ်ပုံတွေရှိတယ်သိလား၊ မမနွေရယ် မိုး သူ့ကို သေလောက်အောင်ချစ်ခဲ့တာ၊ အခု သူ မကြင်နာပေမယ့် တစ်ဖက်သတ်ချစ်ခြင်းနဲ့ပဲ သေရဖို့ မိုး ကျေနပ်ပါရစေနော်၊ ကလေးကို သူ့လက်ထဲမှာကြီးပြင်းခွင့်ရမယ်ဆိုရင် မိုး သူ့ရင်ခွင်ထဲမှာ နေရသလို တမလွန်ကနေ ကျေနပ်နေမှာ''

ယူကျူးမရစိတ်နဲ့ပြေ့ပိုက်၍ မျက်ရည်ကျဖိစဉ်မှာ မိုး အသက်ဆွေး

www.burmeseclassic.com

www.burmeseclassic.com

'ရှင်'ဖြစ်လိုက် 'နင်'ဖြစ်သွားလိုက်နှင့် ရာဇသံကို အမျိုးမျိုး အမြင်အင်းနေသည့် နွေစပယ်မျက်ဝန်းတွေ ငေးငိုင်ရီဝေသွား၏။

"မင်း စဉ်းစားပါ၊ ငါသိချင်တဲ့အချက်က မင်းဘက်မှာ ဘာတစ်ခုမှ ဦးရွားနစ်နာကျန်ခဲ့ဖို့မရှိဘူး၊ အဲဒါ သေချာတယ်"

"ဘာလဲ"

"သဘောတူပြီလား"

"ပြော .. ကျွန်မ ဖြေနိုင်ရင် ဖြေမယ်"

သူမကိုစိုက်ကြည့်ပြီး ရာဇသံ ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ၊ ရွေပခြုံ့ ဆိုတဲ့ ကလေးရဲ့အဖေက ဘယ်သူလဲ"

"နင်မို့လို့ နင့်ဆီရောက်လာတာပေါ့"

"မင်းပြောနေတုန်းလား နွေစပယ်၊ ဒါဆို ပြန်လိုက်တော့၊ မင်းနဲ့ငါ ပြောဖို့မရှိတော့ဘူး"

နွေစပယ် မျက်နှာပျက်သွား၏။

"ငါက လေးနှစ်လောက်ထိ ကလေးအဖေဖြစ်ခဲ့ရပြီးပြီ၊ ဆက်ဖြစ်သွားရင်လဲ တိုင်နဲ့ခေါင်းနဲ့ပြေးဆောင့်သေဖို့ထိဖြစ်ဖို့မရှိတော့ဘူး၊ မင်းဘဝအတွက် မင်းစဉ်းစား"

"သေဖို့ဖြစ်စရာမလိုရင်လဲ ဒါကို ဘာဖြစ်လို့ကြောက်လန့်နေရတာလဲ ကိုယ့်တာဝန်ကိုယ်ယူပေါ့"

"ဒါပေမယ့် မတူဘူးကွ၊ မထူးစိတ်ပိုက်လိုက်ရရင်တောင် သူများကိုယ်တင်ဖို့ ဓားခုတ်ရာလက်ဝင်လျှိုပေးခဲ့ရင် ကယ်တင်ရှင်သူရဲကောင်း ဖြစ်ကျန်ရစ်ဦးမယ်၊ ဘုမသိဘမသိနဲ့ ငထွားခါးနာတဲ့အဖြစ်ကကယ့် နွားဘဝကို အရှင်လတ်လတ်ကူးရတာ၊ ဒီမှာ နွေစပယ် .. နွေတ်တရွတ်ခေါင်းခါပြီးထွက်သွားလဲ ငါ ယုံမယ်မှတ်နေသလား၊ လဲ အိမ်ထောင်သည်မို့လို့ ငါ ပြောလိုက်မယ်၊ ဒီကိစ္စမျိုးမှာ ကိုယ့်ဘး ဟုတ်, မဟုတ် ကာယကံရှင်နှစ်ယောက်သာအသိဆုံး အခု

သွားခဲ့သည်။ ဒီပွဲမှာ သေဆုံးခဲ့သူနှင့် ကျန်ရစ်သူ ဘယ်သူတွေများပြီး ဘယ်သူတွေမှန်ခဲ့သလဲ ..၊

"စဉ်းစားနေတာဆိုရင်တော့ တော်သင့်ပြီ နွေစပယ်၊ မင်းပေးတဲ့ ဒုက္ခထုပ်ကို မေမေနဲ့ငါ အရှက်ရ ဘဝပျက်ပြီး ယူထားခဲ့ရတယ်၊ အဲဒီတုန်းက မင်း စဉ်းစားချိန်ပေးခဲ့သလား"

တိတ်ဆိတ်သွားခြင်းမှာ နောက်ထပ်ထွင်းဖောက်ထွက်ပေါ်လာသည့်အသံက ကျက်သရေကင်းမဲ့နေခဲ့၏။ မိုးအကြောင်းတွေးရင်း အတိတ်ကိုပြန်ရောက်သွားသည့်စိတ်က နောင်တနဲ့မဟုတ်ဘဲ မာနနှင့်ခေါင်းထောင်လာခဲ့သည်။

"နင် ဘာဖြစ်ချင်သလဲ ပြော"

"ဟွန်း .. မင်းကို ငါ တုံ့ပြန်မှုက မင်းလောက် မပက်စက်ပါဘူး၊ ငါသိချင်တာတစ်ခုပဲပြော၊ အဲဒါ အမှန်အတိုင်းလိုချင်တယ်"

"ငါ ပြောနိုင်ရင်ပြောမယ်၊ ပြီးရင် နင်က ဓာတ်ပုံပြန်ပေးမှာလား"

ရာဇသံ က ပြုံးသည်။ ပြီးတော့ အသံထွက်အောင်ရယ်၏။

"စာချုပ်စာတမ်းဆိုတာတွေရယ်၊ မင်းဆီကဓာတ်ပုံဗီဒီယိုတွေရယ် ပြန်ယူခဲ့လေ၊ ငါ့ရှေ့ရောက်လာတာနဲ့ မင်းလက်ထဲကို ဒါ ထည့်လိုက်မယ်"

"ဒါ ဘယ်တရားမလဲ ရာဇသံ၊ ရှင့်ကိုပြန်ချပေးရမှာ ကျွန်မဘက် အများကြီးပဲ၊ ရှင့်ဆီကဓာတ်ပုံကို ရှင် နောက်ထပ်ပြန်ပွားပြီး ညစ်ပတ်ဖို့ ချန်ထားရင် ကျွန်မ ဘယ်လိုထပ်ရှင်းရမလဲ"

"ဒါက မင်း ရိုးသားဖို့ပဲလို့တာပါ၊ ငါကတော့ အာမမခံဘူး၊ မင်းက အဲဒီလိုနည်းနဲ့ သတိရတိုင်းညစ်ပတ်မှုတွေနဲ့စခန်းထလာရင် ငါလဲ မင်းနဲ့ ခြေရာတူလိုက်မှာပဲ၊ မင်းပြီးနိုင်ရင် ငါလဲ ဒါပဲ"

"ရှင်က ဓာတ်ပုံကိုချန်ထားမှာပဲလို့ကြေညာတာလား"

"မင်းလိုပဲ ပြောပြီးပြီလေ"

www.burmeseclassic.com

www.burmeseclassic.com

မိုးစပယ် သေသွားပေမယ့် ငါ ရှိနေတယ်၊ မင်း မမေ့ကိုညာနိုင်ပေမယ့် ငါ့ကို ညာလို့မရဘူး''

''ဘာပဲဖြစ်ဖြစ် သေရည်သေရက်ကြောင့်ဆိုတာ မှားကြတာပဲ ကိုယ့်အမှားကိုမသိခဲ့တဲ့ ဒီလိုအဖြစ်တွေလဲ အများကြီး''

''မင်းဘက်မှာဆုပ်ကိုင်ထားပြဖို့ ဒါပဲရှိတယ်မဟုတ်လား၊ ငါ့ကိုယ် ငါ ဒီအမှားမျိုး ဘယ်တော့မှမမှားဘူးဆိုတာ ယုံကြည်ပြီးသား၊ မင်းကို တစ်ခါထပ်မေးမယ်၊ ကလေးအဖေ ဘယ်သူ...''

နွေစပယ် ခဏငြိမ်သွားပြန်သည်။ ပြီးမှ ...

''ရှင်ပဲ''

''ဒါဆို မင်း ပြန်တော့ ရပြီ၊ မင်းနဲ့ငါ လဲလှယ်ပွဲပျက်တယ်၊ ငါ့ဘက်က ခြေလှမ်းစမယ်''

''ရှင် .. ရှင် ခဏခဏ အမှားတွေမကျူးလွန်နဲ့နော်၊ မိုးလေ ရှင့်ကြောင့် သေခဲ့ရပြီ၊ အခု ကျွန်မကို ...''

''ဒါက ငါ့သဘောပါ၊ မင်းကိုယ်တိုင် ဒီအိမ်ထဲကို ဒုက္ခထုပ်ကြီး လာထည့်ပေးသွားတယ်၊ အခု လာပြန်ယူတယ်လို့သဘောထား၊ မင်း မှတ်ထားဖို့က ယောကျ်ားဆိုရင် လူယုတ်မာလို့ လွယ်လွယ်ခေါင်းစဉ်တပ်ဖို့ မင်းတို့ မခဲယဉ်းသလို ငါတို့ကလဲ ခေါင်းစဉ်အောက်မှာ ကမ်းကုန်အောင် ယုတ်မာလို့ရတယ်''

''ကျွန်မ .. ကျွန်မ ရှင်လိုချင်တဲ့အဖြေကို ဘယ်တော့မှပေးမှာ မဟုတ်ဘူး ရာဇသံ၊ အဲဒီအတွက် ငါ့ဘဝ ဖြစ်ချင်ရာဖြစ်ပါစေတော့...''

သူမ ရှူးနေပြီလား၊ နင်တွေငါတွေဖြစ်လိုက်၊ ရှင်ဆုံကျွန်မတွေဖြစ်သွားလိုက်၊ ဒေါသတွေဖြစ်လိုဖြစ်၊ ထိတ်လန့်တုန်လှုပ်သွားပြီး လည်ချောင်းကွေ ခြောက်လိုခြောက် ...

ဒီတစ်နေရာတည်း တစ်ထိုင်တည်းမှာ သူမက တစ်ကိုယ်တည်းနှင့် ရင်ထဲမှာ ဆယ့်နှစ်ရာသီမွန်းတည်သွားခဲ့၏။

နားနှစ်ဖက်ဟာတစ်ဖက်မှာ ရာဇသံရဲ့စကားသံတွေပဲဝင်နေခဲ့ပြီး ကစ်ဖက်က အတိတ်မှာကျန်ရစ်ခဲ့သည်လား ...၊

မိုးရဲ့ရိုက်ကြိုးတငင်ဒိုးကြွေးခဲ့သော ညတစ်ညနဲ့ ရိုက်သံတွေနှင့် ...၊

''မိုး ဘဝပျက်ပြီ မမရဲ့ ...၊ မိုးလေ ရာဇသံကို စွဲလမ်းပြီး တကောက် ကောက်လိုက်နေခဲ့မိတာ၊ အဲဒီအခွင့်အရေးကို ချောင်းနေတဲ့ တောအောင် က အခု .. အခု .. မိုးကို ...''

''ဘာ .. တောအောင် .. ဟုတ်လား၊ ဒီကိုပါပါလာတဲ့ ဆံပင်နီနီနဲ့ ဆံရှည်တစ်ယောက်လား၊ ဒါနဲ့ ဆယ်တန်းကတည်းက အတူတူတက်ခဲ့ကြတဲ့သူငယ်ချင်းတွေဆို အပေါင်းအသင်းတွေတရုန်းရုန်းနဲ့ ဒီလောက်တောင် ရည်းစားမှန်းမသိ၊ သူငယ်ချင်းမှန်းမသိဖြစ်နေကြတာ ရာဇသံက နင့်ကိုပြန်ချစ်မလား၊ ဒီလိုနာမည်ကြီးနေတဲ့ကောင်တောင် နင့်လောက် မရှပ်ဘူး''

''ဟင့်အင်း ...၊ မိုးတို့က သူငယ်ချင်းတွေပါ၊ မရှပ်ပါဘူး မမရဲ့ရယ်၊ သူ အဲဒီလိုမရိုးမသားကြီးစည်းနေတာလဲ လုံးဝကို ဘယ်သူမှမရိပ်မိခဲ့ဘူး၊ သူငယ်ချင်းတွေကိုကြောက်ပြီး သူ အခု ထွက်ပြေးသွားပြီ သိလား''

''အို .. ဒီလိုရောင်ပြေးလို့ရမလား၊ ဒီလိုကိစ္စမျိုးက မှားယွင်းကြတာ၊ အမှားဆိုတာ ဖုံးထားလို့မရဘူး၊ မတော်လို့ ကိုယ်ဝန်တွေဘာတွေရှိလာရင် ဘယ်လိုလုပ်မလဲ၊ အစကတည်းက မိန်းကလေးပီပီသသနေဖို့ ငါပြောတယ်မဟုတ်လား ညီမလေးရယ် .. ဟင် ...၊ အခု ဖေဖေသိရင် ဘယ်လိုလုပ်မလဲ၊ အလိုလိုကာမှ ဖေဖေခမျာ နလုံးရောဂါနဲ့ ထူထူထောင်ထောင် ရှိရှာတာမဟုတ်ဘူး''

''မိုး မှားပါတယ်၊ မှားပါတယ် မမရဲ့ မိုး ရာဇသံနဲ့ဝေးပြီလား ဟင်...''

''ဝေးပြီလေ၊ တောအောင်နဲ့ပဲ ...''

''အို .. ဟင့်အင်း၊ မိုး တောအောင့်ကို မယူဘူး၊ သူလဲ ပြေးပြီ''

www.burmeseclassic.com

www.burmeseclassic.com

တေဇာအောင် ဆိုတာ ဘယ်သူ့ပါးစပ်ထဲမှာမှမပါ၊ ဘာမှလည်း သင် စရာမရှိ။ ခုတော့ အစ်မကြီးဖြစ်ပါလျက်နဲ့ အရွက်တကွဲဖြစ်ပြီဆိုမှ ဂတိရည်လည်ခဲ့ရသည်။

မိုး အဖြစ်က လမင်းကြီးကို မော့ငေးတပ်မက်နေရင်း ခလုတ်တိုက် မှောက်လျက်လဲရသည့်ကလေးသူငယ်လို ...၊

ပစ္စုပ္ပန်အခြေအနေကရော သူမ ဘာဖြစ်နေပြီလဲ၊ မှောက်လျက်လဲပြီ နေ့တော့သိသည်။ ဘာကြောင့်ဆိုတာ တိတိကျကျမသိ။

"နွေစပယ်"

သူ့ခေါ်သံကြောင့် ကြက်သီးတွေ ဖျန်းခနဲထသွားသည်။ လာခဲ့တုန်းက အောင်နိုင်သူမဲ့ပြုံးနှင့်ကိုယ်၊ ခုကျတော့ ခြေသော့ကဲ့သို့ သူ့ရဲဘိန်းဟောက်သံမှာ ကတုန်ကယင်ဖြစ်ရလေဖြို့။

"မင်းတို့ညီအစ်မလက်ထဲမှာ ငါဘဝ စုတ်ပြတ်သွားပြီ နွေစပယ်၊ ဒီတော့ မင်းကိုဖြစ်ဖြစ်၊ မိုးစပယ်ကိုဖြစ်ဖြစ် ဒါမှမဟုတ်ရင် နှစ်ယောက်စလုံး ငါ ဘယ်လိုတုံ့ပြန်တုံ့ပြန် တရားတယ်၊ ငါလက်ထဲရောက်နေတဲ့ ဒဏ်ရာမျိုးမစစ်လေးက မိုးစပယ်ရဲ့ကိုယ်စား၊ အခု ရှိနေတဲ့ ဓာတ်ပုံကတော့ ငြင်းဆီကို လာမယ့်ခြားပဲ .. နားလည်တယ်နော်"

ညီမျှခြင်းဖြစ်ခဲ့ပေမယ့် သွားလေသူညီမလေးအတွက် နွေစပယ် အကြိတ်ပြန်ခဲ့သည်။ ပြီးတော့ ဒီကလေး .....။

ကလေးရဲ့အဖေက သူမလေး ကိုယ်ဝန်နှစ်လမှာပဲ တခြား တစ်ယောက်ကို လက်ထပ်သွားခဲ့ပြီဖြစ်သည့်ပြင် ကလေးကို တိတ်တိတ်လေး မွေးခဲ့သည့်အပြင်မှာ မွေးသည့်မိခင်လည်းမရှိတော့သည်မို့ ဒီကလေးရဲ့ အရိပ်စစ်ဟာ ရာဇသံပဲဖြစ်ထိုက်သည့်ဟု သူမဘာသာ သတ်မှတ်လိုက်ဘာလည်း ကိုယ့်ဘဝကို ငဲ့ညာမိတာလည်းပါသည်။

မိုးက သူ့ကိုစွဲလမ်းခဲ့သည်။ သူ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ကလေးက သူနှင့်သာဆိုင်သည်မို့ ဒီတိုင်းပစ္စန့်စားရင်းနှီးခဲ့ရခြင်း

"ပြေးတာဟုတ်ချင့်မှဟုတ်မှာပေါ့၊ ချက်ချင်းကြီးမို့လို့ သူငယ်ချင်းတွေကို မျက်နှာပူလို့ရှောင်သွားတာပဲနေမှာ၊ ထင်သလိုနေပြီးမှားလာခဲ့ပြီးပြီ၊ ခေါင်းမာမနေနဲ့ မိုး၊ ငါပြောသလို တကယ်လို့များ မဖုံးနိုင်မဖိနိုင်တွေဖြစ်လာရင် သူ့အဖေနဲ့ပဲလက်ထပ်ရမှာ"

ညတစ်ညမှာ ညီအစ်မနှစ်ယောက်ဖြစ်ခဲ့ကြတာကို ဘယ်သူမှမသိ၊ နောက်နေ့တွေမှာတော့ တေဇာအောင်ကိုမတွေ့ကြရပါ။ တွေ့တဲ့သူက လည်း လုစ်ခနဲပဲမြင်လိုက်ရတာမျိုး၊ ခေါ်ပေမယ့် အလှမ်းကွာနေကြလို့ ပျောက်သွားတာမျိုး ...၊

မိုးကိုယ်တိုင်က တဝိုင်တရယ်ရယ်ဖြစ်နေတာဟာ တေဇာအောင် ကြောင့်မဟုတ်ဘဲ ရာဇသံကြောင့်ဖြစ်နေတော့ တစ်လကျော်ကျော်လောက် ထိ တေဇာအောင်ကို တွေ့ဖို့အရေးက ပူတာလည်းမဟုတ်၊ အေးတာ လည်းမဟုတ်။

နှစ်လကျတော့ မိုးမှာ ကိုယ်ဝန်ရှိလာ၏။ ထို့ကြောင့် သူငယ်ချင်းတွေ ပါ မနေနိုင်ကြဘဲ ရာဇသံနှင့်တွဲသွားတွဲလာ ရင်းနှီးကြသည့်အရှိန်နှင့် ဒိုးထက် ပိုအောင်ကြိုးစားခဲ့ကြသည်။

နောက်တော့ ဤကဲ့သို့ မျက်စိရှက်မှယ်တော်ပုံကို ရခဲ့ကြလေသည်။ ဒီအဖြစ်တွေကို အားလုံးပြီးပြီဆိုမှ သိခဲ့ရတာပါ။ သူမကတော့ ကိုယ့်ညီမ ကို လမ်းခွဲထားခဲ့လို့များ ညီမဖြစ်သူ ဒီလောက်တမ်းတမ်းစွဲနေတာလား လို့ အထင်တွေလွဲပြီး ရာဇသံကိုတောင် မျက်နှာပူမှန်းပဲ သွားတွေ့ခဲ့ဖူး သေးသည်။

"သူ သိပ်ရက်စက်တယ် မမရယ်" လို့ပဲ တညည်းညည်းဖြစ်နေက "ညီမလေးကို ပြန်မချစ်ဘူး" လို့တော့ မိုး က မပြောခဲ့ပေ။

ထိုအခါ ချစ်သူတွေဖြစ်ပြီးမှ ထားရစ်ခဲ့တာလားဆိုတဲ့မေးခွန်း အလို လိုဖြစ်လာတာ ကိုယ့်အပြစ်လား ...၊ ဟုတ်လားလို့မေးတိုင်း မဖြေတော့ ဒါ သေချာပြီဟုတွက်ခဲ့မိ၏။

www.burmeseclassic.com

ရာဇသံ ကတော့ ကြေညာပါပြီ။

"ဒီမိန်းကလေး သူ့အမေထက် အဖြစ်ဆိုးစေရမယ်၊ မင်းတူမရဲ့ အနာဂတ်ကို ငါ ဘယ်လိုဖန်တီးမလဲ မင်း စောင့်နားထောင်"

"လုပ်လေ .. အဲဒါ နင့်သမီးပဲ၊ ကိုယ့်သမီးကို အဖေတစ်ယောက်က ဘယ်လိုစီရင်သလဲဆိုတာ လူတွေစောင့်ကြည့်နေအောင် ငါကလဲ လုပ်ပေးလိုက်မယ်၊ ငါ့အတွက် နင်ပေးမယ့်ဓာတ်ပုံတစ်ပုံနဲ့ နင့်အတွက် လှည့်လာမယ့်မြားတွေ ယှဉ်ကြည့်ထားလိုက်၊ ပြီးမှ ဆုံးဖြတ်"

အနိုင်မခံအရှုံးမပေးတမ်း စိန်ခေါ်ပစ်ခဲ့၏။ ရင်ထဲမှာတော့ မိုးတွေရွာနေခဲ့လေသည်။ ထိုမိုးက မျက်ရည်မိုးတွေဖြစ်ခဲ့လျက် .....။

အခန်း (၂၁)

မျက်မှန်အောက်ကနေ လမ်းကြောင်းကွေ့ပြီး စီးသွယ်ကျခဲ့သော မျက်ရည်တွေက အနီရောင်အင်္ကျီရင်ဘတ်ပေါ်မှာ တစ်စက်ချင်း စည်းမျက်မှန်၏။

"မေမေ"

"ဟင်"

"နေတိုင်း ညနေစောင်းတာနဲ့ ဂမုန်းပွင့်ကိုလာလာပြီး အဲဒီတစ်ယောက် ကြည့်ကြည့်နေတာ ဘာတွေပတ်သက်နေလို့လဲဟင် .. တစ်ခုခုပဲဆို ဟာ သိပေမယ့် မေမေက စိတ်ညစ်တတ်လွန်းလို့ ဆောင်း မမေးခဲ့ဘူး၊ အခု သတိထားမိပြီ၊ ဒီကောင်မလေးက ..."

"စောစောကမေးပါလား သမီးရယ်၊ မေမေကလဲ ပြောချင်နေတာပါ"

နွေစပယ်က မျက်ရည်သုတ်ရင်း မျက်မှန်ကိုပါ လက်ကိုင်ပဝါလေးနဲ့ သုတ်နေ၏။

ပိတောက်ခြောက်ရောင်ဖျော့ဖျော့ကို ဝန်ထမ်းတွေယူနီဖောင်းလို့ ဆိုစဉ် ဒီပုံလေးနဲ့မြင်နေရတာတော်သည့်မိန်းကလေးကတော့ ကားမှတ်တိုင် ကိုသွားနေတာ ပတ်ဝန်းကျင်ကို သတိထားမိပုံမပေါ်။

www.burmeseclassic.com

www.burmeseclassic.com

သားအမိနှစ်ယောက်၏မျက်လုံးတွေက ကားပေါ်ကနေ သူမ သွား
နေတဲ့အတိုင်း တစိုက်မတ်မတ်လိုက်ကြည့်နေမိကြ၏။

နှေးစဉ် မြန်မူနေကျအတိုင်း သူမ လိုင်းကားပေါ်မှာ ပါသွားပြီဆို
ဆောင်းက ကားကို ပါကင်နေရာရောက်အောင်သွားပြီး နေရာယူ၏
ပြီး တော့ ဆင်းလည်းမဆင်းဖြစ်ကြဘဲ ...

"ပြောပါဦး မေမေ၊ သူက ဘယ်သူလဲ ...၊ မေမေမျက်နှာပေါ်က
ပြသ ချက်တွေအရဆိုရင် တော်ရုံပတ်သက်တာမဖြစ်နိုင်ဘူး"

"ဟုတ်တယ်"

"သမီး မသိတတ်ခင်ကပေမယ့် ဖေဖေနဲ့ပါသွားတယ်ဆိုတာကလဲ
မောင်လေးပါ၊ ညီမလေး မဟုတ်ပါဘူးနော်"

"ဟုတ်ပါတယ် သမီးရယ်၊ ဒီမိန်းကလေးကလဲ သမီးထက်
အသက်ကြီးတော့ သမီးဖေဖေနဲ့ပါသွားတဲ့ကလေးများလားလို့ ထင်
ယောင်ထင်မှားလဲမဖြစ်ပါနဲ့၊ သူက သမီးအစ်မဝမ်းကွဲ၊ သမီးခေါ်လေ
မိုးစပယ်ရဲ့သမီး..."

"ဟင် .. ဒါ ..."

"ဟုတ်တယ်၊ ဟိုအရင် မေမေတို့ အိမ်ပြောင်းလာကြတုန်း
မိုးရဲ့ အခန်းထဲမှာ သမီးတွေ့တဲ့ ချောလိုက်တာလို့ သမီး ပြောမှုတဲ့သူ
ရာဇသံ ရဲ့သမီး ..."

"ဟင် .. ဒါဆို အန်တီမိုးက အဲဒီလူနဲ့ ..."

"မဟုတ်ဘူး၊ ဒါတွေကို သမီးသိအောင် မေမေက ပြောပြမှာပါ
ဒါပေမယ့် အများကြီးပြောရမှာ သမီးရဲ့၊ မေမေ .. မေမေလေ ရာဇသံ
အပေါ်မှာ မတရားအနိုင်ယူခဲ့တယ်၊ လိမ်လည်လှည့်ဖျားခဲ့တယ်၊ ကိုယ့်
ခံစားချက်နဲ့ကိုယ် အမှန်တရားလို့မျဉ်းသားပြီး တူမအရင်းခေါက်ခေါက်
ဘာမှမသက်ဆိုင်တဲ့ သူစိမ်းတစ်ယောက်လက်ထဲ ဝက္ကအပ်ခဲ့တယ်"

ဘာမှမသိသေးပေမယ့် ဆောင်း မျက်နှာလေးမှာ ထိတ်လန့်ဟန်

တွေဖြစ်ပေါ်လာခဲ့၏။ ဟိုတုန်းက ဆောင်း ရှစ်တန်းကျောင်းသူပဲရှိသေး
သည်၊ မဲဆောက်ကနေ ရန်ကုန်မြို့ကို ပြန်ရောက်ခဲ့ကြသည်။

အရင်က မေမေတို့ရဲ့အိမ်ကြီးဆိုတာကို ပြန်ရောက်ခဲ့စဉ် အခန်းတွေ
ရှင်းကြတော့ မျက်နှာတည်တည်နှင့် ဂစ်တာကိုင်ထားသည့်ယောကျ်ားပုံ
တစ်ယောက်၊ မတ်တတ်ရပ်နေသော တစောင်းပုံကို ဆောင်း တွေ့ခဲ့တာ
ဖြစ်သည်။

"ချောလိုက်တာ မင်းသားကျနေတာပဲ၊ ကိုယ်လုံးကလဲ တကယ်
ဖြောင့်တယ် ကြည့်ပါဦး၊ ဒါ အန်တီမိုးချစ်သူလား ဟင် ... မေမေ"

လို့ မေးခဲ့မိသည်။ ပုံကိုကြည့်ပြီး ခေါင်းခါရင်းနှင့် မေမေ မျက်ရည်
တွေဝဲခဲ့၏။ ထိုနောက်ပိုင်းမှာ သိပ်မကြာလိုက်ဘဲ မေမေ ဖျားလိုက်
ဖျောက်လိုက်နှင့် လူမမာသာသာဘဝကိုရောက်သွားခဲ့၏။

အိမ်မှာ ဆွေမျိုးနီးစပ်တွေကို ကူဖော်လောင်ဖက်ခေါ်ထားပေမယ့်
ဆောင်းကို မေမေက ခဏခဏတောင်းပန်သည်။

"သားအမိနှစ်ယောက်တည်းရှိကြတာတောင် မေမေ ဝတ္တရားမကျေ
ခဲ့ဘူး၊ မေမေ့ကို ခွင့်လွှတ်ပါ"

ဟူ၍ဖြစ်သည်။ လူမမာလည်းဖြစ်၊ အပြင်ကို
တမင်တကာမထွက်ဘဲ နေတာလည်းပါကာ မေမေ့တစ်ကိုယ်လုံး
ပိန်လိုဖျော့ကျနေခဲ့ရသည်။

ဖုန်းတစ်လုံးနှင့် အိပ်ရာပေါ်လဲနေသည့်မေမေ အပြင်ကိုထွက်လာ
တာလည်း ဒီတစ်ယောက်ကြောင့်မှန်း ဆောင်း မရိပ်မိခဲ့။

"ဂမုန်းပွင့်ကိုပဲ ဘာလုပ်ဖို့လဲ မေမေ၊ လူရွှပ်ကရှပ်နဲ့၊ မေမေ
စိတ်အပန်းပြေသွားဖို့ သမီး လိုက်ပို့ပါ့မယ်" ပြောလည်း 'မေမေ အဲဒီ
လူတစ်ယောက်ကိုကြည့်ချင်လို့ ..' ဟုပြောတော့ ဒီကိုပဲလိုက်ပို့ခဲ့ရ
သူမကို လာလာကြည့်နေမှန်းသိပေမယ့် ဘာကြောင့်လဲဆို မသေ
ရက်ခဲ့ပေ။ ခုကျမှ 'မေမေက ပြောချင်နေတာပါ' တဲ့ ...

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုမှန်းသိရင် အစောကြီးကတည်းက မေးမိခဲ့မှာပါ။

"တစ်ခုတော့ပြောပါဦး မေမေ၊ သူက အန်တီမိုးရဲ့သမီးလား၊ ရာဇသံ ရဲ့သမီးလား"

"မိုးက မွေးခဲ့တယ်၊ ရာဇသံ က ကျွေးမွေးစောင့်ရှောက်ခဲ့တယ်၊ ဒါပေမယ့် ရာဇသံနဲ့ ဘာမှမဆိုင်ဘူး၊ အဲဒီလိုမဆိုင်တာတွေ ငြိုက်နဲ့ကြ အောင်ရှုပ်ခဲ့တာက မေမေပဲ"

ပြောပြနေရင်း မျက်ရည်တွေပြည့်လာခဲ့ပြန်သည်။ တပ်ထားပြီးသည့် မျက်မှန်ကို ပြန်ဖြုတ်၍ လက်ထဲမှာ ဖွဖွဆုပ်ကိုင်ထားရင်း ...

"ရှင်းရှင်းပြောရရင် ညီမလေး မွေးခဲ့တဲ့ကလေးကို ကိုယ့်အရှုပ်ကို မရှင်းနိုင်ဘဲ သူ့ကြောင့် ကိုယ့်ညီမ နစ်နာတာ သူခံထိုက်တယ်ဆိုပြီး မေမေ သူ့အရှက်သိက္ခာကို ရိုက်ချိုးဖျက်ဆီးခဲ့တာ"

"သူ့ကြောင့် ဘာနစ်နာတာလဲ၊ မေမေပဲ သူ့ကလေးမဟုတ်ဘူးဆို.. ဘာတွေလဲ .. ဟင် ..."

"ဟုတ်တယ်၊ ရှင်းပြဖို့ရည်လျားကုန်မှာတွေက အဲဒါပဲ၊ မေမေလေ သူများကိုဒုက္ခပေးဖို့တစ်ခုပဲသိပြီး ထင်ရာလုပ်ခဲ့တာ၊ မေမေလဲ ဘဝဖျက် ခဲ့ရတယ်၊ သားကြီး တစ်နှစ်သားကျော်ကျော် သမီးကို ကိုယ်ဝန်ရှစ်လမှာ သမီးရဲ့ဖေဖေ မေမွေးကိုထားပြီး ထွက်သွားခဲ့တာပေါ့၊ သားကြီးကိုရော ကိုယ့်ကိုချစ်တဲ့လင်သားကိုပါ မေမေ ဆုံးရှုံးခဲ့ရတယ်၊ အကုသိုလ်ဆိုတာ ကိုယ်ပြုခဲ့တာထက် နှစ်ဆခံရတယ်ဆိုတာ မှန်ပါတယ်၊ မေမေ ခံလိုက်ရ တာတော့ နှစ်ဆတောင်မကဘူးထင်ပါတယ်"

"အဲဒါတွေ သမီး အရမ်းသိချင်တာပဲ၊ သမီးကိုပြောပြပါလား မေမေရယ်၊ ပြီးတော့ ဟိုအစ်မက သမီးရဲ့အစ်မဆိုရင် ဒီလိုလုပ်ကိုင်ရှာဖွေ နေရတာ သနားပါတယ်"

"မသနားပါနဲ့ သမီးရယ်၊ ရာဇသံက မေမေတို့ထက် အဆပေါင်း များစွာချမ်းသာတဲ့သူ၊ ပြီးတော့ .. သူ ဒီကလေးကို ချစ်တယ်"

ဆောင်း ကတော့ မြင်တာနဲ့ကြားတာတွေ ရှုပ်ထွေးကာ ကားပေါ် က မဆင်းတော့ဘဲ အိမ်ကိုပဲ ပြန်ပြေးချင်တော့သည်။ မမေမေကတော့ သူမ နားမလည်သည့်အဟိတ်နှင့်ပစ္စုပ္ပန်ကို ရောကွေးရေရွတ်နေဆဲ ...၊

"သူနဲ့မေမေ စိန်ခေါ်ခဲ့ကြပေမယ့် အဒီဓာတ်ပုံတွေကို သမီးဖေဖေဆီ ပို့ခဲ့တာ ရာဇသံ မဟုတ်ဘူး၊ ဒါပေမယ့် မေမေတို့ ပေါက်ကွဲကြတော့ သမီးဖေဖေက ဘယ်သူ့ကိုမှထပ်မမေးဘဲ သားကိုလက်ဆွဲပြီး ထာဝရ ထွက်သွားခဲ့တယ်၊ မေမေ ဘဝဖျက်ခဲ့တာ ကိုယ့်အကုသိုလ်နဲ့ကိုယ်ပါ၊ ရာဇသံ က ပြောသလို ဘာမှမလုပ်ခဲ့ဘူး၊ သူ ကလေးကို ဒဏ်ခတ်ဖို့ အမျိုးမျိုး နေထိုင်ကြိုးစားခဲ့တယ်၊ ဒါပေမယ့် ဒီနေ့ထိ .. ဒီနေ့ထိ သူ ကောင်းတာ ဘာမှမလုပ်ခဲ့ဘူး"

"ဒါပေမယ့် ချမ်းသာကြွယ်ဝတယ်ဆိုပြီး ကိုယ်မွေးထားတဲ့ကလေး ဘစ်ယောက်ကို ဒီလိုလုပ်ခိုင်းပေးတာ မကောင်းပါဘူး"

ဆောင်း က ဘာမှမသိမှာစိုးလို့ မိစ္ဆာသဲကြီးကော့ ဇွန် "က ပြုံးလိုက်၏။

"မိုးရဲ့သမီးဖြစ်နေတဲ့အတွက် သူ ဒီလောက်တော့ ဥပေက္ခာထားမှာ ပေါ့၊ မေမေတို့ချင်း ရှိခဲ့ကြတဲ့အတွက်တွေ၊ အမုန်းတွေအတိုင်းဆို သူ့လက် ထဲမှာ ဒီမိန်းကလေး ဘဝပျက်ပြီ"

ရင်ထဲမှာ မချိအောင်ခံစားပါသည်။ မိုးရဲ့သမီးလေးဆိုသည့်အတွေး နှင့် ဒီမျက်နှာလေးပေါ်လာတိုင်း သူမလေးသာ ရာဇသံ၏ယုတ်မာမှုများ ကြောင့် ဒုက္ခတွေပင်လယ်ဝေရပါလျှင် ဆိုသည့် အတွေးတွေဝင်ခဲ့တိုင်း... ငါ့ကြောင့် ဆိုသည့် ဥပါဒါန်စိတ်နှင့် လူက ရှိနေတဲ့နေရာမှာ ပစ်လဲခွေကျသွားမတတ်။ ထိုအခါ ရာဇသံကို ကျေးဇူးတင်လေးစားခြင်း စိတ်တို့သည် .....။

www.burmeseclassic.com

www.burmeseclassic.com

"တောက်"

ကော်ဖီတစ်ကျိုက် ပါးစပ်ထဲရောက်သွားပြီးမှ နေရာမှ ထ၊ထွက်လာခဲ့သည်။ အခန်းတံခါးခေါက်ပြီးခေါ်ဖို့ပေမယ့် သူ အခန်းရှေ့ရောက်သည်နှင့် ပခြုပ် က တံခါးဖွင့်ပြီးထွက်လာတာနှင့် မျက်နှာချင်းဆိုင်မိကြ၏။

ပခြုပ်သည် အပြာနုနုဝတ်အင်္ကျီပွပွ၊ ဘောင်းဘီရှည်ပွပွလေးနှင့် ဆံနွယ်ပျော့ပျော့လေးတွေကို ဘီးကုပ်နဲ့ ဖြစ်သလိုထိုးသိမ်းထားသည်။

နူတ်ခမ်းဖျားလေးတွေခြောက်လျက် ပါးပြင်မှာ ဝင်းနေသည့်နေရာက ဖြူဖျော့နေကာ နဂိုနီမြန်းနေရာကျတော့ နီရဲနေကြ၏။

"ကိုကို ..."

"ရွေပခြုပ် .. မင်း ငါ့ကိုရွံတာ မပြီးနိုင်ဘူးလား"

"ပခြုပ် ဘာလုပ်လို့လဲ"

"မင်းကို စီးပွားရေးနဲ့ထိတွေ့ဖူးအောင်၊ ပြောဆိုလုပ်ကိုင်တာတွေမှာ လိမ္မာပါးနပ်အောင် ငါက ဒီအလုပ်ထဲကို ပို့ထားတာ၊ မင်းကို ငရဲကျခံဖို့ သွတ်ထားတယ်လို့ သတ်မှတ်တယ်၊ မင်း အသေခံပြီးတော့ ငါ နာမည်ဆိုးနဲ့ကျန်ရစ်အောင်လား .."

"ဘယ်သူက ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံပြီး သူများကို မကောင်းကြံမှာလဲ ကိုကို၊ ပြီးတော့ ကိုကိုက ပခြုပ်ရဲ့ကျေးဇူးရှင်"

"တိတ်စမ်း၊ နောက်နေ့ကစပြီး မင်း အဲဒီအလုပ်ကို မသွားနဲ့တော့"

သူ ယတိပြတ်ပြောလိုက်ပြီး ချာခနဲပြန်လှည့်၏။

"ကိုကို .."

သူ ခြေလှမ်းတုံ့သွားတော့ ပခြုပ် အခန်းပြင်ကိုထွက်လိုက်ကာ...

"ပခြုပ် ကိုကို့အလုပ်ထဲကို လိုက်ခွင့်ရှိပြီလားဟင် ..."

မေးခွန်းရဲ့နောက်မှာ အဖြေက ချက်ချင်းပါမလာခဲ့ဘဲ ပြီးတော့မှ...

"မလိုက်ရဘူး"

"ကိုကို.. ကိုကို့အလုပ်ထဲမှာ လုပ်ခွင့်မရဘူးဆိုရင် ကိုကို့အနဲ့အဆ

အခန်း (၂၂)

မနေ့ကတစ်နေလုံး ညစ်ခဲ့တဲ့စိတ်က ညထိကူးစက်ကာ မဖြစ်စဖူး သောအိပ်ပျက်ညကို ဖြစ်စေခဲ့၏။ နိုးလာတော့ ခေါင်းကမကြည်လင်၊ မျက်လုံးတွေက ကျိန်းစပ်စပ်ရီဝေဝေ။

"ပခြုပ်ကော .."

"သိပ်နေ့မကောင်းဘူးပြောတယ်၊ ဘယ်ကောင်းမလဲ .. ကောင်းကောင်းနေ့မကောင်းသေးဘဲ အလုပ်ဆင်းဆင်းနေတော့ ပင်ပန်းပြီး ဖြစ်တာပေါ့"

ရာဇသံ အတွက် ကော်ဖီထည့်ပေးရင်း ဇော်ယုကြည့်က ရှင်းပြနေတာလား၊ အပြစ်တင်ချင်သည့်အသံလား ဘာမှန်းမသိ။

သူ့စကားတွေကြောင့်ပဲ အိပ်ပျက်ညကို ရင်ဆိုင်ခဲ့ရပြီမို့ ရာဇသံ မျက်မှောင်ကြုတ်လျက် ...

"ကျွန်တော် သွားရင်း ဝင်ပြောလိုက်မယ်လို့ပြောထားသားပဲ၊ သူ ဘာဖြစ်လို့ မနေ့က ထွက်သွားတာလဲ၊ မပြောချင်လို့လဲမရဘူး"

"သူ့အတွက် မင်း စကားပြောနေရမှာစိုးလို့တဲ့၊ မထနိုင်တော့မှဘဲ မသွားဘဲနေမယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com

နဲ့ထားပေးတဲ့အလုပ်မဟုတ်တဲ့ တခြားအလုပ်တစ်ခုခုမှာ ပခြုံပ် ဝင်လုပ်မှာ"

"ဘာပြောတယ်"

ရာဇသံ ချက်ချင်းပြန်လှည့်လာ၏။ ထိုအခါ သူ့နောက်မှာရောက်နေပြီဖြစ်သည့် ပခြုံပ်နှင့် နီးကပ်စွာ ...

"မင်း .. ဘာပြောလိုက်တယ်၊ ပြန်ပြောစမ်း"

"ပခြုံပ် အလုပ်လုပ်ချင်လို့ပါ၊ ဒါပေမယ့် ကိုကို့လိုလူက ကိုယ့်အလုပ်ထဲမှာမထားဘဲ သူတို့ဆီကို ဘာကြောင့်ပို့တာလဲဆိုတဲ့မျက်လုံးတွေမေးခွန်းတွေကို ပခြုံပ် ရှက်တယ်၊ အဲဒါကြောင့် ကိုကို့ကို လုံးဝမသက်ဆိုင်တဲ့အလုပ်တစ်ခု ပခြုံပ်ပြီ ရှာမှာ"

"နေစမ်းပါဦး .. မင်းက အလုပ်တစ်ခုရဖို့ အသက်တမျှ အရေးကြီးတာ ဘာဖြစ်လို့လဲ၊ မရရင် ဖြစ်ကိုမဖြစ်တာလား"

"ဟုတ်တယ် ကိုကို၊ ပခြုံပ် ကိုကို့အရိပ်အောက်မှာ သမီးလဲမဟုတ်၊ သူစိမ်းလဲမဟုတ်၊ ဘာမှန်းမသိတဲ့အဖြစ်နဲ့ အလကား ထိုင်စားမနေချင်ဘူး"

ရာဇသံ အံ့သြသွားသည့်အကြည့်တစ်ချက်ဖြစ်၏။ ပြီးတော့ ဒီကောင်မလေးကိုပဲ စူးစိုက်ကြည့်နေမိသည်။

"ပခြုံပ် ကိုကို့ကို ဘယ်တုန်းကမှ ချစ်ခင်လေးစား မဖျက်ခဲ့ပါဘူး"

"အဟွန်း.. မွေးစားခံခဲ့ရတဲ့ကလေးတိုင်း မင်းလိုစိတ်ရှိကြရင်တော့ သိပ်ကောင်းမှာပဲ"

"ရှိမှာမဟုတ်ပါဘူး၊ ပခြုံပ် က ဘယ်သူနဲ့မှမတူတဲ့မိန်းကလေးပါ၊ ဘာဖြစ်လို့လဲဆိုတော့ မွေးစားခံခဲ့ရပေမယ့် လိုချင်လို့လဲမဟုတ်ဘူး၊ နိပ်စက်ချင်တာလဲမဟုတ်ဘူး၊ အချစ်နဲ့အမုန်းက ရှိကြတာမဆန်းပေမယ့် ပခြုံပ် ရပ်တည်နေတဲ့ရပ်ဝန်းဟာ ဘယ်လိုရပ်ဝန်းလဲ ပခြုံပ် မသိရဘူး၊ ကိုကို ပခြုံပ်ကို မမုန်းပါဘူး၊ ဒါပေမယ့် ပခြုံပ်ကို စေတနာမဲ့နေတယ်၊ လူကိုမြင်တိုင်း ဒေါသထွက်နေတယ်၊ စေတနာမေတ္တာဆိုတာ လိုချင်တိုင်း ရတာမှမဟုတ်တာ၊ ဒေါသဖြစ်နေတဲ့လူဆီက အကြင်နာတရားဆိုတာလဲ

လျှပ်စီးနဲ့မိုးကြိုးပါပဲ၊ ကိုကို့ရဲ့ စာစ်ခါတစ်ရံအပြုံး၊ ရှူးပါးတဲ့အပြုံးတချို့နဲ့ ပခြုံပ် မျှော်လင့်ချက်တွေတည်ဆောက်ခဲ့တာ၊ ကိုကို စေတနာမရှိပေမယ့် ကိုကို့ကို ပခြုံပ် သိပ်ချစ်တယ်"

နားထဲမှာ အုန်းခနဲပေါက်ကွဲသွားသလိုထင်၏။ ကိုယ့်ဘာသာ တစ်ယောက်တည်းဝန်ခံရမည်ဆိုလျှင် ဟိုတုန်းက ဒီကောင်မလေးကို ကြည့်ပြီး စိတ်ထဲမှာကြိမ်းဝါးခဲ့ဖူး၏။

'မိုးစပယ် ငါ့ကို စွဲလမ်းပြီး ရူးသွပ်ခဲ့တာထက် အဆပေါင်းများစွာဆိုးရမယ် .. မင်း ..'။

ဒီရည်ရွယ်ချက်တွေနဲ့ ကလေးမဲ့သူ အမြဲတမ်း စိမ်းသက်နေအောင် တခြားစီနေခဲ့သည်။ ကလေးအဖေဆိုတဲ့ နာမည်ပျက်ကြီးတစ်ခုနှင့် သူ ခေါင်းမဖော်ရဲသမျှ ဒီသားအမိနှစ်ယောက်စလုံး သူ့ကြောင့် ပျက်စီးစေရမည်ဟု တစ်ထစ်ချ ဆုံးဖြတ်၏။

မိကောင်းဖခင်သားသမီးဖြစ်ရခြင်း၏ အကျိုးကျေးဇူးလား .. ဗုဒ္ဓသာသနာတော်၏မေတ္တာတရား၏သဘောကြောင့်လား ..၊

ဘာမှန်းမသိသေးခင်မှာပဲ သူ့စိတ်တွေ ပြောင်းလဲနေခဲ့သည်။ သူမသိဘဲပြောင်းလဲနေခဲ့သည့်စိတ်က ကလေးကို ပြည့်စုံအောင်ထောက်ပံ့ခဲ့သည်။ မျက်နှာမငယ် လိုလေသေးမရှိရအောင် ထားခဲ့၏။

ပြီးတော့ သူမလေး၏ အသက်တစ်နှစ်ကြီးပြင်းလာတိုင်း ရိုက်ယူသားသည့်ဓာတ်ပုံ သူ့မှာ ရှိနေသည်။ ကလေးကို သူ မမြင်မတွေ့နိုင်သည့်အရပ်မှာ ရောက်နေလို့မဟုတ်ပေ။

ရန်ကုန်တစ်မြို့တည်းမှာပဲ သူ ရှိနေခဲ့သည်။ ဒါပေမယ့် သူမကို ရန်သူလိုသတ်မှတ်ထားခဲ့သည်ဖို့ မမြင်ချင်တဲ့မြင်နေခဲ့၏။

မသိစိတ်မှာ သိမ်းဆည်းထားခဲ့သည်က သူ့ဒိဋ္ဌိယာရီစာအုပ်ကြားမှာ ပခြုံပ်၏ဓာတ်ပုံတွေ အထပ်လိုက် ဒီတိုင်း ...၊

သူ့ရင်ထဲက မကောင်းမှုတွေကို ထာဝရယ်ဖျက်လို့ကဲသည့်နေ့ဟာ

www.burmeseclassic.com

www.burmeseclassic.com

ပခြုပ် ကိုးတန်းအောင်သည့်နေ့ဖြစ်သည်။

"ဂုဏ်ထူးတွေနဲ့အောင်လို့ ငါက ဘာဆုချရမလဲမေးတာကို ဦးရာကို တွေ့ပါရစေတဲ့၊ မင်းကို ပတ်ဝန်းကျင်က မင်းသားတစ်ပါးလို ချီးမွမ်းတစ်ဝက်၊ ကဲ့ရဲ့တစ်ဝက် မဲ့ရွဲ့ပြောဆိုနေကြတာကို ဘာတွေ တာလွဲစိတ်ဝင်စားနေတယ်မသိ၊ ငါ စိတ်ညစ်ပါတယ် မောင်လေးရယ်၊ မင်းကလဲ နေလိုက်တာ ဘာလိုလိုကြီးကိုက်၊ အစတည်းက မွေးစားသမီးလို အသိခံပြီး အတူနေလိုက်ရင် အဖေခေါ်နိုင်းလို့ရဦးမှာ၊ ခုတော့ ငယ်ငယ်ကတည်းက မွေးခဲ့ကျွေးခဲ့တာလေးတစ်ခုကလွဲရင် မင်း ပခြုပ်ကိုထားပုံက ခုခေတ် ဟိုဟာလိုလို ..၊ ဒီဟာလိုလို ..' တဲ့။

မယုဆီက ဖုန်းသံကိုကြားလိုက်ရတော့ ခေါင်းထဲမှာ မိုးကြိုးပစ်သွားသည်။ သူ ပခြုပ်ဆီက ဒါကို အလိုမရှိခဲ့လို့ ဒီလိုဖြစ်အောင် အစထွင်ခဲ့တာမှန်၏။

တကယ်ဖြစ်လာတော့ ဘယ်လိုမှ လက်မခံနိုင်။ ထိုပြင် ရှက်နေတာ တစ်ခုက နွေစပယ်တစ်ယောက် လုံးဝအစအနပျောက်နေတာကို စိတ်ထဲမှာ ဖြစ်နိုင်ခြေမှန်သမျှ တွေးနေခဲ့တာ တစ်ခုမှအကောင်းမပါ။

ဒီလောက်ထိ သူမ ဘာဖြစ်လို့ပျောက်နေတာလဲ ...၊

သူ့စိတ်သည် နွေစပယ်ကြောင့်လား၊ အလိုလိုကိုက မသိသာစွာ ပြောင်းလဲနေခဲ့သည်လား၊ ဘာမှန်းမသိဘဲနဲ့ ပခြုပ်ကို ရည်ရွယ်ချက်များထဲကနေ ထုတ်ပယ်ထားလိုက်ခဲ့ခြင်းဖြစ်သည်။

ပခြုပ်သည် ငိုချင်နေသည့်မျက်လုံးလေးနှင့် သူ့ကို ငေးနေလျက်...

"ကိုကိုက မှန်းနေတဲ့မိန်းမရဲ့သမီးမို့ ပိုမှန်းပေမယ့် ပခြုပ် ကတော့..."

"တော်စမ်း"

သူ တားဆီးလိုက်သည်နှင့် ပခြုပ် မျက်ရည်တွေ ဖိတ်ဖိတ်စဉ်စဉ် ထွက်ကျခြင်းဖြစ်လျက် ...

"ကိုကို မကြားချင် ပခြုပ် မပြောပါဘူး"

"မပြောနဲ့၊ မင်းနဲ့ငါ့အတွက် တစ်ယောက်အပေါ် တစ်ယောက် ဘာ

စေတနာမေတ္တာမှမလိုဘူး၊ မင်း ငါ့လက်ထဲကို ဘယ်လိုရောက်လာခဲ့သလဲဆိုတာ ပြောပြပြီးပြီ"

"ဟုတ်ပါတယ်၊ အဲဒါကို ဆက်ပြောပါ၊ ဒီကိုရောက်လာတဲ့အတွက် ပခြုပ်ကို ကိုကို ဘယ်လိုတုံ့ပြန်ပြီး လက်စားချေမှာလဲ"

"အခု ငါဖြစ်စေချင်တဲ့အတိုင်းပဲ"

"ဟင် ..."

ပခြုပ် ကြောင်တက်တက်လေးကြည့်သည်။

"ငါဖြစ်စေချင်တဲ့အတိုင်းပဲ .. ဟုတ်လား"

ပခြုပ် မျက်နှာလေးပေါ်က လက်နေသည့် မျက်ရည်လက်နှက်တွေကို စူးစနဲ့ကြည့်မိပြီး သူ မျက်နှာလွဲပစ်သည်။

"ဘာကိုလဲ ကိုကို၊ ကိုကို့ကို ပခြုပ်က ချစ်တယ်၊ ကိုကို့ရဲ့ဥပေက္ခာတွေကြောင့် ရူးမတတ်ခံစားရတယ်၊ အဲဒါတွေလား၊ ဟင် ...၊ ပခြုပ်ကို.. ပခြုပ်ကို အဲဒီလို ရူးပြီးပျက်စီးသွားရအောင်လား ..."

စကားလုံးတိုင်းဟာ အပြင်းစားလက်နှက်တွေလို ရင်ဘတ်ကိုပြင်းစွာ ဆီမှန်နေကြသည်။ မှန်းရမ်းပြောနေတာတွေက စာမျက်နှာကိုဖွင့်ပြီး စာထိုင်ဖတ်နေသလိုပါလား ...။

"ကိုကိုရယ် .. ပခြုပ်လေ ကိုကိုက ကိုယ့်အဖေအရွယ်လောက်ဆိုတာ နားလည်တယ်၊ အဖေလို သတ်မှတ်သင့်မှန်းလဲသိတယ်၊ ဒါပေမယ့် ပခြုပ်တို့က ဘာမှမှမတော်ကြတာ၊ ပြီးတော့ ပခြုပ် ငယ်ငယ်က ဒီတိုင်းစားခဲ့တာဟာ ပခြုပ်ရဲ့ကျေးဇူးရှင်ဟာ ချောမောတဲ့လူ၊ ပခြုပ်ကိုလဲ အစ်ခါမှလာမတွေ့ဖူးဘူး .. အဲဒါတွေပဲ။ အခုကျတော့ ကိုကိုကိုယ်တိုင် ပခြုပ်ကို သားသမီးလိုမွေးခဲ့တာမဟုတ်ဘူးလို့ပြောခဲ့တာလေ .."

"ဒါပေမယ့် မင်းက ..."

"ကိုကို့မျက်လုံးထဲမှာ စပါးမွေးစူးခဲ့တဲ့ မိန်းကလေးပါ၊ ပခြုပ် ဒါပဲ ဟုတ်ယ်၊ ဒါပေမယ့် ..."

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၃)

"ဒီလိုပုပင်နေမယ့်အစား မမ အကြံပေးသလို လုပ်ပါလား ငါ့မောင်ရယ်၊ ပခြုံပ်ကို သင့်တော်မယ့်တစ်ယောက်နဲ့ လက်ထပ်ပေးလိုက်ပါ"

ဒီရက်ပိုင်းမှာ အိမ်ကပ်လာခြင်းနှင့်အတူ နည်းနည်းပါးပါး ပြောဆိုကောင်းနေသဖြင့် ဒေါ်ယုကြည်က 'မမတွေ မောင်လေးတွေ'ဖြစ်ကာ ရာဇသံကို လေပြည်ထိုးကြည်သည်။

"ဒါမှမဟုတ်ရင်လဲ ဟို .. မင်းပဲ အိမ်ထောင်ပြု ..."

"မယု ဘာတွေလျှောက်ပြောနေတာလဲဗျာ.. စိတ်ညစ်ရတဲ့အထဲ..."

"ဟုတ်ပါတယ်၊ ညစ်နေတာကိုသိလို့ပြောတာပါ၊ ပခြုံပ်က မင်းကို ခဲ့ခွဲလမ်းနေတော့ ..."

"အဲဒါမပြောနဲ့တော့.. ကျွန်တော် မကြားချင်ဘူး၊ အလိုလိုကတည်းက ဆိုးချင်တဲ့ဒီဇနဲ့လူကို သူ သဘောမကျဘဲ စွတ်စီစဉ်လိုက်ရင် ဘယ် သူမှစိတ်ချမ်းသာမှာမဟုတ်ဘူး"

"အဲဒါကြောင့် မင်းပဲ ..."

"တော်တော့ .. ဒီနေ့ကစပြီး ဘာအလုပ်ဖြစ်ဖြစ်၊ ဘယ်သွားသွား မင်း ကြိုက်သလိုလုပ်၊ ထင်သလိုနေ၊ မင်းနဲ့ငါ မျက်နှာချင်းဆိုင် စကား ပြောခြင်းက ဒါ နောက်ဆုံးပဲ"

"ကိုကို ..."

သူ ချာခနဲ လှည့်ထွက်လာခဲ့သည်။ ရည်ရွယ်ချက်တွေရှိနဲ့တာ ဒီတိုင်းပဲမဟုတ်လား ..။ မင်း ပျော်လိုက်တော့ ရာဇသံ ..၊ ဒီကောင်းလေး မင်းကိုရွှေပြီးတော့ဖြစ်ဖြစ်၊ မင်းကိုချစ်လို့ အချစ်ရူးရူးတာဖြစ်ဖြစ်...

တစ်နေ့နေ့ ပျက်စီးသွားမှာပဲ၊ မင်း ဒီတိုင်းဖြစ်ချင်ခဲ့တာမဟုတ်ဘူးလား။ ကားထဲဝင်ပြီး စတီယာရင်ကို လက်နှစ်ဖက်နဲ့ဆုပ်ကိုင်ရင်း ခေါင်းကြိတ်ထားမိသည်။ မဟုတ်ဘူး ..၊ ဒီလိုမဟုတ်ဘူး ...။

ရွှေပခြုံပ်ရဲ့ရိုက်သံတွေကို နားထဲမှာ ခွဲနေသည်။ စကားသံတွေကို အထပ်ထပ်ကြားနေ၏။

သူ့ရင်ထဲမှာ တဖျစ်ဖျစ်တရဲရဲနဲ့ပါလား ...၊

တစ်နေရာရာမှာ တစ်ခုခုကိုတော့ လောင်မြိုက်နေပါပြီ ...၊

မလောင်နဲ့ .....။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

"မလိုချင်ဘူး၊ မိန်းမယူဖို့ဆိုရင် ဆုံးသွားပြီးတဲ့ မမေမေကိုယ်တိုင် ပြန်ထလာပြီးပြောရင်တောင် ခေါင်းမညိတ်ဘူး"

ဖြစ်ရလေ ...၊ ဒေါ်ယုကြည် ပင့်သက်ချဖို့ မေ့နေ၏။

"ဒီလို ဘာမဟုတ်တဲ့ကိစ္စလေးတစ်ချက်နဲ့ပ ကိုယ် တစ်သက်လုံး မလုပ်ဘူးလို့ဆုံးဖြတ်ခဲ့တဲ့အလုပ်တစ်ခုကို လုပ်ရမယ်ဆိုရင် တစ်သက်မှာ နှစ်ဘဝပြောင်းသလိုဖြစ်သွားနိုင်တယ်"

"ဒီလောက်ထိ ဘာဖြစ်လို့ အတ္တကြီးရတာလဲ မောင်လေးရယ် မင်း ရဲ့စည်းစိမ်ဥစ္စာတွေ၊ မင်းရဲ့တည်ကြည်ခန့်ညားမှုတွေ ဒါတွေအားလုံးဟာ မင်းဘဝကို အလှဆင်ထားတဲ့ရတနာတွေလေ၊ အလှအဆင်းမဲ့စွာနဲ့ ဘဝကို ရုန်းကန်ရပ်တည်ရင်း မိသားစုဘဝတွေ တည်ဆောက်ထားကြတာ အများကြီးပဲ၊ ပုထုဇဉ်လူသားမှန်ရင် လောကစည်းစိမ်ကိုခံစားသင့်ပါတယ်၊ ပြီး တော့ 'လူပျိုဘုရား မရှိဩား' ဘဲ"

"ကျွန်တော်က ဘုရားဖြစ်အောင်ကျင့်မှာမှမဟုတ်ဘဲ၊ မယု မဆိုင်တာတွေမပြောနဲ့ဗျာ။ မိန်းမနဲ့ပတ်သက်ပြီး အထင်မကြီးနိုင်၊ မပေါင်းစပ်နိုင်တဲ့ခံစားချက်တွေ ကျွန်တော့်ရင်ထဲမှာ ရှိတယ်၊ ဒါတွေဟာ ဘယ်တော့မှ ပြေပျောက်သွားမှာမဟုတ်တဲ့ ခါးသီးမှုတွေပဲ"

"သူ့ကိုလဲ မပေးစားချင်၊ မင်းလဲ တခြားမိန်းမကိုမယူဘူးဆိုရင်တော့ ...၊ သူ့ကိုမှ ပစ်စလက်ခတ်မဖြစ်စေချင်ရင် တစ်ခုပဲရှိတော့တယ် ရာဇသံ .."

ရာဇသံ မျက်လုံးတွေ သူမထံ စူးခနဲရောက်လာသည်။ ဒေါ်ယုကြည် ဆက်မပြောဘဲ မျက်လွှာချလိုက်၏။

"ကျွန်တော်က အဲဒီလိုဖြစ်ချင်လို့များ ခံဝင်ရွေ့ရန်ရှောင်ပြေနေတယ် ထင်လို့လား မယု"

"အဲဒီလို့မဟုတ်ရပါဘူး ရာဇသံရယ်၊ ဒါပေမယ့် အဲဒီလိုဖြစ် ..."

"လုံးဝဖြစ်ဖို့မရှိဘူး၊ ကျွန်တော့်ရင်ထဲမှာ ခါးသီးမှုတွေ အမြစ်တွယ်

နဲ့တာ ဟိုအစတည်းကပေမယ့် ပိုပြီးထူထည်ခိုင်မာသွားခဲ့တာဟာ သူတို့သားအမိ တူဝရီးတွေကြောင့် ..."

'သူတို့သားအမိ' ဆိုတာ ,ပခြုံပိတို့ကိုပြောမှန်း၊ ခန့်မှန်းမိပေမယ့် 'တူဝရီး' ဆိုတာကိုတော့ ဒေါ်ယုကြည် နားမလည်ပါ။ ထို့ကြောင့် နောက်ကြောင်းအဟောင်းတွေထဲမှာ နောက်ထပ် စာတ်ကောင်အသစ်တွေ ရှိနေသေးသည်လားဟု တွေးလိုက်မိပြန်သည်။

"ကျွန်တော့်ခံစားချက်ကိုက မိန်းမကြောင့် ကျွန်တော် ပေါ်လွင်ခဲ့ရတာကို မုန်းတယ်၊ မိန်းမကြောင့် နာမည်ပျက်ရတာကို တွေးမိတိုင်း ခြောင်းတယ်"

ရာဇသံ ဟာ ဒီလိုလူမျိုးလား ...၊ ဒေါ်ယုကြည် ခုမှပဲ အစကနေ ပြန်ပြီးအဲ့သြရတော့မလိုဖြစ်သွားလေသည်။

"ဒီထဲမှာ ကျွန်တော့်ဘဝ ကပြောင်းကပြန်ဖြစ်သွားခဲ့ရတာ ဒီမိန်းမကြောင့် ..၊ သူကစပြီး သူ့ရဲ့သမီးထိ ကျွန်တော့်အချစ်ကို ဘယ်တော့မှ ရရှာဘူး၊ လောကမှာ ကျွန်တော် ဘယ်တော့မှချစ်ဖို့မစဉ်းစားတာ အဲဒီမိန်းမရှိုးတွေ ..."

စကားပြောရင်း ရင့်ကျက်စာည်ငြိမ်မှုတွေ ပျောက်ဆုံးကုန်ပြီထင်၏။ ရင်ထဲမှာသာမဟုတ်ဘဲ အသံတွေပါ တဆတ်ဆတ်တုန်ခါနေခဲ့သည်။

ရင်ထဲကစကားတွေပါ၊ ဒါပေမယ့် စကားသံတိုင်းမှာ အသွေးအသားတို့ ကစ်စချင်း၊ တစ်စချင်း ပုံစဉ်လွင့်ထွက်ပါကုန်သလို ခံစားနေရ၏။

ရွှေပခြုံအပေါ်မှာ သူ ဘယ်လိုခံစားချက်တို့နှင့် ချည်နှောင်ခံမိသလဲ .....။

www.burmeseclassic.com

www.burmeseclassic.com

"တစ်ယောက်တည်း သုံးလေးနာရီထိုင်တော့ရော သတိထားမိတဲ့ လူတွေက ဘာထင်မလဲ၊ ကိုယ်ကိုယ့်ကိုယ် မိန်းကလေးဆိုတာ ဘယ်ဆာမှမမေ့နဲ့ ပခြုပ်၊ ဝမ်းနည်းတာ ဝမ်းသာတာကို လွတ်လပ်စွာခံစားခွင့် ရှိတဲ့သတ္တဝါတွေထဲမှာ မိန်းမက အဓိကပဲ၊ အဲဒီလိုအကျင့်ဆိုးတွေနဲ့ ညည်းကို ဘယ်သူက အထင်တကြီးဖြစ်မှာလဲ၊ ထစ်ခနဲရှိ အပြင်ထွက်၊ ထစ်ခနဲဆို လမ်းပေါ်ရောက်"

ကျောခိုင်းနေသည့် ပခြုပ် ဖျတ်ခနဲလှည့်လာ၏။

"ဘယ်သူကအထင်ကြီးမှာလဲဆိုတာ ဘာကိုပြောတာလဲဟင် ..၊ ကိုကိုလား ..၊ ပခြုပ်ကို ကိုကို အဲဒီလိုပြောဖူးသလား"

ဒေါ်ယုကြည် မျက်နှာပျက်သွားပြီး ဖျတ်ခနဲမျက်လွှာချ၏။

စိတ်ထဲမှာလည်း ဒီကောင်မလေး အကင်းပါးမှန်းသိလျက်နှင့် ကေား မှားမိသည့်ကိုယ့်ပါးစပ်ကိုပဲ ကျိန်ဆဲနေမိကာ...

"တစ်ယောက်တည်းကိုပြောတာမဟုတ်ဘူးလေ၊ နောက်ဆုံး ရာဇသံက ဒီလိုပြောရင်တောင် ဂရုစိုက်စရာမရှိဘူး၊ သူက ကိုယ့်မိတ်အုပ်ထိန်းသူ"

ပခြုပ် နှုတ်ခမ်းမဲ့မဲ့လေးနှင့်ပြုံးသည်။

"ညည်းအရွယ်ဟာ လင်ယူသားမွေးရှိသင့်ပြီ မဟုတ်ဘူးလား ပခြုပ် ရယ် ..၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားမှ သူစိမ်းယောကျ်ားက တန်ဖိုးထားမှာပေါ့၊ ညည်းကိုညည်း ပူ,မပူတော့မသိဘူး၊ ရာဇသံကတော့ တော်တော် ညည်းညူနေပြီ"

"ဘာကိုလဲ ..."

ရာဇသံ နာမည်ပေါ်လာတိုင်း မျက်ဝန်းလေးတွေ အရောင်လက်လာတတ်တာကိုကြည့်ကာ ရင်ထဲမှာတော့မကောင်းပါ။ ဒါပေမယ့် မဖြစ်နိုင်ဘာကို ဘာညာတည့်မပြောရက်တော့လည်း ..

"ညည်း လင်ကောင်းသားကောင်း မရမှာကိုပေါ့၊ တကယ်လို့သာ သူနဲ့ ဇေမီမီကိုတို့ ယူဖြစ်ကြရင် ဘာမှ သွေးသားမတော်စပ်ဘဲ သူ့ဆီး

အခန်း (၂၄)

BURMESE CLASSIC .com

မပြောလို့မဖြီးတော့လည်း ပြောရမှာပဲဖြစ်သည်။ ပြတင်းမှန်တံခါးကနေ အပြင်ကိုငေးမောနေသည့် ပခြုပ်ရဲ့နောက်ကို တစ်လှမ်းချင်းတိုးသွားပြီး သက်ပြင်းချသံကြားရလောက်သည့်အကွာအဝေးလေးမှာ ရပ်လိုက်၏။

အနည်းငယ်လှုပ်ရှားသွားဖြီးမှ လှည့်မကြည့်ဘဲနေသဖြင့် သူမ ရောက်လာတာကို ပခြုပ် သိပါလိမ့်မည်။

"အလုပ်ရှာနေပြန်ပြီလား ပခြုပ်"

"မဟုတ်ပါဘူး"

"ဒါဆို ဝိုဆိုးတာပေါ့၊ ညည်း စိတ်လေတိုင်း လျှောက်သွားနေတာ မျိုးတွေလုပ်ပြန်ပြီ ဟုတ်လား"

"လျှောက်မသွားပါဘူး၊ ကော်ဖီဆိုင်မှာ တစ်ယောက်တည်းထိုင်နေတာပါ"

www.burmeseclassic.com

www.burmeseclassic.com

လက်ပေါ်မှာကြိုးပြင်းခဲ့တဲ့ကလေးကို ချီးနှိမ်ပြောဖို့လဲမလိုဘူး၊ ပြောလို့ရော ဘာဝိထူးမှာလဲ၊ စေတနာကို နားလည်ပါ ကလေးရယ်၊ ညည်းရာဇသံ ကို စိတ်နဲ့တောင်မပြစ်မှားပါနဲ့၊ သူ .. သူ ညည်းကို ခုချိန်ထိ သန့်သန့်စင်စင်နဲ့ကြင်နာနိုင်ဖို့တောင်အသက်အောင့်ပြီးစဉ်းစားနေရတုန်း"

"ဘယ်လို .. ကြီးမေ"

"ဟုတ်တယ်၊ ညည်းကို .. အိုအေ ဒါတွေပြောနေလဲ စိတ်ချမ်းသာကြရမှာမဟုတ်ပါဘူး၊ ငါပြောနေတာတွေကို နှဖူးပေါ်လက်တင်ပြီး ညည်း စဉ်းစား၊ ဘာကြောင့်ပြောတယ်၊ ဘာလုပ်သင့်တယ်ဆိုတာ ပေါ်လာလိမ့်မယ်"

ပခြုံပ် နှတ်ခမ်းလေးကိုဖိကိုက်ထားလျက် မျက်လွှာချရင်း ငြိမ်သက်သွားသည်။

"အဖိုကကတော့ ရွှေပခြုံပ် ဆိုတဲ့မိန်းကလေးဟာ သူ အထင်သေးခံနှိမ်ခံတဲ့ မိန်းမရဲ့ရင်သွေးဆိုတာကို သူ ဘယ်တော့မှ မျှောက်မှာ မဟုတ်ဘူး၊ အဲဒါ ငါ အကဲခတ်နိုင်သလောက် ငါ သိသလောက်ပဲ၊ ညည်း မိဘ ဘယ်သူဘယ်ဝါဆိုတာ ဒီနေ့ထိ ငါလဲမသိဘူး၊ ညည်းကိုယ် တိုင်လဲ မသိဘူးလေ၊ သိအောင်လဲ သူက ပြောချင်မှပြောမှာ၊ နောင် ဘယ်အချိန် ဖြစ်ဖြစ် မပြောတော့တဲ့နေချင်လဲနေမယ်၊ အဲဒီတော့ ကိုယ့်တဝကို သိပါအေ"

မျက်ရည်စက်တို့ ခုန်ပေါက်ဆင်းနေခြင်းကို မျက်လွှာချထားရင်း ခြောင်နေရသည်။ ဝမ်းနည်းအားငယ်လို့မဟုတ်ပါ။

ကိုယ်ဟာ ကိုကိုနဲ့မတူတန်သည့်အဆင့်အတန်းတစ်နေရာမှာ ဖြစ်ဘည်လာခဲ့ခြင်းအတွက် ဒါတွေကို ဒီနေ့ ဒီအချိန်ကျမှ အဓိကအရေးကြီးအဖြစ် ပေါ်လွင်ထင်ရှားလာခြင်းသည် ရွှင်မြူးပျော်ပါးရင်း ပျံသန်းနေသည့် ငှက်ကလေးတစ်ကောင် ရုတ်တရက် အတောင်ကျိုးခြင်းလား ...၊

မှာ ညည်းရှိနေရင် ဇေမီမိကို က ကျေနပ်ပါ့မလား"

"ဘာ ..."

"ဘာ'သံသည် 'ဒေါသ မာန်'များနှင့်မဟုတ်ဘဲ အံ့သြလွန်းသဖြင့် ဖြည်းလေးစွာထွက်လာသော 'ဘာ'ဖြစ်သည်။ အလွန်သနားစဖွယ် ဆွေးငေးသွားသည့် ပခြုံပ်မျက်နှာလေးကို ဒေါ်ယုကြည် မကြည့်ရက်နိုင်။

ဒါပေမယ့် ရာဇသံဘက်က သံဘောထားကို ရှင်းလင်းစွာ သိလိုက်ပြီးမှ ဒီလိုစည်းခြားမငဲ့ခဲ့ရင် နောက် ခက်တော့မည်။

"ကိုကိုနဲ့ မမငေ .. ဟုတ်လား"

"ဩော်.. ဟိုမှာ ဒီလောက်လုပ်လာပြီးတော့ မသိဘူးလား၊ သူတို့က ဟိုတုန်းကတည်းက ရည်းစားမဟုတ် သူငယ်ချင်းမဟုတ်ရယ်..၊ ဇေမီမိကို က ရာဇသံကိုဆို သိပ်သည်းညည်းခံခဲ့တဲ့မိန်းကလေး၊ သူ့အခြေအနေ သူ့အဆင့်အတန်းနဲ့ တစ်နှယ်တစ်စင်ထောင်နိုင်ပေမယ့် သံယောဇဉ်နဲ့ ခုလိုလက်တွဲနေကြတာ၊ ကုန်သည်ကြီးများအသင်း ဦးဘောဂကြွယ်က သူ့အဖေပေါ့၊ အရမ်းချမ်းသာတဲ့ တစ်ဦးကည်းသောသမီး"

ပခြုံပ် မျက်နှာလေးလွှဲ၍ ပြုံးသွားသည်။ ရင်ထဲမှာ တသောသော ပြိုဆင်းကုန်ကြတာဟာ ရုက်တတ်သည့် အစိုင်အခဲအစုအဝေးတွေလား...၊ ဒေါ်ယုကြည်သည် ကြည့်ပေမယ့် မမြင်ရဲသောမျက်ဝန်းတို့ တစ်ချက်လှည့်ပြီး မျက်နှာလွှဲသည်။ ပြီးတော့ ပင့်သက်တစ်ရှိုက်နှင့်အားယူကာ ...

"ကိုယ့်ဘက်ကမရိုးသားတာမျိုး သူများထင်စရာမဖြစ်အောင် နေရမယ် ပခြုံပ်၊ ညည်းမှာ မိဘရော .. ဆွေမျိုးနောက်ခံရော ဘာတစ်ခုမှ အားကိုးရှိတာမဟုတ်ဘူး၊ ဒါကို ထပ်ပြီး ကိုယ်က အနေမတတ်ရင် ဘဝမှာ ရှေ့ဆက်ဖို့ခက်လိမ့်မယ်"

ပခြုံပ်၏ မျက်ရည်လွှမ်းသောမျက်ဝန်းတို့ သူမထံ ရွှေ့လျားလာသော် ...

"ငါ ညည်းကိုချစ်လို့ပြောနေတာ၊ ငယ်ငယ်လေးကတည်းက ငါ့

www.burmeseclassic.com

အခန်း (၂၅)

စက်ရုံအပေါ်ထပ်ကို နှင်းပြတ်လာခဲ့စဉ် လေကားကွေ့ထိပ်ရောက်တော့ မျက်စိက အင်တာဗျူးခန်းမကျယ်ဆီ အလိုလိုရောက်သွား၏။

အလှမိန်ယမ်တံခါးတွေရှေ့မှာ တန်းစီရှိနေသည့်မိန်းကလေးတွေ ရှစ်ယောက်လောက်ရှိသည်။ ထိုထဲမှာ ပခြုပ် ပါနေလိမ့်မည်ဟု သူ မထင် မိသဖြင့် ခြေလှမ်းပါ တုံ့ခနဲဖြစ်သွား၏။

ပခြုပ် ကတော့ ဘယ်လိုထင်သွားသည်မသိ၊ မျက်မှောင်လေးကြုတ်သွားပြီး 'ရွက်လွှင့်'လို့ အသံမထွက်တဲ့ နှုတ်ခမ်းလေးတွေပဲလှုပ်သွားသည်။

သူ ပြုံးပြလိုက်ပြီး ဘယ်ဘက်ကို ကွေ့ချိုးထွက်လာခဲ့၏။

''ဟာ .. ရွက်လွှင့်''

''ဦးတာ ..''

ဦးတာတေက ဖိုင်တစ်ထပ်နှင့် တိုက်ပုံအနက်နှင့်ဖြစ်ကား ပြီးလျှင် ထားသည့်ဆံပင်တွေက နက်မှောင်ပြောင်လက်နေ၏။

အားပြန်ဖြစ် ချစ်နေတာကို ချစ်တယ်လို့ပြောခွင့်မရတဲ့ ချစ်တဲ့ သူ အစ်တွေနဲ့ သူသိအောင်ပြခွင့်မရတော့ရင်တောင် စိတ်နဲ့တောင် ပြေစမ်းပါဆဲနဲ့ဆိုတာ မဖြစ်နိုင်။

ကိုကို့ကို ပခြုပ် အမြဲတမ်း ဘယ်တော့မှမမုန်း .....။

www.burmeseclassic.com

www.burmeseclassic.com

"ဘာမှမဟုတ်ဘူး"

"ဟာ .. လုပ်ပေးရကျိုးနပ်ဖို့ တစ်ခုခုတော့ရှိသင့်တာပေါ့ ကွာ ဘာမှမဆိုင်ဘဲနဲ့တော့ .."

"မိတ်ဆွေပါ၊ ကျွန်တော် စောင့်ရှောက်နေတဲ့မိန်းကလေး"

"ဒါဆို ရပြီ"

ဦးတာတေ ပုံစံက ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည့်ပုံ။ ရွက်လွှင့်စိတ်တော့ နည်းနည်းညစ်သွား၏။ ကိုယ့်စကားများသွားသလားစဉ်းစားရင်း ရုံးခန်းထဲကို လှမ်းဝင်ခဲ့မိသည်။

ထိုင်မိရုံပဲရှိသေးသည့် ဖုန်းနှစ်လုံး ဖြိုင်တူထမြည်လာတော့ သူ မျက်နှာမဲ့ကျသွားကာ ...

"ဟဲလို"

"စက်ရုံမှူးဦးရန်နိုင်နဲ့ ပြောချင်လို့ပါခင်ဗျာ၊ အခု ဖုန်းကိုင်တာ ဦးရန်နိုင်ပါလား"

"မဟုတ်ပါဘူးခင်ဗျ၊ ဦးရန်နိုင် အလုပ်လျှောက်လွှာတွေစစ်နေပါတယ်၊ သူနဲ့ပြောချင်ရင် နောက်တစ်နာရီလောက်ကြာမှ ပြန်ခေါ်လိုက်ပါ"

တစ်လုံးပြီးအောင်ကိုင်လိုက်တာတောင် မြည်နေသည့် ဒီဘက်ဖုန်းက ရပ်တန့်မသွား။

"ဟလို"

"ဟေ့ .. တာတေ လား"

"ဖေဖေ"

"မော... မင်း .. မင်း ရွက်လွှင့်"

"ဟုတ်ပါကဲ့၊ ကျွန်တော် ခဏရောက်နေလို့ပါ၊ ဦးတာ လျှောက်လွှာသမားတွေကို စစ်နေတယ်၊ ဖေဖေ မှာစရာရှိတာ မှာခဲ့လေ"

"အဲမာ ဟိတ်ကောင် ဝဲစားလေး .. မင်းက ဖအေကို လာပြီး အတွင်းရေးမှူးက ပြောသလိုမျိုး အစီရင်ခံနေတယ် ဟုတ်လား မင်း

"ဘယ်ကနေ လွှင့်လာတာလဲ၊ မင်းကိုတွေ့ရင် ဖုန်းဆက်ဖို့ သူ့ဌေး ငါ့ကိုမှာထားတာနော်"

"ဦးတာ အခု ဖုန်းဆက်ဖို့မအားသေးဘူးဗို့လား"

"အေး .. မင်းကို အခန်းထဲပြန်ပြီးကြိုးတုပ်ထားရဖို့လဲ မအားသေးဘူး၊ ငါ အင်တာဗျူးစစ်ရဦးမှာ၊ ဟိုမှာ ကျော်အောင်တို့ရောက်နေကြပြီ၊ ငါပဲ အန္တရာယ်မအောင့်နိုင်လို့ ..."

"ဒါဆိုလဲသွားပါ၊ ကြိုးမတုပ်ပေမယ့် ကျွန်တော်စောင့်နေပါ့မယ်"

"မင်း တကယ်နော်"

"တကယ်၊ တစ်ခုပဲ ကျွန်တော့်ကို ပြန်ကူညီ"

"ပြော .. တစ်ခုမဟုတ်ဘူး၊ အများကြီးရမယ်"

"အင်တာဗျူးက ဘယ်နေရာအတွက်လဲ"

"စာရင်းကိုင်မန်နေဂျာ"

စိတ်ထဲမှာ ဟင်ခနဲဖြစ်သွားမိသည်။ ပခြုပ် မှန်းထားသည့်နေရာက မသေးပေ။ သူ သိထားခဲ့သော ဟိုအရင် MR ဦးအောင်မောင်း၏ကုမ္ပဏီက လက်ထောက်စာရင်းကိုင် ...၊

ဘာပဲဖြစ်ဖြစ် ပခြုပ် မည့်နိုင်ဘူးဆိုတာတော့ သူ တွက်ထားမိကာ ...

"အလုပ်လျှောက်တဲ့ထဲမှာ 'ရွှေပခြုပ်' ဆိုတာ ပါမယ်ဗျာ၊ အဲဒီကောင်မလေးက ကျွန်တော့်ကိုကူညီတာမဟုတ်ဘဲ ဒီတိုင်းခန့်လိုက်တာဆိုရင်လဲ ဦးတာတို့ မမှားနိုင်ပါဘူး၊ တကယ်တော်တာ"

"ကောင်းပြီ .. နားလည်ပြီ၊ အဲဒီမိန်းကလေးကိုရွေးဖို့ပေါ့ .. ဟုတ်ပြီလား၊ ငါ သူ့ကို အင်တာဗျူးမှာကြည့်မယ်၊ ကျော်အောင်တို့နဲ့ တိုင်ပင်မယ်၊ ရှစ်ဆယ်ရာခိုင်နှုန်းသေချာပြီကွာ"

"မရဘူး၊ ကိုးဆယ့်ကိုးရာခိုင်နှုန်းမှဖြစ်မှာ"

"ကဲ .. ဟုတ်ပြီကွာ၊ မင်းနဲ့ ဘာလဲ .. အဲဒါတော့ပြော"

BURMESE CLASSIC .com

www.burmeseclassic.com

အဲဒါတွေ ထားလိုက်ပါ သားရာ၊ တိုင်ပင်နိုးနောစရာ ဒီသားအေ နှစ်ယောက်ပဲရှိတာကို ပြန်ခဲ့ပါကွာ၊ အခု မင်းအဖေ ဖင်မနိုင်ခေါင်းမနိုင် ဖြစ်နေတာ နည်းနည်းမှမကြားဖိုက်းလား''

''အဲဒါ ဖေဖေက ကျွန်တော့်ကိုပြန်လာနိုးနဲ့ နားစွင့်တာတွေ ရှာပြေတာတွေလုပ်နေတော့ အာရုံတွေများနေလို့ပါ၊ ဖေဖေ ကျွန်တော့်ထက် အများကြီးဉီးနောက်ကြီးတာပဲဟာ ...''

''ဒါပေမယ့် အခု နောက်ပေါက်လူငယ်တွေက ကျော်တက်သွားလောက်အောင် တော်တယ်ကွ၊ ရာဇသံကို မင်း သိပါတယ်''

''သိတယ်''

''အေး .. သူက ဖေဖေ့အလုပ်သစ်ထဲမှာ ရှယ်ယာဝင်ချင်နေတယ်၊ မနာလိုတဲ့စိတ်တော့မဟုတ်ဘူးထင်တာပဲကွာ၊ သူဟာသူ ဘယ်လို ဘယ်လောက်အောင်မြင်နေနေ ဖေဖေနဲ့ ပခုံးချင်းယှဉ်လာရင်တောင် ဖေဖေ ဂရုမစိုက်ပါဘူး၊ ဒါပေမယ့် သူတို့တိုးတက်လမ်းကို ပခုံးထမ်းတင်ပေးဖို့ ထိတော့ သဘောမကောင်းနိုင်ဘူး၊ ဖေဖေ သူ့ကို ရှယ်ယာဝင်လက်ခံပို့ တော်တော်စဉ်းစားနေရတယ်၊ ဖြစ်စေချင်တာက ငါ့သားကို ငါ့ဘေးမှာ ထားချင်တာ''

''တောင်းပန်ပါတယ် ဖေဖေ၊ သူ့ကိုလက်မခံချင်ရင်လဲ ငြင်းလိုက်ပါ၊ မိန်းမတစ်ယောက်ကြောင့် မဆီမဆိုင်လမ်းပေါ်ရောက်ခဲ့တဲ့ ကျွန်တော်တ ခုလဲ မိန်းမကြောင့်ပဲ အိမ်ကိုမပြန်နိုင်ဘူးဖြစ်နေလို့ပါ''

''ဘာ ...''

''ကျွန်တော် အခု ချစ်တတ်နေပြီ''

''မင်း .. တကယ်ပြောနေတာလား၊ ဟာ .. ဟော .. လမ်းပေါ်ကော မဖြစ်ဘူးနော်၊ မင်း လမ်းပေါ်မှာပဲ သူ့နားကပ်ဖိုကြိုးစားနေသေးသလို ကဖေဖေ မှန်းကြည့်လို့ရပြီ၊ မင်းကို ဟိုတစ်ယောက်နဲ့ ဒုတ်သောကတွေ ပျောက်အောင် နောက်တစ်ယောက်နဲ့ လက်ထပ်ပေးဖို့

ခု တာတေကြီးဆီမှာပေါ့''

''ဟုတ်ကဲ့''

''မင်းကို ငါ အရေးတကြီးပြောစရာရှိတယ်၊ အခု ငါ့ဆီကိုလာခဲ့''

''ခုနက ဖေဖေ ဦးတာနဲ့ပြောဖို့မဟုတ်ဘူးလား''

''ဟုတ်တယ်၊ အဲဒါ မင်းအကြောင်းပဲ၊ မင်းနဲ့ငါ အရေးတကြီး အပူ တပြင်းတွေ့ချင်နေတာ''

''ကျွန်တော် အခု ခဏပဲ ကိစ္စရှိလို့ ဒီမှာရှိနေတာ ဖေဖေ၊ ခဏ ပြီးသွားရင် မအားတော့ဘူး''

''ရွက်လွှင့်''

''ပြောပါ ဖေဖေ''

''မင်းလုပ်နေပုံက ငါ့ကို မကျေနပ်တာတစ်ခုခုရှိလို့ ရွဲ့နေသလိုပဲနော်၊ မင်း လုပ်ခဲ့တဲ့ကောင်းကျိုးဆိုးကျိုး မင်းခံရတာ''

''ဟုတ်ပါတယ်''

''အခု အပြစ်ရှိတဲ့သူလဲ သူ့လမ်းသူသွားပြီ၊ မင်းမှာ ဘာလဲ .. အရှိန်နဲ့ ဆက်လိမ့်ပြီးကောင်းမှန်းသိနေတာလား''

''အရှိန်နဲ့က ဟုတ်ချင့်ဟုတ်မယ်၊ ကောင်းတော့မကောင်းပါဘူး ဖေဖေ''

''အေးလေ .. မင်း အရက်သမားဖြစ်နေပြီကိုး၊ ဒါပေမယ့် မင်းက ဦးနောက်ကြီးတဲ့ကောင်ပါ၊ ငါ အဖေပဲကွ .. ငါမွေးထားတဲ့သား အကြောင်း မသိဘဲနေမလား၊ မင်းလိုကောင်ကို အဖတ်ဆယ်ဖို့ အရည်တင်ဖို့ ဘာမှမလိုဘူး၊ ငါ စိတ်ပူနေတာတစ်ခုပဲ .. မင်း ဒီတိုင်း လမ်းပေါ်မှာပဲလိမ့်နေရင် မိန်းမကြောင့် ဘဝပျက်တဲ့ ပုဂ္ဂိုလ်စဉ်ထဲ ပါသွားမယ်နော်''

''ဟုတ်နေတာပဲ ဖေဖေ''

''ဟိုတ်ကောင်ရ မတူဘူး၊ မင်းဖြစ်ခဲ့တာတွေက တစ်လိုင်းစီ၊

www.burmeseclassic.com

အခန်း (၂၆)

"ပန်ဖြုပ်"

"ဟင် .. ရွက်လွှင့်၊ တိုက်ဆိုင်လိုက်တာ"

"တိုက်ဆိုင်တာမဟုတ်ဘူး၊ မင်းကိုမြင်လို့ ဟိုဘက်ကနေ တမင်ကူးသာတာ"

"ဟုတ်လား"

ပန်ဖြုပ် က ဆံပင်တစ်ချက်သပ်ရင်း ရယ်သည်။ ရွက်လွှင့်ကို ဘာဖြစ်လို့ ယုံကြည်စွာ ခင်မင်နေမိသည်လည်းမသိပါ။ လမ်းပေါ်မှာပဲ ဆွေသည်၊ အရက်သမားမှန်းလည်း သိသည်။ ဒါပေမယ့် ...

ဘာမှယုံကြည်စရာမရှိဘဲ ယုံနေသည်က ထူးဆန်းနေ၏။

"လမ်းဘေးမှာ ခြေစုံရပ်ပြီး ဘာစဉ်းစားနေတာလဲ၊ ဇကာ့ဒီဆိုင်မှာ ခင်စားရကောင်းမလား၊ ဝယ်သွားရကောင်းမလားလို့ စဉ်းစားနေကာင်တယ်"

"ဟယ် .. ရွက်လွှင့် ဗိုက်ထဲမှာ ပုဏ္ဏားလေးရှိတယ်လင်တယ်"၊

ငါစီစဉ်တာ အဲဒီ လိုမိန်းကလေးမဟုတ်ဘူးနော်၊ ငါသားရာ .. မင်းဖေဖေကို မတိုင်ပင်ဘဲ ထပ်မမိုက်ပါနဲ့ကွာ"

တောင်းပန်နေသည့် ဖေဖေကို တောင်းပန်ပြီး ဖုန်းချလိုက်သည်။ သူ အိမ်ပြန်လို့မဖြစ်သေး။ နာရီကိုငဲ့ကြည့်လိုက်ပြီး နေရာမှထ,သည်။ ဖေဖေနဲ့ဖုန်းပြောပြီးဖြစ်ကြောင်း ဦးတာ သိအောင် စာရေးထားခဲ့ကာ သူ လစ်ထွက်လာခဲ့၏။

လမ်းပေါ်မှာ လိမ့်ဖို့တာဝန်တစ်ရပ်က ရှိသေးသည်ဖို့ .....။

www.burmeseclassic.com

"ဘယ်တုန်းကမှ မလွတ်လပ်ပါဘူး ရွှက်လွှင့်ရယ်၊ ပန်ခြုံက အဲဒီလိုတွေဖြစ်အောင် တမင်လုပ်နေတာ"

"ဘာ .."

"အမမှ .."

"ဟာ .."

သူ့မေးခွန်းကိုမဖြေနိုင်ဘဲ လူကြီးတစ်ယောက် ပန်းချင်းထပ်တိုက် သွားသဖြင့် ပန်ခြုံ သူ့ဘက်ကိုယိုင်လဲလာ၏။ စိတ်ပူသွားမိကာ ပန်ခြုံ ကိုယ်လေးကို သူ ဆွဲထိန်းလိုက်တော့ ပက်ထားသလိုဖြစ်သွား၏။

"အရမ်းပဲ ကြည့်စမ်း .. အဲဒါ တမင်တိုက်သွားတာ"

ပန်ခြုံ ဒေါသသွားမိ၏။ ယောကျ်ားတချို့ဟာ ဒီလိုပဲဖြစ်သည်။ အထူးသဖြင့် အသက်ကြီးကြီးလူကြီးတွေပဲများသည်။ အခွင့်အရေးရတာနဲ့ ရသလို ထိကပါးရိုကပါးလုပ်တာတွေ ရှိစရာကောင်း၏။

"ထားလိုက်ပါကွာ၊ ဟိုမှာ မြင်တောင်မမြင်ရတော့ဘူး၊ ခြေထောက် ကသွားလား"

"နာတာပေါ့၊ ကိုယ့်ခြေထောက်ကို ပြန်နင်းမိပြီး မွန်းသွားလားမသိဘူး"

"ဟုတ်လား"

"ရတယ် ရွှက်လွှင့်၊ ဘာမှမဖြစ်ဘူး"

ရွှက်လွှင့် က ကြည့်မယ်လုပ်တော့ အကြည့်မခံ။ ခြေသလုံးတစ်ဝက် လောက်ထိရှိသော ကြက်သွေးရောင်အနက်စင်းနှင့် စကတ်အကျပ်လေး အောက်မှာ နီညိုရောင်ကြိုးလေး ဟီးလ်ဒေါက်မို့ ပန်ခြုံက လမ်းလျှောက်ပုံလုပ်တော့ ထင်းနေသည်။

ခြေထောက်နာသွားတော့လည်း သိသာ၏။ မကြည့်နဲ့ဆိုပေမယ့် ညာခြေမထိပ်မှာ ဒဏ်ရာလေးဖြစ်သွားတာမြင်လိုက်တော့ စိတ်မကောင်း

"ကားမှတ်တိုင်သွားမှာမို့လား၊ ဒီဘက်က လှည့်သွားရအောင် ..

သူက ရယ်သည်။ ဝတ်ထားသည့် ရှပ်အင်္ကျီနှိုက်ညှိရောင်အကွက်နှင့် အတွင်းခံရှပ်ကျယ်အဖြူက ထင်းနေကာ ပုဆိုးနဲ့ဖို့ ခါတိုင်းထက် ပိုရှိခန့်ညားရောမွေ့နေသလိုပင်။

"ပုဏ္ဏားရှိတယ်ဆိုလဲ ဗိုက်ထဲမှာမဟုတ်ဘူး၊ မျက်လုံးထဲမှာ၊ မင်း မျက်လုံးတွေကို မျက်လုံးနဲ့ပဲကြည့်ပြီး မြင်တဲ့အတိုင်းပြောလိုက်တာ"

"တော်တော်တော်တာပဲ၊ ဟုတ်တယ် .. ဒီဆိုင်မှာ ဒင်းဆန်းကောင်း တယ်လေ၊ ဒါပေမယ့် တစ်ယောက်တည်းမထိုင်ရင်ဘူး"

"အခု နှစ်ယောက်ထိုင်ရင်ဖြစ်မလား"

"ဖြစ်ပေမယ့် အိမ်ပြန်နောက်ကျလို့မဖြစ်ဘူး၊ ဒီအလုပ်က အရင် အလုပ်ထက် နာရီဝက်နောက်ကျတယ်လေ၊ နေ့ဝင်နေထွက်ကလဲ ရာသီ အလိုက် အနုတ်အသိမ်းမြဲတော့ နောက်ထပ် အချိန်ထပ်ဖြုန်းဖို့မလွယ်ဘူး"

"ဟုတ်လား၊ ပန်ခြုံကို တစ်ယောက်ယောက်ကကျပ်ပြီးထင်တယ်"

ဘယ်ကိုမှန်းမပြောဖြစ်ကြဘဲ နှစ်ယောက်သား ပလက်ဖောင်းပေါ် တက်၍ လျှောက်လာမိကြသည်။ ညနေခင်းဖို့ လူတွေရှုပ်နေကာ လူတွေ့ကို ရှောင်ရင်း မလွတ်မလပ်တိုးတိုက်သွားကြတာမျိုးဖြစ်ကာ သူနဲ့ပန်ခြုံ လည်း ပန်းချင်း ဝေးဝေးထိကပ်သွားလို့၊ တိုက်မိလို့ ...၊

"ရွှက်လွှင့် က ပန်ခြုံကို ဘယ်လိုထင်လဲဟင်"

"ဘာကိုပြောတာလဲ"

"သြော် ... ပန်ခြုံနဲ့တွေ့တိုင်း အားလုံးသောအဖြစ်တွေက မပျယ် မရာတွေချည်းပဲလေ၊ ပြီးတော့ ..."

"မပျယ်မရာတွေ မဟုတ်ပါဘူးကွာ၊ အဲဒါက အရမ်းကို ကောင်း လွတ်သွားပြီ၊ မင်း တစ်ခုခုအကျပ်အတည်းတွေ့နေတုန်းမှာ ကိုယ်ရဲ့ တိုက်ဆိုင်စွာ ဆုံမိခဲ့တာတွေပါ၊ ကိုယ် ခုနကပြောလိုက်တဲ့စကားကြောင့် စိတ်မကောင်းဖြစ်သွားတာလား၊ ဆောရီး ..၊ ကိုယ်ပြောချင်တာက မင်း အရင်လို လွတ်လပ်ခွင့်မရတော့ဘူးလားလို့ ရိုးရိုးလေးပါ"

www.burmeseclassic.com

လူ ရှင်းတယ်''

သူပြောတဲ့အဝိုင်းဘက်ကနေ ပြန်လှည့်ကွေ့တော့ လူရှင်းနေသဖြင့် တော်သေးသည်။

''ပခြုံပန့်ကိုယ် စကားတွေအများကြီးပြောချင်တယ်၊ ကိုယ့်ကို နည်းနည်းလောက်ခင်ရင် အချိန်ပေးနိုင်မလားဟင် ...''

ပခြုံပ် လမ်းသွားနေရင်းကနေ တုံ့နေးသွား၏။ သူကလည်း ခြေလှမ်းကို နေးချလိုက်ကာ ပခြုံပ် မော့ကြည့်လာသည့်မျက်နှာလေးကို ပြန်ငုံ့ကြည့်၏။

''ရှင် ပခြုံပ်ကို ရည်းစားစကားပြောမလို့လားဟင် ..''

''ဟုတ်တော့ဟုတ်တယ်၊ ဒါပေမယ့် ခုလို မင်းမေးလိုက်တော့ မျော်လင့်ချက်မဲ့သွားသလိုပဲ၊ ရည်းစားစကားအပြောခံရတော့မယ့် မိန်းကလေးတွေ ရှက်နေတဲ့မျက်နှာမျိုး မြင်ရလိမ့်မယ်လို့ ကိုယ်ထင်ခဲ့တာလေ ...''

''ဖြစ်ရလေ ရွက်လွှင့်ရယ် ..၊ ပခြုံပ်က ရှင့်နဲ့ရင်းနှီးခဲ့တာ အဲဒီလို မဟုတ်ဘူးလေ၊ ပခြုံပ်ဘက်က အဖြောင့်အတိုင်း ရှိနေနိုင်မယ်လို့တော့ ရှုပ် မတွက်ဘူးလား''

သူက မချိုပြုံးလား၊ ရှက်ရယ်ရယ်တာမျိုးလားမသိဘဲ မျက်နှာလွှဲလိုက်ပြီး ပြုံး၏။

''ဘာပဲဖြစ်ဖြစ် ကွန်ပစ်နေရင်း လမင်းကိုမော့ကြည့်ပြီး လနတ်သမီးလေး ငါ့ရင်ခွင်ထဲခုန်ဆင်းလာပါစေလို့ တံငါသည်ကောင်လေးတစ်ယောက်က တမ်းတမျော်လင့်နေရင် အပြစ်ရှိလား''

ပခြုံပ်က ခေါင်းခါပြသည်။ ကျောလယ်ထိရှည်သော ရောင်စုံလက်နေသည့်ဆံနွယ်တွေက ကန့်ကလျဖမ်းစားသဖြင့် သူ ငေးသွားမိကာ...

''ကိုယ် မင်းကို ရည်းစားစကားမပြောသေးပါဘူး၊ ဒါပေမယ့်...''

''ရွက်လွှင့်''

''ပြောပါ''

''ပခြုံပ်က ဦးရာဇသံနဲ့ ဘာမသွေးသားမတော်စပ်ဘူး''

''အဲဒါ ကိုယ်ကြားတယ်၊ မင်းရဲ့မိဘမဲ့ဘဝကိုလဲသိတယ်၊ ဆောက်ထပ်ကွာ၊ မင်းရင်ထဲမှာ ကိုယ့်ကိုပြောပြဖို့ ရင်နာနေတဲ့တချို့အကြောင်းတွေကိုပါ ကိုယ် သိသင့်သလောက်တော့သိတယ်၊ အဲဒါကြောင့် ပြောဖို့ မလိုဘူး''

''မပြည့်စုံသေးဘူးထင်တယ်၊ ပခြုံပ်က ဦးရာဇသံ သိပ်ကိုမုန်းတီးခဲ့တဲ့မိန်းမတစ်ယောက်ရဲ့သမီး၊ မိခင်ကိုလဲ မမြင်ဖူးဘူး၊ ဖခင်ဆိုတာ အဝေးကြီးပဲ၊ ဝိုဆိုးတာက ခုချိန်ထိ ပခြုံပ် ကိုယ့်မိဘတွေ ဘယ်သူ ဘယ်ဝါမှန်း မသိဘူး''

''ပခြုံပ်ရယ် မိဘမဲ့ရခြင်းအကြောင်းတွေက ဒါတွေပဲ၊ ကိုယ့်မှာလဲ မိခင်ရင်ခွင်မဲ့ခဲ့တာပါပဲ''

''မဟုတ်ဘူး ရွက်လွှင့်၊ ပခြုံပ်အဖြစ်က ကိုယ့်ကိုမုန်းတဲ့ ရန်သူတော်က မသထာရေစာကျွေးမွေးထားခဲ့လို့ လူဖြစ်ခဲ့ရတာ၊ သွေးသားမတော်စပ်တဲ့လူတစ်ယောက်ရဲ့လက်ပေါ်မှာ ကြီးပြင်းခဲ့တဲ့မိန်းကလေးတစ်ယောက်ကို အတိတ်မှာရော ပစ္စုပ္ပန်မှာရော ဘယ်သူမှအထင်တကြီးရှိမှာမဟုတ်ပါဘူး၊ ဒါပေမယ့် ပခြုံပ် အားမငယ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အမှန်တရားက ပခြုံပ်ရင်ထဲမှာ ရှိတယ်၊ ဦးရာဇသံဟာ မိန်းမမြည်သောသတ္တဝါဆို ဘယ်သတ္တဝါကိုမှ အရေးတယူမရှိခဲ့ဘူး၊ မကျူးလွန်မစော်ကားဘူး၊ ဘယ်သူယုံယုံ မယုံယုံ အဲဒါ အမှန်တရားပဲ''

''ကိုယ်ကတော့ ဘယ်သူ့အမှန်တရားကိုမှ စိတ်မဝင်စားပေမယ့် မင်းရဲ့အမှန်တရားတွေကို ယုံတယ်၊ အဲဒါကြောင့် ...''

''ရွက်လွှင့်''

ကားမှတ်တိုင်ကိုမြင်နေရပြီမို့ ပခြုံပ် က ခြေလှမ်းကိုရပ်ပစ်လိုက်၏။ မှတ်တိုင်မှာ လူရှုပ်တော့ စကားကောင်းကောင်းပြောခွင့်မှာမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com

"သူက ရာဇသံ မို့လား ပန်ဖြစ်"

"ဟင် ..."

သူ သိလောက်အောင်ပြောဖို့ကို ပြောလို့လည်းမထွက်၊ ပြောနေပေမယ့်လည်း သိလိမ့်မည်မထင်ပါ။ ပန်ဖြစ် တအံ့တသြကြည့်တော့ သူက ခပ်သဲ့သဲ့အပြုံးနှင့် ...

"ကိုယ် ထင်ပြီးသားပါ၊ အခု သေချာသွားပြီပေါ့"

"ဘာကိုလဲဟင် ... ဘယ်တုန်းက ထင်နေတာလဲ၊ ကိုကိုက ပန်ဖြစ် ကိုဘယ်တုန်းကမှ မျက်နှာသာမပေးခဲ့တဲ့အပြင် သူ့အလုပ်ထဲမှာ တောင် လုပ်ခွင့်မပြုခဲ့ဘူး၊ အဲဒါကြောင့် ကိုကို့ဘက်က သိက္ခာတရားကို ပန်ဖြစ် ရင်ထဲက အမှန်တရားက သိတတ်လို့ပြောခဲ့တာ၊ ရွက်လွှင့်က ပတ်ဝန်းကျင်စကားနဲ့လားဟင် ..."

"ပတ်ဝန်းကျင်ကြောင့် ကိုယ်လဲ ဘဝပျက်ခဲ့ဖူးတယ်၊ အဲဒါတွေကို နေရာတကာ ဆေခြင်းထဲမထည့်ပါဘူး၊ မင်းနဲ့ရာဇသံကို စည်စံပွဲမှာ အတူ မြင်လိုက်ရတဲ့အဖြစ်ကနေ မင်းနဲ့သူ့ရဲ့ဆက်ဆံရေးကိုတွေးကြည့်မိတယ်၊ အဲဒီကစပြီး မင်းအကြောင်း စုံစမ်းခဲ့တယ်၊ သူများတွေပြောတဲ့ နည်းနည်း ပါးပါးထဲကနေ ကိုယ် နှိုက်ရှုတ်တွေးခဲ့တာပေါ့၊ ကိုယ့်ရဲ့ အဓိကက မင်းနှလုံးသားထဲမှာ ကိုယ်မဟုတ်တဲ့ တခြားပုံရိပ်တစ်ခုခုထင်နေပြီလား ဆို တာလေ၊ အဲဒါကြောင့် ဒါနဲ့ပတ်သက်တာကိုပဲ တွေးကြည့်တာပေါ့"

ပန်ဖြစ် ငြိမ်သက်နေပုံက အမြစ်လုပ်ထားမိသည့်ကျောင်းသားငယ် လေးတစ်ယောက်နယ် ...။

"မင်းဘက်က ဖြစ်သင့်ပါတယ်၊ ရာဇသံ ဆိုတာ ဦးတွေ ကိုတွေ ဘဝခေါ်လို့မကောင်းတဲ့နာမည်၊ အများအနားဆွတ်ခေါ်လို့လဲ မကောင်း တော့ သူနာမည်ပေါ်လွင်နေပုံမှာ အသက်အရွယ်နဲ့ အမှတ်တမဲ့ ဘာမှ မပါဘူး၊ လူကိုကြည့်ရင်လဲ သူ့ကို ဒီအသက်ဒီအရွယ်ပါလို့ မထင်ရင် ဘယ်သူမှ ယုံမှာမဟုတ်ဘူး၊ ကိုယ်တို့ လုံးဝမယုဉ်ရဲတဲ့လူး"

ထိုအခါ ရွက်လွှင့်က ပန်ဖြစ် ကိုင်ထားသည့်ဆွဲခြင်းလေးကို ပေးပေး မပေးပေး မရမကလွှဲပြောင်းယူလိုက်ကာ ...

"ပြောပါ၊ လွတ်လွတ်လပ်လပ် အားမနာတမ်း"

"ရှင် ပန်ဖြစ်ကို ရည်းစားစကားမပြောဖို့ ခေတောင်းပန်ချင်တယ်"

"အကြောင်းက ..."

"ပန်ဖြစ်မှာ ချစ်သူရှိတယ်"

သူ မျက်မှောင်ကြုတ်သွားတာကိုကြည့်ပြီး ပန်ဖြစ် မျက်ဝန်းလေးတွေ ဘေးရွေ့သွား၏။

"ကိုယ် မင်းကို ရည်းစားစကားမပြောသေးပါဘူးဆိုတာ အဲဒါတွေ အရင်ဆွေးနွေးဖို့ပါ၊ မင်းဘက်က အဆင်မပြေမှုအားလုံးကို ကိုယ် လက်ခံ ပေးနိုင်တယ်၊ မင်းပြောလာမယ် ဘဝနဲ့ပတ်သက်တာတွေကိုလဲ ကိုယ် နားလည်တယ်၊ မင်းရဲ့အချစ်က ဝိုင်ရှင်ရှိနေပြီဆိုတော့ ကိုယ် ပြုပြင်စည်း ရုံးလို့မရနိုင်တူးလေ၊ ပြောပါ .. ကိုယ်ကြားချင်ပါတယ်"

"ဟင့်အင်း .. အဲဒါပဲ၊ မရှိတော့ဘူး"

"ဘယ်လို ..."

ပြောဖို့က တကယ်ကိုရွံနှံအားမရှိပါ၊ ဒါပေမယ့် ပြောလည်းပြောဖို့ ပါပြီ၊ ဒါဟာ ကိုယ့်ရဲ့ဘဝနဲ့လဲ သက်ဆိုင်သည်မို့ ...

"ဟုတ်တယ်၊ ပန်ဖြစ်က စွဲလမ်းတမ်းတပြီး ချစ်ရတာလေ၊ သူက လုံးဝမချစ်တဲ့အပြင် မုန်းနေပါသေးတယ်"

မျက်မှောင်ကြုတ်လျက်နှင့် ရွက်လွှင့် က စိုက်ကြည့်သည်။ ပန်ဖြစ် သူ့မျက်နှာရှေ့မှာ မျက်တောင်များတို့ စင်းချထားရင်းနှင့် ...

"ဒါပေမယ့် ပန်ဖြစ် သူ့ကို သိပ်ချစ်တယ်၊ သူမသူ၊ ချစ်နေရုန်း ပြည့်စုံနေနိုင်တဲ့အချစ်မျိုးနဲ့ပါ၊ သူကမုန်းလေ ချစ်လေ၊ ရူးလောက်အောင် ချစ်တယ်၊ မုန်းအောင်ချစ်တယ်၊ ငယ်ငယ်တုန်းက မမြင်မစမိး စွဲလမ်းခဲ့ သမျှ အခု သိပ်ချစ်တယ်"

www.burmeseclassic.com

အခန်း (၂၇)

ပခြုံပ် အလုပ်လုပ်နေတဲ့ကုမ္ပဏီကို သူသိတော့ စဉ်းစားစရာတွေ ဖြစ်လာ၏။ စိတ်ထဲမှာ ဧဝေဝါနှင့် လိုက်ကြည့်မိသည်။

ကုမ္ပဏီကအထွက်မှာပဲ လူရွယ်တစ်ယောက်နှင့်အတူတွဲပြီး ထွက်လာတာကိုမြင်နေရ၏။

သူ သတိထားမိသည်မှာ ဤလူငယ်ကို သူ တစ်နေရာမှာမြင်ဖူးသည်။ ထို့ပြင် သူမနဲ့အတူတူတွဲလျက်မြင်ဖူးတာပဲဖြစ်၏။ စဉ်းစားကြည့်ပေမယ့် အတိအကျမပေါ်ပေ။

'မင်းထင်သလိုနေ' လို့ လွှတ်ပေးလိုက်တဲ့စကားပြောမိပြီးမှ သူမှာ ဝိုင်ပြီး ပင်ပန်းနေခဲ့၏။ ဟိုတုန်းကတောင် သူ့ကိုတွေ့ချင်လို့ ကလပ်တွေ လိုက်ထိုင်၊ စားသောက်ဆိုင်တွေမှာ ငုတ်တုတ်မေ့လို့မေ့ ..၊

အခု သူ ဒီလိုပြောလိုက်တာနှင့်ပတ်သတ်ပြီး အဆိုးရွားဆုံးခံစားချက်တွေနှင့် ရွဲစောင်းလာနိုင်၏။ ကားမောင်းရင်း နာရီကြည့်မိတော့ ည ၁၁ ခွေါက်နာရီဆယ်မိနစ်။

နဝဲ အိမ်ကို မေးကြည့်ခဲ့သည်။ ပခြုံပ် ပြန်မရောက်သေးပါဘူးတဲ့။

သူသည် စိတ်ပျက်အားလျော့သွားသလိုပြောနေပြီးမှ ...

"ကိုယ့်ကို ပြောခွင့်ပြုပါ ပခြုံပ်၊ မင်းကို ချစ်နေတဲ့သူရှိတယ် အဲဒါ ကိုယ်ပါ၊ ရာစသလို အရည်အချင်းကောင်းတွေမရှိပေမယ့် မင်းကလဲ သူကလွဲပြီးချစ်နိုင်မှာမဟုတ်ပေမယ့် မင်းလိုပဲ မုန်းအောင်ချစ်မယ့်သူပါ"

ပခြုံပ် မျက်ဝန်းလေးတွေ သူ့ဆီရောက်လာ၏။ စိုက်ကြည့်ပြီး သူက ညို့ရီနေသောမျက်ဝန်းများနှင့် ...

"မျှော်လင့်ချက်မဲ့စွာ ချစ်နေမယ်သူပေါ့"

"ဟင့်အင်း"

ပခြုံပ် က ချက်ချင်း ခေါင်းခါပစ်သည်။ သူက မမြင်သလိုနေကာ ပခြုံပ် ဆွဲခြင်းလေးကို လက်ထဲ ပြန်ထည့်ပေး၏။

"အမြဲတမ်း ခင်မင်နေခွင့်တော့ မပျက်ချင်ဘူး"

ဟု ခပ်တိုးတိုးပြော၏။ ပခြုံပ် မျက်နှာလေးအိုလျက် ...

ရတာမလို .. လိုတာမရပါလား ....။

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ကို လိုက်နဲ့လို့ရလား''

ရာစသံ ဘာမှမပြောရသေးဘဲ သူမဘာသာ မောင်းထွက်သွားစင်း ဟိုတုန်းက နွေစပယ်နဲ့မတူတော့ဘဲ ဆံပင် ပန်းအောက်သာသာ ကောက်ကောက်တွန့်တွန့်တွေနှင့် မျက်နှာမှာလည်း မိတ်ကပ်ပါးပါးခြယ်ထား၏။

သူမက ပိုလှပြီး နုပတ်ဖတ်လေးပါ။ ဒါပေမယ့် ဘာဖြစ်လို့ 'မင်းတွေ တို့တွေ'နဲ့စပ်ကြောကြောပုံစံပြောသွားမှန်းမသိ။ ဆိုင်ဆိုပေမယ့် သောက်ရေကန်ငယ်လေးတစ်ခုနှင့် ကန်ပေါင်ရိုးနားမှာပဲ ကားတွေရပ်မိကြလျှင်...

''ဒီမှာပဲကောင်းပါတယ်၊ စားသောက်ဆိုင်က လူရှုပ်တယ်''

''ရပါတယ်၊ မင်း ဘာပြောချင်တာလဲ''

''တို့က ပြောမှာမဟုတ်ဘူး ရာစသံ၊ ရှင်က ပြောရမှာ''

'ရှင်' ဖြစ်ရပြန်ပြီ။ ရာစသံ က ကားပေါ်ကမဆင်းဘဲ ကျန်ရစ်ခဲ့သည့် မိန်းကလေးတစ်ယောက်ကိုလှမ်းကြည့်လိုက်ပြီး နွေဘေးမှာပဲ ရပ်လိုက်၏။

တစ်ခကသာသာလောက်ကျယ်သော သောက်ရေကန်က ကြာပန်းတွေလည်းရှိသဖြင့် လှနေသည်။ ခရေပင်ကြီးတွေရော ကုက္ကိုပင်ကြီးတွေပါ ဂငယ်ပိုစ် တန်းစီရှိနေသဖြင့် အရိပ်လည်းကောင်းပြီး လှလည်းလှနေ၏။

ညနေခင်းမို့ ကန်ပေါင်မှာလမ်းလျှောက်အပန်းဖြေနေကြသည့် မိသားစုတချို့တွေလည်းရှိနေကြသဖြင့် ပတ်ဝန်းကျင်က လှပစိုပြည်နေသည်။

မစိုပြည်တာက အတိတ်က ကန့်လန့်ကာကိုဖွင့်ဖို့ကြိုးစားနေကြသည့် သူနဲ့နွေစပယ်၏မျက်ဝန်းတွေပဲဖြစ်ကြ၏။

''တို့က်ဆိုင်လိုက်တာ၊ တို့က မင်းနဲ့တွေ့ဖို့ဆုံးဖြတ်ပြီးမှ ပြန်ပြီးနေခဲ့မရဖြစ်နေခဲ့တာ''

''ခု ဝေခွဲလို့ရပြီလား''

''မဟုတ်ဘူး၊ တွေ့ဖို့သင့်နေတာကတော့ ကြာပါပြီ ဒါပေမဲ့

မယုတ်ဖြေသံက နားထဲမှာ ခါးသွားသည်။ ကားကို မောက်ပြန်ကွေ့ဖို့ အချက်ပြမီးဖွင့်လိုက်ရင်း ပင့်သက်ရှိုက်မိသည်။

ဒီလောက်ဒုက္ခပေးနေတာကို သူ ဘာဖြစ်လို့ မုန်းတီးပစ်လို့မရတာလဲ၊ တကယ်ဆို စိန်ခေါ်ခဲ့တာက ကိုယ် ...၊

ကိုယ့်စကားနဲ့ကိုယ် ရောင့်ရဲတိတ်မိနေသည်လား ...၊ သူ့ရင်ထဲမှာ တကယ်ကို အဖြူရောင်သက်သက်ပဲရှိနေတာလား ...၊ ဒါကိုတွေးမိတိုင်း ရှက်သလိုလို ...၊ ကြောက်မိသလိုလို ...၊

ဒီကောင်မလေးက ငါနဲ့ဘာဆိုင်လို့လဲလို့တွေးမိကာမှ မာနက အရောင်ပြန်တက်၏။ သူ့ဘဝမှာ အတိတ်နဲ့ပစ္စုပ္ပန်ဟာ မျဉ်းပြောင့်တစ်ကြောင်းပဲဖြစ်ကာ ရွေးချယ်ခွင့်ဆိုသည့် မိန်းကလေးကတော့ သူ ပစ်ပေါက်မရဲဘဲ ဆုပ်ကိုင်ထားခဲ့သည့် လက်ပစ်ဗုံးတစ်လုံးလား ...။

''ဟာ ..''

''ကျွီ ..''

ကွေ့လို့ရပြီတွက်ကာ ကားကို ခပ်ဖြည်းဖြည်းကွေ့လိုက်စဉ် အကြမ်းပရမ်းဖြတ်မောင်းလာသည့် အတည့်ကားတစ်စီးကြောင့် စိတ်ထဲမှာ တိုက်မိပြီလို့ပဲ တွက်လိုက်မိ၏။ ဒါပေမယ့် မတိုက်မိခဲ့ပါ။

မောက်ကားတွေ ဘေးကနေ တိမ်းရှောင်မောင်းနှင်သွားကြစဉ် ဟို ဘက်ကားပေါ်ကနေ ပြူးလာသည့်မျက်နှာတစ်ခုကြောင့် ...၊

''ဟင် .. မင်း ...''

နွေစပယ်ပါ၊ သူမကလည်း ဒေါသတွေဖလပွနှင့် မျက်မှန်ကိုတောင် ဆောင့်ဆွဲချွတ်လိုက်တာဖြစ်သည်။ သို့သော် သူ့ကိုမြင်လိုက်တော့ မျက်လုံးဝိုင်းသွား၏။

''ရာစသံ''

မျက်နှာတစ်ခုလုံး၏ တင်းမာခြင်းတွေ မျက်ရည်လေးကဲ့သွားလျှက်...

''မင်းနဲ့ တို့ စကားပြောချင်တယ်၊ အရေးကြီးတယ်ဆို၊ ဟိုရှေ့က

www.burmeseclassic.com

www.burmeseclassic.com

သည့် နွေမျက်ဝန်းမှမျက်ရည်တွေ ပြည့်၏။ ပြီးတော့ တစ်လုံးချင်းဆက်ပြော၏။

"တောအောင် လို့ခေါ်ပါတယ်၊ သူက အချစ်စိတ်ကြောင့် အပေးအတေဖြစ်နေတဲ့ ညီမလေးရဲ့ဘေးမှာ ကူညီသလိုလို၊ စောင့်ရှောက်သလိုလို အခွင့်အရေးယူသွားတာ၊ ဖျော်ရည်ထဲမှာ ဆေးခတ်ပြီး ကျောရုံကြဲသွားတာ၊ အဲဒီတုန်းကတော့ ဘာကြောင့်ပဲမှားမှား မင်းကြောင့်လို့ပဲ ဒို့ ခေါင်းစဉ်တပ်ပြီး မင်းကိုပဲ တစ်ခုခုတဲ့ပြန်ချင်နေတာ"

ရာဇသံ က မဲ့ပြုံးနှင့် နှာခေါင်းပါတွန့်သည်။ တကယ်ကို ရှုံ့ရှာသွားသည်ပုံမျိုး။ ဟိုတုန်းကတော့ ဘဝမျက်ခံပြီး ဒါတွေကို မပြောဘဲပုံးပိသွားခဲ့သည်။ ဒါပေမယ့် ဓာတ်ပုံကို သူ မပို့ဘဲနဲ့ ကံကြမ္မာကိုက ပဋ္ဌလက်ဆန်ဘာပါ၊ အဟောင်းတွေအသစ်ပြန်ဖြစ်လာတော့ ရာဇသံ မျက်နှာမှာ ဟို တုန်းက မာနရိပ်တွေ အရောင်ရင့်လာသည်။ လက်ရှိခံစားနေရသည့် သောကနှင့်ပေါင်းလိုက်တော့ စိတ်အထာမကျသမျှ သူမကြောင့် ...၊

"မင်းရဲ့စိတ်က တို့ထင်ထားတာထက် အများကြီးနူးညံ့ပါတယ်၊ ဒီမိန်းကလေးကြောင့်လား၊ မင်းစိတ်သဘောတိုင်းဝဲလား မသိပေမယ့် နွေထိ မင်း အိမ်ထောင်မပြုခဲ့ရဘူး"

"အဲဒီလို ကလေးအဖေ တစ်ခုလပ်ဆိုတဲ့ ဘွဲ့ထူးနဲ့ ဒီလိုဖြစ်နေတာ မင်း ဖျော်နေတယ်မဟုတ်လား"

"မဖျော်ပါဘူး၊ ငါ့တူမလေးကမှ မဖျော်တာ"

"ဘာ .."

"မင်း နိုင်ပါသေးတယ် ရာဇသံ၊ ပြောသလို မင်း လုပ်မပြနိုင်ခဲ့ဘူး ဆိုပြီး ရုံးသွားပြီထင်မနေနဲ့၊ မင်း နိုင်ပါတယ်၊ မင်း ဘာမှမဖန်တီးရသေးဘူးဘဝမျက်ခဲ့တယ်၊ မိုးစပယ်ရဲ့သမီးလေးလဲ သူ့အမေလိုပဲ အခု လမ်းပေါ်ရောက်နေပါပြီ"

"ဟုတ်တယ်၊ အဲဒါတွေက သူကြမ္မာသူငင်တာ၊ ဒါပေမယ့် ငါ

တို့ဘက်က မလိုဘူးလေ၊ မင်းက လာတွေ့ရမှာ"

"ဘာအတွက်လဲ"

"တို့တွေစိန်ခေါ်ခဲ့ကြတာ ဘယ်လိုအဆုံးသတ်မလဲ"

ရာဇသံ မျက်နှာ ညို့ခနဲဖြစ်၏။ နွေ က စိုက်ကြည့်နေရင်း မျက်ဝန်းမှာ မာန်တင်းထားရသည့် ခန့်ပြုံးတွေ တစ်စတစ်စ လွင့်ပြယ်လေသည်

သူမ ဒါတွေကို မစချင်ပါ။ ဒါပေမယ့် ...

"တို့ မင်းရဲ့ရှေ့ကို ခုမှရောက်လာပေမယ့် ကလေးနဲ့မင်းကို မြင်တွေ့နေရတဲ့တစ်နေရာမှာ ရှိနေခဲ့တာ ကြာပါပြီ၊ ဟိုကားပေါ်မှာထိုင်နေတာ တို့ရဲ့သမီးငယ် ဆောင်းစပယ် လေ၊ သူ့အစ်ကိုကတော့ သူ့အဖေ ခေါ်သွားတယ်"

သူမမျက်နှာကိုကြည့်လိုက်စဉ် တစ်ခုတစ်ရာကို သတိရလိုက်ကာ မျက်နှာပြင်မှာ ဖျန်းခနဲပူသွားသလိုပင် ...။

ရာဇသံ မျက်နှာလွဲပစ်လိုက်ပေမယ့် သူမက မကြားချင်ဆုံးစကားကို မှ ဆက်၏။

"ကျေးဇူးတင်ပါတယ်၊ မင်းဘက်ကလုပ်ခွင့်ရှိသလောက် မင်း ဘာမှမလုပ်ခဲ့ပါဘူး၊ တို့ ဖြစ်ခဲ့ဖျက်ခဲ့သမျှတွေဟာ တို့ရဲ့အမှားတွေကြောင့် ဆိုတာ ထင်ရှားပါတယ်၊ ဒါပေမယ့် ..."

သူမက စကားမဆက်ဘဲ သူနဲ့ မျက်လုံးချင်းဆုံအောင်စောင့်၏ ပြီးမှ ...

"တို့ကပဲ တောင်းပန်ပါတယ် ရာဇသံ၊ တို့လုပ်ရပ်တွေ မှားခဲ့ပါတယ်၊ ချစ်တဲ့သူက ချစ်ရူးရူးပြီးမှာခဲ့တာကို တို့က တရားခံရှာခဲ့တာပါ၊ တို့ဘက်မှာလဲ ဒီကလေးကို အဖေမရှိ အမေမရှိနဲ့ ဘယ်လိုမှ ဆက်မမွေးနိုင်တော့လို့ ..."

"ကလေးအဖေ ဘယ်သူလဲ"

ဟိုတုန်းကမေးခွန်းမျိုး ထပ်တူပြန်ထွက်လာတော့ ငေးကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ထပ်ရှိလာတယ်ဆိုပြီး မင်း ဟော်နေမှာမဟုတ်ဘူးဆိုတာ ငါ နားလည်တယ် ရာစော်၊ မင်းကိုယ်မင်း မညာနဲ့ပါကွာ ... ကလေးရဲ့ မိဘမဟုတ်ဘူး၊ မွေးစားတာမဟုတ်ဘူးဆိုတဲ့အသံတွေ သူနားထဲခွဲအောင် မင်းဝဲခြောနဲ့ တာမဟုတ်ဘူးလား၊ လူတွေကလဲ ပခြုံပ်ကို ဒေါသကြည် မွေးစားတယ်ပဲ အများစုက သိကြတာ"

"နွေစယ် .. မင်းပြောနေတာတွေကို နားထောင်ကောင်းလို့ ငါ ငြိမ်နေတာမဟုတ်ဘူး"

"သိတယ်လေ၊ ငါကလဲ မင်းကို တောင်းပန်နေတာပါ၊ ကလေး ဘက်က လူကြီးအဖြစ် ငါတူမလေးကို မင်းနဲ့ ..."

"မဖြစ်နိုင်ဘာတွေသယ်ပိုးပြီး ဘယ်နှစ်ညလောက် အိပ်မက်တွေ မက်နေလဲ၊ မိုးစယ်ရဲ့သမီးကို လက်ထပ်ယူရအောင် ငါ မရူးဘူး"

"မင်းကြောင့် ရူးခဲ့ကြတဲ့မိန်းကလေးတွေပါ၊ သူ့အမေထက် အဖြစ်ဆိုးအောင်လုပ်ပြမယ်လို့ မင်း ကြိမ်းဝါးပြီး မလုပ်ရက်ခဲ့တာဟာ ရန်ပြုး ရန်စတွေ ပြေသင့်တဲ့နောင်ကြိုးတစ်စဆိုရင် မများပါဘူး၊ ဒီလိုမှမဟုတ်ရင် လမ်းပေါ်က အရက်သမားလေးနဲ့ မှားယွင်းကုန်တော့မယ်၊ သူ့အမေလိုပဲ ကျော်တော့လေသူကြီး .. ညားတော့ လေထိုးသား ..."

"ဘယ်လိုလဲ.။ မင်းက သမက်ဖမ်းတဲ့စကားတွေပြောလို့ပါလား"

"အို .. မဟုတ်တာ၊ မင်း အဲဒီလိုတော့မစော်ကားနဲ့"

"စော်ကားသင့်လို့ စော်ကားထိုက်လို့ စော်ကားပါရစေ၊ အပျိုန်း.. အရက်သမားနဲ့ငြိသွားမှာစိုးလို့ ငါ့ရင်ခွင်ထဲရောက်ဖို့ အရှက်မရှိတွန်းပို့မေတာ၊ တကယ်ဆို မသိမသာလေးလုပ်ပါလား ..."

"တောက် .."

စပြောကတည်းက အစွမ်းကုန်ဖြေချထားခဲ့သည့်မျက်နှာမှာ အမောက်ကြောင်းတွေ ပြေးလွှားပေါ်လာသည်။ နွေစယ် တင်းထိုင်လိုက်ရင်း မျက်ရည်မကျအောင် မျက်တောင်တွေ တအောင့်အသည်း

ဝမ်းမသာပါဘူး၊ ရှင်သန်လာကြတာကိုက ကိုယ့်ဘဝနဲ့ကိုယ်၊ သူ့ဘဝနဲ့ သူ .. အခု ငါ မင်းကိုပြောမယ်၊ ရွှေပခြုံပ်ကို ပြန်ခေါ်ပါ"

"သိကြားမင်းကိုယ်တိုင်က နတ်စည်းစိမ်နဲ့ထားပါ့မယ်ဆိုပြီးခေါ်ရင် တောင် သူ လိုက်မှာမဟုတ်ဘူး၊ ပခြုံပ် က သူ့အမေထက် စိတ်မာတယ်၊ မိဘမဲ့ဘဝနဲ့ မိဘဆိုတာ တယ်သူတယ်ဝါမှန်းမသိတဲ့ စောင့်ရှောက်ထား ရတဲ့သူကလဲ မကြည်ဖြူပါဘူးဆိုတာတောင်မှ သူ အသွားမဖျက်၊ အစား မဖျက်ဘူး၊ ဒီကနေ တစ်ဖဝါးမှမရွာဘူး၊ သူ ဖြစ်ပြီဆိုရင် သူ့အမေထက် အဖြစ်ဆိုးမလားမသိဘူး၊ အဲဒီတော့ မင်းနဲ့တို့ အနိမ့်အမြင့် သိပ်မကွာပါဘူး ရာစော်၊ အလုံးအနီင် အဖြေမထုတ်ကြပေမယ့် သူမနိုင် ကိုယ်မနိုင်ပါ၊ ဒီအကြောင်းကို တို့တွေ ခဝါချလိုက်ကြပါစို့"

"ပြောပါ .. မင်းဝဲထက်ပြောစမ်းပါ၊ နားလည်သွားပါပြီဆိုတာလဲ မင်း၊ မကျေနပ်ပါဘူးဆိုတာလဲ မင်းပဲ၊ မင်း အိမ်ထောင်ကျပြီးမှ တစ်ခုလပ် ဖြစ်သွားတာထက် ဘာမှမဟုတ်ဘဲနဲ့ တစ်ခုလပ်လိုလိုဖြစ်ခဲ့ရ တဲ့ငါ .. အခုထိ ဘာကောင်လိုလိုအထင်ခံရဆဲဘဝနဲ့ ရပ်တည်နေရတဲ့ကောင် .. အဲဒါတွေ က သိပ်မကွာတဲ့ အနိမ့်အမြင့်တွေလား"

"ဟုတ်ပါတယ်၊ ကွာနေရင်လဲ တော်ပါတော့၊ မင်း .. မင်း မိုးကို မစစလက်စတ်ကျောနိုင်းနေနိုင်ခဲ့ပေမယ့် အခု ရွှေပခြုံ့နောက်ကို တကောက်ကောက်လိုက်နေရတယ်မို့လား"

ရာစော် မျက်နှာ ကွက်ခနဲမည်းသွား၏။ နွေက အနည်းငယ်ကျယ်သွားသည့် သူ့မအသံကို ပြန်နှိမ်ချက် ...

"သူ .. သူ မင်းကိုစွဲလမ်းနေပါပြီ၊ အဲဒါတွေကို လွှန်ခဲ့တဲ့သုံးရက် က ရွက်လွှင့်ဆိုတဲ့ကောင်လေးနဲ့ သူ ကော်ဖီဆိုင်တစ်ဆိုင်မှာ ပြောနေကြ တာ ကြားရလို့ ပိုပြီးသေချာခဲ့တာ၊ မင်းဘက်က မိဘလိုပဲ မေတ္တာထား နိုင်တယ်ဆိုရင်တောင် သူချစ်နေတာ အဲဒီလိုအချစ်မဟုတ်ဘူး၊ သူ မင်းဆီက အဲဒီ လိုအချစ်ကို လိုချင်တာမဟုတ်ဘူး၊ နောက်ထပ် မိုးစယ်

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၀)

"ဒါ ဘယ်ကပြန်လာတာလဲ ရွှေပခြုံပဲ"

"ကိုကို .."

ခြံတံခါးဖွင့်သွားသည်နှင့် တံခါးဝအတွင်းမှာ နောက်မီးဖွင့်လျက် သားနှင့် ကိုကို့ကားမည်းကြီး၏နောက်ခြီးက ပြူးပြဲကြီးဆိုနေ၏။ ပြီးတော့ ကားဘေးမှာ ခါးထောက်ရပ်နေသည့် ကိုကို ...။

ခြံပြင်မှာ အဖွားကားနှင့်ကားသမားက တော်တော်နဲ့ပြန်မထွက်သေးသည်ကို သူမကိုကျော်၍ ရာဇသံက အပြင်ကိုလှမ်းကြည့်သည်။ ပြီးတော့...

"အရက်သမားနဲ့ အရက်ဆိုင် စုံအောင်လျှောက်လိမ့်နေရတာ ပျော်သား"

"ကိုကို .. ဟို .. ပခြုံပဲ .."

"ပြောပါ၊ ကိုကိုပဲ 'ထင်သလိုနေဆို' ဆိုတဲ့မေးခွန်းနဲ့လေ ..."

ပခြုံပဲသည် ဆံနွယ်တွေနဲ့ခါသွားတဲ့အထိ ခေါင်းတွင်းငုံ့ရမ်းချက်...

"ငါ့မှာလဲ မာနနဲ့ပဲ ရာဇသံ၊ မင်းကို ဒီလောက်ထိပြောနေတာ ငါ့ဘက်ကချည်းပဲ တစ်ဖက်သတ်မှားနေခဲ့လို့မဟုတ်ဘူး၊ ငါ့အပြစ်ကလဲ အသံကြောင့် ဖားသေခဲ့ရတာပဲ၊ မင်း မသတ်ပေမယ့် မင်းကြောင့် ငါ ဘဝ ပျက်ခဲ့တာပါ၊ အခု .. အခု ငါ့တူမလေး မင်းလက်ထဲမှာဖို့လို့..."

"အစတည်းက စားမယ်ဝါးမယ်လို့ ငါ ကြိမ်းဝါးနေရက်နဲ့ မင်းပဲ လက်လွတ်စပယ်ပစ်ထားခဲ့တာလေ၊ ခုမှ ဘာကိုပူတာလဲ၊ ဒီမှာ မင်း ထပ်ပြောနေရင် လေကုန်တယ်၊ မျက်ရည်တွေထပ်ကျနေရင်လဲ ငါက ရက်စက်တဲ့ကောင်ဖြစ်မယ်၊ တစ်ခါတည်းမုတ်သွားလိုက် ..၊ ပြောမယ်.. မင်းတူမကို ငါ ဘယ်တော့မှစိတ်မကူးဘူး"

ယတိပြတ်ကြေညာခြင်းကို ဇွန် ပါးစပ်အဟောင်းသားနှင့်ကြည့်နေမိသည်။ အဖြူရောင်ဆွယ်တာခေါင်းစွပ်လက်ရှည်နှင့် မီးမိုးရောင်ဘောင်းဘီရှည်ကိုဝတ်ထားသည့် ရာဇသံသည် မီးခိုးရောင်မြွေပွေးကွက်ပါသောရိုင်းပြတ်ခါးရှည်အထပ်ဝတ်အင်္ကျီနဲ့ဖို့ ဖြူနုံးခနဲကြည့်လျှင် လူငယ်လေးတစ်ယောက်နှင့်ခြားနားတာ ဘာမှမရှိ။

ဒီယောကျ်ားး ဒီလိုမောက်မာသည့်စကားကို နောက်နှစ်ပေါင်းများစွာ ပြောနိုင်ဦးမှာပါ ...၊ ပြောနိုင်ပါစေ။

www.burmeseclassic.com

"မမေးရဲပါဘူး ကိုကို၊ ဟုတ်လဲမဟုတ်ပါဘူး၊ ပခြုံပ် က ကိုကိုနဲ့ နေချင်လွန်းလို့ မျက်နှာပြောင်ပြောင်နဲ့ ကုပ်တွယ်နေရတဲ့သူပါ"

"မင်းကို ငါ မေးနေတာ အဲဒီသယံဇာတတွေမပါဘူး"

"ပခြုံပ် က အဲဒီသယံဇာတတွေပြည့်ကျပ်မာကျောနေတဲ့ ရင်ဘတ်ကြီးကြောင့် ဖြေသာတဲ့နေရာမှာ ဖြေရှာရှာနေတာ"

"ဘာ ..."

ဖောင်းခနဲရိုက်ချက်ကြောင့် ပခြုံပ် ကိုယ်လေး ဒယိမ်းဒယိုင်ဖြစ်သွား၏။ မျက်လုံးထဲမှာ မီးစတွေ ဖွားခနဲ စဉ်ထွက်ကုန်သလို မြင်ကွင်းထဲမှာ ကိုကိုက ခုန်ပေါက်နေတဲ့ မည်းမည်းအရိပ်တစ်ရိပ် ...၊

ခံအပြင်မှာရှိနေသည့်မီးတိုင်၏ အလင်းရောင်က အနက်ရောင်ဝတ်ထားသည့် ကိုကို့ပုံရိပ်ကို မျက်နှာမွေးမွေးမဲ့လွှဲ၍ အားလုံးကိုဖျောက်ကွယ်ထားသည်။

ပါးပေါ်ကျတဲ့ လက်တစ်ဖက်ရယ်၊ ဖြူနေတဲ့မျက်နှာတစ်ခုရယ် အနက်ရောင်ပုံရိပ်နှင့်ရောရှိ မျက်လုံးထဲမှာ ရုတ်တရက် အနက်တွေ အဖြူတွေ ခုန်ပေါက်နေ၏။

"ငါ ယောကျ်ားတစ်ယောက်တောင်မှ ငါ့စိတ်ကို ငါ လွတ်မထေးဘူး၊ ငါ့သိက္ခာ ငါ့မာန ငါ့ဘဝ အတွက် မရှိမဖြစ်အရာတွေ မပျက်စီးအောင် အဖျက်ဆန်တဲ့ခံစားချက်တွေ ငါ့ခေါင်းထဲမှာ ဘာမှမထားဘူး"

ပခြုံပ် စကားမပြောနိုင်သေးပါ။ မျက်ရည်နှင့်ကပ်တွယ်နေသည့် ဆံပင်တွေ မျက်နှာပေါ်မှာ ရွှဲယှက်ခတ်အောင် ဖေးတင်နေသမျှ သတ်မလစ်အောင်ထိန်းရင်း မမြင်မစမ်းနှင့် ရမ်းသမ်းဖယ်ချနေရသည်။

ကိုယ်က ဘေးကိုယိုင်သွားပိုက်၊ ခြေတစ်လှမ်းဘေးကိုပါသွားလိုက်...

နောက်ကို လန့်ကျမလိုဖြစ်လိုက်၊ ခြေတစ်လှမ်း ဖျတ်ခနဲဆုတ်လိုက် ...၊

"မိန်းမဆိုတဲ့ ထိန်းသိမ်းတတ်မှတွေ ဘယ်မှာလဲ၊ အမှားနဲ့အချို့ခွဲခြားခံစားတတ်တဲ့အသိအာရုံကြောတွေ မင်းမှာ ပျက်စီးကုန်ပြီလား"

ဟုတ်ပါတယ်၊ ပျက်စီးကုန်ပါပြီ၊ ဘာမှကိုမရှိတော့ဘူး ကိုကို၊ ပခြုံပ် ရင်ထဲမှာ ကိုကို့ကို ချစ်နေတဲ့ အချစ်စိတ်တွေပဲ တဖျစ်ဖျစ်မြည်နေတယ်။

အဖျက်ဆန်တဲ့ခံစားချက်ဆိုတာ ကိုကို ခွဲခြားနိုင်ပေမယ့် ပခြုံပ် မသိ ဘူး။ ဘာဖြစ်ဖြစ် ကိုကို့ကိုချစ်တယ်၊ သိနေတာ အဲဒါပဲ။

"လူရယ်လို့ဖြစ်လာကြတာ ချစ်ဖို့တစ်ခုအတွက်မဟုတ်ဘူး၊ အချစ်ရဲ့အဖြစ်မဲခြင်းသီအိုရီတွေကို ရွတ်ပြနိုင်တာနဲ့ လူတစ်လုံးသူတစ်လုံးဖြစ်မလာဘူး၊ မင်းကိုယ်မင်း ဘာထင်နေသလဲဟင် ...၊ ဒီနေ့စပြီး မင်း နေထိုင်သွားလာတာကို ပြင်မလား၊ ဒီကနေ သွားမလား"

"ဟင် ..."

ပခြုံပ် မူးမိုက်နေတာတွေ တဒင်္ဂ ရပ်တန့်သွား၏။

ရာစသံ က ရှေ့ကိုတစ်လှမ်းတိုးလိုက်ကာ ...

"ဒီတိုင်း မင်းဆက်သွားနေမယ်ဆိုရင် မင်းနဲ့မယှဉ်ကို ဟိုအရင်လို ငါ သပ်သပ်ခွဲထုတ်ပစ်လိုက်မယ်၊ မင်းနဲ့ငါ တစ်စုံတစ်ရာ ပတ်သက်ဘော်စပ်နေနိုင်တယ်လို့သိထားတဲ့လူတချို့ကိုတော့ ..."

"ကိုကိုရယ် .. ပခြုံပ် နောက်ကို မိုးချုပ်ညဉ့်နက်အောင်မနေတော့ပါဘူး၊ ခု .. ခုလဲ ဒီလို ခဏခဏဖြစ်နေပေမယ့် တိုက်ဆိုင်တာပါ၊ ပြန်ပြီဆိုမှ အကြောင်းကြောင်းကြောင့် ..."

"အဲဒီအကြောင်းတွေက အရက်သမားနဲ့ပဲလား"

ပခြုံပ် ပါးလေးတစ်ဖက်ကိုလက်နဲ့အုပ်ကိုင်ထားရင်း ကိုကို့မျက်နှာချောချောကို မော့ငေးမိ၏။

"သူက သောက်တတ်တဲ့သူပါ၊ ဒါပေမယ့် အရက်သမားမဟုတ်ဘူး ကိုကို၊ အရမ်းချောပြီးဆွဲဆောင်မှုအပြည့်ရှိနေတဲ့ ယောကျ်ားတောင်

www.burmeseclassic.com

www.burmeseclassic.com

ယောက်ကတောင် မိန်းမနဲ့ကင်းရှင်းနိုင်တယ်ဆိုရင် အရက်သောက်နေပေမယ့် သူ လူရမ်းကားမဟုတ်ဘူးဆိုတာကို အရက်သမားတွေထဲက ခြွင်းချက်အနေနဲ့ ကိုကို ယုံကြည်ပေးပါ''

ရာဇသံ ဟွန့်ခနဲမဲ့ပစ်သည်။ သူမ စကားတွေ ဒီလောက်တတ်နေသည့်အဖြစ်ကိုတော့ ဥပေက္ခာထားလို့မရတော့ပါ။

ထို့ကြောင့် သတိရမိသည်က ရွှေပခြုံ လေးနှစ်သမီးဆိုတဲ့အရွယ် လေးတုန်းက သူ ရိုက်ခဲ့တဲ့ နေ့တစ်နေ့ ...။

'မလုပ်ပါနဲ့ သားရယ်၊ ကလေး သနားပါတယ်' လို့ မေမေ တားနေတာကိုလည်း နားထဲမဝင်၊

'ကြောက်ပါပြီ .. ကြောက်ပါပြီ' လို့ လက်လေးတကာကာနှင့် နောက်ဆုတ်ဦးကြွေးနေသည့်မျက်နှာလေးကိုလည်း သနားရမှန်းမသိ၊

ရွှေပခြုံသည် ထိုစဉ်တည်းက သူမ သည်းမခံနိုင်လျှင် ရုန်းကန်ထကြွတတ်သည့် ဒဿနအရင့်အမာနှင့် ...

''ဦးဦးကို မီးမီး ဘာလုပ်လို့လဲ၊ မီးမီးနဲ့ဦးဦး ခုမှသိတာဥစ္စာ... မီးမီးမှာ ဘာအပြစ်ရှိလို့လဲ...''

ဒီစကားကိုပဲ မနားတမ်းအော်ပြောသည်။ ရိုက်လေ အော်လေ ... ကလေးက နုနုနယ်နယ် .. တစ်ခုခုဖြစ်သွားလျှင် ဒုက္ခလို့ အသိလေးတစ်ချက်ဝင်ပြီး သူ ရွယ်ထားသည့်လက်ကို ပြန်ချခဲ့ရသည်၊ ရာဇဝင် ဤသို့ရှိခဲ့သော ရွှေပခြုံ ...၊

''ကိုကို .. ကိုကိုနဲ့ မမမေ လက်ထပ်ကြမှာဆို ...''

''အဲဒါ မင်းအလုပ်လား''

''ကိုကို့အမြင်မှာ ဓမ္မတ်ပေမယ့် ပခြုံရဲ့အရေးကြီးဆုံးကိစ္စပါ ကိုကိုရယ် ..၊ ပြောပြပါနော်၊ ပခြုံ .. ပခြုံကို ကိုကိုက မျှော်လင့်ခွင့်လေးတောင်မပေးပေမယ့် ပခြုံ က မျှော်လင့်ခဲ့တယ်၊ အဲဒါ ကိုကို့ကို မြင်နေတွေ့နေခွင့် ...''

ပခြုံပ် မျက်ရည်ကျလေသည်။ ရာဇသံ မရွှေ့မလျားခံနေသည့် ကိုယ့်ခြေထောက်တွေကို သတိတရဖြစ်ခဲ့ပေမယ့် သူကိုယ်တိုင်က ဒီတိုင်း ရပ်နေမိ၏။

တစ်ည နေလုံး သူမအတွက်နဲ့ လမ်းပေါ်မှာ ကားလျှောက်မောင်းနေရသည့်ဒုက္ခကြောင့် ဒေါသတွေ ရင်ထဲမှာ အုံပွဲနေခဲ့တာ သေးသေးကွေးကွေးမဟုတ်ပေ။

ဒါကို သူမက ကိုယ့်ကားနောက်ကနေ ရှေ့ဆင့်နောက်ဆင့်လေး ပြန် ရောက်လာတော့ ထုထောင်းရိုက်ပုတ်ပစ်ဖို့ထိ ဒေါသက ရေဆူအိမ့်တ်ထိ တက်ခဲ့သည်။

ခုတော့ သူမ ဒီမှာပဲ ကားရပ်ပြီး စောင့်နေခဲ့တာဟာ သူမ ပြောချင်တာ ပြောခွင့်ရဖို့ လမ်းဖွင့်ပေးလိုက်မိသလိုလား ...၊ ဒါက မဖြစ်သင့်ဆုံးကိစ္စ ...၊

''ကိုကို အခု ပခြုံပ်ကို လိုက်ရှာနေတာလားဟင် ...''

ရုတ်တရက်မေးလိုက်တော့ သူ ချက်ချင်းမဖြေနိုင်ဘဲဖြစ်သွားကာ ...၊ ပြီးမှ ...

''မင်းထင်တာတွေ များနေပြီ၊ ပြောတာတွေလဲ မနည်းတော့ဘူး၊ လူဆိုတာ ပြောရင်နားလည်ရတယ်၊ လက်ပါရပြီဆို အဲဒါ တိရစ္ဆာန်နဲ့တူတာပဲ၊ တိရစ္ဆာန်လောက်ပဲအသိရှိတဲ့လူမျိုးကို ငါ နောက်ထပ်မပြောမဆိုမိဖို့ ကြိုးစားမယ်၊ ဒါ နောက်ဆုံးပဲ''

''ဟင့်အင်း .. ကိုကို ...''

သူ ချာခနဲနောက်လှည့်လိုက်တော့ ပခြုံပ် က နောက်ကနေ ခါးကို ဖက်ထားပစ်လိုက်၏။

''ဟ .. မင်း ဖယ်စမ်း''

''အဲဒီလို ပြောမသွားပါနဲ့ ကိုကိုရယ် ..၊ ပခြုံပ် နောက် ဒီလိုမနေတော့ပါဘူး''

www.burmeseclassic.com

www.burmeseclassic.com

"ဖယ်စမ်းကွာ"

သူမလက်တွေကို ခွာထုတ်ပစ်ကာ အတင်းဖယ်လိုက်တော့ ဆောင့်ခါသလိုဖြစ်သွားကာ မူးနေသည့်အရှိန်နဲ့ပို့ ပခြုပ် ကားပေါ်ကို ပြိုလဲသွား၏။

"ကိုကို ..."

သူ့ခြေလှမ်းတွေ တုံ့ခနဲရပ်တန့်သွား၏။ ခဏလေးအတွင်းမှာ ပူပန်သည့်စိတ်က နောက်ပြန်လှည့်ဖို့တွန်းလိုက်သလိုဖြစ်ကာ သူမနှင့် မျက်နှာချင်းဆိုင်ပြန်ဖြစ်လေသည်။

"ကိုကို့ကို သိပ်ချစ်တယ်"

"မင်းကို သမီးရင်းလို ဘယ်တုန်းကမှ သဘောမထားနိုင်ခဲ့ဘူး၊ ဒါပေမယ့် မင်းလိုချင်တဲ့စိတ်မျိုး ငါ့ရင်ထဲမှာ မဖြစ်ခဲ့ဖူးဘူး၊ မင်း နောက်ထပ် မရူးချင်နဲ့တော့"

ပြောလိုက်တာက စကားကုန်ပါပဲ။ ထွက်ခွာဖို့ပြင်သည့်ခြေလှမ်းကလည်း ဒီတစ်ခါ နောက်ပြန်မကြည့်စတမ်းဖြစ်၏။ သို့သော် ...

"ဟင့်အင်း ... ကိုကို့စိတ်ထဲမှာတော့ ရှိနေခွင့်ပေးပါ၊ ကြိုက်သလို ပြောပြီး ရက်စက်ပါ ကိုကိုရယ် ...၊ အဲဒီလိုမပြောပါနဲ့ ..."

ပခြုပ်သည် သူ့ရင်ခွင်ထဲကို လုံးထွေးကျလာသည့် အဝတ်စတစ်စကဲ့သို့ ပျော့ခွေနုံအိနေကာ သူမထံမှ ကိုယ်သင်းနံ့သည် သူ သုံးနေကျ ရေမွေးပဲမို့ နှာခေါင်းထဲမှာ မရိုင်းပေ။

"ပခြုပ် ကိုကို့ကို သိပ်ချစ်တယ်"

ဖက်ထားသည့်လက်ကလေးနှစ်ဖက်သည် သူ့ကျောပြင်မှာ ခုပ်ယှက်ထားသဖြင့် ထိစပ်နေသည့်ရင်ခွင်နှစ်လွှာက ကြားလေသွေးဖို့မရှိ။

သူ့အသိအရှုံတွေ ရုတ်တရက် ရပ်တန့်သွားသလိုပင် ...။

လူချောလူရွှပ်ဟု ဟိုတုန်းကလည်း နာမည်ကျော်ခဲ့သည်။ ခုချိန်ထိလည်း ရွှေပခြုပ် ဆိုသော မိန်းကလေးကို မွေးမြူခဲ့တဲ့ ဘာလိုလိုသတင်းတချို့ကြောင့် နာမည်ကောင်းမရှိခဲ့သည့် ရာဇသံ ဆိုသူဟာ မိန်းကလေး

တစ်ယောက်နှင့် ဤမြို့ထိ လက်ပွန်းတတီးမရှိခဲ့ဖူးပါဘူးဆိုရင် ဘယ်သူယုံမလဲ။

ဤသို့ဤနှယ် ဖြစ်လာမည်ဟုမထင်ခဲ့သော အစီအစဉ်မဲ့သည့် ရင်ဘတ်ထဲမှာ ရုတ်တရက် ရပ်တန့်သွားခြင်းထက် ပိုမိုသော နောက်ဆက်တွဲလှုပ်ရှားခြင်းတို့ ဆက်တိုက် ဘာမှပါမလာဘဲ ...

"ကိုကို ..."

ပခြုပ် မျက်နှာလေး မော့လာသည်။ မှုန်ပျပျမီးရောင်ထဲမှာ ဖွေးမှုန်နေသည့် ကိုကို့မျက်နှာနှင့် ထူတန်းနက်မှောင်နေသော မျက်ခုံးနှစ်ဖက်က ထင်းနေ၏။

ကိုယ်ထင် ခုတင်ရွှေနန်းဆိုတာမျိုးလား ...၊ ကိုယ့်နှလုံးသားက ဘယ်တိုင်ရေးတဲ့ရင်ခုန်ရပ်တုတစ်ခုပဲလား ...၊ ကိုကို့က ပခြုပ် မျက်လုံးထဲမှာ နတ်သားတစ်ပါးဖြစ်နေ၏။

"တစ်ခုခု ပြန်ပြောပါ ကိုကိုရယ်၊ ပခြုပ်ကို ဘယ်တော့မှပစ်မထားဘူးဖို့လားဟင် ...၊ ကိုကို ပခြုပ်နောက်ကိုပဲ တကောက်ကောက် လျှောက်ပို့က်နေရတာမို့လား၊ ကိုကို့ကြောင့်ပဲ ပခြုပ် အဲဒီလို ချစ်ရူးမလေးဖြစ်နေတာယ်၊ နောက်ထပ် မနှိပ်စက်ပါနဲ့တော့ နော် ..."

"မင်း ..."

မေးဖျားမှာ နွေးခနဲရိုက်ခတ်သွားသော အနမ်းတစ်ချက်မှာ သူ ဘာဖြစ်သွားခဲ့သည်မသိ။

တွဲလွဲချထားသည့် လက်နှစ်ဖက်က ပခြုပ် ပခုံးလေးတွေကို ဆွဲငင်းခနဲဆုပ်ကိုင်လိုက်မိကာ ...

"ကျွတ် .."

သူ မျက်လုံးတွေ မှိတ်ပစ်လိုက်ပြီး ကျွတ်ခနဲ ဖြစ်၏။

"ဖယ်စမ်း"

ပခြုပ်ကိုယ်လေးကိုတွန်းဖယ်၍ ထိုနေရာမှ ထွက်လာခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၉)

စခဲ့တာက အဲဒီနေ့က ဖြစ်ပေမယ့် သူ အဆုံးမသတ်နိုင်။ တစ်သက်လုံးက မျိုမချခဲ့ဖူးသောဘီယာတွေကို ရွံရှံမဲ့မဲ့နဲ့ပဲ မျိုချနေမိသည်။

သရေစာပေါက်ပန်းလေးဆယ် မစားတတ်ခဲ့သည့် ပါးစပ်က အမြည်း ဆိုသည့် ဘာခုန်းမသိသော အကြော်အလှော်တွေကို ဟိုဟာယူဝါး၊ ဒီဟာ ယူစား ...၊

သူ ဒီလိုမဖြစ်ချင်ပါ။ ဒါကြောင့်လည်း ကင်းကင်း၊ တင်းတင်းနေခဲ့တာ ဖြစ်သည်။ ခုတော့ သူမရဲ့မျက်ရည်၊ သူမ၏စကားသံတွေ၊ ရင်ထဲထိပစ်ပေါက်ထည့်လိုက်သည့်အနမ်း ...၊

"ဒီလိုစိတ်ကူးတွေ ဘာဖြစ်လို့ပေါ်လာတာလဲ ရာဇသံ၊ ပွင့်ပွင့်လင်းလင်းပြောလေ" တဲ့။

ဇေ က တည့်တည့်ကြည့်ပြီးမေးတော့လည်း သူ ခေါင်းခါခဲ့သည်။ ထိုအခါ သူမက ပြုံး၍ ...

"ယူ ပြောရခက်နေရင် တို့ပြောမယ်လေ၊ မှန်ရင် ခေါင်းညိတ်ခဲ့

နေးခဲ့သောခံမေးဖျားဆီမှ ရိုက်ခတ်ခြင်းက တစ်ကိုယ်လုံးကို ရှိန်းရှိန်းထလျက် ကိုယ်ဟာ ခြေထောက်တွေပေါ်မှာရှိနေတာလား ...၊ လေထဲမှာမြောက်ကြွမြောက်ကြွ ခုန်ပေါက်နေသည်လား ...၊

ထိန်းချုပ်ရခက်ခဲနေသောဒေဝန္တာသည် ဘယ်ဆီက်နေ ဘယ်ဆီသို့ ...

www.burmeseclassic.com

www.burmeseclassic.com

မလဲး''လို့မေးဏ်။ သူ့တစ်သက်မှာ သူများရှေ့မှာ မလုံမလဲမျက်လွှာချ နေခဲ့သည့်အဖြစ်က ဒါ ပထမဆုံး ...၊

''ရွှေပခြုံကြောင့်မဟုတ်လား၊ ယူက လျှို့ဝှက်ထားပေမယ့် တချို့ လူတွေ ဝေဖန်ကြတာလဲ အမျိုးမျိုးရှိပေမယ့်ပေါ့နော် .. တို့က ယူ့ကို နားလည်တယ်၊ ယုံကြည်တယ်၊ ဒါပေမယ့် ရွှေပခြုံက အရမ်းလှတော့ ယူ့တက်ကို နားလည်ပေးမယ့်သူရှားတာပေါ့၊ ယူကရော သူ့ကို ဘာဖြစ် လို့ လက်မခံနိုင်တာလဲ၊ ဘယ်သူမှမသိနိုင်တဲ့ သူ့ရဲ့မျိုးရိုးဗီဇတစ်ခုခု ကြောင့်လား ...''

သူ ခေါင်းခါလိုက်မိသည်ထင်၏။ ဇေ့ က ခေါင်းညိတ်လိုက်ပြီး....

...''ဒါမှမဟုတ်ရင် သူ့အမေနဲ့များ ...''

''ဘာ ...''

''ဆောရီး .. ထင်တာကိုပြောတာလေ၊ သူနဲ့ ယူ့အသက် အဲဒီ လောက် မကွာနိုင်ပါဘူး၊ ဒါပေမယ့် တို့က ကိုယ့်ရဲ့ပါတနာအကြောင်းကို သူများထက်ပိုပြီး ခန့်မှန်းနိုင်တဲ့သူဖြစ်ချင်တာလေ ...''

မင်းမှားတယ်လို့ ရင်ထဲမှာပြောနေမိသည်။ သူမက ဆက်ပြောခဲ့၏။

''ဒါပေမယ့် သူနဲ့ပဲ အဲဒီလိုအသက်ကွာနေတာတောင် တစ်ဖက်မှာ အရွယ်အမူးဖြစ်နေရှာတာ တကယ့်မှန်ခဲ့ရင် ယူ ဒီလောက် မရက်စက်သင့် ဘူး ရာဇသံ၊ အချစ်မှာ အသက်အရွယ်အလိုက် ခံစားမှု နှုတာရင့်တာ မရှိဘူး''

''မင်း မကူညီချင်တာလား ဇေ၊ အားမနာဖို့ပြောချင်တာပါ''

''ချစ်တတ်တဲ့သူကို စာနာလို့ပြောတာပါ၊ အသက် ဘယ်လောက် ကွာကွာ ရှက်ရကြောက်ရမှန်းမသိလောက်အောင် ချစ်နေရှာတဲ့ မိန်း ကလေးက ရွှေပခြုံ ဖြစ်သလို ဘယ်လောက်စောင့်ရစောင့်ရ နစ်နာ တယ်မထင်ဘဲ အပျိုကြီးတွေဖြစ်သွားပါစေလို့ သဘောထားလိုက်နိုင်တဲ့ အချစ်မျိုးက တို့ရင်ထဲမှာ ရှိနေတာ''

ဒါတွေပြန်စဉ်းလားတော့ အားနာတတ်သည့်ခံစားချက်တွေကြောင့် မျက်နှာလွဲခဲ့ရသည်။

ဇေသည် အရှုံးပေးရမှာကို ကြောက်တတ်သူတော့မဟုတ်ဘဲ အရှုံး သမားဏ်ကြေကွဲခြင်းကို လက်မခံနိုင်တာဖြစ်သည်။

အချစ်နဲ့ပတ်သက်ပြီး ဖွင့်ဟလိုက်တိုင်း သူမအက်က ခေါင်းငုံ့တိုး လျှိုးခဲ့တာမျိုး တစ်ခါမှမရှိပေ။

'ငါက ချစ်တယ်၊ မင်းမချစ်လဲ ရတယ်'ဆိုတာမျိုး ...၊

ထို့ထက် တည်ကြည်ခဲ့တာက သူမ ရာဇဝင်မှာ ဒီတစ်ယောက် မဟုတ်ရင် နောက်တစ်ယောက်ဆိုတာ မရှိခဲ့သေးပေ။ ပြီးတော့ ပြော သေးသည်။

''တို့က သစ္စာတွေကြီးမားနေတာတော့မဟုတ်ပါဘူး၊ ယူ့ထက် ပိုချောတာမတွေ့ခင်အထိပဲ''

ဆိုသည့်စကားတွေနှင့် ဒီနေ့ထိ အခေါ်ပြောမပျက်၊ ရယ်မောမပျက် ခဲ့ဘဲ အကူအညီလိုရင်လည်း ရောက်လာသည်၊ ကိုယ့်အတွက်ဆိုလည်း 'ဟင့်အင်း'ဆိုတာမရှိ။

ဒီနေ့ ဒီစကားပြောကာမှ ...

''မချစ်တတ်တဲ့လူတစ်ယောက်ရှေ့မှာ ရင်ကွဲအောင်ချစ်ပြနေလဲ ထူး တော့မထူးပါဘူး၊ တို့ချင်းက အကြောင်းသိတွေပဲ၊ ဒီတစ်ခါတော့ ယူ့ အတွက် ခေါင်းညိတ်ရမှာ ဆူးစူးနေသလိုပဲ'' တဲ့။

တစ်ယောက်တည်းကျန်ရစ်ခဲ့ပြီး ပြောဖြစ်ခဲ့တာတွေကို ပြန်တွေးရင်း ရာဇသံ မျက်နှာမဲ့တဲ့တဲ့ဖြစ်သွားလိုက်၊ တင်းသွားလိုက် ...။

မိန်းကလေးတစ်ယောက်က ဒီလောက် ပြောသွားခဲ့သည်၊ သူ ဘာမှ မပြောဖြစ်ခဲ့။

''လက်ထပ်ကြဖို့က စာရွက်ထဲမှာဖြစ်ဖြစ်၊ ပရိသတ်ရှေ့မှာဖြစ်ဖြစ် ခုချိန်ကစပြီး ကျွန်တော် ကျွန်မတို့ အပျို လူပျိုမဟုတ်ကြတော့ပါဘူးလို့

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၀)

"ရွှေပခြုံ .. ပခြုံ နေဦး"

နောက်ကခေါ်နေတာ ဘယ်လောက်ကြာပြီမှန်းမသိ။ နားထဲမှာ အသံကိုသတိထားမိလိုက်တော့ ကားက ဘေးမှာရပ်လိုက်ပြီးဖြစ်ကာ...

"ညဘက်ကြီး တစ်ယောက်တည်း ဘယ်လဲ"

"အိစက်ခင်"

"ဟုတ်ပဲ ..၊ အလုပ်လဲမှန်အောင်မဆင်းဘူး၊ ဦးတာကြီးက ဒီနေ့ မေးတယ်၊ သူ နင့်ကိုတော့ ခွင့်လွှတ်တယ်ဟ၊ ဦးတာကြီးက အလုပ်နဲ့ ပတ်သက်လာရင် မညှာဘူးနော်၊ နင့်ကျမှ ဒီလိုနေတာ၊ မျက်နှာကြီးမှုက်သွားပေမယ့် ဘာမှမပြောဘူး၊ နင်ကလဲ ရက်ခြားပျက်နေတာကိုး ..."

ဖိတ်ဖိတ်လက်နေသည့်ကားကြီးကိုငဲ့ကြည့်ပြီး ပခြုံ မေးတာကို မဖြေဘဲပြုံးသည်။

"ကားက ကောင်းလှချေလား၊ ဒါနဲ့တောင် ကုမ္ပဏီမှာ စာရင်းကြီးရေး ဝင်လုပ်နေတယ်"

အိစက်က ကားကို နောက်ပြန်မှိလိုက်ပြီးရယ်ကာ...

ကြေညာတာပဲ၊ တိတ်တိတ်လေးလက်ထပ်ပြီး ရွှေပခြုံပဲကိုပဲ သိစေချင်တာပေမယ့် စာတစ်လုံးနှုတ်တစ်ရာတဲ့ ..၊ စာချုပ်ထဲမှာ လက်မှတ်ထိုးကြရမှာ တကယ်မဟုတ်ဘဲနဲ့တော့ အောက်တာပေါ့" တဲ့။

နောက်ထပ် သူ့ တစ်ခွန်းမှထပ်မပြောတဲ့နေတော့ ဇေ ဒီတိုင်းထ၊ ပြန်သွား၏။ နှုတ်လည်းမဆက်၊ ပြန်လည်းမကြည့်။

လူတွေထက် အရက်က ဝိုကောင်းနေသလား ...၊ မျိုချတိုင်း ရှော ရှောရှူရှူကျဆင်းနေတဲ့ထဲမှာ စောဒကတက်တာ ဘာမှမရှိ။

တကယ်မဟုတ်ဘဲနဲ့တော့ မဖြစ်နိုင်ဟုပြောသွားသည်။ သူ့အတွက် တကယ်မဖြစ်နိုင်သည့် အမြဲတမ်းသေချာနေတာတစ်ခုက လက်ထပ်ခြင်း...၊

မိန်းမတစ်ယောက်တက်က တကယ်ဖြစ်ချင်နေသည့်လိုအပ်ချက်ကို သူ ဖြစ်ခွင့်မပေးနိုင်။

ဒါဟာ ကျွန်းခြင်းဟု သတ်မှတ်ထားခဲ့တာက သူ့ရင်ထဲမှာ အလိုလို ဖြစ်လာသည့် ဒဿနတစ်ခုပင်။ ဒီအတွက်ကြောင့် လူပေါ် လူကြောင် ဖြစ်သွားနိုင်သလား၊ တစ်လောကလုံးက ကဲ့ရဲ့မလား ...၊

ပြောကြစမ်းပါစေ ..၊ ရင်ထဲမှာ အချစ်စိတ်တွေ တကယ်ဖြစ်နေခဲ့ရင်တောင် ...၊ သူ ...၊

www.burmeseclassic.com

"ငါ့အစ်ကိုလေ .. အလုပ်ရှင်တန်းဖြစ်သွားရင် အလုပ်သမားဘဝကို မသိဘူးတဲ့၊ ပြီးတော့ လုပ်သက်မကျေဘူးတဲ့၊ လက်ညှိုးထိုးတယ်ဆိုတာ ခိုင်းတာနဲ့တူပြန်တာ နှစ်မျိုးရှိသတဲ့၊ ကိုယ့်အလုပ်သမားက တူပြန်လက်ညှိုးထိုးတာမခံချင်ရင် အလုပ်သမားရဲ့အလုပ်ဘဝနဲ့ ဘဝကို ကိုယ်တိုင် ကျွမ်းကျင်ဖို့လိုတယ်တဲ့"

"အဟွန်း .. သူ့တုန်းကရော ဒီလိုပဲ အလုပ်သမား ဝင်လုပ်ခဲ့သေးလား"

ပခြုပ် က မေးလိုက်တော့ အိစက် မျက်နှာမှာ အံ့သြဟန်လေး တစ်ချက် ဖြစ်သွား၏။

ပြီးမှ ပြုံးကာ ...

"ငါကတော့ နင့်လိုမမေးရဲဘူးဟာ၊ ဒါပေမယ့် ဖေဖေ ရုတ်တရက် ကြီးဆုံးသွားတော့ ငါလို သင်ယူလေ့လာချိန်မရလိုက်ဘဲ ကိုကြီးက ကုမ္ပဏီမှာ ဦးစီးလိုက်ရတာ၊ သူ အရမ်းပင်ပန်းခဲ့လို့ ငါ့ကို အဒီလိုဖြစ်မှာ စိုးတာနေမှာပါ၊ ပြောလဲပြောပါတယ်၊ ညီမလေးက ငယ်သေးတော့ ကိုကြီးနဲ့အတူ လိုက်ပြီးလေ့လာဖို့ခေါ်သွားရင်လဲ လူငယ်ဆိုတော့ နေစဉ် ဖြစ်လာရင် စိတ်ပျက်မယ်တဲ့၊ အိမ်မှာ ဒီတိုင်းနေလဲ လူငယ်ပီပီ ဝေလေလေနေပြီး အလကားပဲတဲ့၊ ဟုတ်လဲဟုတ်ပါတယ်၊ အခု ကိုကြီး စီစဉ်ပေးတာ ငါ အဆင်ပြေတယ်၊ ကိုယ့်လုပ်အားခလေးကိုလဲ မက်မောတယ်၊ အလုပ်ကိုလဲ စိတ်ဝင်စားတယ်လေ၊ ငါက ဦးခန့်အောင်ရဲ့ညီမအဖြစ်နဲ့ ဦးခန့်အောင်ရဲ့အရိပ်မှာမဟုတ်တော့ အထက်ဖားအောက်ဖတွေလဲ မရှိတော့ဘူး၊ သေချာကြည့်နော .. ပေါ့ပေါ့နေပေါ့ပေါ့စား မဟုတ်ဘူး"

ဟာသမြောက်အောင် အရှုန်းလေးဖောက်လိုက်ပေမယ့် ပခြုပ် မရယ်နိုင်။ အလုပ်သဘောနားလည်အောင်ဆိုပြီး မမဇေ ရဲ့အထည်ဆိုင်ကို ပို့ပေးလိုက်သည့် ကိုကို့စေတနာတွေကို သတိရလို့ပါ။

ဒီတုန်းကတော့ ရက်စက်လိုက်ပါဘိလို့ တွေးပီး ဝမ်းနည်းတိုင်းငို...၊

အားလုံး နားလည်လိုက်တဲ့အခါမှာတော့ ကိုကို့ရဲ့လိုရင်းက အလုပ်နဲ့ ဘာမှမသက်ဆိုင် ...။

"ရွှေပခြုပ်"

"ဟင်"

"နင် ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား၊ ရုတ်နာရီထိုးတော့မယ် .. ဘယ်သွားမလို့လဲ"

"နင်ရော..."

"ငါက ကားနဲ့လေ ..၊ ပြီးတော့ ငါ့အိမ်က နီးနီးလေးရယ် ..၊ နင်ဘယ်သွားမှာလဲ၊ သိပ်မဝေးရင် ငါ လိုက်ပို့မယ်"

ပခြုပ် ခေါင်းခါလိုက်၏။

"ငါ မူးနေတယ် အိစက်ခင်"

"ဟင် .. နေမကောင်းဘူး ဟုတ်လား"

"မဟုတ်ဘူး"

"မဟုတ်ရင် .. ဟင် ..."

စိုးရိမ်စိတ်နှင့်အနားကပ်လိုက်မှ အိစက် မျက်နှာပျက်၏။ ပြီးတော့ နှာခေါင်းရှုံ့၍ နောက်တွန့်သွားကာ ...

"နင်.. နင် အရက် ..."

"မဟုတ်ဘူး၊ ငါ အချိုရည်သောက်တာ"

"ဟုတ်ရဲ့လား ပခြုပ်ရယ် ..၊ အချိုရည်နဲ့မဟုတ်သလိုဘဲ၊ ဒါဆို နင် ဘာဖြစ်လို့မူးတာလဲ"

"ဟုတ်တယ်၊ သောက်စတုန်းက ဒီလိုအနဲ့မဟုတ်ဘူး၊ ငါ အချိုရည်ခေတ်ပြီးသောက်လိုက်တာ"

"ဟယ် .."

"ငါ .. ငါ့ကို ကျော်မော့် တိုက်လိုက်တာ၊ ဒီကောင် လူယုတ်မာသလား"

www.burmeseclassic.com

www.burmeseclassic.com

ကျော်မော် က သူ့ဘေးရဲ့သူဝယ်ချင်းသား ဆိုပြီး ကုမ္ပဏီမှာ ခြေရှုပ် နေတာဖြစ်သည်။

သူ ပခြုံပ်ကို ရည်ရွယ်နေမှန်းလည်း တစ်ရုံးလုံးသိကြ၏။

"နေပါဦး၊ နင် ဒီနေ့ ရုံးမတက်တဲ့ ဘာဖြစ်လို့ သူနဲ့တွေ့သွားတာလဲ"

ဒီလိုပဲ ပခြုံပ် တစ်ယောက်တည်း စားသောက်ဆိုင် ထိုင်နေကျပါ။ ပြောလိုက်ရင် အိစက် မဲ့ရွဲသွားမည်လား၊ အုပ်ထိန်းမူတစ်ခုအောက်မှာ နေရသူချင်း မတူညီစွာရပ်တည်နဲ့ကြရတာ ဘာဖြစ်လို့လဲ ...၊

အိစက် ဘဝကို သေချာသိလိုက်ရမှ ကိုယ့်ခြေလှမ်းတွေ ဘယ် လောက်ထိမှားယွင်းနဲ့ပြီကို သိသည်။ ထိုအခါ သတိရသည်က မိဘ ရင်ခွင်...။

သူမသည် မိဘရင်ခွင်ကို တမ်းတရမှန်းမသိ၊ အမေ ဘယ်သူ၊ အမေ ဘယ်သူဆိုတာကို သိဖို့ထက် ရာဇသံ ဆိုသည့်ယောကျ်ားး ဘာ ကြောင့် မချစ်တတ်ရခြင်းကိုပဲ သိချင်နဲ့၏။

ကိုယ့်ရဲ့မိုက်ပစ်မိုက်ကြွေးတွေ များလှပါလား ...။ ဒီနေ့ သူမ ကျော်မော့်လက်ထဲက လွတ်မြောက်နဲ့တာ သီသီလေးရယ် ...။

ခေါင်းထဲမှာ မူးယစ်လာသည်နှင့် ကျော်မော့် ဖေးမတွဲကူမှုကို ပုတ်ခတ်ပြီး နေရာမှ ဖွတ်ထွက်လာခဲ့သည်။ လမ်းပေါ်ရောက်မှ ကားငှား ဖို့ဖြစ်သည်။

ဒါပေမယ့် ခုထိ ကားမတွေ့သေးပါ။

"ကျော်မော်က ဘယ်မှာလဲ ပခြုံပ်၊ နင် မူးလျက်ကြီးနဲ့ ဘယ်လိုထ၊ လာပြီး ဘယ်ဆက်သွားမှာလဲ"

"ရပါတယ် .. ငါ ဒီလောက် မမူးပါဘူး"

"ဟိတ် .. ဘာလုပ်နေတာလဲ တစ်ယောက်တည်း ..."

"ကိုကြီး .."

ရောက်လာသူကိုမြင်သည်နှင့် အိစက်ရဲ့အစ်ကိုကြီးမှန်း ပခြုံပ် သိ

သိုက်သည်။ ထိုသူ့မျက်လုံးတွေကလည်း ပခြုံပ်ဆီမှာပဲဖြစ်ကာ မျက် ခောင်ကြုတ်နှင့် စူးစူးရဲရဲ ...။

အိစက်တို့ ဘယ်လောက်ချမ်းသာသလဲတော့မသိ၊ အစ်ကိုဖြစ်သူ မောင်းလာသည့်ကားကလည်း အဖြူရောင်လက်လက်တောက်နေ၏။

ဘယ်သူ့ကိုမှပြန်မကြည့်တော့တဲ့ ထိုနေရာမှ သူမ ထွက်လာခဲ့သည်။ အထင်မြင်သေးသည့်မျက်လုံးတွေကို သူမ မုန်းသည်။ ကိုယ့်ဘဝမှာ အထင်ကြီးဖွယ်မရှိတာကို နားလည်သည်။ ဒါပေမယ့် ဒီမျက်လုံးတွေကို မုန်းတာက ခံစားချက်သပ်သပ်ဖြစ်နေခဲ့၏။

သူမ တစ်သက်လုံး သူက ကျွေးမွေးစောင့်ရှောက်လို့ ကြီးပြင်းလာခဲ့ သည်။ ကယ်တင်ရှင်ကိုမြင်ရတော့ အထင်မြင်သေး၊ မတူမတန်တစ်ဖက် သန်မျက်ဝန်းများနှင့် ...

"ပခြုံပ်"

"ဟင် ..."

နောက်ထပ်ရောက်လာသူကိုမြင်တော့ ပခြုံပ် တွေးနေသမျှတွေ အားလုံးပျောက်ကွယ်ကုန်၏။

"ရှင် ရောက်လာပြန်ပြီ"

"ဟား .. အနားတောင်မရောက်သေးဘူးကွာ"

ရွှက်လွှင့် က ရှဲ့မဲ့မဲ့မျက်နှာနှင့် ခေါင်းငုံ့ရယ်၏။ မီးခိုးရောင် ခြုံငုံးပြတ်လည်ကပ်စပို့ရုပ်နှင့် ဂျင်းဘောင်းဘီကို ဝတ်ထားသဖြင့် မြင့်မား ကျစ်လျစ်သည့်ကိုယ်ဟန်က ပို၍ထွားကျိုင်းနေသလိုပင်။

ပြီးတော့ ရွှက်လွှင့်က ပြုံးနေတိုင်း ကြည်ကောင်းတဲ့သူ ...၊

ပခြုံပ် သူ့ကိုမေ့ကြည့်လိုက်မိစဉ် ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွား၏။ ကိုယ့်ဘာသာ ခေါင်းငုံ့ပြီး ခပ်မှန်မှန်ထိန်းလျှောက်နေလျှင် ရသေးသည့် ဖြိုးခနဲ ဖျတ်ခနဲ လှုပ်ရှားမှုတွေမှာ ခေါင်းကပါဝါပြနေ၏။

"ရှင် ပခြုံပ်ကို တစ်နေရာက စောင့်ကြည့်နေသလိုပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့လဲ"

"ပခြုပ် တစ်ခုခုလိုအပ်နေတိုင်း ရောက်လာလို့ ..."

"ဟုတ်လား"

ပခြုပ် ရင်ထဲမှာ လစ်ဟာလို့က်ခါနေသမျှ သူ ဘေးမှာရောက်လာတာနဲ့ အားလုံး ငြိမ်းချမ်းသွားသလိုပင်။ ဝိုချင်နေသည့် ရင်ထဲကနေ နှုတ်ခမ်းမှာ ပြုံးရိပ်ထင်လျက် ...

"ဒါပေမယ့် ကျေးဇူးတင်ပါတယ်"

"တော်သေးတာပေါ့၊ ကိုယ့်ကို မကြည်ပေါက်နဲ့ကြည့်မှာစိုးတာနဲ့ ခပ်ခွာခွာကနေ အကြောကြီးကြည့်နေခဲ့ရတာ"

"ဘယ်လို ..."

ပခြုပ် ပြန်မော့ကြည့်တော့ သူက ပြုံးလိုက်ကာ ...

"တကယ်ပါ၊ မင်းနဲ့မနီးမဝေးမှာ ကိုယ်ရှိနေတာ မညာဘူး"

"ဘာဖြစ်လို့လဲ"

"မင်း ဒီလိုပဲသွားလာတတ်တာ သိနေလို့လေ"

"ဒါကြောင့် ရှင်က လမ်းပေါ်မှာစောင့်ကြည့်နေတာပေါ့"

"လိုရာဆွဲမတွေးပါနဲ့၊ ကိုယ်ပြောချင်တာက မင်းကို အရမ်းတွေ့ချင်တာ တစ်ခုပဲ"

"ကျွန်မ အခု အရက်သောက်ထားတယ်"

"သိသားပဲ၊ ကျော်မော်နိုင် ဆိုတဲ့ကောင် မင်းကို ဒုက္ခပေးတာ"

"ကျော်မော်နိုင် ..."

"ဟုတ်တယ်၊ ဒီကောင့်က သဘောသားဟောင်း၊ သက်ကြီးပုဂ္ဂိုလ် ဆိုပါတော့၊ လူကောင်သေးနေလို့ ...၊ အသက်က ကိုယ်တို့ထက် ရှစ်နှစ်လောက်ကြီးတယ်"

"ဟင် ..."

ပခြုပ် အံ့သြသွားတာ ခေါင်းမူးတာကိုတောင် ရုတ်တရက်မေ့၏။

"လောလောဆယ် စီးပွားရေးတစ်ခုခုလုပ်ဖို့ ရည်ရွယ်ချက်နဲ့ သုပ်ငန်းပေါင်းစုံမှာ ဝင်မွေနေတာ"

"ရွက်လွှင့်နဲ့ သီလားဟင် ..."

"သီဖူးတယ် .. မရင်းနှီးပါဘူး၊ ကိုယ်က ရည်ရွယ်ချက်မဲ့တဲ့ သလေကချေပဲ"

"ပခြုပ် သူနဲ့မခင်ပါဘူး၊ မေးထူးခေါ်ပြောထက်မဝိုချင်လို့ ရှောင်နေခဲ့တာ၊ ဒီနေ့ကျမှ ..."

"ကိုယ် တွက်မိပါတယ်၊ မင်းတော်လို့ ခုလိုလွတ်လာတာပေါ့၊ ဘယ်လိုလဲ .. ခေါင်းထဲမှာ မူးနေလား"

"အင်း .. ကြာလေ ဝိမူးလေပဲ"

"ဟန်ဆောင်ထိန်းနေရတော့ ဝိတာပေါ့၊ ဘယ်သွားချင်လဲ .. ကိုယ် ကားငှားလိုက်မယ်"

"လောလောဆယ် ခဏလေးထိုင်ချင်တယ် ရွက်လွှင့်ရယ် ..၊ အိမ်လဲအနှံချင်တယ်၊ ပခြုပ် ဒီတိုင်းပြန်သွားရင်လဲ ကိုကို့ခေါ်သကို ဘယ်လိုမှ ဖြေရှင်းနိုင်မှာမဟုတ်ဘူး"

"ရပြီ .. ကိုယ်လုပ်ပေးမယ်"

သူ ကားငှားတော့ နှစ်ယောက်အတူ တက်လိုက်ကြသည်။ ဆိုဖာမှာ ဝင်ထိုင်ပြီး ကျွဲရှင်မှာ ခေါင်းမော့တင်လိုက်သည်နှင့် ကားထဲက လေးအေး အော်အရှိန်ကြောင့် နှမ်းနယ်နေသည့်ကိုယ်က ဘယ်လိုစီးမျောပျော်ဝင်သွားခဲ့မှန်းမသိ ...။

ပခြုပ် ဘာဆိုဘာမှမသိတော့ပေ ...။

ထိုအချိန်မှာ သူမ၏စိတ်ကူးအိပ်မက်တွေအားလုံး ပျောက်ရှုပျက်စီးသွားခဲ့ပြီဆိုတာလည်း .....။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၁)

"ဟိတ်"

"ဖြန်း"

"အား"

အေးခနဲအထိအတွေ့ကြောင့် ပခြုံပ် မျက်လုံးတွေပွင့်သွား၏။

"ကိုကို"

"... ... ..."

"ရွက်လွှင့် .. အို .. ဘာတွေဖြစ်ကုန်တာလဲ"

ပခြုံပ် ခွေခေါက်နေရာကနေ ကမန်းကတန်း ငုတ်တုတ်ပြန်ဖြစ်၏။ သူမ ဘယ်ရောက်နေတာလဲ၊ တစ်ထပ်ပျဉ်ထောင်တိုက်လေးဖြစ်ကား သူမသည် ဧည့်ခန်းက ကြိမ်ကွတ်တွေခင်းထားသော ကျွန်းကုလားထိုင်နှစ်ယောက်တွဲခုံကြီးပေါ်မှာ ...

"ထစမ်း၊ မျက်နှာကိုပွတ်ပစ်လိုက်"

ရာဇသုံအသံကြားမှ ရေစိုရွှဲနေသည့်မျက်နှာကို ပွတ်သုတ်လိုက်ရင်း သူမ၏အေားပတ်လည်မှာ ကလေးငယ်တစ်ယောက်ကို ခိုထားသည့် ဒေါ်မယ်းနှစ်ယောက်နှင့် ရွက်လွှင့် ...၊

ပြီးတော့ ရာဇသံ...၊

နာရီကိုကြည့်တော့ ည၇ နာရီတိတိ ...၊

"ကိုကို ပခြုံပ် .. ပခြုံပ် အရက်သောက်မိတာ .. အဲဒါ ..."

"မင်း ..."

ရာဇသံ ရွက်ရွက်နှင့် လက်ကိုလွှဲရိုက်ပစ်လိုက်သည်။ ဒါပေမယ့် ရွက်လွှင့် က ထိုလက်ကိုဖမ်းဆွဲထားကာ ...

"ဘာဖြစ်တာလဲဆိုတာကို မေးကြည့်ပါဦး၊ ရွေပခြုံပ် က စာရိတ္တပျက်လောက်တဲ့အထိမဖြစ်ခဲ့ဘူး၊ အဲဒါ ကျွန်တော်သိတယ်"

"မင်းကရော ဘာကောင်မို့လို့လဲ"

"သူ့ရဲ့အုပ်ထိန်းသူကို ရိုးသားစွာအကြောင်းကြားပေးခဲ့တဲ့သူပါ"

"ဆယ်တစ်နာရီကျော်မှလား ..."

"သူနဲ့ကျွန်တော့်ကို ရဲတွေက မှားပြီး လူမှားဖမ်းသွားလို့ပါ၊ သူကလဲ အဲဒီပုံစံဖြစ်နေတော့ အားလုံး ခိုင်ခံရှင်းနေရတယ်၊ ကျွန်တော်ပြောတာ မှသားတစ်လုံးမပါဘူး၊ ခင်ဗျား စုံစမ်းကြည့်လိုက်"

ရာဇသံ လက်ပြန်ချလိုက်ပြီး အံကြိတ်သည်။

ဒီမိန်းကလေး ဒီလိုထင်ရာသွား ထင်သလိုနေတတ်လို့ စိတ်မချနိုင်ဘာ။ အားလုံးဟာ သူ့အတွက်ဖြစ်ရတာချည်းပဲဗို့ ကလေးလိုဆိုးနေတာကို ကျေနပ်သွားအောင်ချော့မော့ပေးစရာလည်း သူ့မှာမရှိ၊ ပစ်လည်းမထားနိုင်၊

"ရွေပခြုံပ် .. မင်း ဒီလိုဖြစ်နေတာ ကိုယ့်ကိုယ်ကိုယ် ဘယ်အောင့်ဆိုရောက်သွားပြီလဲ၊ နားလည်ရဲ့လား"

"ဒါက မဆိုင်ပါဘူးရှင်၊ မိန်းကလေးက ခိုးရာလိုက်လာတာလဲဟုတ်ဘူး၊ ကလေကချောတစ်ယောက်နဲ့ သွားလာနေတာလဲမဟုတ်ပါဘူး"

www.burmeseclassic.com

"ဘာ ..."

"အို .. မဟုတ်တာ"

ပခြုပ်နဲ့ ရွက်လွင် မျက်လုံးချင်းဆုံသွား၏။ ရွက်လွင် မျက်နှာမှာ ဘယ်လိုလှုပ်ရှားမှုကြီးငယ်မှ ရှိမနေပါ။ ပခြုပ် ဘယ်လိုဖြစ်သွားတာကို လည်း သဘောပေါက်သည့်မျက်ဝန်းများနှင့် ကုလားထိုင်မှာ ထိုင်လိုက်ပြီး ဘယ်သူ့ကိုမှမကြည့်တော့ဘဲနေ၏။

"အဲဒါ ဘာဖြစ်သွားနိုင်လို့လဲ"

"ဖြစ်နိုင်တာပေါ့ရှင့်၊ ရွက်လွင် ဘက်က ပြဿနာမရှိပေမယ့် ရှင့်ညီမက မိန်းကလေး၊ ရွက်လွင့်နဲ့နိုးရာလိုက်လာတဲ့မိန်းကလေးအပြစ် လူဆယ်ယောက်လောက် သိသွားတာ ပြဿနာရှိတာပေါ့၊ ပြီးတော့ မိဘအုပ်ထိန်းသူနာမည်တွေနဲ့ မှတ်ပုံတင်နံပါတ်တွေပါ သေချာရေးမှတ်သွားကြတာ"

ရာဇသံ တိတ်ဆိတ်သွားရင်း ပခြုပ်မျက်နှာကို အကြိတ်ကြည့်နေ၏။

"သူ့မှတ်ပုံတင်ကိုတော့ မပြောလိုက်ရပါဘူး၊ ဒါပေမယ့် အတူတူပဲလေ၊ ရှင် ပြန်ခေါ်သွားရင်သွားပါ၊ ဒါပေမယ့် ..."

"ဒါပေမယ့်တွေ ဘာရှိရှိ မပေးစားနိုင်ဘူး"

ရွက်လွင် ခေါင်းငုံ့သွားပေမယ့် သီရိ ဆိုသည့်မိန်းကလေးက မျက်နှာတင်းခဲနေဖြစ်လျက် ...

"ရတယ်၊ ကျွန်မတို့က စာနာစိတ်နဲ့ပြောနေတာ၊ သူတို့ကလဲ ချစ်သူတွေမဟုတ်ကြဘူးဆိုတော့ ရှင်တို့ ကြိုက်သလိုဆုံးဖြတ်လေ၊ တစ်ခုပဲရှိတယ်၊ ဒီကနေပြန်ခေါ်သွားပြီးမှ ရွက်လွင့် ဆိုတာကို နောက်ထပ်တစ်ခါတယ်ဆိုရင် ..."

"ဟွန်း .. မျှော်မနေနဲ့ ..၊ ဘယ်တော့မှဖြစ်မလာဘူး"

ရွက်လွင့် မော့ကြည့်လိုက်တော့ ပခြုပ် လက်ကလေးကိုဆွဲ၍ ရာဇသံက ကားဆီသွားနေပြီဖြစ်၏။

"ဘာ ..."

ရာဇသံ ဒေါသထွက်သွားသည်။ ကိုယ့်ကိုခေါ်ပေးတယ်ဆိုသည့် အသိလေးတစ်ချက်နှင့် ဤလူငယ်ကို သူ ကျေနပ်ပေးလိုက်၏။ အရက်သမားကို ကလေကချေလို့ မပြောထိုက်ဘူးလား ...။

"သီရိ အသာနေ"

ကလေးချီထားသည့်လူငယ်က ကလေးကို သူမထံပေးပြီး ရှေ့နည်းနည်းတိုးလာကာ ...

"ဟုတ်ပါတယ် အစ်ကို၊ ရွက်လွင့်က ကျွန်တော့်သူငယ်ချင်းပါ၊ သူတို့ ရောက်လာတော့ပဲ ဆယ်နာရီကျော်နေပါပြီ၊ ကောင်မလေးက လုံးဝ သတိမရဘူး၊ ခေါ်ရင်ထူးတယ်၊ မျက်လုံးမပွင့်ဘူးဖြစ်နေတော့ သူနိုးအောင် ကျွန်တော်တို့လဲ ဝိုင်းကြိုးစားကြပါတယ်"

"ကဲ .. အားလုံးထားလိုက်ပါ၊ ရွေပခြုပ် သွားမယ်"

"ခဏနေပါဦး"

အမျိုးသမီးက မျက်နှာတည်တည်နှင့်တားလိုက်ပြီး ဒီတိုင်းရပ်ကြည့်နေသည့် ရွက်လွင့်ကို ငဲ့ကြည့်၍ ...

"ရှင်မလာခင်လေးကပဲ ဧည့်စာရင်းလာစစ်သွားတယ်"

သူမ ဘာပြောချင်မှန်းမသိသည်မို့ ရာဇသံ က တိတ်ဆိတ်စွာကြည့်နေခဲ့၏။

"ဧည့်စာရင်းစစ်တယ်ဆိုတာ နယ်ထိန်းတို့၊ ရပ်ကွက်ဥက္ကဋ္ဌတို့ လမ်းမှူးတွေ ဘာတွေနဲ့ လူတွေ ဆယ်ယောက်လောက်ရှိတာ"

"မင်း ဘာပြောချင်တာလဲကွာ၊ လိုရင်းကိုပြောလိုက်"

လင်မယားနှစ်ယောက် တစ်လှည့်စီဝင်ပြောနေတာကို ရာဇသံ က တစ်ခွန်းမှမမေးပါ။ သူမက အားလုံးကိုဝေ့ကြည့်ကာ ...

"အဲဒီလူတွေက စစ်ဆေးတော့ သူတို့က နီးပြေးလာတဲ့လူငယ်တွေပါလို့ ပြောလိုက်ရတာ"

www.burmeseclassic.com

www.burmeseclassic.com

"ရွေပခြုံပဲ"

သူ ဖျတ်ခနဲထ၊ ရပ်လိုက်ကာ ...

"အဒီလိုမဟုတ်ဘူးနော်၊ မင်းအတွက် ကိုယ် အမြဲတမ်း အဆင်သင့်ပဲ"

"ဟိတ်ကောင်"

"ရွက်လွှင့် ကလဲ ..."

သူငယ်ချင်းလင်မယားကလည်း ချက်ချင်း အနားရောက်လာကာ မခံချင်စိတ်တို့နှင့် တစ်မျိုးစီ ဟန့်တားကြသည်။ ထွက်ခွာသွားသည့်ကား ကို ငေးကြည့်နေရင်း သူ ပြန်ထိုင်လိုက်ကာ ...

"ငါ့ရင်ထဲမှာရှိတဲ့အတိုင်းပဲ"

"ဘာဖြစ်ဖြစ် မာနတော့ထားရတယ်ကွ၊ လိုက်လွန်းရင် ပြေးတဲ့ မင်း ပြောပုံအတိုင်းဆိုရင် ကောင်မလေးက သူ တစ်ဖက်သတ်ချစ်နေတဲ့ တစ် ယောက်ကြောင့် အသည်းကွဲနေတာလား၊ အဲဒီလိုလူမျိုးကို မင်းက သေ လောက်အောင်ချစ်ပြနေရင် တကယ်သေတာတောင် မင်းကို သနား မယ့်သူရှိမှာမဟုတ်ဘူး၊ မှတ်ထား ...၊ လူဆိုတာ ရနေတာကိုမလိုဘူး မရတာကို လိုချင်တာ"

"ဟုတ်တယ် ရွက်လွှင့်၊ နင့်ပုံစံက ခြေရင်းမှာဝပ်စင်းခယရင်း အသက်သေရတော့မလိုဖြစ်နေတာ၊ သူ့လောက်မလှပေမယ့် နင် လူကြီး ကြီးမဟုတ်ပါဘူးဟာ၊ ပြီးတော့ ကိုယ့်ကိုယ်ကို လူပျိုမဟုတ်ဘူးလို့ပဲ နင် သတ်မှတ်နေတာ အဲဒါ အဆိပ်ဖြစ်နေတာပဲ"

"ငါ အဲဒီလိုဖြစ်ခဲ့ရတဲ့အကြောင်းလဲ နင်တို့သိသားနဲ့ဟာ ..."

ခဏတော့ တိတ်ကျသွားကြ၏။ ရွက်လွှင့် ခုလိုလေလွင့်လူငယ်လေး ဖြစ်နေခဲ့တာ ဘာဖြစ်လို့လဲဆိုသည့်အကြောင်းကို သူတို့သိကြသည်။ ပြန်လည်းမပြောရက်ပါ။ ရွက်လွှင့် ကတော့ နာကြည်းမုန်းတီးဖွယ် အတိတ်ကို မကြာခဏ နှိုးဆွနေခဲ့တာ အမှန်ပင်။ အာယ်ကြောင့်ဆိုသော် ဒါကို သတိရနေလေ လမ်းပေါ်မှာနေရတာ စိတ်ချမ်းသာလေ ...။

"ငါလို ရောက်လေရာမှာ အလှဘုရင်မဆိုတဲ့နေရာမျိုးနဲ့ ရင်းနှီးခဲ့ရတဲ့ မိန်းမက အလွယ်တကူခေါင်းညိတ်လိုက်တယ်ဆိုပြီး ကိုယ့်ကိုယ်ကိုယ် မာန်တက်နေတာလား ရွက်လွှင့်၊ ငါသာလျှင် ပိုင်ရှင်ပါဆိုပြီး နင်တာ ငါချစ်သူကိုလက်သီးနဲ့ထိုးရအောင် ကိုယ့်ရုပ်ကိုလည်း မှန်ထဲပြန်ကြည့်ပါဦး၊ သူငွေး ဆိုတဲ့ နင့်ပုံစံကို လမ်းဘေးက အကြော်သည် .. ပိန်ပြတ် သည်ကပဲ အထင်ကြီးပြီးကြိုက်မှာ၊ ငါ့ရင်ထဲကို ဘယ်တော့မှမပေါက်နိုင်တာတော့ သေချာတယ်"

နှင်းယုယစ် ဆိုသည့် မိန်းမ ...၊

လက်ထပ်သည့်ညမှာ သူမ၏ချစ်သူနှင့် ဧည့်ခံပွဲဘေးမှာ ပွေ့ဖက် ငိုယိုနေတာမြင်တော့ သူ စိတ်လွတ်သွားကာ လက်သီးနဲ့ အချက်ပေါင်း များစွာ ထိုးကြိတ်ပစ်လိုက်သည်။

တကယ်ဆို ပွေ့ဖက်နေကြခြင်းဟာ နှစ်ဦးနှစ်ဖက်ကြည်ဖြူမှုတစ်နေ ကြခြင်းဖြစ်သည်။

ဒါကို သတိမထားမိဘဲ သူ့စိတ်ထဲမှာရှိထားတာက ယုယ က ကိုယ်ချစ်သူ ...၊ ဒေါသစိတ်ကြောင့် သတိတစ်ချက်အလွတ်မှာ ဧည့်ခံပွဲ တစ်ခုလုံး အုံးအုံးကျွက်ကျွက်ဖြစ်သွားခဲ့၏။ ဤသို့ဖြစ်သွားသည့်နောက် မှာ သူ အရှက်လုံးလုံးကွဲလေသည်။

မိန်းမတစ်ယောက်ဟာ မိဘပေးစားသူကို လက်ထပ်ရခြင်းသည် သာ ချစ်ရသူနှင့်ကွေကွင်းရခြင်းဖြစ်ပြီး ချစ်သူနဲ့လက်ထပ်ရခြင်းဟာ သုခချမ်းသာကိုရခြင်းပဲမဟုတ်ဘူးလား ...။

ယုယ နဲ့ သင်တန်းမှာဆုံကြပြီး ချစ်ခဲ့ကြတာ ငါးလတိတိပါ။ ချစ်ရင်း မိဘတွေကို ဖွင့်ပြောပြီး လက်ထပ်ကြခြင်းမှာ နောက်တစ်ယောက်ပဲ အလွမ်းသည်ပြီးငိုကြွေးနေကြသည်။ ဒီအဖြစ်ကိုနားမလည်နိုင်ဘဲ ဧည့်ခံ ပွဲမှာ အရှက်ကွဲပြီးတာတောင် သူ မျက်နှာပြောင်ပြောင်နဲ့မေးခဲ့မိသေးသည်။

"ဒီကောင်နဲ့မင်းက ဘာလဲ ယုယ"

www.burmeseclassic.com

www.burmeseclassic.com

က တစ်ယောက်၊ ရည်းစားနှစ်ယောက် ပြိုင်တူထားတာပေါ့"

"နင် မယုတ်မာနဲ့"

ဟုအော်ကာ လက်တစ်ဖက်မြောက်တက်လာ၏။ ထိုလက်ကို ခေါင်းငဲ့ရှောင်လိုက်ပြီး သူ့ဘက်က လက်ပြန်တစ်ချက်လွှတ်ပေးလိုက်သည်။

သူမ နာကျင်စွာအော်သံနှင့်အတူ ရှေ့မှာ ခွေခနဲပုံကျသွားမှ ...

"ပြောရဲတာကို ကျေးဇူးတင်တယ် နင်းယုစံ၊ ထားလိုက်ပါ၊ ငါ မင်းလောက် မလုပါဘူး၊ ဒါပေမယ့် မင်းထက် အများကြီးချမ်းသာတယ်၊ အဲဒါကြောင့် မင်းရဲ့ ဒီည အရွက်မရှိဖွင့်ချရဲတဲ့ရင်ခုန်သံမှတ်စုနဲ့အတူ ကွာရှင်းပြတ်စဲကြောင်းသတင်း မကြာခင်ပါလာမယ် .. စောင့်နေ"

"အို .. ဒီလိုရမလား၊ မိန်းကလေးဘက်က ဘယ်လောက်နစ်နာမလဲ နင်တွေးမိရဲ့လား"

"မင်းတွေးမိဖို့ပဲလိုတာလေ၊ ဒါပေမယ့် ပြီးသွားပြီ ပူမနေပါနဲ့၊ နစ်နာမှုတိုင်းကို ချေဖျက်ပစ်လို့ရတယ်၊ မင်းလိုမိန်းမအတွက် ပိုလွယ်တာပေါ့"

အိမ်ထောင်တစ်ခု စတည်ခြင်း၊ ပြိုကွဲခြင်းအားလုံးဟာအကြောင်းတွေက ဒါပဲဖြစ်သည်။ ဒီတစ်ခါမှာတော့ အတိတ်ကိုတစ်ခေါက်လှည့်ပြေးကြည့်လိုက်တော့ သူကစ်ယောက်တည်းမဟုတ်ဘဲ သီရိတို့နှစ်ယောက်လည်းပါ၏။ သူ့နည်းတူ တွေးနေကြတာပဲဖြစ်ကာ ...

"နင့်မှာ တွေ့လဲတွေ့တတ်ပါတယ် ရွက်လွှင့်ရယ်၊ လူကသာ ရွက်ကြမ်းရေကျိုလောက်ရယ် .. တွေ့လိုက်တဲ့မိန်းကလေးတွေက တကယ့် ဒိတ်ဒိတ်ကဲ့အချောအလှတွေချည်းပဲ"

"ရွက်ကြမ်းရေကျိုလို့မပြောပါနဲ့ကွာ၊ ယောကျ်ားလေးတစ်ယောက်က ရုပ်မဆိုးဘူး၊ အရပ်အမောင်းကောင်းတယ်၊ ကိုယ်လုံးခြောင်းလည်ဆို့ရင် ဘာလိုသေးလို့လဲ"

သူက သွင်ကိုဦး ဖြစ်သည်။ သီရိရော .. သွင်ကိုဦးနှင့် ရွက်လွှင့်နှင့် မွေးနေ့တူဖွားဖက်တော်တွေဖြစ်ကြသဖြင့် ငယ်သူငယ်ချင်းဟုတ်ကြ

"ဩော် .. ရူးပါပေ့ ရွက်လွှင့်ရယ် .. ဟင် ...၊ ငါ့လိုမိန်းမကို ရပြီး အပျော်လွှန်လို့ ရူးသွားတာလား၊ ဒီလောက် ဖက်ဝိုနေကြတာကို မောင်နှမလို့များထင်နေသေးလို့လား"

"ဒါဆို မင်းနဲ့သူက ..."

"ချစ်သူလေ"

"ငါကရော ..."

"မချစ်တဲ့သူ ..."

"ဘာ..."

"တွဲနေတိုင်း ချစ်ရရောလား ...၊ သူက ဆင်းရဲတယ်၊ နင်က ချမ်းသာတယ်၊ ချစ်တာက သပ်သပ်၊ အိမ်ထောင်ဘက်က သပ်သပ်လေ"

ရင်ထဲမှာ 'သွေး' အကြီးကြီးမြည်ဟီးသွားကာ မျက်နှာကြီးတစ်ခုတည်းပြုတ်ထွက်ပြီး မီးပုံထဲပစ်ကျသွားခဲ့သည်လား ...၊

ရွက်သည့်စိတ်က အံ့သြလွန်းသည့်မင်တက်မိခြင်းအပေါ်မှာ တရိပ်ရိပ်တက်လာ၏။

ဒီလိုရွေးချယ်ကြတာတွေ သူ ကြားဖူးပါသည်။ ဒါပေမယ့် ချစ်သူရှိနေတာက တစ်ယောက်၊ မိဘပေးစားတာကို လက်ခံခဲ့တာက သပ်သပ် တစ်ယောက်ဖြစ်ကြတာမျိုးတွေ ...၊

ခုကျတော့ သူ့အဖြစ်က ...

"တကယ်ဆိုရင် နင် အဲဒီခဏလေးကို သည်းခံနေလိုက်ရမှာ၊ ငါ့ရဲ့ မျိုသိပ်ရခြင်းတွေကို ဒီလောက်တော့ဖွင့်ချခွင့်ရှိတာပဲ၊ အခု အမှန်အတိုင်း ငါပြောပေးလိုက်တော့ နင့်မျက်နှာကြီး ထူအမ်းသွားပြီမဟုတ်လား၊ လူတွေကြားထဲမှာ ငါ့ချစ်သူဘက်က ငါလိုက်တော့လေ ... အဲဒါ နင် တရားလွန်ထိုးကြိတ်နေတာကိုး ..."

"မသိလို့မေးပါရစေ၊ ငါ့ကို လူပေါ်ကြီးလို့သဘောထားပြီးတော့ပဲ ဖြေစမ်းပါ၊ မင်းက အိမ်ထောင်ဖက်အတွက် တစ်ယောက်၊ ရင်ခုန်တဲ့သူ

www.burmeseclassic.com

သော်လည်း ဒီနေ့ထိ ခင်မင်ရင်းနှီးမှုမဖျက်ဘဲရှိခဲ့ကြ၏။

ဒါပေမယ့် ရွက်လွှင့်ကိုခင်ကြပြီး လိုအပ်သည့်အကူအညီဆို နောက်မတွန့်စတမ်းပေးတတ်ကြတာပဲရှိသည်။ အကြောင်းကိစ္စအားလုံးကိုတော့ မသိတာတွေ တချို့ရှိ၏။

"ပြောပါဦး၊ ဒီကောင်မလေးက ကိုယ့်ကိုချစ်တာမဟုတ်မှန်းသိရက်နဲ့ မင်းမှာ သူ့အတွက် 'စေတနာ' နတ်မင်းကြီးလုပ်ပေးနေတာ နားတွေ မျက်စိတွေရှုပ်ကုန်ပြီ၊ တို့ထင်ထားတာက မြားမှန်ဖူးတဲ့စာသူငယ်လို မင်း တော်တော်နာကျင်နေမှာပဲလို့ ..."

ရွက်လွှင့် က ပြုံးနေပြီး ဘာမှမဖြေ။ ပခြုပ် ကို သူ ချစ်မိနေသည့် အကြောင်းကလွဲပြီး ဘာမှရှင်းပြမထားခဲ့တာ ကိုယ့်ကိုယ်ကိုယ်တော့ အပြစ်မရှိဘူးထင်သည်။

သူ နှိက်နှိက်ချွတ်ချွတ်သိအောင်ကြိုးစားထားခဲ့သည်။ ပခြုပ်ရဲ့ ကိုယ်ရေးကိုယ်တာတွေက တခြားသူ ရွတ်တရက်သိလျှင် နားလည်နိုင်ဖို့ မလွယ်ပေ။

နှစ်ယောက်အတူရှိနေကြပါလျက်နှင့် အဝေးကြီးဝေးနေရပြီး တမ်းတမ်းစွဲချစ်ခြင်းဖြင့် ပခြုပ်ရဲ့ရင်ထဲမှာ လောင်ကျွမ်းနေသမျှကို သူမြင်သည်။

ထိုအခါ ပခြုပ်ဘဝကိုစိတ်ဝင်စားလျှင် ရာဇေသံ နောက်ကြောင်းနဲ့ စိတ်ဓာတ်ကိုသိမှဖြစ်မည့်အကြောင်း ပထမဆုံး နားလည်ခဲ့တာလည်း သူပဲ ဖြစ်ခဲ့၏။

အဘယ်ကြောင့်ဆိုသော် ရွှေပခြုပ်ကို သူ ချစ်နေမိသည်ကိုး ...

"အဲဒီလူက အစ်ကိုလား၊ ဘာလဲ .. အရင်းလား .. ဝမ်းကွဲလား"

"ဝမ်းကွဲလောက်ပဲဖြစ်မှာပေါ့"

နောက် တဲကယိလိုအပ်လာရင်တော့ ပြည့်စုံစွာရှင်းပြပါမည်။ လောလောဆယ် လိုရင်းတို့ရှင်းနဲ့ပဲ ခေါင်းညိတ်ခေါင်းခါလုပ်မိ၏။ ပခြုပ်ကို ဖြန်ထည့်ပေးလိုက်ရသည့်ရင်ထဲမှာ ပူလောင်နေသည်မို့ ...

"ဒါတွေ မင်းတို့ မကြာခင်သိရမှာပါ၊ ငါ သူ့ကိုသိပ်ခင်တာ အဲဒီအချစ်က အေးဆေးငြိမ်းချမ်းပြီး ဘယ်တော့မှ ကွေ့ဝိုက်ကြောင်းသွားမှာမဟုတ်တဲ့ ခိုင်မြဲခြင်းတွေပါတယ်၊ ယုယနဲ့တူနိုးက ပြေးလွှားရင်း ပူနေရတာမျိုးမဟုတ်ဘဲ အရမ်းကိုဝိုင်ဆိုင်ချင်ပြီး မဝိုင်ရရင်ဆိုတဲ့ ပူလောင်ခြင်းတွေနည်းတယ်၊ သူ့နောက်ကနေ အရိပ်လိုတကောက်ကောက်လိုက်ပြီး သူ့ရဲ့အင်္ကျီထဘီစလေးတွေ လေလွင့်တာ၊ ဆံပင်တွေ မျောသွားတာ၊ အားလုံးကို မျက်တောင်မခတ်ဘဲငေးကြည့်နေချင်တာမျိုး၊ သူ လိုအပ်တိုင်း ကိုယ်ရောက်သွားခွင့်ရတာကို တစိမ့်စိမ့်ကြည်နူးတယ်"

"သေချာတယ် မင်း ဒီတစ်ခါလဲ ကျန်ခဲ့ဦးမှာပဲ"

"ဘာဖြစ်လို့လဲ"

"လမ်းဟောင်းကြီးပေါ် မင်းလျှောက်နေတာလေ၊ ပေးဆပ်သူတို့ နှလုံးသားနဲ့ ..."

"ဘာပဲဖြစ်ဖြစ်ပါ ငါ သူ့ကိုသိပ်ချစ်တယ်၊ လှလို့ချစ်တာထက် သူ့မျက်လုံးလေးတွေကို စိတ်ဝင်စားခဲ့တာ၊ နောက်ပြီးတော့ကွာ .. သူက တလွဲသတ္တိလေးတွေကောင်းတယ်ကွ"

"ဘယ်လို ..."

"မှားနေမှန်းသိရက်နဲ့ ခေါင်းမာတာမျိုး၊ မကောင်းမှန်းသိပေမယ့် ဝင်လုပ်တယ်၊ အရမ်းချစ်ဖို့ကောင်းတဲ့ဥာဏ်ဆိုးလေးတွေနဲ့သူ့ကို ငါ မြင်ကတည်းက ဂရစိုက်မိတာ၊ ပြီးတော့ ချစ်မိသွားတယ်၊ သူဆိုးတိုင်း လိုက်လျောဖို့ ယုယကြင်နာချင်တဲ့စိတ်တွေလဲ ငါ့မှာအဆင်သင့်ပဲ"

"မင်းပေးချင်နေတာတွေကို ဟိုတစ်ယောက်က မလိုချင်ဘူးလေ၊ အဲဒါကြောင့်ခက်တာ ရွက်လွှင့်၊ မင်းအရည်အချင်းနဲ့ မိန်းမ မရှားပါဘူးကွာ၊ ကိုယ့်ကိုပြန်ချစ်မယ့်မိန်းကလေးကိုရှာစမ်းပါ၊ ဘာဖြစ်လို့ ချစ်သူ့ကိုနေတဲ့ နှလုံးသားဟောင်းကြီးတွေကို သဘောကျနေရတာလဲ"

"အချစ်က ဘယ်သူ့ကိုချစ်တယ်၊ ဘယ်လိုမိန်းမျိုးဖြစ်ရမယ်ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com

ဖေးကြီးနဲ့ဖြစ်ပေါ်လာတာမဟုတ်ဘူးကွ''

''အဲဒါပဲ ...၊ မင်းတို့ အချစ်ကို တခမ်းတနားလုပ်ပြီး ခေါင်းပေါ်တင်နေကြတာ''

သွင်ကိုဦး က ကရဏာဒေါသနဲ့ကဲ့ရဲ့သည်။ ပြီးတော့မှ စိတ်မကောင်းဖြစ်သွားသည့်မျက်နှာနဲ့ ...

''ဒီကောင်မလေးက မိန်းကလေးဖြစ်ပြီး ညကြီးမိုးချုပ်မှာ တစ်ယောက်တည်း ဘာလုပ်ထားလဲ''

''အဲဒီလိုလုပ်တတ်တာ တို့ပြောတာပဲ''

''တော်ပါကွာ၊ ဒီလောက် ကွဲစိကွစတက်အောင်ကဲ့နေတဲ့အသည်းကို မင်းက ကောက်ဆက်ယူဦးမလို့မို့လား၊ သူချစ်ကိုယ်ချစ်ဆိုရင် ကလေးအမေ မုဆိုးမဖြစ်နေနေ အချစ်မှာ မတရားတာမရှိဘူးဆိုရင် ငါ လက်ခံပေးနိုင်တယ်၊ အခု မင်းချည်းပဲ တစ်ဖက်သတ် ပေးဆပ်ခဲ့ရတာ ဒါနဲ့ဆို နှစ်ယောက်ရှိပြီ''

''အန်ကယ်လ်ကလဲ ယုယ ကိစ္စကို ရှင်းပေးခဲ့တယ်မဟုတ်လား၊ ကြာတောင်ကြာပြီဥစ္စာ၊ နင် ခုလိုလမ်းပေါ်မှာသွားလာအချိန်ဖြုန်းမနေဘဲ ကိုယ့်အိမ်ကိုယ့်ရာမှာပြန်နေလိုက်ရင် 'အရိပ်သခင်' ဆိုတဲ့ဘဝကို ပြန်ရောက်သွားမှာ၊ ရွက်လွှင့်ချင်နေတာတွေ ထားခဲ့လိုက်ပါဟာ''

''တော်ပါပြီ''

သီရိက ရွက်လွှင့်ရဲ့ 'တော်ပါပြီ' ဆိုသည့်အပြုံးကို နားလည်သည်။ 'ငွေမက်လို့ နှင့်ကိုယူခဲ့တာ' ဆိုသော အရိပ်သခင်ရဲ့ဘဝကို နာကြည်းနေတာဖြစ်၏။

ဒါပေမယ့် မမြင့်မားတဲ့ဘဝကို မမက်မောတာ ဘယ်သူရှိသလဲ...၊ ပခြုံပ် ဆိုတဲ့ကောင်မလေးကို ချစ်ကိုချစ်တာပါဆိုရင်လည်း ဒီဘဝမျိုးနဲ့ ချဉ်းကပ်တာထက် ကိုယ့်ဘဝရဲ့ တကယ့်အမှန်ကို ပြလိုက်ပေါ့။

မိန်းမသားဆိုတာ ယုံကြည်အားကိုးချင်ကြတဲ့အမျိုး ...။

''ရွက်လွှင့် နင့်ကို သူက လက်ထပ်မှာပဲလို့ယုံနေသလား၊ ပခြုံပ်ကြည့်ရတာ သူ့ရင်ထဲမှာ နင်မရှိဘူး''

သီရိ ပြောလိုက်တာကို သွင်ကိုဦး က ဆက်မပြောဖို့ မျက်ခိုပ်ပြစ်းအပြုံးမပျက်နေရှာပေမယ့် ရင်ထဲမှာတော့ ကောင်းမှာမဟုတ်တာတို့ မကြည့်ရက်ပေ။ သီရိ-က သူ့ကို မျက်စောင်းရွယ်ကာ ...

''ငါက ကိုယ်လူ သတိထားမိအောင်ပြောပြနေတာ၊ ရွက်လွှင့်ကိုကဲ့ရဲ့တာမဟုတ်ဘူး၊ နောက်ပြီး ဖြစ်ပြီးခဲ့တဲ့အဖြစ်မျိုးလဲ ထပ်မဖြစ်စေချင်လို့၊ ကိုယ့်အခြေအနေအဆင့်အတန်းနဲ့ သူများရဲ့အသုံးချခံဖြစ်ရရင် ဘယ်လောက်ရင်နာဖို့ကောင်းလဲ''

''ဒီလောက်ထိတော့ ဒီကောင် မညံ့ဘူး၊ မင်းကလဲ ပြောလိုက်ရင် သမ်းဆုံး''

''ညံ့သွားနိုင်တယ်ကွ၊ သီရိ ပြောတာကို ငါ စိတ်မဆိုးပါဘူး၊ အချစ်နဲ့ပတ်သက်ပြီး အကဲခတ်ဝေဖန်ဖို့မလွယ်တာတွေအများကြီးပဲ၊ ငါကတော့ သူ ငါ့ဆီရောက်လာမှာပဲလို့ထင်ထားထယ်၊ အဲဒါ ဘာဖြစ်လို့ပဲဆိုတော့ သူ့စိတ်က ထူးဆန်းတယ်၊ ဘာပဲဖြစ်ဖြစ် ဘယ်လိုပုံစံနဲ့ရောက်လာလာ ငါ ချစ်တယ်''

''ချစ်ပါ .. ကြိုက်သလိုသာချစ်တော့၊ ပြောနေရင်း ချစ်တဲ့ထဲက ဆွက်တော့ဘူး''

သွင်ကိုဦးက ကလေးပြန်ဆွဲချီပြီး ရွှဲ၏။ ပြီးတော့ အခန်းထဲလှည့်ဝင်သွားရင်း ...

''မင်း ဒီည ဒီမှာပဲအိပ်နော်၊ လုံးဝ ပြန်ဆင်းမသွားနဲ့၊ သွားတာနဲ့ ငါတို့ လင်မယားက လိုက်ပြီးသားပဲ''

ဟု ပြောသွားသေးသည်။

''နင် ဒီလောက်ဖြစ်နေပြီဆိုလဲ ငါ ပခြုံပ်ရဲ့အကြောင်း ...''

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၂)

"ဒီလောက် လူတွေသိကုန်မှတော့ လက်ထပ်ဖို့အပြင် ဘာရှိသေးလဲ ချစ်ပြရုံ၊ ညည်းမို့ ခေါင်းခါရဲတယ်"

"ပခြုံပြမှ မချစ်တာ၊ သူနဲ့ပခြုံပြ ဘာမှမဆိုင်ဘူး"

"သူကတော့ မင်းကို တော်တော်ချစ်တဲ့ပုံပဲ"

ပခြုံပြ မျက်နှာလေးငြိမ်သွား၏။ မတ်တတ်ရပ်နေရင်း စီးကရက်မီးညှိသည်လက်ခုံအထက်ကနေ ထိုမျက်နှာလေးကို ရာဇသံ စိုက်ကြည့်၏။ ဦးတော့မှ မီးခြစ်ကို သာသာလေးငြိမ်ချကာ ...

"အလုပ်ကအပြန် သူနဲ့ ဘယ်လိုတွေ့ပြီး ဒါတွေ မျိုချဖြစ်တာလဲ"

"သူနဲ့က နောက်မှတွေ့တာပါ"

အလုပ်ကအပြန်မှာကတည်းက ကိုယ့်ဘေးမှာကပ်ပါလာသည့် ကျော်မော့်အကြောင်းပြောရင်း အိစက်နဲ့တွေ့တာကိုချွန်လှပ်ပြီး အားလုံးကြားဖြလိုက်သည်။

"ဟာ .. နီး နီး .. မလိုဘူး သီရိ၊ အဲဒီလို ဝင်မပါနဲ့၊ ငါ့အတွက် အောင်သွယ်မလိုဘူးလို့ပြောရင် နင် စိတ်တော့မဆိုးနဲ့၊ အသည်းကွဲရရင် တောင် အောင်သွယ်မရှိတော့ အသနားခံရမယ့်လူတစ်ယောက် လျော့တာပေါ့"

ဩော် .. သူက စိတ်မကောင်းဘူးဆိုတဲ့အကြည့်တွေကို မကြိုက်တဲ့လူပါလား ...၊

ရင်းနှီးခဲ့ကြပေမယ့် ဒါက ခုမှ သိလိုက်ရသည့်အချက်ဖြစ်သည်။

သတိထားမှ .....။

www.burmeseclassic.com

"ပခြုံပဲရဲ့ဘဝက ဘာတွေဖြစ်နေလို့လဲ ... အဲဒါတွေလဲ ကြီးမေ
ကိုပဲ လှို့ဝှက်ထားကြတာ၊ ပြောပြပါ၊ ပခြုံပဲ က ဘယ်သူ့သမီးလဲ
ပခြုံပဲရဲ့ မိဘတွေက ဘယ်လိုလူစားတွေဖြစ်နေခဲ့သလဲ"

"ဟော .. စောပါဖြို"

ဒေါ်ယုကြည် ရာဇသံကို အံ့သြဟန်နှင့်ကြည့်၏။ ရာဇသံ က
သူမကို မကြည့်ပါ။

"မင်း စကားတတ်တိုင်း လျှောက်ပြောနေတာတွေ ရပ်လိုက်တော့၊
ဒီနေ့ကစပြီး ဘာအလုပ်မှထွက်မလုပ်ရဘူး၊ ငါမသိဘဲ ဘယ်မှမသွားရဘူး"

"ရာဇသံ"

"ဘာမှခေါင်းရှုပ်မခံချင်ဘူး မယု၊ အားလုံး ဖြစ်သင့်တဲ့အတိုင်း
ဖြစ်လာမှာ"

ဒါပဲပြောပြီး သူ လှည့်ထွက်ခဲ့၏။ ဒေါ်ယုကြည် ကတော့ အံ့သြနေ
ဆဲပါ။ ဒီလောက်အရေးကြီးတဲ့အဖြစ်ကြီးကို 'ထားလိုက်တော့' တဲ့ ...။
သူ့ခေါသအရိုန်အတိုင်းသာဆို နားရင်းပါးရင်းအုပ်ပစ်ဖို့ထိ ရိုက်နှက်
ဆုံးမချင်းမည်။ ခုတော့ ဟိုကပြန်ခေါလာပြီး ဆိုဖာပေါ် ဆောင့်တွန်းထိုင်
ချင်းသည်။ ပြီးတော့ ...

"မင်းမှာ နောက်ထပ်ရွဲ့ဖို့တွေ ရှိသေးလား" တဲ့ ...။

ဒီကောင်မလေး. ဒီလိုနေတာကို ဝါသနာကိုပါတာများလားလို့
တွေးမိဘူးလား၊ မပေါက်ကွဲတော့ဘူးလား ...။

ပြီးတော့ ခွင့်မလွှတ်သင့်ဆုံးအရာဟာ မရည်ရွယ်သင့်တဲ့သူကိုမှ ...

"ဒါ အခွင့်အရေးပဲမဟုတ်ဘူးလား ရာဇသံ၊ ဒီကောင်မလေး
ငြင်းကို စွဲလမ်းတာကနည်းနည်း၊ လူငယ်ပီပီ စိတ်ရိုင်းပွေဝင်နေတာက
များများ ရယ် .. ကြာရင် ဒီထက် အရှက်ကွဲကုန်လိမ့်မယ်"

မနက်မိုးလင်းတော့ ရာဇသံ မျက်နှာသစ်ထွက်လာတာနှင့် မုန်းမှာ
ပဲမျက်နှာကဲကြည့်ဖို့ သတိမရဘဲ ဒါပဲ ထပ်ပြောမိသည်။ ရာဇသံ

"အမလေး... ထ၊ပြန်လာနိုင်တယ်ဆိုတာ နားရှိလို့သာကြားရ
တယ်အေ.၊ ဟိုက ဇွတ်ကပ်လိုက်လာလို့များ လမ်းမှာ ညည်း လဲကျ
သွားရင် ဘဝဆုံးပြီပေါ့"

"သူ အဲဒီလိုထိ ရုပ်ပျက်ဆင်းပျက်မလုပ်ရဲပါဘူး၊ အတွင်းစိတ်
ယုတ်မာပေမယ့် လူကြီးလူကောင်းအရေခြုံထားတာ"

"ခြုံပဲထားပါစေဦး ညည်း အဲဒါတွေကိုသောက်ပြီးမှတော့
တစ်နေရာမှာ လဲမှာလေ"

"အခု ပခြုံပဲမှမလဲတာ"

"ဟဲ့ .. ဟိုကောင်လေးနဲ့တွေ့တာ စောလို့လေ ..၊ တွေ့တာနဲ့လဲကျ
မှေမြှောသွားတာပဲ၊ မဖြစ်ဘူး ရွှေပခြုံပဲ .. ညည်း လက်ထပ်ရမယ်"

"ဟင့်အင်း .. ပခြုံပဲ သူနဲ့ လက်မထပ်ဘူး"

"မရဘဲ့"

ဒေါ်ယုကြည် တစ်သက်လုံးမှာ အတင်းမာဆုံးမျက်နှာနှင့် ပခြုံ
ဘေးမှာ ဆတ်ခနဲထိုင်ချလိုက်၏။

"ညည်းရဲ့ပြင်ဆင်လို့မရနိုင်တဲ့အမှားပေါ်မှာ သောက်တက်စေ
တတ်လာတာက မိန်းကလေးတစ်ယောက်ရဲ့ ကာရိုက်တာပျက်စီးတာပဲ
ပတ်ဝန်းကျင်မှာ ညည်း တန်ဖိုးမဲ့နေပြီ သိရဲ့လား"

"ပခြုံပဲ မဟုတ်တာ ဘာမှလေပဲဘူး၊ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်း
လဲ..."

"ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းဖို့မှာ ပတ်ဝန်းကျင်လဲလိုတယ်၊ အရ
ငါက လူကြီး၊ ရာဇသံက ယောကျ်ားလေးဖြစ်နေတယ်၊ ညည်းကို
ဒီလိုနေပါ.. ဒီလိုသွားပါ ဘယ်လိုပြောပြော ဘယ်လိုသင်သင် နားမဝင်
ဘဲ ထင်သလိုနေတော့ ပတ်ဝန်းကျင်က အုပ်ထိန်းသူကို လက်ညှိုးထိုးလာ
တယ်၊ အဲဒီအခါ ညည်းရဲ့အုပ်ထိန်းသူကနေ ညည်းရဲ့ဘဝစာစစ်မြစ်တွေ
အထိ လူတွေက သိချင်လာလိမ့်မယ်"

www.burmeseclassic.com

က ခြေလှမ်းမပျက်လှမ်းနေရင်း ...

"တိုက်ဆိုင်မှုတွေပါ၊ အုန်းခနဲထထဖြစ်မှ လူသိလို့ အဆင်ဆိုးရတာ၊ သူ အဲဒီလောက်မဆိုးသေးပါဘူး"

ကြားသားမိုးကြိုး ...၊ ရာဇေသ် ပါးစပ်ထဲမှာ နှားလည်မှုတွေနဲ့ ပါလား...။

ရုပ်ရှင်စကားနဲ့ဆိုရင် လူကြမ်းမျက်စိလည်ရတဲ့အဖြစ် ...။

ပခြုပ်ကို သူ မမုန်းပါ။ ရာဇေသ် လက်ထဲရောက်လာခဲ့သည့် မိန်းကလေးမို့လည်း အကြောင်းတစ်စုံတစ်ရာ ခိုင်ခိုင်လုံလုံရှိနေမှာကို ယုံကြည်သည်။ ထို့ကြောင့် အဆင်အမြင်သေးတဲ့စိတ်လည်းမရှိပေ။

ဒါပေမယ့် ကိုယ့်ဘက်က မဆီမဆိုင်နစ်နာရမှာမျိုးတော့ မလိုချင်။

"ရာဇေသ်"

ရာဇေသ် က ရေချိုးခန်းတံခါးအထိပါလာသည့်သူမကို စိတ်မရှည်သည့်မျက်နှာနှင့် လှည့်ကြည့်၏။

"မိန်းမချင်းမို့ မမယု သိနေတာပါ၊ ပခြုပ် မင်းကိုချစ်နေတာ သေးသေးကွေးကွေးစိတ်မဟုတ်ဘူးနော်၊ ဒါတွေ လူသိတဲ့အဆင့်ထိ ရောက်ကုန်ရင် မင်းပဲနစ်နာမှာ၊ ဒီလိုမဖြစ်အောင် ကာကွယ်ဖို့က မင်းဖြစ်ဖြစ်၊ သူဖြစ်ဖြစ် တစ်ယောက်ယောက်နဲ့ လက်ထပ်လိုက်ဖို့ပဲ၊ အခု ဒီတိုင်းဖြစ်လာခဲ့တာကို ဘာဖြစ်လို့ ရှည်အောင်နောက်ပြန်လှည့်နေတာလဲ"

ရာဇေသ် အသံတိတ်နေ၏။ ဒေါ်ယုကြည်က စိုးရိမ်သည့်မျက်နှာနှင့် စူးစိုက်ကြည့်နေကာ ...

"မင်းပြောသလိုဆို ကောင်လေးကလဲ မေတ္တာရှိနေတာပဲ၊ ယောကျ်ားလေးဘက်က လိုက်လျောမှုရှိနေရင် မိန်းကလေးဘက်က ကြင်နာလာမှာပဲ၊ လောလောဆယ် လက်ထပ်ပေးလိုက်ပါကွယ်၊ ဇွတ်လုပ်တယ်ပဲဖြစ်ဖြစ် မိဘအုပ်ထိန်းသူဆိုတာ ဒီနေရာမျိုးမှာ အမှန်းခံရတာပဲ၊ မင်းပြောရခက်နေသလား၊ ငါကိုယ်တိုင် ပြီးဆုံးအောင်လုပ်ပေးလိုက်မယ်"

"မလုပ်ပါနဲ့"

"ဟင် ..."

ရာဇေသ် မျက်နှာက တင်းနေ၏။ ပြီးတော့မှ မသိမသာ ပြုံးလျှော့ချကာ ...

"သူ မချစ်တဲ့သူနဲ့ ကျွန်တော် ဇွတ်မပေးစားချင်ဘူး"

တံခါးဝတံသံက ခပ်ရိုင်းရိုင်း ကျိမ်းခနဲ ...၊ အဲဒါ ဇွတ်ပြောချင်ဦးယုကြည် ...၊

ကိုယ့်ကိုယ်ကိုယ်ပဲ ဆုံးမပါတော့မည်။ ဒါပေမယ့် အားလုံးက စေတနာတွေပါ။

ရွေးစရာက နှစ်လမ်းပဲရှိတာကြောင့် .....။

www.burmeseclassic.com

www.burmeseclassic.com

ချစ်ခြင်းကြောင့်မဟုတ်ဘဲ ...၊ ပြီးတော့ မိုးစပယ်၏သမီးဖြစ်နေမှန်း သိ လျက်နှင့် ...၊ ထို့ပြင် အသက်အရွယ်ချင်းလည်း ကွာခြားလွန်းသည်း ထိုထိုသောအကြောင်းများရှိလျက်ကနေ ကြီးမိုက်တော့ အဖြစ်မခံနိုင်ပေ။

ထိုအခါ သူမ ရူးမိုက်တဲ့အတိုင်း မလိုက်လျောနိုင်ဆိုသည့်အဖြေပဲ ထွက်ခဲ့၏။

"ထိုင်ပါ၊ ဘယ်လိုလဲ .. ရင်တွေပူနေပြီမဟုတ်လား၊ ငါ သိသားပဲ .. သူများတွေအမြင်မှာ ရာဇသံ ကုမ္ပဏီရုံးခန်းကြီးထဲမှာ အေးအေးလူလူ အလုပ်လုပ်နေပြီလို့ထင်မှာပဲ၊ ဒါပေမယ့် တကယ်က ငါးရံ့ပြာလူး ဖြစ်နေတာ"

"မဖြစ်ပါဘူး"

ကျောနိုင်းလျက်ကနေ သူ ဒီဘက်ပြန်လှည့်လာသည်။ မျက်နှာမှာ မြင်နေကျ မထိတထိအေးစက်ခြင်းများနှင့်ပြုံးယောင်သမ်းလျက် ...

"ငါးရံ့ပြာလူးတာကို မမြင်ဖူးပေမယ့် တော်တော်ခံစားရလို့ လူးပျံနေ တာဖြစ်မှာ၊ မင်းပြောသလောက် ကိုယ်မဖြစ်ဘူး"

"ဖြစ်တော့ဖြစ်တယ်ပေါ့"

"သံယောဇဉ်ဆိုတာ ရှိတာပဲ၊ မင်းလာခဲ့တဲ့အကြောင်းကို ပြောနိုင်မလား"

"ဟင် .. ပေါ်တင်ကြီးပါလား"

လက်ဝိုက်လေးထိုင်ရင်း ဇေ က ပခုံးတွန့်၏။

"ဒါပေမယ့် မလာစေချင်မှန်းသိလို့ ထပြန်ရတာတော့ ယူဘက်တာ မဖွယ်ရာလွန်းတာပေါ့"

"မဟုတ်ပါဘူး၊ ကိုယ်ကလဲ မင်းကိုသူတိရုပါတယ်၊ ဒီကိုလာခဲ့တာ သက်သေပြ ထဲထဲဝင်ဝင်ပြောပြထားတာ မင်းတစ်ယောက်ပဲရှိတာလေး မြော ချင်တာလေးတွေရှိတော့ သူတိရတယ်"

အခန်း (၃၃)

သူမ ဖြစ်စေချင်သမျှ ဘာမှဖြစ်ခွင့်မပေးနိုင်ဘူးဆိုရင် နှစ်လမ်းပဲ ရှိသည်။

သူမကို သင့်တော်သူနဲ့ပေးစား ဒါမှမဟုတ်ရင် ကိုယ်ချစ်တဲ့သူကို လက်ထပ်လိုက်ရုံ ...၊ ဒါပေမယ့် သူ ဘယ်တုန်းကမှ ချစ်သူမထားခဲ့သလို ချစ်ရမည့်သူလည်းမရှိခဲ့ပေ။

သူမှာ ဘယ်သို့သောအရည်အချင်းကောင်းတွေရှိနေပါစေ ချစ်သူ ခင်သူတွေ ဘယ်လိုပေါပေါ၊ ရင်ခွင်မှာ သိမ်းပွေ့နှစ်သက်ချင်လောက် အောင် သူ့အတွက် ချစ်ရမည့်မိန်းကလေး ဒီနေ့ထိ မရှိခဲ့သေးပါ။

တမင်တကာ ရှောင်ရှားနေတာမဟုတ်ပေမယ့် ရှာဖွေချင်စိတ်လည်း မဖြစ်ခဲ့တာ ဆန်းတော့ဆန်း၏။ အခု ထူးဆန်းနေတာကိုတော့ သူ့ကိုယ် သူတောင် လိုက်လို့မမီတော့ပါ။

ရွှေပခြုပ်ကို သူ သံယောဇဉ်ကြီးခဲ့မိပါပြီ။ ဒါက ဝန်မခံလို့မရ လောက်အောင် သူ တွေဝေနေခဲ့မိတဲ့အဖြစ် ...၊

ဒါပေမယ့် ချစ်တာမဟုတ်ဘူးလို့ နှလုံးသားက အဝါကတ်ပြနေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဓာတ်ရွှဲ"

"အေး .. ဒါပေမယ့် အိမ်ထောင်ပျက်ဘဝကို လက်မခံနိုင်လို့ နှင်းယုယစ် က နာမည်ပြောင်းခဲ့ပြီးရပ်တည်နေတာဖြစ်နိုင်သလို အရိပ်သခင် ကလဲ သူသိတ့ုနှင်းကိုက နာမည်နှစ်မျိုးရှိတာတဲ့၊ အဲဒီတော့ နာမည်တွေ ပြောင်းပြီးရွှဲပတာတော့မဖြစ်နိုင်ပါဘူး၊ ငါပြောချင်တာကဟာ အဲဒီလူက သိပ်တော့သေးသေးနှပ်နှပ်မဟုတ်နိုင်ပါဘူး၊ ပေးစားမယ်ဆိုရင် သေချာထပ်စုံစမ်းပေါ့ဟာ၊ နင့်ရဲ့မမယုပြောပုံအရဆို ခိုးပြေးကြတာ မဟုတ်ဘဲနဲ့ ဒီလိုဖြစ်ကုန်ကြတာဆိုတော့ မိန်းကလေး အနေအထိုင် မတတ်ဘူးဆိုတဲ့ ပုဒ်မပဲထွက်မှာ၊ အခု ပခြုပ်ကလဲ လက်မထပ်နိုင်ပါဘူးဆိုတော့ နင် ဗျာများနေပြီလေ"

"များစရာမလိုပါဘူး၊ အခု ဝိုင်းသေချာသွားပြီ၊ ဒီလိုကောင်မျိုးနဲ့ လုံးဝ မပေးစားဘူး"

စေ က သူ့မျက်နှာထက်က ကောက်ကြောင်းတွေကို စိုက်ကြည့်နေပြီး ဘာမှဝင်မပြော။

"သူ ဒီလိုစရိုက်ဆိုးတွေဝင်လာတာ အခုလို လမ်းမှားပေါ်တွေ့ရောက်ကုန်တာ အားလုံးမှာ ကိုယ့်ဘက်က ဥပေက္ခာတွေကြောင့်ပဲဟာ စေ .. ၊ ကိုယ် သူ့ကို ဥပေက္ခာထားခဲ့တာ ခုမှမဟုတ်ဘူး၊ စမြင်ဖူးခဲ့တဲ့ လေးနှစ်သမီးအရွယ်ကတည်းက .. ၊ အမုန်းတွေအပြည့်အသိပဲနဲ့ မျက်နှာလွဲနေခဲ့တာ၊ မေမေ ဆုံးသွားပြီး နှစ်နှစ်လောက်ကို သူ့ကို အိမ်ဖော်နဲ့ ထားခဲ့တယ်၊ ပြီးမှ မမယုလက်ထဲ ထည့်ခဲ့တာ၊ အဲဒီအချိန်တွေမှာ ကိုယ် မုန်းလို့ကောင်းနေတုန်း"

အကယ်၍ လက်တို့ပြန်ရမည်ဆိုသည့်ဆုံးဖြတ်ချက်တစ်ရပ်သာ ပြင်းထန်ထန်ရှိမနေခဲ့လျှင် ဒီမိန်းကလေး သူ့လက်ထဲမှာ ဒီလောက်ကြာအောင် ရှိနေမှာမဟုတ်။

"အဲဒါကြောင့် အခု သူလုပ်ခဲ့တဲ့အမှားအတွက် ပြန်ထမ်းတဲ့အခြင်း

"အင်း .. တော်သေးတာပေါ့၊ ယူ သတိရလို့ တို့က ရောက်လာရတာလို့သတ်မှတ်ပြီး ကျေကျေနပ်နပ် စ,မေးပါမယ်၊ ဒီအတောအတွင်းမှာ ဖြစ်ပျက်သွားတာတွေ တို့ ကြားတယ်၊ ယူ ပြောပြချင်တဲ့စိတ်လေး ဖြစ်ရဲ့လား"

စေ ရွဲနေတာကို ရာဇသံ က ပြုံးလိုက်ပြီး နေရာမှာပြန်ထိုင်သည်။

"အဲဒီလောက် ပြန်ကားနေပြီလား"

"နိုး .. ရပ်ကွက်ထဲမှာ ပျံ့နှံ့နေတဲ့သတင်းစကားမျိုးမဟုတ်ဘူး၊ သိုသို သိပ်သိပ်သိနဲ့တာ၊ ပခြုပ်ဆိုင်တဲ့ အရပ်မြင့်မြင့်လူက ဘယ်သူဆိုတာ ပဲ့ သိလား"

"ရွက်လွှင့် တဲ့"

"နာမည်ကို မဟုတ်ဘူး၊ သူ့အခြေအနေ အဆင့်အတန်း"

"မသိဘူး၊ ဒါပေမယ့် လူငယ်တွေချင်းဆိုတော့ ..."

"မဟုပ်ဘူး ရာဇသံ၊ အဲဒီတစ်ယောက်က လူငယ်မေမယ့် အိမ်ထောင်ကျဖူးတယ်"

"ဘာ ..."

လိုတာထက်ပို၍ကျယ်လောင်သွားသည့်အသံကို သတိမထားမိ။ ဒေါသကြောင့် တစ်ကိုယ်လုံးရှိန်းရှိန်းထလာသလိုပင်။

"ပြန်ပြောစမ်းပါ၊ ဒီကောင် .. ဒီကောင်က တကယ် အဲဒီလိုလား၊ ခုရော ဘာကောင်လဲ၊ တောက် ..."

"သေချာမသိဘူး၊ ပြီးတော့ နာမည်က နှစ်မျိုးပေမယ့် တစ်မျိုးကို တော့မသိဘူး၊ ပြောပြတဲ့သူက သူ့နာမည်က 'အရိပ်သခင်'တဲ့၊ အခု နာမည်ကြီးနေတဲ့ 'မေဖက်ရှင်' ကိုယ်ကာယအကာသင်တန်းက နှင်းဇကရိစ် ရဲ့လက်ထပ်ပွဲပဲဟာတဲ့၊ သူလ် မင်္ဂလာပွဲမှာ အဲဒီလူကိုတွေ့ဖူးတာဆိုတော့ သူ့ရဲ့စာရိတ္တဖြစ်ထိ မသိဘူး၊ ဒါပေမယ့် နှင်းဇကရိစ် ရဲ့နာမည်ကလဲ ခုမှ ပြောင်းထားတာဟာ၊ မင်္ဂလာပွဲတုန်းက 'နှင်းယုယစ်' တဲ့"

www.burmeseclassic.com

ဒေ သူ့ရှေ့ကနေ ထွက်လာခဲ့၏။ ပခုံးပိုင်ကို ရာဇသံ ချစ်နေပြီ လား…။

ထိုအတွေးက ကားမောင်းနေတဲ့အထိ ပါ၏။ သို့သော် …

ဒီကောင်မလေးကို ရာဇသံ ဘယ်လိုမှ လက်ထပ်မှာမဟုတ်ဘူး ဆိုတာ သူမ သိနေသည်။ လူတိုင်းအတွက် အချစ်က အရေးပါနေတာ မဟုတ်သည့်ထဲမှာ ရာဇသံ ပါသည်။ သူ့အတွက် အရေးပါနိုင်တာ ဘာမှန်းမသိသော်လည်း သူမဘဝမှာ အမြဲတမ်း အဓိကအရေးပါသူက တော့ ရာဇသံ ပါ။

ဥပေက္ခာတွေချည်းပေးနေသူကိုမှ သူမ ……။

ပေးဖို့ ကိုယ် ခက်နေတယ်၊ ပြီးတော့ ဒါက အိမ်ထောင်ရေး၊ ကိုယ်တောင် မနှစ်သက်တဲ့လူကို မြတ်နိုးစိတ်ဖြစ်လို့မရတာ သူလဲဒီလိုပဲနေမှာ၊ ကိုယ် ဖွင့်မလုပ်ရက်ဘူး"

"ရာဇသံ သူ့အပေါ်မှာ တော်တော်တွယ်တာနေတာပဲ၊ ဘယ်သာသာ နဲ့မှ ပြောတာမဟုတ်ဘူးနော်၊ ခုမှ တို့သိလို့ အခုမှ ပြောတာ၊ တစ်ခုမေးဖို့ ရှိသေးတယ်၊ ဖြေမလားဟင် …"

မျက်လုံးချင်းဆုံလိုက်တော့ 'မေး' လို့ပြောလိုက်သလိုပဲမို့ ဒေ က ခေါင်းညိတ်၍ …

"ယူ့ကိုမျှော်လင့်နေတယ်ဆိုတာ ယူ သိတယ်နော်"

ရာဇသံ က မဖြေ။ ဒါတွေကို မယု ပြောပြလိုက်တာလား၊ သူက တော့ ဟန်ဆောင်လက်ထပ်ကြဖို့ပြောမိစဉ်မှာ အနည်းအကျဉ်းပါသွား နိုင်သော်လည်း ပခုံးပေါ်သူ့အခြေအနေကို ဘယ်လိုလူမျိုးကိုမှ မပြောခဲ့ ဖူးပါ။

ဒါမှမဟုတ် ဒေ ကိုယ်တိုင်က ပါးနပ်တဲ့သူမို့ ဆက်စပ်တွေးမိတာ လား …။

သူ မဖြေပေမယ့် ဒေ က ဆက်မမေးပေ။

"သူ့ကို လက်ထပ်မပေးဘူးဆိုရင်တော့ ယူ - ပိုစိတ်ညစ်မှာပဲ"

"ကျေးဇူးတင်ပါတယ်"

ပြန်ပါတော့လို့ပြောလိုက်တာလား၊ ဒေ မျက်နှာလေးပျက်သွား၏။ ဒါပေမယ့် ဘယ်တုန်းကမှ စိတ်မဆိုးရက်ခဲ့သူမို့ .. ခုလဲ …။

"ထပ်ပြီးကျေးဇူးတင်ခံချင်လို့မဟုတ်ပေမယ့် အရိပ်သခင်နဲ့ စော စောက ရွက်လွှင့် ဆိုတဲ့လူ ဘယ်လိုပတ်သက်ဆက်စပ်နေတယ်ဆိုတာ တို့ စုံစမ်းပေးမယ်၊ သူများအတွင်းရေးကို စပ်စုချင်တာမဟုတ်ပါဘူး၊ ယူ့ကို အတွင်းလူအဖြစ်ကူညီချင်တာ၊ ပြီးတော့ ယူ ပင်ပန်းမှာစိုးလို့ .. နှစ်ဆယ့် လေးနာရီပဲစောင့် …"

www.burmeseclassic.com

www.burmeseclassic.com

ပြောသမျှ အမှန်တွေပါ။ ဒေါ်ယုကြည် ဘာမှမသိလိုက်ဘဲ ဒီသတင်းတွေ ထွက်လာတာဖြစ်၏။ ပြီးတော့ ပြောသူက ရာဇသံ ဝဲဖြစ်နေသည်။ ဧ ကို မေးတော့လည်း ဟုတ်သည်တဲ့ ..။

ယူပါ၊ လက်ထပ်ပါလို့တိုက်တွန်းနေတော့ဖြင့် ဒါကြောင့် ကန္တာပြိုတာတောင် ငိုမှာမဟုတ်တဲ့ ဆုံးဖြတ်ချက်တွေအပြည့်နဲ့ ...၊

ခုတော့ လက်ထပ်နိုင်ပြီလား ...၊ ကိုယ်တောင် သေချာမသိရတဲ့ဟာ ဒီမိန်းကလေးက ထုပ်ပြီး ပဋ္ဌာမြေလူး ...။

ကိုင်ထားသည့် ဓားရော သွားသီးတွေရော ပြုတ်ပြုတ် လွတ်လက်ကျကုန်ပါပြီ။ ပခြုပ် က သူ့လက်ကိုဆွဲလှုပ်ခါရင်း မေးနေနေတုန်း ...။

"မလူးပါနဲ့ ကြီးမေရယ်၊ ရူးနေတာက ပခြုပ်ပါ၊ ကိုကို ဘယ်သူ့မမပြောရင်တောင် ကြီးမေကိုတော့ အမှန်အတိုင်းပြောမှာပဲ၊ အဲဒါကို ပခြုပ် သိပါရစေ"

"ငါ တကယ်မသိပါဘူးအေ၊ လာမယ်ဆန်းဒေးမှာ ဧစစ်မယ်တဲ့ လက္ခဏာနဲ့ ချည်ခဲပွဲလုပ်ပြီး လက်ထပ်မလို့တဲ့၊ မနက်က အဲဒါပြောဦးကော်မီတောင်မသောက်တဲ့ ကုမ္ပဏီထွက်သွားတာ၊ ဒီနေ့ ပောက်ကျမယ်တဲ့၊ ဧ ကို ပလာဇာလိုက်ပို့မှာမို့တဲ့"

နားထဲမှာ ဘယ်လိုလက်နက်ဆန်းတွေပေါက်ကွဲနေမှန်းမသိ။ ဒါ... မဖြစ်နိုင်ဘူးလို့ပဲ စိတ်ထဲမှာခံစားနေမိကာ ဘယ်လိုကူကွယ်ရာသက်သေ တစ်စုံတစ်ရာမှလည်း ကိုယ့်မှာမရှိ။

"ကိုကို .. ကိုကို့ကို ပခြုပ် မေးမယ်"

"ပခြုပ်"

လက်ကို ဒေါ်ယုကြည် က အမိအရဖြန်ဆွဲထားလိုက်ကာ ...

"ဒါ ဟုတ်သည်ဖြစ်စေ၊ မဟုတ်ဘဲပြောတာဖြစ်စေ၊ ဘာသဲသည်း က ရာဇသံကိုများ မရအရ ယူပြဦးမလို့လား"

ပခြုပ် နှစ်ခမ်းလေးဖွင့်ဟသွားလျှက် ဒေါ်ယုကြည်ကို ငေးနေမိ

အခန်း (၃၄)

"ဘာ .. ကြီးမေ ဘာပြောလိုက်တယ်၊ ကိုကိုနဲ့ မမဇေ လက်ထပ်မယ်"

"ဟုတ်တယ်"

"မဟုတ်ဘူး၊ ကိုကို မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး"

မျက်လုံးတွေပြူးကျယ်လျက် ခေါင်းခါလိုက်၊ ငြင်းနေလိုက်နှင့် စွပ်စွဲ တဲ့သူမရှိဘဲ တစ်ယောက်တည်းငြင်းနေပုံက ချောက်ချားစွာ ...။

"ဒါ .. ဒါ အကြောင်းရှိရမယ်၊ ဟုတ်နေပြီဆိုရင်လဲ အကြောင်းရှိမှာပါ၊ ပခြုပ်ကို အမှန်အတိုင်းပြောပါ ကြီးမေရယ်၊ ရွှက်လွှင့်နဲ့ပခြုပ်ကို ယူဖြစ်အောင်လို့လားဟင် .. ဒါမှမဟုတ် ပခြုပ် က တစ်ဖက်သတ်ချစ်ပြီး ဒီမှာပဲ ကပ်တွယ်နေလို့လား ..."

"မသိဘူး၊ ကျုပ် တကယ်ကိုမသိတာပါ ပခြုပ်ရယ်၊ အဟုတ်ပါပဲ၊ ဒီရက်ပိုင်းမှာ ဖုန်းတွေက လာလိုက်၊ ကိုယ့်အိမ်ထဲမှာ မျက်လှည့်တွေ ပြလိုက်နဲ့ ငါ ရူးချင်နေပါပြီ"

www.burmeseclassic.com

www.burmeseclassic.com

"အချစ်မှာ မျက်စိမရှိဘူးဆိုပေမယ့် မမြင်မစမ်း ကန်းနေရင်တောင် ဦးနှောက်ရှိသေးတယ်၊ ဘာလုပ်သင့်သလဲဆိုတာ ညည်း ပြန်စဉ်းစားစမ်းပါအေ၊ ဒီထက် ရှက်အောင် နာအောင်ပြောရဦးမယ်ဆိုရင်လဲ သားသမီးလို ပွေ့ပိုက်မွေးမြူခဲ့ရတဲ့ ညည်းကို ငါတို့ ဘယ်လောက်ပြောရဦးမှာလဲ"

"ဟင် ..."

ပခြုပ် မျက်ဝန်းလေးတွေ လှုပ်ရှားလာ၏။ နှုတ်ခမ်းလေးတွေ မသိမသာ လှုပ်ခတ်လာသည်။ အရှက် ဆိုတာထက် ကြီးမေ ပြောနေတာ ဟုတ်ရဲ့လားလို့ ငေးမောနာကျင်သွားခဲ့တာဖြစ်၏။

"ပြောဆိုရင်လဲပြောမယ်၊ ညည်းရဲ့ဘဝ ဘယ်ကပဲစခဲ့စခဲ့ မွေးစားခံခဲ့ရတာယ်ဆိုတဲ့ ကိုယ့်ဘဝနဲ့ ရာဇသံဘဝ တူညီမှုရှိမရှိ ပြန်တွေး"

ဒေါ်ယုတြည်လည်း ဒီလောက်ထိမပြောချင်ပါ။ ဒါပေမယ့် ဟိုအစတည်းက သူမလည်း ဒီတိုင်းပဲ ဖြစ်စေချင်ခဲ့တာဖြစ်၏။ ပခြုပ်နဲ့ နီးစပ်သွားလျှင် အသက်ကွာနေတာ၊ ကိုယ်မွေးစားခဲ့တဲ့မိန်းကလေးဖြစ်နေတာ အစစအတွက် ကျဆုံးရမယ့်သိက္ခာမာန်တွေက ဘယ်လိုမှ ပြန်အဖတ်ဆယ်ဖို့မလွယ်။

တခြား ဘယ်မိန်းကလေးနဲ့ဖြစ်စေ ပခြုပ်ထက်စာလျှင် အဆင်ပြေဖို့ ရှိတာဖို့ ဇနဲ့ကိစ္စ တကယ်ဟုတ်မါစေလို့တောင် ဆုတောင်းရဦးမည်။ ထို့ကြောင့် ...

"ရာဇသံကိုယ်တိုင်ကလဲ ဒီလောက်ရှောင်ရှားနေတာကို ညည်း သဘောမရဘူးလားဟင် .. အခု ဒါ တကယ်ဖြစ်နေရင် အဲဒါ ညည်းကြောင့်ပဲ"

"ပခြုပ် ကြောင့် ..."

"ဟုတ်တယ်၊ ညည်းက ဟိုကောင်လေးကို မယူနိုင်ပါဘူးလို့ အသည်းအသန်ငြင်းနေတယ်လေ၊ အဲဒါ ဘာကြောင့်ဆိုတာ သူရော ငါရော ရိပ်မိတယ်၊ ညည်းနဲ့နှောက်ထပ် သံသရာရှည်နေမှာစိုးလို့ဖြစ်မှာ

ပေါ့၊ ကိုယ်ဘာသာ ပြန်တွေးပေါ့အေ၊ သူ မိန်းမရသွားရင် ညည်း ဒီထက်စိတ်ညစ်ရမှာ"

"ကြီးမေက ပခြုပ်ကို ..."

"ဟုတ်တယ်၊ ဟိုကလဲ ဖုန်းတဝမ်းမဆက်နေတာပဲ၊ နာမည်တွေ ဖျက်၊ အရှက်တွေရပြီးမှ ညည်း ဟိုကလူကိုတော့ ငြင်းတယ်၊ ဒီဘက်မှာ အဓိပ္ပာယ်မရှိမျှော်လင့်ပြီး ..."

"မျှော်လင့်တယ်ဆိုတာ မျှော်လင့်တဲ့သူအတွက်တော့ အဓိပ္ပာယ်ရှိပါတယ် ကြီးမေ၊ ဒါပေမယ့် ပခြုပ် နားလည်ပါပြီ၊ ကိုကို့ပါးစပ်က စကား တစ်ခွန်းကိုကြားပြီးတာနဲ့ ပခြုပ် လုပ်သင့်တာကို လုပ်ပါ့မယ်"

ပြောပြီး ပခြုပ် ဖုန်းရှိရာကိုသွားသည်။ ကိုကို့ဟန်းဖုန်းကိုခေါ်လိုက်ပြီး ပြောဖို့စကားတွေထဲက ထုတ်နုတ်သိကုံးနေဆဲ ...

"ဟလို"

ဟင် .. ပခြုပ်ရင်ထဲမှာ မီးစတစ်ချောင်းစိုက်ဝင်သွား၏။ မမဇေက ကိုကို့ဖုန်းကိုကိုင်လို့ .....။

"ဟလို .. အန်တီယုလား .. ပခြုပ် လား"

"မမဇေ"

"ညြော် .. ပခြုပ် ပြော"

"မမဇေနဲ့ ကိုကို အခု ဘယ်မှာလဲဟင်"

"မယ်ရိစင်တာမှာ၊ သူ့အတွက် လည်စည်းရွေးနေကြတာ၊ ဘာလုပ်မလို့လဲ"

"ပခြုပ် ..."

နောက်ထပ်မဆက်နိုင်တော့ဘဲ စကားက ဒီမှာတင် ရပ်သွားသည်။ ဒါပေမယ့် ...

"မမဇေ ကိုကို့ကို ဖုန်းခဏပေးပေးပါ"

"ရှပ်လိုက်တာကွာ၊ နင် အဲဒီလောက် အလိုက်မသိလား ပခြုပ်

www.burmeseclassic.com

www.burmeseclassic.com

ရယ်၊ ဒါ သူနဲ့ငါ့ရဲ့အချိန်"

ဇေ ညည်းညူနေတုန်း ဖုန်းကို ကိုကို ဆွဲယူလိုက်သည်ထင်၏။

"ဗြော .."

"ကိုကို .. ကိုကို ပခြုပ်ကြောင့်လားဟင် ..."

ဟိုဘက်က အသံတိတ်နေပေမယ့် ပခြုပ်၏ရိွက်သံကိုတော့ ကြားနေမှာပါ။ သူမသည် ဖုန်းကိုင်ရင်း တစ်ဖက်က မျက်ရည်သုတ်လျက်...

"ကိုကို ပြန်လာခဲ့ပါ၊ အဲဒီဝယ်ခြမ်းတာတွေမလုပ်တဲ့ ပြန်ခဲ့ပါ ကိုကို၊ ပခြုပ် ဘယ်လိုပဲနေထိုင်ရင်ဆိုင်ရပါစေ ကိုကို့ မချစ်တဲ့သူကို လက်မထပ် ရဘူး၊ အဖိန့်ပေးတာမဟုတ်ပါဘူး၊ လက်နက်ချတာပါ၊ အခု .. အခု ပြန် လှည့်မလာရင် ကိုကို့ တစ်သက်လုံး နောင်တရသွားလိမ့်မယ်"

ပခြုပ် ဖုန်းချပစ်လိုက်၏။

"သြော် .. ထိုင်ကြပါရှင်၊ ပခြုပ် .. နေဦး"

ခည်သည်နှစ်ယောက် ဝင်လာတာကိုမြင်ပေမယ့် ငိုချင်နေတာကြောင့် ပခြုပ် ရှောင်ထွက်ဖို့ပြင်သည်။ ဒေါ်ယုကြည် က ခည်သည်တွေကိုကြိုဆိုရင်း သူ့လက်ကိုဆွဲထားလိုက်ကာ ...

"ဇော်ထိုင်ဦး၊ ဒါ ညည်းခွေ့သည်တွေ"

"ဟင် ..."

ပခြုပ် မသိပေမယ့် သူတို့ကတော့ မျက်ရည်စင်အောင်မသုတ်ရ သေးသည့် သူမမျက်နှာကို သနားကြင်နာခြင်း၊ ချစ်ကြည်မြတ်နိုးခြင်းများဖြင့် ...

"သမီးလေးကိုတော့ အန်တီနဲ့ သမီးညီမလေးက အမြဲတမ်း မြင်တွေ့ နေကြတာပါ၊ တမင်တကာကို လိုက်လိုက်ကြည့်ရတာလေ"

"ပခြုပ်ကို ဟုတ်လား"

ကော့နက်သည်မျက်တောင်ဖျားတို့မှာ မျက်ရည်တို့စိုလူးကပ်တွဲနေ

ဆဲကို မေ့သွား၏။ ဒါပေမယ့် ပခြုပ် မထိုင်ဖြစ်ခဲ့ပါ။ ဆံပင်တိုတို ခပ်သွယ်သွယ်ကိုယ်လုံးငေးနဲ့ ကောင်မလေးကို စိုက်ကြည့်ရင်း ဆိုဖာနှစ်ခုကြားမှာပဲ ရပ်နေမိသည်။

အမျိုးသမီးကြီးက အသက်အရွယ်ကို ခန့်မှန်းမရလောက်အောင် ယဉ်ယဉ်ခန့်ခန့်လေးဆင်ယင်ထုံးဖွဲ့ထားသဖြင့် လှတာရော ယဉ်တာရော ပြည့်စုံနေ၏။ ဘယ်လိုကြည့်ကြည့် သူတို့ကို သူမ မသိ။

"အန်တီ့နာမည်က နွေစပယ်"

နွေစပယ် ...၊ ဒီနာမည်ကို သေချာကြားဖူးထားသည်။ သို့သော်...

"သမီးက ဆောင်းစပယ်"

"အန်တီဖိုးစပယ်နဲ့ မေမေက ညီအစ်မအရင်းဆိုတော့ မမနဲ့ဆောင်းက ညီအစ်မဝမ်းကွဲတော်တယ်၊ ဆွေမျိုးအရင်းကြီးတွေလေ ..."

"ဘာ ..."

ဆောင်းစပယ်ဆိုသည့်ကောင်မလေးက သွက်သွက်လက်လက်ဝင်ပြောလိုက်လျှင် ပခြုပ် မျက်ဝန်းလေးတွေ ပြူးပြက်လက်သွား၏။ နွေစပယ် ကြည့်နေရင်းကနေ ထိတ်ထိတ်ပျာပျာဖြစ်လျက်...

"သမီး၊ ဒီလို .. ဒီလိုရှိတယ်နော်၊ အန်တီကလေ ဟိုတုန်းကရှိခဲ့ဖူးတဲ့အကြောင်းတွေကိုလဲ ပြောပြမယ်၊ တောင်းလဲတောင်းယန်ချင်တယ်၊ ဦးတော့ ..."

"ဘာမှမလိုတော့ဘူး အန်တီ၊ ပခြုပ် သိသင့်သလောက် သိတယ်"

"အဲဒါတွေက ..."

"လုံလောက်ပါတယ်၊ နောက်ထပ် အာမုထပ်မသိချင်တော့ဘူး၊ ပခြုပ်ကို သွေးသားတော်စပ်သူတွေက ဒုက္ခအခက်အခဲတွေပြပြီး စွန့်ပစ်တယ်၊ ဘာကိုမွေးခဲ့တဲ့သူက ဥပေက္ခာတရားတွေနဲ့ အကြင်နာမဲ့စွာကျွေးတယ်၊ ဘွဲ့မဘဝမှာ မေတ္တာတရားရဲ့ချမ်းသာခြင်း၊ လောကီကောင်းကျိုးချမ်းသာခြင်း ဘာဆိုဘာမှမရခဲ့ဘဲ ဒီနေ့ထိ ကမ္ဘာမြေကြီးကိုနင်းပြီး မျက်နှာပြောင်

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် ဒီနေ့ထိ သူမလေးကို ပညာတတ် လူတစ်လုံး သူတစ်လုံး ဖြစ်အောင် ကျွေးမွေးထားခဲ့သည်။ ဥပေက္ခာနဲ့မွေးခဲ့သည်ဆိုသော်လည်း…

"စိတ်ဆိုးမသွားပါနဲ့ရှင်၊ ရအောင်ချောပြီး ပြန်ခေါ်သွားပါ"

ခေါ်ယုကြည် ရှေ့မျက်နှာနောက်ထား၍ ပြောလိုက်မိ၏။ ခုနက ပြန်ပြောနေတာကိုပဲကြည့် …၊

ဟိုမှာ မင်္ဂလာဆောင်တော့မယ့်လူကို ဘာတွေဒုက္ခပေးဖို့ရှိနေသေးသည်မသိ။

သူ နိုးရိမ်တကြီးမှာနေတာကို ပခြုံပဲ ကလည်းကြားပါသည်။ ကိုယ့်ခေါင်မှာ အသီလိမ္မော်တွေထားနေကြတာသိတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသည်ကျမိ၏။

'ပြန်ခေါ်သွားပါ' တဲ့လား …… ။



ပြောင်နဲ့ အသက်ရှင်ခဲ့ရတယ်"

"ဒါက ဒီလိုရှိပါတယ် သမီးရယ်၊ အန်တီတို့မှာ …"

"မလိုတော့ဘူးလို့ ပြောပြီးပြီပဲ၊ ကျွန်မအတွက် ရွေးဒွေးရတာနာ မေတ္တာအကြောင်နာရော အခု ဘာမှမလိုချင်တော့ဘူး၊ ပေးလာရင်လဲ ကျေးဇူးမတင်ဘူး၊ ပြန်ကြေပါတော့"

"သမီးရယ် .. အခုအချိန်ကျမှကို လိုတာပါ၊ သမီးအတွက် အရိပ်တစ်ခုဟာ တစ်ဘဝလုံးအတွက် ပြည့်စုံချမ်းသာမှုကိုပေးမှာလေ၊ တကယ်လို့သာ သမီးရဲ့မေမေရှိနေသေးရင် …"

"ကျွန်မက မိဘစော်ကားတဲ့အပြစ်ပါ ထပ်ရဦးမှာ"

"ဟင် …"

"နောက် ဘယ်တော့မှလာမတွေ့ပါနဲ့"

"သမီး"

"မမ"

"ဟဲ့ .. ညော့ .. ဒုက္ခ"

ခေါ်ယုကြည် ပခြုံပ်ကိုပဲ လိုက်ဆွဲထားရတော့မလိုလို ..၊ ကျွန်ခဲ့တဲ့ လူတွေကိုပဲ လှည့်တောင်းပန်ရမလိုဖြစ်ကာ. သူမကိုယ်တိုင် ခုမှ သိရဖြင့်ရသည့်အကြောင်းနှင့်လူတွေကိုလည်း စိတ်ဝင်စားလို့ကောင်းတုန်း။

"ဒါနဲ့ ဒီက …"

"ကျွန်မက သူ့အမေရဲ့အစ်မပါရှင်"

"သူ့အမေက ဘယ်သူတဲ့တုံး၊ ဘယ်ရောက်သွားတာတုံး"

အံ့သြသည့်အကြည့်တစ်ချက် နွေစပယ်မျက်ဝန်းမှာထင်၏။ ရာဇသံက ဒီလောက်ရင်းသည့်လူကိုတောင်မှ ဘာမှပြောပြမထားဘူးလား …။

ဟုတ်ပေလိမ့်မည်။ မိခင်တစ်ယောက်လုံးဆုံးသွားတဲ့အထိတောင် စကားဟာဟာမပြောဘဲနေခဲ့တဲ့သူ …၊ ဒီကလေးကို မွေးလိုက်ရခြင်းအတွက် ထိမှုအထိ နာကြည်းစိတ်ဖြစ်ခဲ့သူပါ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၅)

"ပခြုံ"

ဘယ်လိုမှအိပ်မရလို့ ဒီလိုပဲလူးလိုမ့်ရင်း မနက်သုံးနာရီခွဲမှာ မျက်နှာထ၊သစ်လိုက်၏။ ရေချိုးခန်းထဲကထွက်လာစဉ် ကိုကိုနဲ့ မျက်နှာချင်းဆိုင်မိ၏။

ပခြုံပ ခြေလှမ်းတန့်သွားပေမယ့် ခေါင်းငုံ့ပစ်လိုက်ပြီး ကွေ့ရှောင်ခဲ့သည်။

"ဟိတ်"

"လွတ်ပါ ကိုကို၊ ပခြုံပ် ကိုကို့ကို စေ့စေ့မကြည့်ရဲလို့ပါ၊ ကိုကို့ကို ကြည့်မိရင် ပခြုံပ ဘယ်ယောကျ်ားကိုမှ မမြင်တော့ဘူး၊ ရွက်လွှင့်ကို လက်ထပ်ဖြစ်ဖို့အတွက် ကိုကိုနဲ့ပခြုံပ မတွေ့ဖြစ်ကြမှ ..."

"မင်း ဘာတွေလျှောက်လုပ်နေတာလဲ ပခြုံပ၊ ရွက်လွှင့်က ဘယ်ကလဲ၊ ဘာတွေယုံကြည်ထိုက်လို့ မင်း ဒီလိုလုပ်လိုက်တာလဲဟင် ...၊ ပြော စမ်း"

"လူတော်လူကောင်းမဟုတ်ပေမယ့် သူ မဆိုးပါဘူး ကိုကို"

ပခြုံပ က တစ်ချက်မှမော့မကြည့်ဘဲ ဆုပ်ကိုင်ထားသည့်လက်ကိုပဲ ရှုန်းထွက်ဖို့ကြိုးစား၏။

"ငြိမ်ငြိမ်နေစမ်း၊ မင်း ငါမေးတာကိုဖြေ"

"ဖြေဖို့မလိုတော့ဘူး ကိုကို၊ ရွက်လွှင့်ကို သွားတွေ့ပြီးပြီ၊ မသီရိတို့ လင်မယားရှေ့မှာပဲ ရုံးတက်လက်မှတ်ထိုးဖို့ အားလုံးစီစဉ်ခဲ့တာ၊ ပခြုံပ က အစကတည်းက ဘယ်သူမှလက်မခံချင်ကြတဲ့အရွယ်ထုပဲပဲ၊ ဘဝ အစ အလယ် အဆုံး ဒုက္ခများတာ အထိနာတာတွေ ဘာဖြစ်ဖြစ် မဆန်းပါဘူး၊ ပခြုံပ ဘယ်လိုမှလက်မခံနိုင်တာ တစ်ခုပဲ"

မော့ကြည့်မလို့ ပင့်လာသည့်မျက်နှာလေးက လမ်းတစ်ဝက်မှာပဲ တစ်ဖက်ကိုပြန်လွှဲသွားကာ ...

"အဲဒါ ကိုကို ဘယ်သူနဲ့မှ လက်မထပ်ရဘူး"

ပြောနေရင်း အင့်ခနဲရှိုက်၏။ မျက်ရည်တွေ ပင်လယ်ဝေရလွန်းလို့ ခုပဲ မျက်နှာထသစ်ခဲ့ပေမယ့် ကျမြဲကျလျက်ပါလား ...။

"အခု ကိုကိုက ပခြုံပ်ကြောင့် မမဇေနဲ့ လက်ထပ်မှာ၊ အဲဒါက ပိုဆိုးတာပဲ၊ ကိုကို့ကို ပခြုံပ မပိုင်ရရင်နေ ဘယ်သူမှ မပိုင်ရဘူး၊ ပခြုံပ ရဲဘဝ ဘာဖြစ်နေနေ ကိုကို့ကို ဒီတိုင်းလေးပဲ အဝေးကနေမြင်နေရရင် အားလုံး ပြည့်စုံတယ်၊ မမဇေကို ဖွတ်တိုးပြီးလက်ထပ်ဦးမယ် ဆိုရင်တော့ ..."

"အဲဒါ မင်းအတွက်ဆိုတာမဟုတ်ဘူး၊ ငါကိုယ်တိုင် ..."

"ဟင့်အင်း .. ကိုကို မချစ်ရဘူး၊ မညာနဲ့ ကိုကို၊ ကိုကို မချစ်တတ်ဘူးဆိုတာ ပခြုံပ သိတယ်၊ ပခြုံပ်ကို မချစ်ဘူးဆိုတာကိုလဲ ကျေနပ်နိုင်ပါတယ်၊ ဒါပေမယ့် တခြား ဘယ်သူ့ကိုမှမချစ်ရဘူး၊ မချစ်ပါနဲ့ ကိုကို ရယ်နော် .၊ ပခြုံပ်လေ ကိုယ့်ဘဝဟျက်ရင်ခံနိုင်ဦးမယ်၊ ကိုကို့ဘဝ ဒီတိုင်းမရှိတော့ဘူးဆိုရင် ရူးသွားနိုင်တယ်၊ ကိုကို့ကို တခြားလူ ပိုင်ဆိုင်

www.burmeseclassic.com

မယု ပြောသည့်အခြေအနေကို [illegible] သည်။ ဒါပေမယ့် ဒီလို အဖြစ်မခံနိုင်လို့ ကိုယ့်ကိုယ်ကိုယ် [illegible] ...

"ရွက်လွှင့် က မင်းကို သူ့ကိုယ်သူ [illegible] ပြောခဲ့သလား ဟင်..."

"ဟင့်အင်း ...၊ သူက အခြေမဲ့အနေနဲ့ [illegible] တယ်၊ ပခြုပ်ကို လက်ထပ်ပြီးရင် [illegible] ပါ ကိုကို၊ ပခြုပ်လေ သူ့ကို ရင်းနှီးပြီးသား [illegible] သတ်မှတ်နိုင်ပါ့ကယ်၊ ကိုကို့ကို ဘယ်သူ [illegible]..."

"ရွေးပခြုပ် .."

သူ ပခြုပ်မျက်နှာလေးကို မော့ယူလိုက်ကာ

"မင်း အစကတော့ သူ့ကို လုံးဝမယူနိုင် [illegible]

"ဟုတ်တယ်၊ ဒါပေမယ့် ကိုကို့ကို သူများပိုင် [illegible] စာရင် ဖြဿပါတယ်၊ ပခြုပ်ရဲ့ကိုယ်ခန္ဓာ ဘယ်လို [illegible] လေ.. အချစ်စိတ်ဆိုတာ ခန္ဓာကိုယ်နဲ့မှမဆိုင်ဘဲ ကိုကို့

ရာဇသံ စိတ်ဓာတ်ကျဆင်းခြင်းကို ပထမဆုံး [illegible] ရွှပ်ထွေးနေသည့် ဒီမေတ္တာကွန်ရက်ကြီးထဲမှာ သူလည်း [illegible] ဖြစ်ကာ ပခြုပ် ကိုလည်း ဆွဲမထုတ်နိုင်။

"ကိုကို .."

"နေဦး..၊ မင်း စိတ်ဆင်းရဲနေတာကို ဒီတိုင်းကြည့်နေခဲ့တဲ့ [illegible] ကာလအတွက် ဒီနေ့ကစပြီး နောက်ထပ် စိတ်ရော ကိုယ်ရော [illegible] ရအောင် ငါ ဒီလိုဆုံးဖြတ်လိုက်တာ"

"သိပါတယ်၊ ကိုကို ပခြုပ်ကို ဘယ်လိုနည်းနဲ့မှ လက်မထပ်ဘူး ဆိုတာရော၊ ကိုယ်မပိုင်ဆိုင်ရတဲ့အပြင် သူများလက်ထဲကိုရောက်သွား တော့မယ့်အဖြစ်ကိုရော ပခြုပ် အားလုံးကိုသိပါတယ်၊ အဲဒါကြောင့်

သွားပြီဆိုတဲ့အသိကြောင့် ရူးသွားနိုင်လို့ပါ၊ ပခြုပ်ကို ဒီထက်မရက်စက် ပါနဲ့တော့ ကိုကိုရယ် ..."

သူ့ရင်ခွင်ထဲတိုးဝင်ကာ ပခြုပ် ရွှိက်ကြီးတငင်ငိုလေသည်။ ရာဇသံ ဒီတိုင်းရပ်နေရင်း သူမလက်မောင်းလေးမှာ ဆုပ်ကိုင်ထားခဲ့သည့်လက် က တဖြည်းဖြည်း ပြေကျ၏။

တကယ်က ဇေ ကို သူ အကူအညီတောင်းခဲ့ဖူးသည့်ကိစ္စကို အ ဇေ က သူမဘာသာ စိတ်လိုလက်ရကူညီပါမည်ဟု ပြောလာခဲ့ခြင်းဖြစ် သည်။

သူမကိုယ်တိုင်ပဲ ဒီသတင်းကို ဖြန့်ခဲ့တာလည်း ကိုယ့်အစီအစဉ်မ ပေ။ နောက်ဆုံး မယုတောင်မှ ဒီအဖြစ်ကို တကယ်ပဲ မှတ်နေခဲ့သည်

"ယူ သူ့ကို မချစ်တဲ့သူနဲ့ပေးစားပြီး ခွဲထုတ်လိုက်ရမှာ လည်းနှင် တယ်လေ၊ အဲဒီတော့ ယူပဲ ခွဲထွက်လိုက်ပေါ့၊ တို့က အနစ်နာခံပြီးကူည် မျှမယ်၊ တကယ်လက်ထပ် တကယ်မင်္ဂလာဆောင်ပြတဲ့အထိ သရ ဆောင်ကြဖို့မှမလိုတာ၊ နောက်ဆုံးကျွာ အကျဉ်းရုံးလက်ထပ်ခဲ့ပြီဆိုပြီ ယူက ခွဲထွက်ပြလိုက်၊ နိုင်ငံခြားဖြစ်ဖြစ် တစ်နေရာရာကို တစ်နှစ်လောက် သွားနေလိုက်ပေါ့၊ ဘာပဲဖြစ်ဖြစ် တစ်ခုခု စီစဉ်နိုင်မယ်လေ၊ အဓိက ယူ လက်ထပ်လိုက်ပြီဆိုတာ သူ ယုံဖို့ပဲ" တဲ့။

ဇေ ပြောတော့ သူ လက်ခံဖို့ စဉ်းစားကြည့်၏။ သူမကိုမှ မပေးစား လိုကိန်းလျှင် ကိုယ် ယူလိုက်ဖို့ နှစ်လမ်းမှာ ကိုယ်ပဲယူလိုက်ဖို့ဆုံးဖြတ် တော့ မယုက ဝမ်းသာလို့ပါ၊ ဒါပေမယ့် ...

"ငါကတော့ ရွှက်လွှင့် ဆိုတဲ့ကောင်နဲ့ပဲ သဘောတူတယ်၊ ဆင်း ချမ်းသာဆိုတာ မင်းရှိနေသရွေ့ ဖန်ဆင်းယူလို့ရပါတယ်၊ ဒီကောင်လေး ပဲ ဘာဘာညာညာသတင်းတွေထွက်ပြီးပြီ၊ ဒါကို နောက်တစ်ယောက် ထပ်ဦးရင် ဒီမိန်းကလေး ကောင်းနိုင်ပါဦးမလား၊ မင်းလဲ ကိုယ့်အ ထောင်နဲ့ကိုယ်ဖြစ်တော့မှာ ..၊ ပခြုပ် ကိစ္စကို ငါကိစ္စထားစမ်းပါ

www.burmeseclassic.com

အခန်း (၃၆)

"ကြိုက်လား"

"အင်း"

"ပြည့်စုံမှုမရှိပေမယ့် တဖြည်းဖြည်းတော့ပြည့်စုံအောင် ကိုယ်
ဖန် တီးပေးသွားပါ့မယ်"

ပခြုံပ် က အဖြူရောင်ငွေခြည်ပျောက်လေးတွေပါသည့် အင်္ကျီကို
အသာလေးဖယ်လိုက်ပြီး ခေါက်နေ၏။ ခေါက်နေရင်း သူ့ကို ငဲ့ကြည့်ပြီး
ပြုံးသည်။

"ကိုယ့်ကို လှောင်တာလား"

"မလှောင်ပါဘူး၊ ပခြုံပ် ကသာ ရှင် ကျေနပ်အောင် နေရမှာ
သူပါ"

ဘာကိုရည်ရွယ်မှန်း ရွက်လွှင့် က သိသည်။ သူ့ကို လက်ထပ်ဖို့
လို့ ပခြုံပ် ပြောလာတော့ စမ်းသာခဲ့ရတာ မဆုံးလိုက်လေ

ပခြုံပ် အတွက် မပူပါနဲ့ ကိုကို၊ ကိုကို့ကို ဒီတိုင်းလေးပဲ မြင်နေခွင့်ပေးပါ၊ ပြီးတော့လေ ပခြုံပ် ကိုကို့ရင်ခွင်ထဲမှာ ဇောလေးနေပါရစေ"

ပခြုံပ် သူ့ကို တိုးချဖက်သည်။ ပါးလေးတစ်ဖက်ကပ်ထားပြီး မျက်တောင်ကော့တို့ကို ပိတ်ယှက်၍ အကြာကြီးငြိမ်သက်နေခဲ့၏။

သူ ပခြုံပ်ရဲ့ပခုံးလေးကို ဖွဖွလေးသိုင်းဖက်ထားရင်း ဆံနွယ်တွေ ပေါ်မှာ တယုတယ ပွတ်သပ်မိ၏။ ဒီကောင်မလေးကို သူ သံယောဇဉ်တွေ ကြီးခဲ့ပါသည်။ မမြင်ကွယ်ရာကနေ သတင်းမပြတ်ထောက်ရင်း တကောက်ကောက်စောင့်ကြည့်ရင်းနဲ့ပဲ ချည်နှောင်မိခဲ့တာဖြစ်၏။

ဒါပေမယ့် ဒီကြိုးဟာ ဘယ်လိုကြိုးမျိုးလဲ၊ ဘယ်တုန်းကမှ သူ မစဉ်း စားခဲ့ပါ။ သိလည်းမသိချင်၊ သိဖို့လည်း စိတ်မဝင်စား။

ဒီနေ့ ဝင်စားဖို့လိုလာသည့်အချိန်မှာတော့ တွယ်တာမှုဟာ မဖြူစင်နိုင်တော့မှန်း သူ့အလိုလို အဖြေထွက်နေပါပြီ။ သို့သော် ...

သူ့ရင်ထဲမှာ မီးလောင်နေပါစေ ဒါဟာ မဖြစ်သင့်သည့်ကိစ္စ ..၊ ပခြုံပ် ကိုလက်ခံလိုက်ဖို့ မာနက လက်မခံ၊ သိကွာတရားက ခေါင်းခါနေ၏။ ထို့ပြင် မိုးစပယ်နှင့် နွေစပယ် အပေါ်မှာ သူ အကြွေမ်ကြွေမ် မလွှဲနိုမ့်ချင်။

အဲဒါတွေကြောင့် အဲဒါတွေ ရှိခဲ့လို့ .....

မင်း .. ကိုယ့်ကို ခွင့်လွှတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ ရှင့်ကိုမချစ်နိုင်ဘူး၊ ဘာဖြစ်လို့ ဒီလိုလုပ်ရသလဲဆိုတော့ ကိုကိုက လက်ထပ်တော့မှာမို့ ...၊ သူ လက်မထပ်ဖြစ်အောင် ကျွန်မ အရင်လုပ်ရှားတာ၊ ရှင်သိပါတယ် .. ကိုကို့ကို ကျွန်မ သိပ်ချစ်တယ်" တဲ့။

ပြီးတော့ မကြားချင်ဆုံး ချစ်ခြင်းစကားတွေ ပြောနေခဲ့တာ အကြာကြီး ..။

အားလုံးက သူ့ကိုမချစ်နိုင်ခြင်းနဲ့ ရာဇေသံကိုသာ ချစ်ခဲ့ခြင်း။

"ကျွန်မမှာ အပြစ်ရှိပါတယ်၊ ခုလိုပြောနေတာ ရှင့်ကို နှိပ်စက်နေတာလဲမဟုတ်ပါဘူး၊ ဝန်ခံထားတဲ့သဘောပါ၊ ပြီးတော့လေ .. ရှင့်ကို လိမ်ညာအသုံးချခဲ့သလိုဖြစ်သွားမှာစိုးတယ်၊ အနေအထိုင်တွေမှားခဲ့တာက စပြီး လူတွေသိကုန်တာ အခု လက်ထပ်ကြဖို့ ပြန်ဖြစ်လာတာ၊ အကုန်လုံးက ကျွန်မရဲ့အလိုအတိုင်းဆိုတော့ ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မတို့ လက်ထပ်ဖြစ်အောင် ရှင် ခေါင်းညိတ်ပေးပါ၊ ဘယ်တော့မှ ချစ်ခွင့်မတောင်းဖို့လဲ သဘောတူပေးပါ"

"တူပါတယ်၊ ငါက မင်းကိုချစ်ခဲ့ရတဲ့သူပါ ပခြုံရယ်၊ ဒါပေမယ့် မင်းရယ် .. ရာဇေသံရယ် .. ငါရယ် သုံးယောက်ဟာ ကင်မရာရှေ့မှာ သရုပ်ဆောင်နေကြတာမဟုတ်ဘူးဆိုတာတော့ မင်းသိတယ်နော်၊ အဲဒီတော့ လင်မယားတမ်းကစားဖို့က မဖြစ်နိုင်ဘူး၊ ဘာကြောင့်ပဲ လက်ထပ်ကြပါစေ .. အဲဒါက မင်းနဲ့ငါ့ရဲ့အကြောင်း၊ လက်ထပ်ပြီးပြီဆိုရင်တော့ ငါ့မိန်းမကို ငါ ဝိုင်ရမှဖြစ်မယ်"

သူ့ဘက်က စတည်းက ကြေညာခဲ့သည်။ သူမကတော့ ရာဇေသံကိုပဲချစ်တဲ့အကြောင်းတွေ ဒီလောက်ပြောထွက်နေရင်း ကိုယ်ကလည်း ပြောထွက်ဖို့ကြိုးစားရမည်လို့ ဝိုင်းဖြတ်ခဲ့လို့ပါ။

"နောက်ဖေး ခဏဝင်ကြည့်ဦးမလား"

"ရပါတယ်၊ ရှင် နားလေ"

"မင်း သွားနားပါ၊ ကိုယ် နည်းနည်းသောက်ချင်လို့ ..."

"ဘယ်လို ..."

ပခြုံပ် ပြန်မေးလိုက်တော့ သူက မချိပြုံးနှင့်ခေါင်းခါးကုလားထိုင်မှာ ဝင်ထိုင်၏။ ထိုအခါကျမှ သတိထားမိသည်။ ဘယ်တုန်းက အဆင်သင့် ပြင်ထားမှန်းမသိသော ရှမ်ပုလင်းပြားလေးတစ်လုံးနှင့် မုန့်ထုပ်နှစ်ထုပ်..။

"ဒီနေ့တော့ နည်းနည်းသည်းခံပါ၊ ကိုယ် မင်းကို ..၊ အဲ.. ကိုယ့်ကို မချစ်ဘူးလို့ပြောထားတဲ့မိန်းမနဲ့ အတူတူနေကြဖို့ အားမွေးတဲ့သဘောပေါ့၊ တစ်ခုတော့ မေတ္တာရပ်ခံတယ်ကွာ၊ မင်းရင်ထဲမှာ လွမ်းပါ၊ ဆွေးမြေ့ကြေကွဲနေပါ၊ ကိုယ့်ရှေ့မှာ တင်ိုင်တရယ်ရယ်မလုပ်ပါနဲ့"

ပခြုံပ် ဘာမှမပြောဘဲ ဒီတိုင်းရပ်နေမိသည်။ အရက်ပုလင်းဖွင့်၍ သူ ပြန်မော့ကြည့်ပြီး ...

"သွားလေ ..၊ ဘာလဲ ကိုယ့်ကို တစ်ခုခုပြောစရာရှိလို့လား"

"မရှိပါဘူး၊ ရှင် အဝတ်အစားလဲပြီးမှလုပ်ပါလား"

"နေပါစေကွာ၊ ရင်ထဲမှာ ဒါက အဓိကလိုအပ်နေလို့ .."

စတင်တိုက်ခိုက်ခြင်းလား ..၊ ပခြုံပ် မျက်ခုံးလေးတွေတွန့်ကုပ်နေလျက် ကျောခိုင်းခဲ့တဲ့အထိ မပြေ။ ကိုယ့်ရှေ့မှာ အရက်သောက်သောက် လာတတ်တာ မြင်တွေ့နေလျက်နှင့် ဒီလူကို သူမ ဘာဖြစ်လို့ယုံကြည်ခဲ့တာလဲ၊ ဒီအဖြေက ရင်ထဲမှာမရှိပါ။

သူ့ကို ကိုယ် မချစ်နိုင်ပေမယ့် သူ တကယ်ချစ်တယ်ဆိုတာကို ယုံကြည်မိသည်။ ဒါလည် အဖြေမသိပါ။ ဒီထဲမှာ ဤကဲ့သို့ ငယ်ကျိုးငယ်နာဖော်၍ မကြာခဏ စကားနာထိုးနှိပ်စက်တတ်သည့် အကျင့်ရွှက်လွှင့်မှာ မရှိနိုင်ဘူးလို့လည်း ယုံကြည်ခဲ့သေးသည်။

ခုလို စကားတွေစ,လာတော့ ပခြုံပ် -ရင်ထဲမှာမကောင်းနိုင်။ သို့သော် ကိုယ်ပြောခဲ့တာတွေလည်း လွန်ကျွံသွားခဲ့တာမို့ သူ ခံစားရမှာ မည်ဟု ဖြေလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် ကိုကိုကို သိပ်ချစ်တဲ့အကြောင်း၊ တစ်ခါပြောလိုက်ရတိုင်း ရင်ထဲမှာ တစ်ခါကွေနုပ်သည်။ အများကြီးပြောလိုက်ရလို့ အများကြီးပေါ့ပါးသွားခဲ့၏။

ကိုယ်တိုင်ရွေးချယ်ခဲ့သည်လမ်း၊ ဘာဖြစ်ဖြစ် ကွေ့ရောင်သွားလို့ မဖြစ်တော့သည့်အတူတူ ...။

"ရွေပခြုပ်"

"လာပြီ"

အသစ်စက်စက် နှစ်ယောက်အိပ်ခုတင်ထက်မှာ မွေ့ရာပါးလေးနှင့် စောင်ခြင်ထောင် ဒါပဲရှိသည်။ ဧဏာလေးပဲလဲ့ရသေးသည် သူ လှမ်းခေါ်တော့ ပြန်ထခဲ့ရ၏။

သူက ဘာမှမသောက်ရသေးဘဲ တံခါးဝမှာ ပေါ်လာကာ ...

"မင်း နေ့လယ်စာ ချက်ပြုတ်ရဦးမှာမဟုတ်လား၊ ကိုယ် လိုက်ပို့မယ်လေ"

"ရှင် ဒါပဲ အဓိကလိုနေတယ်ဆို ...၊ သောက်ပါ .. မူးနေကာမှ လိုက်ပို့လို့လဲရတယ်"

"ရွဲ့တာလား"

သူ ပခြုပ် လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်သည်။ ရှုံ့သားအဝါရောင်ရင့်နေပုပ္ပမလေးနှင့် ဆံပင်တွေ ဖားလျားချထားပြီးဖြစ်သည့် ပခြုပ် မျက်နှာလေးက မိတ်ကပ်ပါးပါးခြယ်သထားတာတွေ မစို့မပို့ကျန်လျက် ရှုမငြီးအောင်လှနေ၏။

သူ ပခြုပ် ပခုံးလေးနှစ်ဖက်ကိုကိုင်၍ မျက်နှာချင်းဆိုင်လှည့်ယူလိုက်ကာ ...

"မျက်နှာက ဘာဖြစ်နေတာလဲ၊ အိမ်လေးပိစိကွေးနဲ့ ဘာမှလဲ မပြည့်စုဘူးဆိုပြီး ..."

"ပခြုပ်မှာဆိုရင် ဝါးတစ်လုံး ပျဉ်တစ်စတောင် ပိုင်ဆိုင်မှုမရှိပါဘူး၊

ရှိထားတဲ့သူကို ဘာဖြစ်လို့ပြုခြင်ရမှာလဲ"

"အဲဒါတွေမကြားချင်တော့ဘူးကွာ၊ မင်းနဲ့ကိုယ် လက်ဖဝါး၊ ခြေဖဝါးချင်း ဘဝကိုစကြမယ်၊ အဲဒီတော့ ပိုင်ဆိုင်မှုတွေ ပြုပြင်ဆိုင်နေဖို့လဲ မလိုတော့ဘူး၊ အိမ်ထောင်တစ်ခုတည်ဆောက်ကြရင် အိမ်ထောင်အတွက် ပြည့်စုံအောင်ဖန်တီးပေးဖို့ ကိုယ်တို့ယောကျ်ားတွေအလုပ်၊ ဘယ်ဝေနာ ကြောင့်ဖြစ်ဖြစ်ကွာ ခံစားတဲ့အခါ ခံစားပေါ့၊ ဒါပေမယ့် ပြုံးပြုံးရယ်ရယ် နေတဲ့အခါလဲရှိရမယ်လေ၊ ကိုယ့်အတွက် အဲဒါလေးပဲ ပြန်ပေး"

"အဟွန်း"

"ဟာ .. အဲဒါက မဲ့ပြုံးကြီး၊ သွားတွေပေါ်အောင်ရယ်ပြ၊ ဒီနေ့က ကိုယ်တို့ရဲ့မင်္ဂလာနေ့လေ"

"ဒါဆို ရှင် မသောက်ဘဲနေမလား"

"အဲဒီလိုနေ့မျိုးမှာ ကိုယ်တို့က သောက်ခွင့်ရှိတယ်လေ"

"သွား"

ပခြုပ် က မျက်စောင်းလေးထိုး၍ သူ့လက်တွေကို ဖြုတ်ချပစ်သည်။ နောက်ပြန်လှည့်တာက ဝိုက်ဆံအိတ်လေးယူဖို့ပါ။

ဒါပေမယ့် ရွက်လွှင့် က နောက်ကနေ ဆွဖက်ထားလိုက်ကာ...

"ဘယ်သောအခါမှမသွားဘူး၊ မင်းနားမှာ ဝဲနေမှာ ..."

ဖြူနုသည့်လည်တိုင်လေးနားမှာ သူ ကပ်ပြောလိုက်သည့်လေတွေ့ နွေးက ရိုက်ခတ်၏။ ဒီလောက်တင်းတင်းကျပ်ကျပ်ကြီးထိကပ်ဖက်ထားတာကို မကြုံခဲ့ဖူးသဖြင့် ရှက်သည့်စိတ်လား၊ ဝမ်းနည်းသွားတာလားမသိဘဲ သူ့မိန်းမဖြစ်သွားပြီဆိုသောအသိက ဧဏာတစ်ဖြုတ် ပျောက်ကွယ်သွား၏။

ပခြုပ် အလန့်တကြားရုန်းရင်း မျက်ရည်တွေ ချက်ချင်းပြေးလွှားစုတက်လာသည်။

"ဒီဘက်လှည့်"

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၇)

"အရက်တွေ ဘာဖြစ်လို့သောက်နေတာလဲ ရွှက်လွှင့်၊ နင်က အဲဒီလို ကတိတစ်လုံးကို လွယ်လွယ်နဲ့ဖျက်တဲ့လူလားဟင်"

"လုံးဝမဖျက်ဘူး၊ ဒါပေမယ့် ဒီတစ်ရက်တော့ခွင့်ပြုပါကွာ၊ နောက် ... မိန်းမက လိမ္မာတယ်"

သူက လှည့်မကြည့်ဘဲ တောင်းပန်နေသည်။ ပြီးတော့ ကုန်နေသည့် မိန်ခွက်ထဲကို နောက်ထပ်ထည့်၏။

"ရွှက်လွှင့်"

"ဟင်"

"ရှင် ပခြုံပကိုယူမိတာ မှားပြီလို့နောင်တရနေတာလား"

"ဟား ... အဓိပ္ပာယ်မရှိတာကွာ"

ဒါကျတော့ သူ ချက်ချင်းထလာ၏။ ဈေးဆွဲခြင်းလေးကိုင်ထား သူက အပြင်ကိုမသွားနိုင်သေးဘဲ ရန်လုပ်နေသည့် ပခြုံစ ပခုံးလေးကို ဆွဲထားလိုက်ကာ ...

"မင်းအတွက်ပါ ပခြုံရယ်၊ မင်းကြောင့်မဟုတ်ပါဘူး၊ အကြောင့်"

"အမေ"

သူက ဆတ်ခနဲဆွဲလှည့်ကာ ပခြုံပမျက်နှာလေးကို ကြမ်းရှုမက်မော သည့်အနမ်းများနှင့် ဖြန်းကြက်သည်။ ပြီးတော့ နုထွေးသည့်နှုတ်ခမ်းသား လေးတွေတိုနမ်း၏။ ဒီအရိပ်နဲ့မှာ မျက်ဝန်းမှ တသောသောကျဆင်းကုန် ကြသည့် မျက်ရည်တွေကိုတော့ သူ ခွင့်လွှတ်နားလည်ဖို့ကြိုးစားသည် ထင်၏။

ဒါမှမဟုတ် မေမွေးမူးနမ်းရှိက်နေစဉ်မှာ သွေ့ခြောက်မတတ်ဖြစ် သွားရှာသော မျက်ရည်တွေကို သတိမထားမိတာလား ...။

သူ့ဘက်က တစ်ခုခုဖြစ်နိုင်ပေမယ့် ပခြုံဘက်က တစ်ယောက်တော့ တမ်းတမိလိုပါ။

ကိုကို့ကိုချစ်တယ် ကိုကို .....။



www.burmeseclassic.com

www.burmeseclassic.com

ဆိုတာမှာ ပယောဂပါတယ်၊ 'အတွက်' ဆိုတာက မျှော်လင့်ချက်တွေ ပေးဆပ်လိုခြင်းတွေနဲ့ သိပ်ကိုသန့်စင်တယ်၊ အဲဒါ ယုံပါ၊ ကိုယ် မင်း အတွက် ပြည့်စုံအောင်ဖန်တီးမပေးနိုင်လို့ညစ်နေတာ၊ ဒီဆွဲခြင်းလေးထဲမှာ မင်း လိုချင်တာတွေ ခွဲထည့်ဝယ်လာဖို့ မင်းလက်ထဲကို ငွေတွေ အများကြီးထည့်ပေးချင်တယ်"

"ပခြုပ် က အဲဒီလိုတောင်းဆိုနေလို့လား၊ ရွှက်လွှင့် ပြောနေတာတွေ ဘာမှအဓိပ္ပာယ်မရှိဘူး၊ ခုမှ လက်ထပ်ကြတာ တစ်ပတ်မပြည့်သေးဘူး တစ်ရက်ခြားနှုန်းနဲ့ ပုလင်းထောင်နေတယ်၊ အဲဒီလို ထိုင်လုပ်နေတာနဲ့ ရှင် ဖြစ်စေချင်တာတွေ ဖြစ်လာရော့လား"

"ကိုယ် အစတည်းက ဒီလိုမဖြစ်ခဲ့ရင် ..."

"ရှင် အရက်သမားဖို့လို့ လမ်းပေါ်ရောက်နေတဲ့ကျွန်မနဲ့ ဆုံတာပေါ့၊ အဲဒါ နောင်တလား"

"ပခြုပ်ရာ .. မင်း ဒါတွေပဲ ထပ်ထပ်ပြောနေတာပဲ၊ လုံးဝမဟုတ်ဘူး၊ မင်းကို ကိုယ် လက်ထပ်ခဲ့တာလဲ မင်းက လက်ထပ်ပါရစေပြောလို့ မှမဟုတ်တာ၊ မင်း သွားလေရာတကောက်ကောက်လိုက်ကြည့်ပြီး မင်းနားကပ်နိုင်ဖို့ပဲ ကိုယ်ကြည့်နေခဲ့လို့ အခြေအနေတစ်ခုထဲမှာ ပိတ်မိခဲ့ကြတယ်၊ မင်း ငြင်းနေတုန်းက ကိုယ် ဘယ်လောက်ထိလိုမှန်ခဲ့နေရလဲ မင်း သိလား"

"လိုမှန်သောက်နေတယ်ပြောပါ၊ ရှင့်မှာ စိတ်ညစ်လဲသောက်၊ လွမ်းရင်လဲသောက်၊ အခု ပြောပြန်ပြီ .. ချစ်လို့သောက်ပါသတဲ့ .. ဟွန်း..."

"ဟာ .. မငိုနဲ့လေ ပခြုပ် .. ခက်တော့တာပဲကွာ"

ပခြုပ် လက်ထဲက ဆွဲခြင်းလေးကို သူပဲဖြုတ်ချပစ်လိုက်ပြီး တစ်ကိုယ်လုံးကို ဆွဲသိမ်းဖက်ထားလိုက်မိသည်။ မျက်ရည်ကိုတောင်မဖြင့်ချင်တဲ့ဟာ ပြောရင်းငိုကြွေးနေသည့် မိန်းမမျက်နှာလေးကို သူ ဘယ်လိုကြည့်ရမလဲ။

တကယ်က ဖေဖေ့ကြောင့်ပါ။ မင်္ဂလာကိစ္စကို ဖေဖေ သဘောတူမှာ မဟုတ်တာ သူသိသည်။ ဆင်းရဲချမ်းသာ ဆိုတာထက် ပခြုပ် က လူတော့ မဟုတ်တမ်းဟာရားအကြောင်း ပုံကြီးချဲ့ပြောမယ်သူတွေက တစ်ဆိတ်ကို တစ်အိတ်လုပ်ပြောပြီးနေကြပါပြီ။ ခုလောက်ဆို သူ အပြင်ထွက်လာမှာကိုစောင့်ပြီး ပြောဖို့ရှိတာတွေလည်း တန်းစီထားပြီး ဖြစ်လိမ့်မည်။

အပြင်မှာ လုပ်ကိုင်စားသောက်မည်ဆိုလည်း လက်ခံမှာမဟုတ်သလို ဘာအမွေတွေပေးပေး၊ ဘာလုပ်ငန်းကြီးပဲလွှဲလွှဲ ကိုယ့်မိန်းမကိုမှ မျက်မှန်းကျိုးနေပါသည်ဆို ဘာလုပ်ရမှာလဲ။

ပခြုပ်ကို ဘယ်သူ မလိုတမာ စောင်းကြည့်တာမှ မခံနိုင်ပါ။ အထူးသဖြင့် သူ့အခြေအနေမှန်ကို သူမ မသိသေးဘဲ မြန်းခနဲကြီးတွေ သိလိုက်ရလျှင် သူနဲ့ပခြုပ် ဘာတွေဆက်ဖြစ်လာမလဲ။

"ပခြုပ် ကိုယ် ညစ်နေတာလေ .. အလုပ်အကိုင်မရှိလို့မဟုတ်ဘူး၊ ပခြုပ်နဲ့လက်ထပ်ကြတဲ့အကြောင်းတွေနဲ့လဲမဆိုင်ဘူး၊ သီးသန့်ကိစ္စတစ်ခုကြောင့်၊ ပြောရမယ်ဆိုရင် ကိုယ် မင်းကို မပြောဘဲထိမ်ချန်ထားတာပါသေးတယ်၊ အဲဒါကြောင့် မင်း ဘာမှသိမ်ငယ်ဖို့မလိုဘူး"

"ဘာ"

မျက်ရည်တွေသုတ်ပေးရင်း သူပြောတော့ လက်တွေကို ပခြုပ်က ဖယ်ချကာ ...

"ဘာလဲ.. ဘာအကြောင်းလဲ၊ ပခြုပ် က လျှို့ဝှက်တာကို မုန်းတယ်"

"ပြောပြလိုက်ရင်တော့ ခွင့်လွှတ်မယ်ပေါ့"

"နောက်ကျသွားပြီ"

"ပခြုပ်"

"ဖယ်ပေး"

"ဟား .. ဘာမှတောင်မပြောရသေးဘူး၊ ပြောတော့ပြောပါရစေ

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူး"

"ပြောပါ၊ ရှင် ပြောစရာတွေ အများကြီးရှိမနဲ့ဦးမှာပဲ၊ ဆက်ပြော"

ပန်ခြုပ် မျက်ရည်တွေပြည့်နေတာကို ထိန်းထားသည့်မျက်ဝန်းစုံးလေးများနှင့် စံသည်။ သူ မဖျောရဲပါ။ ဒီတိုင်းရပ်ကြည့်နေရင်းမှ ...

"မင်းအတွက် စိတ်မချမ်းသာစရာအကြောင်းတွေချည်းဖြစ်လာခဲ့တဲ့ အတွက် နောက်ဆုံးထိ ခံကျေးဇူးခဲ့မိတဲ့ ကိုယ်သာ အပြစ်ကြီးတာပါ၊ အဲဒီအတွက် ကိုယ် စိတ်မကောင်းပါတူး"

"ရပါတယ်၊ ကျွန်မက အသည်းကွဲသမားတစ်ယောက်ရဲ့ လေလွင့်နေတဲ့လမ်းကြောင်းမှာ အမှိုက်လေးတစ်စပေါ့၊ မတရားတာမရှိပါဘူး ရွှက်လွှင့်ရဲ့ ... ကျွန်မကလဲ ဖြူစင်ခဲ့တဲ့နှလုံးသားမှမဟုတ်တာ၊ ရှင့်ကို ပြောဆိုစေဖန်မယ့်သူမရှိတဲ့ တစ်ကောင်ကြွက်လို့ထင်ပြီး ကျွန်မက အကူအညီတောင်းခဲ့မိတော့ တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပါ"

"ကိုယ့်ကို မငေါပါနဲ့"

"ရှင် မကိုင်ပါနဲ့၊ ကျွန်မ ရှင့်ကို အထင်မကြီးပေမယ့် လေးစားခဲ့တယ်၊ ကျွန်မတာက်မှာ ဘာအကြောင်းပဲရှိခဲ့ရှိခဲ့ ကိုယ့်ရဲ့ခင်မွန်းဖြစ်လာတဲ့ သူကို အစစ ပုံအပ်ပြီးယုံကြည်အားကိုးလို့လဲ ဆုံးဖြတ်ထားပါတယ်၊ ဒါပေမယ့် အခု ရှင့်အဖြစ်တွေကိုကြားလိုက်ရတော့ ဒီအဖြစ်တွေကို ခွင့်မလွှတ်နိုင်စရာမရှိတာတောင် ခွင့်လွှတ်ဖို့စက်သွားပြီ"

"ဘာ .."

"ဟုတ်တယ်၊ မဖြူစင်ခဲ့ကြတာချင်းထပ်တူပြုပြီး ရှင်က ဘဲစားဘဲချေ လုပ်ခဲ့တာ"

"မဟုတ်ဘူး၊ မင်း ကိုယ့်ကို အထင်မလွဲပါနဲ့ ပန်ခြုပ်ရယ်"

"လွဲနေလဲဖြစ်ပါတယ်၊ ကျွန်မက လက်ထပ်ပြီးပြီပဲ၊ အထူးလာပြောင့် လက်ထပ်ကြပါစို့လို့ပြောခဲ့တာက ကျွန်မ ..."

"ပန်ခြုပ်"

ကွာ၊ အဲဒါကိုမပြောရရင် ကိုယ် ဒီလိုပဲ မိုးလင်းကမိုးချုပ် သောက်နေမိ တော့မှာ..."

ပန်ခြုပ် က အိမ်လေးထဲကို ကဆုန်ပေါက်သလိုဝင်သွားရာကနေ တံခါးရပ်သွားပြီး လှည့်ကြည့်၏။ ရွှက်လွှင့် လှမ်းခွဲလိုက်သည့်လက်ကို ပါ ပုတ်ထုတ်ပစ်၍ ...

"ရှင်က လူကို အကျပ်ကိုင်တာလား၊ ဒီမှာ တစ်ရက်တည်းနဲ့ သေလောက်အောင်မျိုချပစ်မယ်ဆိုလဲ လုပ်စမ်းပါ၊ ရွှက် အရက်သမားမှန်း သိရက်နဲ့ ကျွန်မက ယူခဲ့တာ၊ ဂရုမစိုက်ဘူး"

"ကြင်နာလိုက်တာမျာ .. အဲဒီလောက်ပါပဲ .. အဟွန်း"

သူ့လက်တွေပြုတ်ကျသွားကာ မျက်လွှာချ၍ မချိတင်ကဲပြုံးလိုက် တော့ ပန်ခြုပ် စကားသံတိမ်ဝင်သွား၏။ ပြီးတော့ တင်းမာနေသည့်မျက်နှာ ကလည်း ချက်ချင်းပြေကျသွားသည်။

ဘာမှတော့မပြောဖြစ်ကြပါ။ ရွှက်လွှင့် က ခေါင်းငုံ့နေရာကနေ ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထည့်လိုက်ရင်း ...

"ကိုယ် လက်ထပ်ခဲ့ပူးတယ်"

"ဘာ .. ဘာပြောတယ်"

ထိတ်လန့်သွားသည့်စိတ်က မျက်လုံးထဲမှာ ပြာခနဲဖြစ်၏။ ထို့ကြောင့် သူ့ရင်ဘတ်ကိုပါ ဆောင့်တွန်းပစ်မိကာ ...

"ရှင် ဘာပြောလိုက်တာလဲဟင် .. ရွှက် .. ရွှက်လွှင့်"

"ကိုယ်မခံနိုင်ဆုံးစကားကိုပြောလို့ လက်ထပ်ပွဲပြီးတာနဲ့ သူနဲ့ကိုယ် လမ်းခွဲလိုက်တယ်၊ သုံးနှစ်လောက်တော့ရှိပြီ၊ လက်ထပ်ပူးစေမယ့် ကိုယ် လူဖျိစစ်စစ်ပါ၊ မင်းကို ကိုယ် သိမ်းပိုက်မယ်လို့စိန်ခေါ်ပြီးမှ ဒီနေ့ထိ လက်မျှားနဲ့မထိခဲ့တာလဲ ဒါကိုမပြောဘဲ ကိုယ် မကျူးလွန်ရင်လို့ပါ"

"ရှင် .. ရှင် သူနဲ့ပြတ်စဲပြီးရဲ့လားဟင်"

"အားလုံးရှင်းသွားပြီ၊ ပြီးတော့ ကိုယ်က ကလေကချေတစ်ယောက်

www.burmeseclassic.com

နှမ်းမလှိုင့်လိုက်စဉ် ...

"ဟေ့ .. အထဲမှာ လူမရှိဘူးလား၊ ထွက်ခဲ့စမ်း"

"ကိုကို .."

"ပခြုံပ် ကိုယ်လေးတွန့်ခနဲဖြစ်သွား၏။ 'ခဏနေခဲ့' ဟုပြောကာ ရွက် လွှင့် က ထွက်သွား၏။

"ခွေးသူခိုး ...၊ မင်း .. မင်း သူ့ကို ဘာအကြံနဲ့ ဒီလိုအဖြစ်ဆိုး အောင်လုပ်တာလဲ"

"မဟုတ် .. နေဦး"

"ခွပ်"

"အို .. ရာဇသံ မလုပ်နဲ့လေ"

တားဆီးသံတွေ၊ ဒေါသလက်သီး၏အရှိန်တွေကိုကြားရမှ ပခြုံပ် ပြေးထွက်သွားတော့ နီရဲတင်းမာနေသည့်မျက်နှာနှင့် ရာဇသံသည် ဇနလက်ထဲမှာရှိနေလျက် ရွက်လွှင့် က ကြမ်းပေါ်မှာ နှုတ်ခမ်းကို လက်ခုံနဲ့ ထိကပ်ထားလျက် ...

"ကိုကို"

ပခြုံပ် ခြေလှမ်းပြင်လိုက်ပြီးမှ ရွက်လွှင့် ဆီပြေးသွားခဲ့၏။ ရာဇသံက ပခြုံပ် ပွေ့လိုက်တာကိုပဲ ပြေးကန်ပစ်ချင်သလို၊ မျက်လုံးတွေ မီးတောက်လျက် ...

"ပခြုံပ် .. မင်း ထရပ်လိုက်စမ်း၊ အဲဒီကောင် လူယုတ်မာ"

"ရာဇသံ ကလဲကွာ .. ထားလိုက်ပါ၊ သူပြောတာကို နားထောင်ပါဦး"

"မလိုဘူး၊ သူ ဒီနေ့ထိ ပခြုံပ်ကို တဲစုတ်ထဲမှာထည့်ထားတာ ဒီတိုင်း လိမ်ညာပြီးဖျက်ဆီးဖို့ရည်ရွယ်တာ အသိသာကြီး"

"မဟုတ်တူး ရာဇသံ၊ ခင်ဗျားမြင်တာက ဘဝတစ်ခုခဲ့အ... သံ..."

"ဟင့်အင်း .. လွတ်နော် .. သွား"

"မဟုတ်ပါဘူး၊ ကိုယ့်အချစ်ကို မင်း မစော်ကားပါနဲ့ကွာ"

"လွတ်လို့ပြောနေတယ်နော်"

ရုန်းနေရင်း ချုံးပွဲချိုင့်ပစ်လိုက်ကာ ပခြုံပ် မျက်နှာလေး သူ့ရင်ခွင်ထဲ မှီကျလာ၏။ သူ တင်းကျပ်နေအောင်ပွေ့ဖက်လိုက်ရင်း ပခြုံပ် ခေါင်းလေး ထက်မှာ ပါးနဲ့ထိကပ်ထားမိသည်။

"နောက်ထပ်လေ .. ကိုယ်ကမဟုတ်ဘဲ မင်းကို ဘယ်သူက ဘာစကားတွေနဲ့ပဲ ပုတ်ခတ်သွေးထိုးပါစေ ကိုယ့်ကို အထင်မလွဲနဲ့နော် ဘယ်တော့မှခွဲမသွားပါဘူးဆိုတဲ့ မင်းရဲ့ကတိကိုရရင် ကိုယ် ဘယ်လို အခက်အခဲမဆို ကျော်လွှားသွားနိုင်တယ်"

ပခြုံပ် ဘာမှမပြောနိုင်။ ကိုယ့်ဘက်က အခြေအနေက ဒီတိုင်းဖို့ခဲ့သည်ပဲ ..။

"မင်းဘက်မှာလဲ ဒေါ်ခွေစပယ်တို့မိသားစုတွေ အရင်းအချာရှိနေတယ် ပခြုံပ်ရယ်၊ သူတို့ လက်ဖွဲ့သမျှ မင်း ဘာမှလက်မခံလို့တောင် စိတ်မကောင်းဖြစ်နေကြတာ၊ မင်းရဲ့ညီမ ဖုန်းဆက်တာ သုံးခါရှိပြီ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်အားကိုယ်ကိုးတတ်တဲ့လူတိုင်းအတွက် ကျေး ထောက်နောက်ခံက အဓိကမကျပါဘူးကွာ၊ ကိုယ်တို့ ဘာကိုမှ အားငယ် ဖို့မလိုဘူး၊ အဓိကက နှစ်ယောက်တစ်ဘဝထူထောင်သွားရမယ့် ကိုယ်တို့ ချင်း တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိနေဖို့ပါ၊ နော် .. ကိုယ်ပြော တာနားလည်လား ဟင် ..."

ပခြုံပ် မဖြေ။ သူက မေးဖျားလေးကိုမော့ယူပြီး ငုံစိုက်ကြည့်နေလျက်...

"ကိုယ်တောင်းတဲ့ကတိပေးမှာလားဟင် ..."

"ဘဝဆိုတာ အမြဲတမ်းပြောင်းလဲနေတာပဲ"

ပခြုံပ် လေသံက ငိုသံလေးနှင့်ဖြစ်ကာ ပြောနေရင်း မျက်ရည်နှစ်စင်း တစ်ပြိုင်တည်းကျ၏။ သူ ကျေနပ်လိုက်ပါသည်။ ပခြုံပ်မျက်နှာလေး

www.burmeseclassic.com

"ဟိုတ် ရာစသံ က မင်းအဖေလောက်ရှိတယ်၊ ဘယ်လိုခေါ်လိုက်တာလဲ"

"ဟုတ်လား"

ဒါပေမယ့် ရည်းစားလုဘက်ပါဗျာ ...၊ ရင်ထဲမှာ မချိတင်ကဲပြောမိတော့ ရွက်လွှင့် နှုတ်ခမ်းတွေမှာ ခပ်မဲ့မဲ့ပြုံးရိပ်ထင်၏။ ပြီးတော့ အဖေလောက် ဆိုသည်လူကို တမင် သိသာအောင် ခြေဆုံးခေါင်းဆုံးကြည့်ပေးလိုက်၏။

အမြဲတမ်း လည်ကပ်ဆွယ်တာတွေနှင့် ဘောင်းဘီရှည်တွေပဲ တတ်တတ်သည့်ကိုယ်က လူငယ်တွေလိုက်လို့မမီနိုင်အောင် တောင့်တင်းဖြောင့်စင်းနေသည်။

အရက်သမားပုပေါက်နေနိုင်သည့် သူ့ရှေ့မှာ အဖေအရွယ်ဆိုသည့်လူက မင်းသားရုံးအောင်ချောမွေ့သန့်စင်နေသည်။ ရင်ထဲမှာနာနေတာ ဘယ်လိုကြီးမှန်းမသိ။

"ဟိတ်ကောင် .. မင်းက 'အရိပ်သခင်'ပဲ၊ ဘာဖြစ်လို့ ရွက်လွှင့် နာမည်နဲ့ ပခြုံပ်ကို တိုးတိုးတိတ်တိတ်ထားခဲ့တာလဲ"

"ရွက်လွှင့် ဆိုတာ ရွှေပခြုံပ်ကို ဒီလိုထားဖို့ဖြစ်ခဲ့တဲ့နာမည်မဟုတ်ဘူး၊ အစတည်းကရှိခဲ့တာ"

"မင်းမှာ မိဘရှိတယ်၊ အထင်အတိန်းရှိတယ်၊ မင်းက တစ်ဦးတည်းသောသားပဲ ရွက်လွှင့်၊ ဘာဖြစ်လို့ မင်္ဂလာကိစ္စအထိ မိဘကိုမပြောရဲတာလဲ၊ ငါတို့သိချင်တာက ပခြုံပ်အပေါ်မှာ မင်း ဘယ်လိုသဘောထားတာလဲ ဆိုတာပဲ"

ဇေ က စုံလင်အောင်ဝင်မေးသည်။ ရွက်လွှင့် ကတော့ ဇေ့ မေးခွန်းတွေကို စိတ်ဝင်စားပုံမရှိပါ။ သူ့မျက်လုံးတွေက ဒီအိမ်ထဲရောက်လာပြီး ဒေါသမိုးမှန်နေသော ရာစသံ့ မျက်လုံးတွေထက်မှာ ...။

"ခင်ဗျား အဲဒီလို အရင်မေးသင့်တယ် ရာစသံ၊ ဦးရာစသံ ..

ဘွဲ့တော် ပခြုံပ်ကိုချစ်လို့လက်ထပ်တာ၊ ဒါပေမယ့် ကျွန်တော့်ဘက်က သူ့ဆီမသက်ဆိုင်ခင်ကတည်းက ပြဿနာရှိခဲ့တာ"

"မင်းက လက်ထပ်ခဲ့ဖူးတဲ့ကောင်ပဲ၊ အဲဒါကိုရော မင်း ပုံးဖိထားနိုင်ပဲလား၊ ငါ မတားဆီးလိုက်နိုင်ခင် ပခြုံပ် ဒီလိုမြန်မြန်ဆန်ဆန်ကြီး သံယောဇဉ်ကြားတဲ့အတွက် မင်း အကွက်ရသွားတာ၊ မင်းလောက်လည်တဲ့လူကိုဘူး လို့များထင်နေသား၊ ပခြုံပ် .. လာ ပြန်လိုက်ခဲ့"

"ဟင် .."

"အို .. ရာစသံ"

မိန်းကလေးနှစ်ယောက်တောင် မျက်လုံးတွေဝိုင်းသွားကြစဉ် ရွက်လွှင့် က ပခြုံပ်လက်တစ်ဖက်ကို ဆုပ်ခွဲထားလိုက်၏။

"မရဘူး၊ ကျွန်တော်တို့ လက်ထပ်ပြီးပြီ"

"မင်းက အကြိမ်ကြိမ်အခါခါလက်ထပ်နေတဲ့ကောင်ပဲ၊ ဒီမှာ ပခြုံပ်ဘဝ မင်းကြောင့် ဘာဖြစ်နေနေ ငါ ဂရုမစိုက်ဘူး၊ ဟိတ်.. မင်း နားမကြားဖူးလား၊ လာခဲ့ ဒီကို ..."

သူ နောက်ထပ်လှမ်းပြောတော့ ပခြုံပ် က ဘာပြောမလို့မှန်းမသိသေးခင် ဇေ က ရှေ့ကိုတိုးရပ်လိုက်ကာ ...

"ကိုယ်မှန်တယ်ထင်လို့ ဆုံးဖြတ်ပြီးရင် မှားလဲမှောက်ခံရမှာပဲ၊ ဒီလို တွေဖြစ်ကုန်အောင် ဘယ်သူလုပ်တာလဲ"

"မင်း ဝင်မပါနဲ့ ဇေ၊ ဒီနေရာမှာ မင်းပါလို့မရဘူး၊ ရွှေပခြုံပ်ကို သမီးပေါက် အရပ်ဘစ်ရပ်ကောက်ယူသလို အိတ်ထဲကောက်ထည့်ပစ်သိုက်တာ ငါ လုံးဝ လက်မခံဘူး၊ မင်းလို့ပေါ့ .. သူ ထင်ရာသူစိုင်းပြီး အမှန်တရားလို့ထင်နေတာ ..."

ရာစသံ ရွက်လွှင့် ကို မေးဆတ်ပြီးပေါ်တင်ဖိသည်။

"အဲဒီအမှန်တရားတွေက မမှန်ဘူးဆိုတာ သူသိစရောင်လို့ ငါ့ဆောင့်နေခဲ့တုန်း ခုလိုမှားယွင်းကုန်တာ၊ ဒီတော့ မင်းယောကျ်ားသင့်

www.burmeseclassic.com

www.burmeseclassic.com

မနောင့်ယှက်ပါနဲ့''

''ရာဇသံ ..''

ဇေ ကဒီကိစ္စ ရှေ့ဆက်မဖြစ်အောင်တားဆီးဖို့ မျက်နှာထားကတင်း နေလျက် ...

''ဇေတို့ ဒီကိုလာကြတာ အဲဒီလိုဖြစ်သွားဖို့လား ရာဇသံ၊ ပြောတုန်း ကတော့ လူငယ်တွေကို ဒီတိုင်းကြည့်နေလို့မဖြစ်ဘူးဆို၊ တကယ်ပဲ ရာဇသံ .. တို့ လုံးဝကိုမထင်ဘူး''

''ဘာကိုမထင်တာလဲ ဇေ၊ ပခြုပ် က လူမမယ်အရွယ်လေးတည်း က တို့ ကျွေးမွေးစောင့်ရှောက်ခဲ့ရတဲ့ ကလေး၊ သူ့မှာ အုပ်ထိန်းသူရှိတယ် အဆင့်အတန်းရှိတယ်''

''ဟုတ်ပါတယ် ဦးရာဇသံ၊ အဲဒီအတွက် တာဝန်မကျေနိုင်သေးတာ ကျွန်တော့်မှာ အပြစ်ရှိပါစေ''

''သိပ်ရှိတာပေါ့၊ ပထမအပြစ်ရှိတာက ငါ့သမီး''

ပခြုပ် ရင်ထဲမှာ ပူလောင်ပြင်းပြသွား၏။ ဇေ မျက်နှာမှာ ကျေနပ် သည့်မျက်ကြည်တစ်ချက်သမ်းကာ မပြောဘဲနေရသည်ပါးစပ်က အင့် လို့ ဇောပိတ်သွားခဲ့၏။

''သူတစ်ယောက်တည်းဆုံးဖြတ်၊ တစ်ယောက်တည်းမှန်ပြီး ဒါလို လုပ်သွားတာ ဒုတိယက မင်းပဲ၊ မင်းက ရေမျောကမ်းတင်နေရဲ့တင်မက ဘုး ရေစုန်စီးချင်တော့ ဒိုက်ဖြစ်ဖြစ် .. အမိုက်ဖြစ်ဖြစ် မိရာနိစီးတဲ့ ကောင်''

''ဦးရာဇသံ ..''

''ဒါသခြစ်သွားတောလား၊ မဟုတ်ဘူးဆိုရင် ပခြုပ်ကို လွှတ်ပေး လိုက်''

''ထုံးစံအတိုင်းဘူး၊ ပခြုပ် ကိုယ့်ကိုပစ်မသွားပါနဲ့၊ ကိုယ် မင်းကို တောင်းပန်ပြီးပြီနော်၊ ကိုယ့်ကိုစွန့်လည့်ပါ''

ပခြုပ် မျက်ဝန်းတွေက ရာဇသံမျက်နှာမှာပဲ ရှိနေခဲ့၏။ သူမနားထဲ မှာ 'သမီး' ဆိုသည့်စကားသံက အရှိန်မှန်လွဲယမ်းနေသော ချိန်သီးတစ်လုံး ကဲ့သို့ နားထဲမှာ ဝီစခဲ့ ဝေခနဲဖြတ်သန်းနေသည်။

ကိုကို ဒီလိုပဲ သဘောထားခဲ့လို့လား ...၊ မဟုတ်ဘူး၊ ရက်စက် လိုက်တာ ကိုကိုရယ် ...။

မျက်ဝန်းမရောက်ဘဲ ဇေ မျက်လုံးတွေက ကျေနပ်ခြင်းကို မြင်ယောင် နေခဲ့သည်။

ဇေ့စစ်ပို့တွေဖြစ်သွားပြီးသည့်နောက်မှာ ပခြုပ် ဒီလိုလုပ်လိုက်လို့ ကိုကို မဇေ့စစ်ပြီပါ။ ဒါပေမယ့် ဇေမိမိကို ကတော့ အခင်မင်မပျက်၊ အသွားအလာမပျက်နှင့် ကိုကို့ဘေးမှာရှိနေတုန်း။

ရင်ထဲမှာ ဆုံးဖြတ်ချက်ဆိုတာ ဘာမှမရှိတော့ဘဲ အပူလုံးတစ်လုံး အဖြစ်ရှိနေသောခံစားချက်တို့က ယောက်ယက်ခတ်ပြေးလွှားနေကြ၏။

''ပခြုပ် ဒီကိုလာခဲ့စမ်း၊ ဘာကြည့်နေတာလဲ''

သမီးလို့ ထပ်ခေါ်လိုက်စမ့်ပါ၊ ပခြုပ် နှုတ်ခမ်းမှာ မဲ့ပြုံးလေးထင် သွားသည်။ သူမ မချစ်မနှစ်သက်သူရဲ့ရင်ခွင်ထဲကိုပြေးဝင်ခဲ့တာဟာ ကိုကို့ရဲ့သမီးအဖြစ်နဲ့ပဲ ထာဝရရှိနေတော့ဖို့လား ...၊

မဟုတ်ဘူး ကိုကို၊ ဒီဘဝမှာ မပေါင်းကြရပေမယ့် ကိုကို့က ပခြုပ်ရဲ့ သက်ထက်ဆုံးချစ်သူ ...၊

''ရွှေပခြုပ် ..''

ရာဇသံ အသံ နောက်ထပ်ပေါ်လာလျှင် ...

''ဗေဗေဆီပြန်လာပါသမီးရယ်လို့ ကိုကို ခေါ်လေ''

မနေတတ်သည့်မျက်နှာကြီး ရဲခနဲဖြစ်သွားတာကို ပခြုပ် က စိုက် ကြည့်နေ၏။ ပခြုပ်ရဲ့ဘဝအတွက် အရိပ်မိုးတစ်ခုအဖြစ် အရာရာအကြောင်း ကြောင်းကြောင့် ကိုကို ဒီလိုထည့်ပြောလိုက်တာကို နားလည်ပါသည်။

ဒါပေမယ့် ပခြုပ် နှလုံးကွဲကြေမတတ်ငိုကြွေးခဲ့ရသောတွေက

www.burmeseclassic.com

"မမ"

ရွှက်လွှင့် က ပခြုံပိုလက်ကလေးကိုဆွဲ၍ အားလုံးကိုရှောင်ရှားထွက်သည်။ ဘယ်သူမှ ဘာမှမတတ်နိုင်မေမယ့် ရာစသံ က လက်တစ်ဖက်ကို ပတ်နေဖမ်းဆွဲကာ ...

"မင်း မလိုက်ရဘူး"

"ခင်ဗျားက မိဘဆိုရင်လဲ မိဘနဲ့မတူပါလား ရာစသံ၊ အဲဒါမျိုး ဖြစ်ရင်တော့ ကျွန်တော်က ရိုသေလေးစားနေမှာမဟုတ်ဘူး"

"ဟိတ်ကောင် .. မင်းနဲ့ ငါ သဘောတူလို့ပေးစားထားတာ မဟုတ်ဘူး"

"ဒါဆို ပြောပါ၊ ခင်ဗျား ပြောခွင့်ရှိတယ်ဆိုရင် ခင်ဗျားက သူ့အဖေလား"

"... ... ..."

"အစ်ကိုရင်းတစ်ယောက်လား"

"ဟဲ့ အုပ်ထိန်းသူဆိုတာ မိတမောင်ဘွား ဆွေမျိုး ဘာဖြစ်ဖြစ် ဖြစ်လို့ရတယ်"

ဇော ခမျာ ခံလည်းခံရပါသည်။ ခံလိုက်ရလို့လည်း နာကြည်းမနေနိုင်။ ပခြုံပိုကို တစ်ဖက်စီဆွဲထားကြသည့် လက်တွေမှာ ရာစသံနဲ့ဖိဆုပ်ထားသည့်ဘေးကို ရွှေ့ရပ်၍ ...

"သူတို့ဖြစ်ချင်တဲ့အတိုင်း ဖြစ်အောင်လုပ်သွားကြတာ ရာစသံ၊ ဘာမဟုတ်တဲ့လူယေတစ်ယောက်ရဲ့ မလေးမစားအပြောကို ဘာဖြစ်လို့ခံနေတာလဲ၊ သွားကြပါစေ .. လွှတ်လိုက်"

ပြောလို့မပြီးခင် သူမကိုယ်နဲ့ပါဖိစီး၍ လက်နှစ်ဖက်ကို ဖြုတ်ချပစ်လိုက်၏။ ရွှက်လွှင့် ကလည်း နည်းနည်းလေးမှတ်ဆိုင်းမနေဘဲ ပခြုံပိုကိုဆွဲကာ အိမ်ဝေါ်ကနေဆင်းထွက်သွားလေသည်။ သို့သော် ...

အိမ်ရှေ့မှာ တိတ်ဆိတ်စွာရှိနေခဲ့သည့်ရာစသံတို့ကားလေးမှာ ဇွေ

အဲဒီအကြောင်းကြောင်းကို ထောက်ချင့်နေခဲ့လို့လား ...၊

မဟုတ်ဘူးဆိုတာ ကိုကို သိရဲ့သားနဲ့ ကိုကို၊ ပခြုံပိုဘယ်တော့မှ မရန်ိုင်တော့တာသေချာနေတဲ့ ကိုကို့အချစ်ကို ကစ္ဆားသူ ဆယ်သူမှ ဝိုင် ဆိုင်ခွင့်မရှိတော့အောင် မိုက်ရူးရဲဆန်ခဲ့တာကလွဲရင် ...

"နေပါဦး .. အဲဒီလိုပြောရင် နင်က တကယ်ပြန်လိုက်မှာလား"

"မမစေ မပါပါနဲ့၊ အပြင်လူက အတွင်းစကားမှာ ပါစရာမလိုဘူး"

နေမျက်နှာ ပျက်သွားသည်။ ရာစသံ ကလည်း မတော်ဘူးလို့ တစ်ခွန်းမှဝင်မပြောဘဲ ပခြုံပိုမျက်နှာလေးကိုပဲကြည့်နေ၏။

ထိုစဉ် သူတို့နောက်မှာ အရိပ်တွေထပ်ဖြစ်လာကာ ...

"သမီး"

"မမ ဒီတစ်ခါတော့ ဆောင်းတို့ကို နှင်မလွှတ်ပါနဲ့နော်၊ မမက တစ်ကောင်ကြွက်မဟုတ်ပါဘူး၊ မိဘနဲ့ ဆွေဂုဏ်မျိုးဂုဏ်နဲ့ပါ၊ ဆောင်းတို့လေ..."

"ရွှက်လွှင့်"

ပခြုံပိုခေါင်းတွင်တွင်ခါ၍ ရွှက်လွှင့် လက်မောင်းကို ပြန်ဖက်လိုက်ကာ ...

"ကျွန်မကို ခေါ်သွားပါ၊ ကျွန်မ ဒီနေရာမှာ မနေပါရစေနဲ့နော်"

မောင့်ရှေ့ပြောနေသည့် မျက်ဝန်းထောင့်များမှဖြတ်ဆင်းသောမျက်ရည်တို့သည် ပါးရိုးကနေကွေ့ဝိုက်ပြီးမှ ရင်ဘတ်ပေါ်ကို တပေါက်ပေါက်ကျ၏။

ဒေါ်နွေစယ်ခမျာလည်း မျက်ရည်တွေနဲ့ပါ။ ဆောင်း ကလည်း စိုးရိမ်သည့်မျက်နှာလေးနှင့် တံခါးဝမှာရှိနေ၏။

ရွှက်လွှင့် က ခေါင်း ညိတ်၍ ပခြုံပိ ပါးပြင်ပေါ်က မျက်ရည်ကို တယုတယသုတ်ပေးရင်း...

"ဆိုစေ .. အားလုံးဖြစ်ရေးမယ်"

"ဆို .. သမီး"

www.burmeseclassic.com

မင်ရောင် ပရာဒိုကားကြီးတစ်စီး၊ ပြီးတော့ ကားဘေးမှာရပ်နေသော လူကြီးနှစ်ယောက်။

အိမ်ထဲကထွက်လိုက်ပြီးမှ ရွက်လွှင့် ခြေလှမ်းတွေတုံ့ခနဲဖြစ်သွား၏။

"ဖေဖေ"

ဦးလွင်ဦး က မတည်မပြုးပြေပြစ်သောအကြည့်များနှင့် ခေါင်းညိတ်ကာ ကားကိုမေးဆတ်ပြ၏။ ဘေးမှာရှိနေသည့် လူယုံ ဦးအေးတို့က တံခါး ဖွင့်ပေးပြီး 'တက်ပါ' လို့ပြောလိုက်တာမျိုး သူတို့ကို ပြန်ကြည့်၏။

ပန်းပုံ လက်ကလေးကိုဆုပ်ကိုင်ထားသည့် ရွက်လွှင့်၏ လက်က တင်းခနဲဖြစ်သွား၏။

ငုံကြည့်လိုက်သောမျက်လုံးတွေကလည်း 'မင်းသဘောပါပဲ' ဆိုတာမျိုး ...။ မြင်ကွင်းသည် အပြန်လမ်းတစ်လျှောက်လုံးမှာ မျက်လုံးထဲက မထွက်နိုင်ဘဲ ငြိတွယ်ပါလာခဲ့၏။

ဇေ ကလည်း ရာဇသံ မေးရိုးနှစ်ဖက် တင်းခနဲဖြစ်သွားတိုင်း သတိထားမိနေသဖြင့် သူမလည်း အံကြိတ်လို့ပါ။

သူမသည် လိုတာမရ၍ အဖျိုကြီးလုပ်လာခဲ့ရသည့်ရာဇဝင်မှလွဲလျှင် ဥစ္စာပေါ ရုပ်ချော ခပ်ထက်ထက် အလွန်တော်သော အထက်ပါ အချည်အချင်းများနှင့် ပြည့်နှက်နေခဲ့တဲ့သူ ...၊

ရာဇသံ ဆိုသည့်ယောကျ်ားနဲ့ကျမှ တစ်သက်လုံးအပယ်ခံ အဖြည့်ခံအဖြစ်က မတတ်နိုင်ဘဲ ဒီနေ့ထိ အပြင်လူဖြစ်နေရတုန်း ...၊ ထိုစဉ်းကားက ငြိမ့်ခနဲထိုးရပ်သွားပြီး ...

"တောက်"

"ရာဇသံ"

သူမ စကားနှိုး ဘယ်လောက်တောင် အတွေးလွန်သွားမိသလဲ ...၊

ရာဇသံ မျက်ဝန်းမှာ မျက်ရည်ဝဲလျက်၊ ပြန်မပြေခဲ့သောမေးရိုးနှစ်ဖက် နိုင်ကြည်နေသည်ကြောင့် ...

"ငိုပစ်လိုက်ချင်တာလား ရာဇသံ၊ ယောကျ်ားကြီးဖြစ်နေပြီး ငိုရသလားလို့ ...၊ တို့ မကဲ့ရဲ့ပါဘူး၊ ယောကျ်ား မိန်းမ ဘာဖြစ်ဖြစ် ပုထုဇဉ်သဘာဝအတိုင်း ငိုချင်ရယ်ချင်တာပါ၊ လုပ်ပါ .. လွတ်လွတ်လပ်လပ် တစ်ယောက်တည်းရှိတယ်လို့ သတ်မှတ်လိုက်ပါ"

ကျိခနဲအံကြိတ်သံကိုကြားလိုက်ရသည်။ ပြီးတော့ စတီယာရင်ပေါ်မှာ ဖိဆုပ်ထားသည့်လက်တို့က ပိုမိုတင်းကျပ်သွား၏။ နီတွတ်နေသော မျက်နှာပြင်မှာ ချွန်ကော့သောနှာတံထိပ်ဖျားက အညှိရောင်သမ်းတဲ့အထိ ဖြစ်ခဲ့ပြီး ...

"ဟုတ်တယ်၊ အဲဒီလိုငိုလို့ရရင် သိပ်ကောင်းမှာ"

"ငိုပါ၊ ရှင့် ဘယ်လောက်ခံစားနေရသလဲဆိုတာ ကျွန်မသိတယ်၊ ခုမှ မဟုတ်ဘူး၊ ရှင့်ကိုယ့်ရှင် မသိခင်တည်းက ဇေ သိနေတာ"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်တာမဟုတ်ဘဲ ကားကလည်းရပ်နေသားနဲ့ ကျောက်ရုပ်တွေလို ရှေ့ကိုပဲငေးကြည့်ရင်းပြောဖြစ်နေကြသည်။

နှစ်ယောက်စလုံး မျက်ရည်တွေ ဝဲဝဲနေကြသော်လည်း ဇေ့ ကို ရာဇသံ က နည်းနည်းလေးသော်မှ စောင်းမကြည့်ပေ။

"တစ်လောကလုံး ဦးစောက်ကျမ်းပြန်တွေဖြစ်ကုန်တာလား၊ ကိုယ် တစ်ယောက်တည်း ခုနှစ်ပေါက်နေမိတာလား၊ ကိုယ့်ရင်တွေ မီးလောင်နေသလိုပဲ"

"ရှင် သူ့ကိုချစ်နေတာ"

ရာဇသံ မျက်လုံးတွေမှိတ်ပစ်လိုက်ပြီး ကုရှင်မှာ မျက်နှာကို လှန်တစ်ထားလိုက်၏။

ထိုအခါ ထိန်းချုပ်မလွယ်သည့်မျက်ရည်တစ်စက်က ဆပ်ပင်ကြားကဲ့ကို နိုးချောင်ခိုးဝှက်ပြေးဝင်သွားခဲ့သည်။ သူ့ဌေး ဦးတိုက်ခွင်၊ အားလုံးလူသိများတာက ဦးလွင်ဦး ...။

www.burmeseclassic.com

www.burmeseclassic.com

ပန်ဖြုပ်နဲ့ အရိပ်သင်္ဃောကို သူ သဘောတူသွားသည်လား ... တစ်ဦး တည်းသောသားဖြစ်သည့်ပြင် ဒီသားက အားကိုးရသည့်သားဟု သူများ တွေးပြောမှုးသည်။

လက်ထပ်ခြင်း၊ ပျက်ပြားခြင်းပြဿနာတွေသာ မပေါ်ခဲ့လျှင် သား အပေ စည်းလုံးနေမှာဖြစ်ကာ သူ့သားလမ်းပေါ် ရောက်သွားမှာမဟုတ်ဟု လည်း ကြားဖူး၏။

ဒီသားကို ဆိုးသည်ဖြစ်စေ၊ မိုက်သည်ဖြစ်စေ ဘယ်မိဘက ကြာရှည် မစ်ထားမှာလဲ ...။ ဒါကို သူ ရွက်လွှင့် ဆိုသူအကြောင်း စေ အပြည့်အစုံ ပြောပြကတည်းက တွေးမိပါသည်။ ခုလည်း ဦးလွင်ဦး ကိုယ်တိုင် ကားနဲ့လာပြီးကြိုဆိုစေါ်ယူသွားတာ ကျေနပ်ဖို့ကောင်းနေပြီ မဟုတ်ဘူးလား ...။

ဒါပေမယ့် သူ့ရင်ထဲမှာ ...

ဆောက်ထပ်စိမ်းလာသည့်ဖျက်ညှိတို့ကို ထိန်းချုပ်ဖို့ကြိုးစားပေမယ့် လောင်နေသည့်မီးက ဖယောင်းဆီထဲမှာဖြစ်နေခဲ့သည်လား ...။

လောင်ပါစေ၊ ရင်ထဲမှာပဲလောင်နေပါ မီးရယ် ... ဖယောင်းလို အရည်မဖျော်ပေမယ့် နှလုံးကွဲပြာကျသွားပါစေ ဒီမီးထဲမှာ ချစ်တဲ့စိတ်တွေ ထည့် ပိတ်ပြီး သင်္ကြိုက်တော့မယ်လို့ ...၊

ချစ်တယ် ... ကလေးရယ် .....။

အခန်း (၃၀)

တိုက်ကြီးက မောမကြည့်ရဲလောက်အောင်စမ်းနေတာ နှစ်ခေတ် ကြာနဲ့တူနေသည်။ ရှေးဟောင်းလက်ရာမန်းစိုက်းကြီးနှစ်ချပ်က ဖျက်နှာ ကြက်ထိ နံရံတစ်ဝက်လောက် နေရာယူထား၏။

ပြီးတော့ ရှိနေသည့်ပရိဘောဂပစ္စည်းအတောင်အယောင်တွေ ...၊

ဒီကိုရောက်လာတော့ ရာစုသစ်အတောင်အယောင်ဆိုတာအတွက ...

"သားရဲ့နေ့မိုးတောလဲ သမီးပေါ်"

ဦးလွင်ဦး၏ သြဘောပေါင်းသည့်စကားသံတွေ ထွက်ပေါ်လာမှ သတိတစ်ချက်လွတ်သွားတာကို ပြန်ချုပ်ရစည်းရသည်။

"လက်ထပ်ပြီးကြတဲ့အထိ ပစ်ထားသလိုဖြစ်သွားတာကိုတော့ ငါ့ သမီးက နားလည်ပါ"

ဘာကိုမှန်းမသိပေမယ့် ပန်ဖြုပ် ခေါင်းညိတ်လိုက်ပါ၏။

"တိုတိုပြောရရင် သားအတွက် ဗျာရေးဆောက်ရေး ထားစေ ပြည့်စုံ ချင်တဲ့ဆန္ဒနဲ့ သမီးဖြစ်လာမယ်သူရဲ့အကြောင်းကို မေမေတို့က မသိမီမနေ နိုင်စမ်းရတယ်"

ပန်ဖြုပ် ဖျက်နှာလေးစောလာသည်။ ရုပ်ရှင်စာတိုက်ဝင်းတွေထဲကလို

www.burmeseclassic.com

www.burmeseclassic.com

ရှေ့ရောက်အောင်ခေါ်ပြီးမှ မတူမတန်တာတွေ အပြတ်အသတ်ပြောချ
တော့မည်လား ..၊ ရင်ထဲမှာ ဖျင်းခနဲပူနွေးသွားစ၏။

ရွှက်လွှင့် ကိုတော့ ဟိုတယ်လ်မှာ ဒီတ်လုပ်ရှေ့ပါဆိုပြီး မင်္ဂလာကိစ္စ
အကြောင်းပြ နှင်လွှတ်စ၏။

"သမီးကတော့ နေခဲ့နော်၊ ဖေဖေတို့ စကားပြောရအောင်" တဲ့။
သားရှေ့မှာ ဒီလိုကောင်းအောင်ပြောပြီးတော့များ ...

"သိရတဲ့အရိန်မှာ ဖေဖေ ထင်သလို အဆိုးကြီးတော့မဟုတ်ဘူး"

ဦးလွင်ဦး၏စကားသံတိုင်းမှာ ပခြုပ် ရင်တွေခုန်နေပါပြီ။ ဖေဖေလို့
ပြောဖော်ရတာလေးကိုပဲအားကိုး၍ နားထောင်ရင်း ရွှက်လွှင့် မြန်မြန်
ပြန်လာပါစေလို့ မျှော်မိသည်။

"သမီးဖေဖေကို သမီး မသိဘူးမဟုတ်လား"

"ရှင် ..."

"မိဘနှစ်ပါးစလုံးကို ညည်း မမြင်ဖူးခဲ့တဲ့အကြောင်း ခေါ်နွေစယ်
က ကိုယ်တိုင်လာပြောသွားတယ်၊ ညည်းကို သူတို့ရဲ့ကောင်ပုံတွေ ပေးမလို
လဲ အဆင်သင့်လုပ်ထားတယ်တဲ့၊ အေး .. ဟိုဘက်က ပြဿနာကို
ဖေဖေ မသိပါဘူး၊ ဒါပေမယ့် သမီးရဲ့ဖေဖေ တစ်ခုအောင်ကို ဖေဖေ
သိတယ်၊ သူ့ရဲ့မျိုးရိုးက အစ ..."

ဦးလွင်ဦး က သူ အားလုံးသိပြီးတဲ့အကြောင်းကို မပြောတော့ပါ။
နွေစယ်က ဖုံးဖုံးဖိဖိ၊ တစ်ခုအောင်တို့ဘဝက လူမသိစေချင်၊ နှစ်ဖက်
စလုံးသည် ရွေးချယ်ပုံကို မလိုလားတော့မဟုတ်ဘဲ ရန်ပြိုးရန်စတွေ့ မပြေ
နိုင်ကြတာဖြစ်၏။

ဘာပဲဖြစ်ဖြစ် သူလိုချင်တာက ဘယ်မိဘဘက်က အမွေ ဘယ်
လောက်ရနိုင်သလဲဆိုတာ မဟုတ်ပေ။ မျိုးရိုးအဆင့်အတန်းပဲဖြစ်သည်။
ဒီမိန်းကလေး အသွားအလာအနေအထိုင်မတတ်တာကို ကြားပြီးပြီ။ ရွှပ်
ရွှပ်ပွေပွေတော့မဟုတ်ဘူးဆိုတာကိုပဲ ကျေနပ်လိုက်ရ၏။ သားကလည်း

သူမသူကို ...၊

ဒါပေမယ့် မိဘမျိုးရိုးလောက်တော့ မသိမဖြစ်သိဖို့လိုသည်ပဲ့ စုံစမ်း
ခဲ့ရသည်။ စိတ်ကျေနပ်လောက်ဖွယ်မဟုတ်ပေမယ့် လက်ခံပေးဖို့ ဆုံး
ဖြတ်ခဲ့မိ၏။

လပေါင်းများစွာ စိတ်ဆင်းရဲခဲ့ရသည့် သားဖြစ်သူအတွက် ချွေးသီဝ
ပေးနိုင်စွမ်းသည့်ရုပ်ရည်ရူပကာလေးလည်းရှိတော့ ဒီနေ့ ဒီလိုအိမ်ပေါ်
ရောက်အောင်ခေါ်ခဲ့ရခြင်းဖြစ်လေသည်။

ဘယ်သူတွေ ဘာတွေပြောပြော ရှိပါစေတော့ ...။

"ဖေဖေပြောချင်တာ ဒီလိုကွာ၊ အားငယ်စရာမဟုတ်တာကို အား
ငယ်ဖို့မလိုသလို မကြောက်တတ် မရှက်တတ်တာလဲမကောင်းဘူး၊ သူ့
နောက်နဲသူ ထိန်းချုပ်ပုံကိုတာ ရှိတယ်လေ၊ အခု ဒီအိမ်ထောင်ရေး စတင်
ခြင်းမှာ သမီးဘက်က အဆောင်အယောင် ပကာသန နည်းပေမယ့်
ကိုယ့်မှာ အသိုင်းအဝိုင်းအဆင့်အတန်းရှိတယ်ဆိုတာကို မှတ်ထား၊ ဖေဖေ
ဘိုလိုချင်တာ ဒီလောက်တော့မကပေမယ့် ဒီလောက်ဆိုလဲကျေနပ်တယ်၊
သမီးဘက်က ပြန်သိတတ်ရမှာက ကိုယ့်အိမ်ထောင်ရေး ခိုင်မြဲအောင်
ကိုယ့်ရဲလင်ယောကျ်ားကို ကြင်နာတတ်ဖို့ပဲ၊ မရရတာ ယူရတယ်ပဲဆိုဆို
သမီး ဒီတစ်ခုကိုတော့ ကျေပွန်နိုင်ရမယ်"

"ဟုတ်ကဲ့"

"တစ်ခုအောင် က မျိုးရိုးအဆင့်အတန်းရှိတဲ့သူပါ၊ ဒါပေမယ့်
သူ နိုင်ငံခြားမှာ အိမ်ထောင်ကျသွားပြီဖြစ်တဲ့အတွက် ကိုယ့်ဖခင်ရှိနေသေး
တယ်ဆိုတာပဲ မှတ်ပြီး သူ့ရဲ့အရိပ်ကိုတော့ မမျှော်နဲ့တော့ပေါ့၊ အဓိက
သိရင်းကတော့ အားငယ်ခြင်းတွေနဲ့ အိမ်ထောင်ရေးကို လုံးပျေးမူးမိုက်
နေပါစေနဲ့"

ဦးလွင်ဦး ဘာကိုဆိုလိုမှန်း သိတော့သိသပါသည်။ သို့သော်
ကိုယ်အပေါ် ဘယ်လိုမျက်လုံးနဲ့ကြည့်ပြီး ဘယ်လိုသဘောထားသ

www.burmeseclassic.com

www.burmeseclassic.com

တာ၊ မပြောချင်တာ၊ လူတိုင်းမှာ နာကျင်မှုတစ်မျိုးစီ ခံစားခဲ့ဖူးကြမှာပဲ၊ ကိုယ့်ဘဝမှာ အစစ ပြည့်စုံခဲ့နေခဲ့တာ လောကနိဗ္ဗာန်ပေမယ့် အဲဒီအချိန်မှာ ပြည့်စုံခဲ့ခြင်းတွေကို ကိုယ် နာကြည်းနေခဲ့တယ်၊ ချစ်သာနေရတဲ့အဖြစ်ကိုပဲ စိတ်နာချင်ခဲ့တာ၊ တကယ်ပြောတာ ယုံပါကွာ .. နော့်''

ပခြုပ် က မတည်မငြိုးမျက်နှာလေးဖြစ်နေဆဲမို့ ရွှက်လွှင့် သူမအား ကို ရွှေထိုင်လိုက်တာ အိခနဲ။

''အို .. ဘယ်လိုလုပ်တာလဲ ... ဧည့်ခန်းမှာ ...''

''ဘာဖြစ်လဲ၊ ဘယ်သူမှမရှိဘူး၊ မင်းကိုယ့်ကို စိတ်ထဲမှာ တစ်ခုခုကြောင့် အစာမကျေဖြစ်နေတယ်မဟုတ်လား၊ အဲဒါတွေကြောင့် ကိုယ် စိုးရိမ်တာ၊ လက်ထပ်ဖို့နီးလာလေ ခေါင်းကြီးက ဆယ်ဆလောက် ကားထွက်လာသလိုဖြစ်လေ ..။ ပခြုပ်ရယ် .. မင်းကို ကိုယ် ဒီနေ့ထိ အလှကြည့်အချစ်နဲ့ချစ်လာခဲ့တာ တန်ဖိုးထားမြတ်နိုးလွန်းလို့ပါ၊ ကိုယ်တို့ စတွေ့ခဲ့ကြတာ မင်းဘက်က မိဘအသိုင်းအဝိုင်းမပါခဲ့သလို ကိုယ့်ဘက်က မိဘအဆောင်အယောင်ဆိုတာလဲ ဘာမှမသိခဲ့ကြဘူး၊ မင်းက ချစ်ရမယ်သူ ရှိနေတယ်၊ ကိုယ်က မင်းကိုပဲချစ်ခဲ့တယ်၊ အားလုံးက ဆန်းပြားတာ ဘာရှိလို့လဲ''

''ဒါပေမယ့် ပခြုပ် က အထင်ကြီးစရာမကောင်းခဲ့တဲ့ မိန်းကလေး''

''အထင်ကြီးထိုက်တာတွေကိုမှ ချစ်ချင်တယ်ဆိုရင် အများကြီးပဲကွာ၊ ဘာလုပ်ဖို့လဲ .. အချစ်ဆိုတာ ကျောချင်းကပ်မယ်၊ ရင်ချင်းကပ်မယ်ဆိုပြီး ပန်းသီသလို စိတ်ကြိုက်သီကုံးလို့ရတာတ်သလား၊ ချစ်ချင်ချစ်မှာပဲ၊ ချစ်ချင်မှလဲချစ်မယ်၊ ဒီနေ့ကစပြီး ကိုယ်တို့ရဲ့ပေါင်းစည်းခြင်းကို ခမ်းနားမှုတွေနဲ့ မကန့်သတ်ကြေး''

''ခမ်းနားချင်လို့ပဲ အခု နာမည်ကြီးဟိုတယ်လ်မှာ ဒီတ်လုပ်တာပဲ၊ အကောင်းဆုံးဖြစ်အောင်စီစဉ်နေတယ်၊ တကယ်ဆို အဲဒါတွေက ပခြုပ်ကိုခြောက်လှန့်နေတာ၊ မှန်ကလေးတစ်ချပ်ရှေ့မှာ ကိုယ့်မျက်နှာကို

ဆိုတာ နားမလည်။

ခေါင်းညိတ်လိုက်ရသည့်တိုင် ပခြုပ် မျက်နှာ ရှုပ်ထွေးမှုတွေရှိနေဆဲ။ ဒါပေမယ့် သူမ ဘာတစ်ခုမှပြန်မမေးခဲ့ပါ။ မိဘဆိုတာကိုရော .. အုပ်ထိန်း သို့ဆိုတာ အဆုံး ဘာဆိုတာမှ စိတ်မဝင်စားချင်လောက်အောင် ဘဝ ဆိုတာကြီးကို နာကျင်နေမိသည်။

ဘယ်လောက်ထိလဲဆိုလျှင် ကိုယ့်တစ်ယောက်တည်း ထင်ရာစိုင်းပစ်လိုက်လို့ ဘာဖြစ်သွားသွား ဂရုမစိုက်ချင်တဲ့အထိ ...၊

ထို့ကြောင့် စကားပြောရအောင်လို့ပြောပေမယ့် ပခြုပ် ဘာတစ်ခွန်းမှ မေးမြန်းပြောဆိုခဲ့ခြင်းမရှိဘဲ ပြောဆိုခြင်း ပြီးဆုံးဏ်။

''ပခြုပ်''

''အမေ''

''ဟာ .. ဘာဖြစ်သွားတာလဲ''

အနားရောက်မှ တိုးတိုးလေးခေါ်လိုက်တာကို ပခြုပ် တုန်ခနဲဖြစ်သွားတော့ ရွှက်လွှင့် က မချိမချဉ်နှင့် ...

''ဒီမှာ ဖိတ်စာတွေရလာပြီ၊ ကြည့် .. ဘာလိုသေးလဲ''

ကြည့်ဆိုပေမယ့် ပခြုပ် က် မကြည့်ပေ။ ဘေးမှာ ထိုင်လိုက်သည့် ရွှက်လွှင့် မျက်နှာကိုပဲ စိုက်ကြည့်ကာ ...

''ရွှက်လွှင့်''

''ပြော''

''ရှင် အဲဒီလောက်ချမ်းသာနေတာကို ဘာဖြစ်လို့ဖုံးထားတာလဲ ဟင် ...''

''လုပ်ပြီကွာ၊ အဲဒါတွေအတွက် ကိုယ် အနှုးအညွတ်တောင်းပန်ခဲ့ပြီးပြီ၊ ခုလဲတောင်းပန်ပါတယ်၊ ပြန်မစပါနဲ့ ပခြုပ်ရယ်၊ မင်းအပေါ်မှာ ကိုယ် လိမ်ညာခဲ့တာ ဘာမှမရှိဘူး၊ ကိုယ့်ဘဝနဲ့ ကိုယ်ဖြစ်ချင်သလိုဖြစ်နေတုန်းမှာ မင်းနဲ့ဆုံတာပါ၊ မပြောဘဲတမင်နေတာလဲမဟုတ်ဘူး။ မပြောဖြစ်

www.burmeseclassic.com

"ရှင်ရဲ့ရှေ့မှာ နာကျင်ခံစားပြမနေရင် မပြီးဘူးလား"

"ပြောရက်လိုက်တာကွာ၊ မင်း ကိုယ့်ရင်ခွင်ထဲကနေ တခြားတစ်ယောက်ကို မှန်းဆတမ်းတနေခဲ့ရင် .."

"အို .. မသိတော့ဘူး၊ ရွက်လွှင့် အရမ်းကိုကဗျာဆန်တယ် သိလား"

ပခြုပ် က ဆတ်ခနဲထရပ်လိုက်၏။

ရွက်လွှင့် ကလည်း သူမလက်ကောက်ဝတ်လေးကို ဆုပ်ကိုင်ထားပြီးဖြစ်ကာ ...

"အဲဒါ အချစ်တွေပဲ ပခြုပ်၊ ဘာဖြစ်လို့လဲ .. အချစ်ခံရတာကို ငြင်တာလား"

"မဟုတ်ဘူးလေ၊ စိတ်ညစ်တာကိုညစ်တဲ့အကြောင်း ပခြုပ် မပြောဘူးလား၊ ငိုချင်တိုင်းရော လွမ်းနေတာလို့ပဲ ရှင် မြင်နေမှာလား၊ ကြောက်လာပြီ သိလား၊ အိမ်ထောင်တစ်ခုဖြစ်လာဖို့ ဘာတွေလိုနေသေးလဲ၊ ပခြုပ် ဘယ်လိုနေရမှာလဲ"

"မင်း ကိုယ့်ရင်ခွင်ထဲမှာ သာယာတတ်အောင်နေဖို့ပဲ ..."

"အို ..."

သူ ပခြုပ် လက်လေးကိုဖမ်းဆွဲပစ်လိုက်သဖြင့် သူ့ရင်ခွင်ထဲကို တစ်ကိုယ်လုံး ထွေးခနဲပြန်ကျ၏။

ထို့နောက် သူသင်ပေးခဲ့သည့် သာယာဖို့အကြောင်းတွေထဲမှာ နူးညံ့ညှာသောအနမ်းများဖြင့် မွန်းမံလျက် တသိမ့်သိမ့်ရင်ခုန်စေခဲ့၏။

ရွက်တတ်ခြင်းသာ အဓိကမှတ်မိခြင်းဖြစ်ခဲ့ရာ ရင်တွေခုန်နေပေမယ့် အချစ်ကို သူမ မသိခဲ့ပေ။

ထို့ကြောင့် ရင်တွေခုန်ပါသည်၊ ဒါပေမယ့် .....

လှအောင်ပဲခြယ်ခြယ်၊ ရုပ်ဆိုးမပဲလုပ်လုပ် အာဖြစ်လဲ၊ စာတ်ခဲ့ပေါ်တက်ဖို့ ကျတော့ ဒီမျက်နှာ ဒီတိုင်းမရတော့ဘူ၊ မီးစားဖို့ ကာလာမှန်ဖို့တွေနဲ့ ပရိသတ်ကြည့်ပျော်ရွှင်ပျော်ဖြစ်အောင် ..."

"တော်ပြီ .. ကိုယ်နားလည်ပြီ၊ ဒါဆို မင်း ဘာလုပ်ချင်လဲ၊ အခု စီစဉ်ပြီးနေပေမယ့် 'ဟင့်အင်း' လို့ မင်း ခေါင်းခါလိုက်ရင် မင်းစိတ်ကြိုက်ဖြစ်အောင် လိုက်လုပ်ပေးမယ်၊ နှတ်စ်လော မင်းမျက်နှာကို ကိုယ် ပြန်မကြည့်အားတာက မိန်းကလေးဆိုတာ ဒီလိုကြီးကျယ်ခမ်းနားစွာ မင်္ဂလာပြုရခြင်းကိုတော့ ကျေနပ်မှာပဲလို့ထင်ပြီး ဖေဖေ စီစဉ်ပေးနေတဲ့ အတိုင်း လုပ်နေခဲ့တာ၊ ဟုတ်ပါတယ် .. တကယ်ဆို ကိုယ်တို့နှစ်ယောက်က ခံစားချက် ရှိထားကြတဲ့လူတွေ ..."

ရွက်လွှင့် က ပခြုပ် ပခုံးလေးကို တင်းခနဲဆွဲဖက်လိုက်ကာ ...

"မင်္ဂလာပွဲမပြီးခင် မင်းနဲ့ကိုယ် မပြေလည်နိုင်တာတွေအားလုံး ပြီးဆုံးထားချင်တယ် ပခြုပ်ရယ်၊ ကိုယ်လေ .. မင်းနဲ့ ကြည်နူးသာယာရမယ့် အိမ်ထောင်သည်ဆိုတဲ့ဘဝလေးကို ဘာကြောင့်မှ အစွန်းအထင်းမဖြစ်စေရဘူးလို့ ဆုံးဖြတ်ပြီး မင်းမျက်ရည်ကျနေတာမြင်ရင်တောင် မပြောမဆိုမိအောင် မမြင်သလိုနေခဲ့ရတယ်"

"ပခြုပ် မငိုခဲ့ပါဘူး၊ ရှင်နဲ့ ဒီကိုပါလာမှ ခံစားရတာတွေဟာ မိဘ အသိုင်းအဝိုင်းဆိုတဲ့ခံစားချက်တွေကြောင့် ..."

"ဒါဆို ဝိုင်းကျေးဇူးတင်ပါတယ်"

"မလိုပါဘူး၊ ပခြုပ် က ကိုကိုနဲ့ပတ်သက်ပြီး ခံစားနေရတာယ်ဆိုရင်တောင် ဒါတွေက နှစ်ချို့ဝေဒနာတွေပဲ၊ ပြည်တည့်နာလို မခံရပ်နိုင်အောင် ဖြစ်နေဖို့မရှိဘူး ရွက်လွှင့်၊ သွေးသံရဲရဲနဲ့ အချုပ်ခံရသလို အာခေါင်ခြစ်အော်ရလောက်အောင် နာကျင်စရာလဲမလိုဘူး"

"ဒါပေမယ့် တစ်သက်လုံး အကင်းမသေနိုင်မယ့်ဝေဒနာမျိုးဖြစ်နေမှာလဲ ကိုယ် မလိုချင်ဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com

နိုင်ဘဲရှိခဲ့၏။ မျက်လွှာလေးချထားရင်း ငြိမ်နေသည့် ပခြုံပ်ကို ငဲ့ကြည့်ကာ ရွှက်လွှင့် မသိမသာအံကြိတ်သည်။ ယောကျ်ားချင်းပဲ မသိဘဲနေမလား။

ရာဇသံ ဖြစ်ဆုတာကို ဖေဖေလည်း ရိပ်မိနေနိုင်၏။ ပခြုံပ်နဲ့ပတ်သက်တာအားလုံး သူ သိထားသမျှ ဖေဖေ သိသည်။ သဘောမတူလို့ မဆိုင်သလိုနေပြီးကာမှ အကြောင်းကြောင်းကို ပြန်တွေးပြီး ဖေဖေ လာခေါ်ခဲ့တာဖြစ်၏။

ခုလည်း ဖေဖေ ဘာမှထပ်မပြောပေမယ့် သူ နားလည်သွားပါပြီ။

, ''ဖေဖေတို့က မိသားဖသားဝိပီ စေ့စပ်တော့ငြင်းရမ်းဖို့ ကမ်းလှမ်းတယ်၊ အဲဒီတုန်းကလဲ သူ လက်မခံဘူး၊ အခု ဖိတ်စာပို့ခိုင်းတာလဲ လက်မခံဘူး၊ သူ့ဘက်က ဒီပွဲကို လုံးဝအသိအမှတ်မပြုဘူးဆိုတာကို ကြေညာတာ သိသာနေပြီ၊ မင်းက ဘယ်လိုလုပ်ချင်သလဲ''

သားဖြစ်သူကိုမေးတာပေမယ့် ပခြုံပ် မျက်နှာလေးမော့လာ၏။ ထိုအခါ ဦးလွင်ဦး မျက်လုံးတွေကလည်း သူမဆီရောက်လာကာ ...

''ဒါက လူကြီးတွေကိစ္စပါ၊ သမီးနဲ့တော့မဆိုင်ဘူးလို့ပြောရတယ်၊ ဒါပေမယ့် စဉ်းတော့စားစဉ်းစား၊ ကိုယ့်ကိုယ်ကိုယ် စိတ်ချမ်းသာဖို့ပဲကွ''

''ကိုကို့ကို ပခြုံပ် သွားတွေ့ချင်တယ်''

''မတွေ့ရဘူး''.

ရွှက်လွှင့် လွတ်ခနဲပြောသံက မာဆတ်ဆတ်ဖို့ ဦးလွင်ဦး အကြည့် တွေရောက်လာ၏။ ထိုအခါ တင်းမာသံယောင်ဖြစ်သွားသည့် မျက်နှာကိုပါပြန်လျှောချကာ ...

''အဲဒီလောက် မလိုလို့ပါ''

ဟု ခပ်ငုံ့ငုံ့နှင့်ဖြေ၏။ ရင်ထဲမှာတော့ 'လုံးဝမဖြစ်ဘူး' ဆိုသည့် စကား တွေပဲတင်ထပ်နေဆဲ ...၊

လူယေဆိုသည့်ကိုယ့်ရဲ့ဆွဲအားနဲ့ အုပ်ထိန်းသူနေရာကနေခဲ့ပြီ

အခန်း (၃၉)

''သဘောမတူတာလား''

''မသိဘူး''

''တစ်ခုခုမကျေနပ်တာမျိုးလား ဖေဖေ''

''မသိဘူးလေ''

ဖေဖေ့မျက်နှာ နီတိတိဖြစ်နေတာကိုကြည့်ကတည်းက ရင်ထဲကို ထွင်းဖောက်နာ'ာသည်နေမိသည်။ ရှက်ခြင်း၊ ဒါမှမဟုတ် ဖေဖေ ဒေါသ ဖြစ်နေတာတော့ သေချာ၏။

ပခြုံပ်လည်း မျက်နှာမကောင်းပါ။ သူမသည် ကိုကို့ကို အမြဲကမ်း တစ်ဖက်သတ်ချစ်နေခဲ့ရသူပီပီ ကိုယ်က ချစ်နေဖို့တစ်ခုတည်းပဲသိသည်း တခြားရလိုမှုမပါ။ ရနိုင်သည့်နည်းပရိယာယ်တွေကိုလည်း မစဉ်းစားခဲ့ပေ။

ထို့ကြောင့် ကိုကို့ဘက်က ဘာတွေဖြစ်ပျက်နေသည်ကို နားမလည်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သော ရာဇသံဘက်က ဆွဲအားကို သူ ယှဉ်မကြည့်ရဲပေ။

ခုချိန်ထိ ဆယ်ကျော်သက်ကောင်မလေးတွေကို ငေးခနဲငိုင်ခနဲဖြစ် သွားလောက်အောင်ဆွဲဆောင်နိုင်သေးသည်။ ဒီလူရွေ့အရောက် ပခြုပ် နောက်ထပ်ပြန်သွားလို့မဖြစ်။

ဟိုတုန်းက သူ့ဘက်က ဘာမှမပျက်ခဲ့သည့်အခြေအနေ၊ အခု ပခြုပ် ရဲ့မင်္ဂလာပွဲကို သူ လုံးဝမလိုလားနိုင်ဖြစ်နေတာ ဘာကြောင့်လဲ ...။

"ဟို .. ဒီလိုပါ၊ ပခြုပ်ရဲ့မင်္ဂလာပွဲကို ဒီလောက်ထိကန့်ကွက်ဖို့စိတ် ကူး ကိုကို့ဘက်ကဖြစ်ဖို့မရှိဘူး၊ ဘာအကြောင်းရှိနေသလဲဆိုတာ ပခြုပ် သိချင်တယ်"

"ရှင်းနေတာပဲ၊ သူ ကိုယ်တို့ဘက်ကို တစ်ခုခု မကျေလည်ရှိနေလို့ ငိုနေတာ"

"ငိုဖို့မရှိဘူး သား၊ ပြောရမယ်ဆို ဖေဖေ အဲဒါကို အံ့သြနေတာ၊ သူနဲ့ ဖေဖေက ကင်းကင်းနေလို့မရတဲ့သူတွေ၊ သူ ဖေဖေ့ကို ဆက်ဆံရေး ပျက်အောင်လုပ်ဖို့အကြောင်းကိုမရှိဘူး၊ ရွေလမ်းငွေလမ်းမှောက်ကြမယ် ဆိုရင်တောင် ဒါ အကောင်းဆုံးအခွင့်အရေး"

လူဆိုတာ ကိုယ်တန်ဖိုးအထားဆုံးအရာကိုသာ မက်မောကြတာ ဖေဖေ ...။

ရင်ထဲမှာ မကျေမနပ်ပြောမိရင်း မျက်လုံးက ပခြုပ် ဆီ ရောက်၏။ အဏယ်၍သာ ရာဇသံ ဒီလိုစိတ်တွေ ယောက်ယက်ခတ်ဖောက်ပြန်နေ တာကို ပခြုပ် သိသွားခဲ့ရင် သူ့ကို ထားခဲ့ပြီး ဝမ်းသာအားရပြေးသွားမည် လား ...။

တစ်ဖက်သတ်အချစ်၏ ဆိုးရွားသောစိတ်ဝေဒနာက ပြင်းစွာ နှိပ် စက်လေသည်။ ပခြုပ် က နားမလည်စွာရှိနေတုန်း။

"ဒေါ်နွေစဖယ်တို့ဘက်က ဟန်တပြင်ပြင်ဖြစ်နေတာကို သမီးက ပါဝင်ခွင့်ပေးလိုက်ပါ၊ ဒီမင်္ဂလာပွဲအတွက် အထိုက်အလျောက် ပြည့်စုံ

သွားပါလိမ့်မယ်"

ပခြုပ် က မျက်တောင်ကော့တို့ဖြန့်ကပ်နေတဲ့အထိ ဦးလွင်ဦးကို မျက်လွှာပင့်ကြည့်နေလျက် ...

"ဟုတ်ပါတယ်၊ အဲဒီလိုဖြစ်သင့်ပါတယ်၊ ဒါပေမယ့် ခုမှပေါ် ပေါက်လာကြတဲ့ အဒေါ်တွေ .. ညီအစ်မတွေကြောင့် မိဘဆိုတဲ့ အတိတ်က ပုံရိပ်တွေကို အသက်သွင်းကြည့်ဖို့အကြောင်းတွေ ပေါ်လာဦး မှာ၊ အဲဒါကို ပခြုပ် မလိုချင်ဘူး"

ဒီတစ်ခါ ဦးလွင်ဦး ခေါင်းညိတ်လက်ခံ၏။ ထိုင်နေရာမှ ခပ်ဖြည်း ဖြည်းထ၊ ရပ်လိုက်ကာ ...

"မှန်တယ်၊ ဒါပေမယ့် ကိုယ့်ဘက်က အဖြစ်မှန်တစ်ခုတည်းနဲ့ ပတ် ဝန်းကျင်ကိုကျော်ဖြတ်လို့မရဘူးကွယ်၊ သားနဲ့ ဆွေးနွေးကြဦးလေ၊ ဖေဖေ ကတော့ နှစ်ကြိမ်တိတိကြီးစားပေးခဲ့တယ်၊ နောက်တစ်ကြိမ် ဇာပြီး ခေါင်းခါမခံနိုင်တော့ဘူး၊ သမီးဘက်မှာ တစ်မျိုးမြင်စရာဖြစ်ခဲ့ ရင် ကြိုပြောပြထားတာပါ"

ဦးလွင်ဦး ထွက်ခွာသွား၏။

"ပခြုပ် ကို ဇာတော့ သွားခွင့်ပြုပါနော်"

"ဘာ .."

နှစ်ယောက်တည်းကျန်ခဲ့သည်နှင့် ဒီစကားကောက်ပြောလိုက်တော့ ရွက်လွှင့် ဒေါသထိန်းဖို့ မေ့သွား၏။ ပန်းခြံထဲမှာ ဘေးလူကြားဖို့မလွယ် သလို အပြင်လူမြင်ဖို့လည်းမရှိ။

ဒါပေမယ့် အသံကျယ်လွန်းတော့ ကိုယ့်ဘာသာအမ်းသွားပြီး ဘေး ဘီကို လိုက်ကြည့်မိသည်။ ပြီးတော့ အသံကိုနှိမ့်၍ ...

"ထားလိုက်ပါတော့၊ မင်း ဘာဖြစ်လို့ ဒီလိုမပါရင် မပြီးနိုင်ဘူးလဲ ဟင် ...၊ သူနဲ့စာရင် အနှိတ်နွေတို့က သွေးသားရင်း ..."

"ဘာသွေးသားလဲ၊ ရွှေပခြုပ်မှာ သွေးသား ဘာမှမရှိခဲ့ဘူး၊ ခုလဲ

www.burmeseclassic.com

မရှိဘူး၊ ရာဇသံ ဆိုတဲ့လူ ကျွေးမွေးကယ်တင်ခဲ့လို့ ဒီအရွယ်ကြီးပြင်းခဲ့တာ၊ ရာဇသံ က ကျွန်မဘဝရဲ့နေမင်း၊ အရှင်သခင်၊ သူမပါရင် မပြီးတာဘာ ဖြစ်သွားနိုင်လဲဗျ။ နားလည်ပါ့မယ်၊ လိုက်လျောပါ့မယ်နဲ့ ရှင်ပြောခဲ့တာတွေ ခု ဘာမှမရှိတော့ဘူးလား''

''ဟုတ်တယ် မရှိတော့ဘူး၊ ချစ်တဲ့စိတ်မှာ တစ်ကိုယ်ကောင်းဆန်ချင်တာရှိတယ်၊ လိုက်လျောပေးဆပ်ချင်တာရှိတယ်၊ မင်းရဲ့အချစ်တွေ တဖြစ်ဖြစ်မြည်နေလည်း ကိုယ် မသိဘူး၊ ကိုယ့်အချစ်မှာတော့ အဲဒီနှစ်မျိုးစလုံး ရှိနေတယ်ထင်တယ်၊ မင်းကို အလိုလိုက်ချင်တယ်၊ မလိုက်လျောနိုင်ဘူး''

''ဟုတ်ပါတယ်၊ အခု ရှင့်သဘောလေ၊ ကျွန်မက ပကာသနအဆောင် အယောင်တွေထဲမှာ ဘာမှမှမလွန်ဆန်နိုင်တော့တာ ...''

''မင်း အဲဒီလိုမပြောနဲ့''

''ပြောမှာပဲ၊ ဖယ် .. မကိုင်နဲ့''

''ကျွတ်''

ခုံတန်းလေးကနေ နှစ်ယောက်အတူထ၊ ရပ်လိုက်ကြပြီး လက်ကိုင်လည်းဖယ်ချ၊ ပခုံးကိုင်လည်း ပုတ်ပစ်။ ရွက်လွှင့် ကျွတ်ခနဲစုတ်သပ်ရင်းဆံပင်တွေကိုပဲ စိတ်ရှိလက်ရှိ ထိုးဖွမိ၏။

သူ့ကို ဒါတွေတော့ခွင့်လွှတ်ပါမည်ဟု ပြောမိပြီးမှ ဘာဖြစ်လို့စကားတွေ မှားမိကုန်တာလဲ၊ ကိုယ့်ကိုယ်ကို အပြစ်တင်မိတာပေါ့မယ့် ဘယ်လိုမှလည်း ချော့လို့မရတော့ပေ။

''ပခြုံပ်''

''ရှင် ဘာမှမပြောနဲ့နော်၊ ခုပဲ ထင်သလိုပြော၊ ချက်ချင်းပြန်လွှာနဲ့ ကျွန်မ နားခါးတယ်''

''ပခြုံပ်''

''ဖယ် .. သွားမယ်''

သူ အတင်းလိုက်ဆွဲပေမယ့် မမိ။ ဖေဖေ အပြင်ထွက်သွားတာကို သိထားသဖြင့် ပခြုံပ် ကလည်း ဂရုစိုက်စရာလူမရှိတော့သလိုမျိုး အိမ်ဘက်ကိုပြေးသည်။

သူ လိုက်နေပေမယ့် အိမ်ပေါ်ရောက်ရင် မိမှာပဲဆို ရှေ့နောက်ပြေးနေကြသလိုပုံစံပါ။ သို့သော် ပခြုံပ် က အိမ်ပေါ်မတက်ဘဲ ပန်းပင်တွေရှင်းသည့်လမ်းကလေးကနေ ခြံဝဘက်ကို ပြေးသည်မို့ ...

''ဟာ .. ဟေ့ ...''

နိုးရိမ်စိတ်နှင့် သူ ပခြုံပ်ကို လှမ်းဆွဲလိုက်၏။ ပခြုံပ် က သူ့ဆွဲမှာကို သိသောကြောင့် ကိုယ်ကိုရှိ့လိုက်ပြီး သူ့ကို အားရှိပါးရှိ လှည့်တွန်းပစ်လိုက်သည်။

''မကိုင်နဲ့ .. သွား''

''ဟာ ..''

''အမ့လေး''

ဆွဲလိုက်တာ လက်ကိုမိလိုက်သဖြင့် သူ လဲတော့ ပခြုံပ်ပါ လဲသွားတော့သည်။ ဒါပေမယ့် ...

''ဒုတ်''

''အား''

ထိခိုက်မိသံကြီးက ကျယ်လောင်၏။ နှစ်ယောက် စောင်းလျက်လဲကျသွားစဉ် ပခြုံပ် က အကျကောင်းပေမယ့် ရွက်လွှင့် က ပန်းအိုးနှင့် ပစ်စလက်ခတ်ဆောင့်မိ၏။

''ဟင် ...''

သူ ရုန့်ရုန်းကွေနေစဉ်-အုပ်ကိုင်ထားသည့်လက်ကြားထဲကနေ သွေးတွေ ယိုစိမ့်ထွက်လာ၏။ ထို့နောက် ရေတွေသွန်ကျသလို အဆက်မပြတ်။

''အား .. ပခြုံပ် ရက်စက်တယ်ကွာ''

''ရွက်လွှင့်''

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄၀)

သားဖြစ်သူ သွေးထွက်သံယိုဖြစ်မှ ဦးလွင်ဦး သူ့သားကို ဘယ်လောက်ချစ်မြတ်နိုးမှန်းသိရတော့သည်။ ဒါနဲ့များ လမ်းပေါ်ကို ကလေးကချေလို့ သွားလာနေတာ ကြည့်နေသေးတယ်ဟု တွေးမိနေတုန်း...

"ကိုယ့်ကိုယ်ကိုယ် ကျန်းမာရေးလဲ ဂရုစိုက်ဦး သားရာ၊ မင်းဖေဖေကို နှိပ်စက်ပေါင်းများပြီနော်"

"ကျွန်တော် ဘာလုပ်နေလို့လဲ ဖေဖေ"

"ဘာလုပ်ရမှာလဲ၊ ဟိုဟာမကျေနပ်၊ ဒီဟာမကျေနပ်နဲ့ ထင်သလို သွားလာနေခဲ့တာ လမ်းပေါ်မှာ ဘယ်နှစ်နှစ်လဲ"

အိပ်ရာထဲမှာ ခေါင်းအုံးဆင့်ခံ၍ ခပ်လျောလျောမှီထိုင်နေရင်း ကလေးလိမ္မာကျွေးနေတော့ သားအဖနှစ်ယောက်ကိုကြည့်၍ ပခြုပ် စိတ်မလုံချင်။

ရွှေ့ကလွင့် က လင်မယား ကျီစယ်ရင်းချော်လဲသည်လို့ပြောပေမယ့် ဦးလွင်ဦး ကြည့်ရတာ ယုံကြည်သလားမသိ၊ မယုံဘူးလားမသိ။

ထို့ပြင် ဟိုမိန်းမက ကွာရှင်းမပေးဘူးဆိုသဖြင့် အားလုံးကိုသားခဲ့ပြီး

ပခြုပ် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာကာ မတ်တတ်လေး ထ၊ ရပ်နေရင်းကနေ မလှုပ်မယှက်နှင့် ..၊ ရွှေ့ကလွင့် က သူ့ဘာသာထ၊ရပ်လိုက်ကာ ...

"ကိုယ့်ကို အိမ်ထဲတွဲဝိုပါဦး"

သူပဲပြောပြီး ပခြုပ်ပခုံးလေးကို လက်တစ်ဖက်နဲ့ ဖက်မိရင်း ...

"မသွားပါနဲ့ ပခြုပ်ရယ် .. နော်"

ရွှေ့ကလွင့်၏စကားသံတွေများစွာထဲမှာ ဒီစကားသံလေးကျမှ ပခြုပ်ရင်ထဲမှာ နှင့်ခနဲဖြစ်သွားတာ။

သူ့ကို သနားစိတ်တွေ ရင်ထဲမှာ အတိုင်းအဆမဲ့ ဖြစ်ထွန်းလျက်...

www.burmeseclassic.com

"နှစ်ယောက်ကျွန်ခဲ့တာနဲ့ မတည့်တာတွေချည်းပြောမိမနေကြနဲ့၊ မင်္ဂလာမဆောင်သေးခင်ကနေ ဆောင်နေစဉ် ဆောင်ပြီးစအထိ အားလုံးက မင်္ဂလာအချိန်တွေပဲ၊ ကျက်သရေမဲ့အောင် မလုပ်ရဘူး"

ဟု ခေါသမ်မပါဘဲပြောသွားတော့ ပန်ပြုပ်တို့ မျက်လုံးချင်းဆုံသွားသည်။ ဖအေ့ထွက်သွားတော့ ရွှက်လွှင့် က သူ့ဘေးကို လက်နဲ့ပုတ်ပြီး ကာ...

"ဒီမှာ လာထိုင်ကွာ"

"အဖေပုံစံကြည့်ရတာ တစ်ခုခုကိုမျိုသိပ်ပြီး မကျေနပ်နေသလိုပဲနော်"

"မဟုတ်ပါဘူး၊ မျိုသိပ်ထားတာမှန်ရင်တောင် မကျေနပ်ဖြစ်နေတာ မျိုးတော့မဟုတ်နိုင်ပါဘူး၊ ဖေဖေ သိနေတာက မင်း ကိုယ့်ကို မချစ်ဘူး ဆိုတာ ..."

"ဒါလဲ မကျေနပ်စရာပဲလေ၊ အဖေက ရှင့်ကိုချစ်တဲ့အဖေ၊ ရှင့်ကို မချစ်တဲ့ ကျွန်မကို မနှစ်မြို့ခြင်းတော့ဖြစ်မှာပဲ"

"ဘယ်တော့မှ အဲဒီလို မဖြစ်ဘူး၊ မင်းကို ကိုယ်သိပ်ချစ်နေတာ သိတာနဲ့ပဲ ဘာတစ်ခွန်းမှ ဖြူသည်မည်းသည် ပြောမှာမဟုတ်တာသေချာတယ်၊ ဘာဖြစ်လို့လဲ၊ ဒါကိုပူနေတာလား၊ ကိုယ့်ကိုထားခဲ့ဖို့ အကြောင်းရှာတာလား"

ပန်ပြုပ် မျက်နှာလေးမှာ အေးစက်ခြင်းတွေဖြစ်သွား၏။

"ဒီတစ်ပတ်အတွင်း မင်္ဂလာဆောင်တော့မှာ၊ ရှင် ပန်ပြုပ်ကို ခဲ့နေတာလား ရွှက်လွှင့်၊ ဒါမှမဟုတ် ရှင်က အဲဒီလိုဖြစ်စေချင်တာလား"

"ဦးဖြူ လုံးဝ လွဲပါစေဗျာ၊ မဟုတ်ကဟုတ်ကတွေ ပန်ပြုပ်ရာ ... ဒီမိန်းမ ပြောရက်လိုက်တာ ယောကျ်ားကို ..."

လို့ စိုးရိမ်သံနှင့်ထပြောပြီး တစ်ဆက်တည်း 'အဟွန်း ... အရသာရှိလိုက်တာ'၊ အရွှန်းဖောက်သလိုဆို၍ ပခုံးနှစ်ဖက်တွန့်လိမ်၏။

ရွှက်လွှင့်ဘဝ လုံးလုံးပြောင်းကာ လမ်းပေါ်မှာ ကလေးချော်လိုလွှင့်ခဲ့ရတာလည်း အစက အဆက်အစပ်မဲ့ သိထားခဲ့တာတွေပဲဖြစ်သည်။

ခုကျမှ ဒါတွေကို သိရသည်။ သားကို ပြန်လာခေါ်ဖို့ ခေါ်လည်းမရ၊ ရွေးမကလည်း ကွာရှင်းမပေးသဖြင့် သူ့မင်္ဂလာကိစ္စအတွက် ဦးလွင်ဦး တော်တော်ကုန်ခန်းပြီး ခြေကုန်လက်ပမ်းကျအောင်ကြိုးစားခဲ့ရတာ အခု ဒီရောက်မှသိခဲ့ရသည်။

ထမင်းချက် ဒေါ်စာဥ ကလည်း ပြောပြ၏။ 'သူ့သားကို ငုံထားမလောက်ချစ်တာ' တဲ့။ 'အနားမှာမရှိပေမယ့် မျက်ခြည်မပြတ် ကြည့်နေတာ' တဲ့။

ထိုအခါ ပန်ပြုပ် တွေးမိ၏။ ကိုယ့်ဘဝအကြောင်းတွေ ရာဇသံနဲ့ သူမရဲ့ ရစ်ပတ်နှောင်တွယ်မှုတွေ ဒါတွေကိုရော မသိဘဲနေမလား။

"ဒါတွေ ဖေဖေလဲသိသားနဲ့ အစပြန်ဖော်နေပြန်ပြီ၊ ဖေဖေ ဘုရားသွားမှာ နောက်ကျနေဦးမယ်"

"ဘာ.."

"မဟုတ်ဘူးလေ၊ အဓိဋ္ဌာန်ဝင်တာဆိုတော့ ပျက်မှာစိုးလို့ပါ"

"အဟွန်"

ဦးလွင်ဦး နှုတ်ခမ်းမဲ့လိုက်ပြီး နာရီငုံကြည့်သည်။ ည ရှစ်နာရီဆို ဘုရားသွားပြီး ကိုးနာရီခွဲဆို အိမ်ပြန်ရောက်ချိန် ...၊ ရွှေတိုဝုံဘုရားကြီး၏ ညဘက်မှာ မှူးမြော်ရသည့်ကြည်နူးချမ်းသာမှုကို သူ မက်မောသည်။ ထို့ကြောင့် တစ်လမှာ ကိုးရက်တိတိ အဓိဋ္ဌာန်ဝင်သည့်ကုသိုလ်ကိုတော့ ရအောင်ယူခဲ့တာ ဒီနေ့ထိ မပျက်သေး။

"ကဲ .. သွားမယ်၊ သမီးကိုပဲ မှာတော့မယ်၊ ဒီကောင် တစ်ခုခုဖြစ်ရင် ဆေးထိုးမခံချင်တာ သိပ်ကိုဆိုးတာကွ၊ သောက်ဆေးနဲ့ ဒဏ်ရာက မိမျှဘူး၊ ဆေးသောက်ဖို့ကို ဂရုစိုက်နော်"

"ဟုတ်ကဲ့"

www.burmeseclassic.com

စိတ်တိုနေပါသည်ဆိုမှ ပခြုံပ် ရယ်ချင်သွားသဖြင့် ဟိုဘက်လှည့် ပစ်လိုက်ရ၏။ မျက်နှာကိုတည်ပစ်ပြီးမှ ဒီဘက်ပြန်လှည့်ကာ ...

"ရှင်ရော ဒဏ်ရာ ဒီလောက်ကြီးသွားတော့ ရင်ထဲမှာ တစ်ခုခုတော့ ထိရှသွားမှာပါ"

"ဟင် .. ခေါင်းမှာဖြစ်တာ ရင်ထဲကို ဘယ်လိုထိရှရမှာလဲ၊ ကိုယ့် ဘာသာ ခြေမနိုင်လို့ လဲတာဥစ္စာ ..."

ပခြုံပ် က စိုအိနေသည့် နှုတ်ခမ်းလေးကို မဲ့ကြည့်တော့ သူ အသည်းယားသွား၏။

"တစ်ခုတော့ဖြစ်ကျန်တယ်"

"ဘာလဲ"

"အဲဒါက ..."

မျက်နှာသည် ချက်ချင်းကြီး ပြောင်းလဲသွားကာ ဆက်မပြောဘဲ ဟိုဘက်လှည့်သွားသဖြင့် ပခြုံပ် အားမလိုအားမရဖြစ်သွားသည်။

"ရှက်လွှင့်"

သူ့ဘေးကို ရွှေ့ထိုင်၍ ပခုံးကိုဆွဲလှည့်ကာ ..

"ပြောစမ်းလေ၊ ရှင်ပဲ ရင်ထဲမှာမထားဘူးဆို၊ ပြောစမ်းပါ"

"ဟုတ်တယ် ပြောမယ်"

သူက ဒီဘက်လှည့်လာပြီး ကိုယ်ကို မတ်မတ်ပြင်ထိုင်၏။ ပြီးတော့ ပခြုံပ် တစ်ကိုယ်လုံးကို ရုတ်တရက် ဆွဲမွှေ့လိုက်ပြီး ...

"ရင်ထဲမှာ မင်းနဲ့ပတ်သက်ပြီး တစ်ခုကတော့ အမြဲရှိနေတာပါ၊ အဲဒါက အချစ်ပဲ၊ မင်းကို ကိုယ် ဒေါသဖြစ်ဖူးတယ်၊ ကြောက်ဖူးတယ်၊ ဘာတွေဖြစ်ဖြစ် အမြဲတမ်းချစ်နေတဲ့စိတ်က ကျန်ရစ်တယ်"

"ကြည့်ပါလား လူလည်ကျတာ၊ ရှင် .. လွှတ်နော်"

"ဘာလို့လွှတ်ရမှာလဲ"

"အို .. အိပ်ရာပေါ်မှာ .. ဟင့်အင်း၊ ရှင့် .. ရှင်ပဲ ..."

"မထူးပါဘူးကွာ၊ နှစ်ရက်ပဲလိုတော့တာ မကြည့်ပြန်ရင်ဘူးလား"

"ဟင့်အင်း .. ဟင့်အင်း၊ ရှင့်နော် ..."

ပခြုံပ်ကိုယ်လေး သူ့ခေါင်းအုံးပေါ်မှာ ပက်လက်လေးဖြစ်သွား လျှက် သူသည် မက်မောမြတ်နိုးသောအနမ်းများနှင့် ပြန်ကြက်သီးမိုးထား၏။ ဖြေဖျားလက်ဖျားတွေ အေးလောက်အောင် အထိတ်တလန့် ကြောက် ရွံ့နေသော်လည်း သူ့ပုံစံက အလျှော့ပေးမည့်ပုံမပေါ်သဖြင့် ပခြုံပ် ငိုချင် သလိုလို၊ ရယ်ချင်သလိုလို ...။

"ကြောက်သွားလား"

ဖက်ရှုပ်ထားတာကို ဖြေလျှော့၍ သူ တိုးတိုးလေးမေးတော့ မျက် ဝန်းထောင့်ကနေ မျက်ရည်လေးတစ်စက် လျှောစီးသွားကာ ...

"ကြောက်တယ်"

"အဟွန်း .. သိသားပဲ၊ ကြည့်စမ်း .. လက်ဖျားတွေတောင် အေးနေ တယ်ကွာ၊ ကိုယ့်ကို ဒီလောက်တောင်မယုံဘူး"

"မဟုတ်ဘူးလေ၊ ရှက်လွှင့်ကမှ မလိုက်လျောဘူးဆိုရင် ပခြုံပ် ဘာမှတတ်နိုင်မှာမဟုတ်ဘာ၊ ဖယ်ပေး"

သူက ဘေးမှာဝင်လဲလိုက်ပြီး ပခြုံပ် ထမည်ဆိုတော့ အထမခံ။

"ကတိပေးတယ်ဆိုရင် မယုံဘူးလား"

"ယုံပါတယ် ရှက်လွှင့်ရယ်၊ ဟိုလေ .. နီးစပ်မှုဆိုတာ မှားတတ် တယ်၊ ညဘက်ကြီး အိပ်ရာထဲမှာကို ..."

"မှားကုန်တော့လဲ အကြီးအကျယ် ကမ္ဘာပျက်မသွားဘူးမို့လား၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုယုံပါ ပခြုံပ်ရယ်၊ ချစ်တဲ့စိတ်ကသပ်သပ်၊ သွေးဆူ လွယ်တာက တခြား၊ ချစ်လို့မှားတယ်ဆိုတာရှိပေမယ့် မိမိစိတ်ပေါ်မှာပဲ မူတည်နေပါတယ်၊ ရပြီနော်.. ကိုယ့်ရင်ခွင်ထဲမှာ ခဏလေးဖြစ်ဖြစ်နေ ..."

သူသည် ပခြုံပ်ကို ပွေ့ဖက်ထားကာ လက်ဖဝါးလေးကို ဆုပ်ကိုင်နေ လိုက်၊ နဖူးဆံစလေးတွေကို ဖေးသပ်ပေး၍ ငုံနမ်းလိုက် ...။

www.burmeseclassic.com

www.burmeseclassic.com

"သိပ်ချစ်တာပဲ"

ဟုလည်း ခဏခဏပြောဖူး၏။ ပြီးတော့ စကားမပြောနိုင်ဘဲ သူ့ကိုပဲ မော့ငေးနေသည့် ပခုံးပို့ကို ရယ်ကာ ...

"ကိုယ့်ကိုကြောက်နေတုန်းထင်တယ်၊ ဒါဆိုရင်တော့ မထူးပါဘူး..."

"အို ...မဟုတ်ဘူး၊ မကြောက်ဘူး၊ ကြောက်လို့မဟုတ်ပါဘူး... သွား"

သူ့မျက်နှာ မချိုမချဉ်ကို သတိထားမိကာမှ ပခုံးပို့ ရုတ်သွားကာ ရင်ဘတ်ကို တအားထုပစ်လိုက်မိသည်။ သူက အသံခပ်ကြိတ်ကြိတ်နှင့် တစ်ကိုယ်လုံးလှုပ်အောင် ရယ်၏။

ပခုံးပို့လည်း လိုက်ရယ်မိရင်း ရင်ထဲမှာကြည်နူးရွှင်မြူးတွေဖြစ်လာခဲ့သည်။ ထို့ပြင် အားလုံးကိုလည်း တဒင်္ဂ မေ့သွားခဲ့၏။

ထိုအခါကျတော့ ရွှက်လွှင့်ရဲ့ရင်ခွင်ကျယ်ဟာ မွေးနေသလိုလို ... နွေးနေသလိုလို...။

အခန်း (၄၁)

အခန်းထဲမှာ အဲကွန်းလေက တစ်မှိန်စိမ့်အေးမြနေခဲ့သည်။ ဒါပေမယ့် သူ့ရင်ထဲမှာ မီးလောင်ပြင်ကြီးဖြစ်နေ၏။

စားမှာ ကော်ဖီတစ်ခွက်ရယ်၊ စားဖို့ မုန့်နှစ်မျိုးရယ် ရှိနေပြီး ဘာတစ်ခုမှမစားဘဲ ရင်ထဲမှာပြည့်နေသည့် သူ့မျက်လုံးထဲမှာ အေးမြနေတာတွေ၊ စားသောက်ဖို့တွေ ဘာမှမရှိဘဲ မနက်ဖြန် စည်ကားစိုပြည်နေမည့် မင်္ဂလာပွဲကြီးကို မြင်နေ၏။

ရွှေပန်းပုံ ဆိုသည့်မိန်းကလေးနှင့် အရိပ်သခင် ..။

မနက်ဖြန်ဆို မင်္ဂလာပွဲကြီး ဆင်နွှဲကြတော့မည်။

သူကတော့ ဘာလဲ..။

ရွှေပန်းပုံ နှင့် အဓိကသက်ဆိုင်သူဖြစ်လင့်တစား အုပ်ထိန်းလုလည်း မဟုတ်၊ ဦးလေးဓမ္မာင်ဘွားလည်း မမည် ..။

www.burmeseclassic.com

www.burmeseclassic.com

ဒါဖြင့် ပခြုံပန့်ပတ်သက်ပြီး သူ ဘယ်လိုနေရာက နေခဲ့တာလဲ...။ ခုလောက်ဆို လူတွေ ဘယ်လို ပြောဆိုဝေဖန်နေကြပြီလဲ...။ ပခြုံပန့် နှင့် နှစ်ယောက်တည်းသိသည့် ရွှပ်ထွေးမှုလေးတစ်ခုမှ ပခြုံပ် က ကြေညာရဲသလို ပြန်လည်နှုတ်သိမ်းရဲတဲ့သူ ...၊

သိပ်ချစ်ပါတယ်ဆိုပြီး လက်ပြသွားပြီးတဲ့နောက်မှာ တကယ်ကို လှည့်မကြည့်စတမ်း...၊

သူ့မှာသာ ...

"တောက်"

သူဟာ ဆုံးဖြတ်ချက်တွေမပြတ်သားတဲ့သူလား၊ ဆုံးဖြတ်ပြီးပြီဆိုမှ ကြေကွဲနေခဲ့တလား ...၊ 'လား' ပေါင်းများစွာနှင့် မေးခွန်းဆိုသည် ဘာတစ်ခုမှလည်းမပီပြင်။

ဒါပေမယ့် အသားအရေပြားထိ တဖျစ်ဖျစ်မြည်လောက်အောင် ပူလောင်နေသောရင်ထဲမှာ ဘယ်လိုဝေဒနာ မွေနှောက်နှိပ်စက်နေမှန်း မသိ။

ဟိုတုန်းကဆို သူသာလျှင် ရက်စက်တတ်သည်၊ နှလုံးသားမရှိသလို အေးစက်ထုံထိုင်းနေခဲ့သော နှလုံးခုန်သံကလည်း ဘာကြောင့်နဲ့မှ လွှပ်ခတ်ခဲ့တာမရှိ။

ခု သူ ဘာဖြစ်နေပြီလဲ၊ စားပွဲထက်မှာ တံတောင်နှစ်ဖက်ထောက် တင်ကာ နဖူးမှာဆုပ်ထားသော လက်နှစ်ဖက်က တင်းကျပ်သွားလိုက်၊ တက်ခေါက်လိုက် ...၊

ခုကျမှ ပေးလိုက်ရသည့်အဖြစ်ကို မခံစားနိုင်။

ရွှဲကုန်သည်နှစ်ဦးကဲ့သို့မဟုတ်ပေမယ့် သူလည်း ရင်ကွဲပက်လက်နှင့် ဘဝပျက်သွားနိုင်တာ သေချာနေသည်။

ဘယ်လိုမှ ဖြေရှာရှာမရသည့်အဆုံးမှာ သူ စာအုပ်လှလှလေးကို ဖြန့်၍ စာတွေရေးလိုက်၏။ ပြီးတော့ ဆွဲဆုတ်ပြီး သေချာခေါက်၍

အိတ်ထဲထည့်ပိတ်သည်။

"မမယု"

"ဟေ .. ရှိတယ်၊ လာပြီ"

ခုနက မယု တံခါးလာခေါက်ပြီး သူ မထူးတော့ အကြောက်ရပ်နေ၏။ ညဉ့်နက်သန်းခေါင်မှာ မီးလင်းနေသည့်အခန်းကို ထားရစ်ခဲ့ပြီး သွားဖို့ စိတ်မချဖြစ်နေမှန်း ခြေသံ ဒီမှာပဲရှိနေတာကို ကြား၍သိနိုင်၏။

ထို့ကြောင့် တစ်ခွန်းပဲခေါ်လိုက်တာနှင့် မယုက စောထားသည့်တံခါးကို ရဲရဲတင်းတင်းဖွင့်၍ အထဲဝင်လာသည်။

"ရော့ .. ဒီစာ မနက်မိုးလင်းတာနဲ့ ပခြုံပ် လက်ထဲကို သွားထည့်ပေးပါ"

"ဟင် ..."

ဒေါ်ယုကြည် စာကိုယူလိုက်ပြီး တအံ့တသြပြန်ကြည့်၏။ ပြီးတော့ နားလည်သွားသလို ချက်ချင်းခေါင်းညိတ်သည်။

ဟိုဘက်က ယောကျ်ားလေးရှင်ပီပီ ဝတ္တရားကျေသည်။ ဒီဘက်က တော့ အတောင်းလည်းမခံ၊ ဖိတ်စာကိုလည်း ငြင်းခဲ့၏။

အများအမြင်မှာ သတို့သားဘက်ကို မကျေနပ်လို့ ဒါမှမဟုတ်လျှင် သမီးရင်းမဟုတ်လို့ မျက်နှာလွဲခဲ့ပစ်နေသည် စသဖြင့် ထင်ဖွယ်ရှိ၏။

တကယ်က ရာဇသုံ ရင်ထဲကို ဇေ ရယ်၊ ဒေါ်ယုကြည် ရယ်၊ ပြီးတော့ အနည်းအကျဉ်းသောလူတချို့ရယ်က မြင်ကြပါသည်။ ခုကျမှ ဝန်ခံတာ က စာတစ်စောင်နှင့် ...၊

"ငါ တစ်ခုတော့ပြောချင်တယ်ကွာ၊ ခုချိန်မှာ ဒီစကားပြောနေတာ အမှန်းခံရမယ်ဆိုတာ သိပါတယ်၊ ဒါပေမယ့် မင်းလဲ မနှက်ဖြန့်ပဲ နိုင်ငံခြားကိုထွက်တော့မှာမို့လား၊ ဒီစာထဲမှာ ဘာပါမှန်းမသိပေမယ့် ဒီစာကြောင့် အပြီးသတ်တော့မယ်စာတ်လမ်း တစ်ကနေပြန့်လွှမ်းမှာကတော့ ..."

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

အခန်း (၄၂)

"မနက်အစောကြီးတည်းက ညည်းကိုရှာနေတာ၊ ကားနဲ့ထွက်သွားတာမြင်လို့ ကျုပ်မှာ စောင့်လိုက်ရတာ အချိန်တွေလဲကုန်ပြီ၊ ရော့ ... ရာဇသံ ပေးလိုက်တာ"

လက်ထဲကို စာအိတ်လေးတစ်လုံး ရောက်လာခဲ့၏။ လူတွေအလစ်ကို စောင့်ပေးသည်ဆိုကတည်းက ပခြုပ် နားလည်လိုက်သည်။

ထို့ကြောင့် အပြင်ကပြန်ရောက်ပြီး စိတ်အိုက်လာသဖြင့် ခြံထဲဆင်းလာတာကို မနားတော့ဘဲ အိမ်ပေါ်ပြန်တက်ခဲ့၏။

ရွှက်လွှင့် က အပြင်ကပြန်တာနှင့် ရေချိုးနေကျအတိုင်း ရေချိုးခန်းထဲမှာ အသံကြားနေ၏။ အောက်ထပ်မှာ ညည်သည်တချို့နှင့် ဦးလွင်ဦးက စကားပြောနေ၏။

ဟိုအရင် ရွှက်လွှင့် တို့ သင်ပြပေးဖူးကြသူတွေဖြစ်ကာ သားဖြစ်သူကို လုပ်ငန်းတွေ ဦးစီးစေမှာမို့ ခုတည်းက စေ့စပ်ဆွေးနွေးပေးခဲ့ခြင်းဖြစ်သည်။

"မုန်းလောက်အောင်မဟုတ်ပေမယ့် ဆက်မပြောပါနဲ့၊ ကျွန်တော် မကြားချင်ဘူး"

"အေးပါ"

"ကျွန်တော် တစ်သက်လုံး သူတို့သားအမိကြောင့် ဘဝသေခဲ့ရပြီးပြီ၊ ခုလဲ သူ့ကြောင့် ကျွန်တော့်ဘဝတစ်ခုလုံး သွားပြီ၊ နောက်ထပ် မသေချင်လို့ သွားပေးပေးပါ"

www.burmeseclassic.com

ပခြုပ် အခန်းထဲရောက်အောင်ဝင်ကာ တံခါးပိတ်ပြီး စာကိုဖွင့်ဖတ်လိုက်၏။ စာလုံးတွေကလည်း လူလိုပဲ ခပ်သွယ်သွယ်၊ ခပ်စောင်းစောင်းလေးတွေမို့ မှင်နီနဲ့ရေးထားတာ ထင်းရှင်းလှပနေ၏။

ရွှေပခြုပ် ...

မင်းရဲ့ခံစားချက်တွေ တကယ်အမှန်ဖြစ်ခဲ့တာဆိုရင် ထွက်လာခဲ့ပါ၊

ဒီနေ့ စင်ကာပူကိုသွားဖို့ ကိုယ် စောင့်နေမယ်။

ရာဇေသံ

မျဉ်းဖြောင့်တွေချည်းသုံး၍ လှပစွာ ရေးထိုးထားသည့်လက်မှတ်ကို ငေးစိုက်ရင်း ပခြုပ် အံ့သြဝမ်းသာသွားကာ ရုတ်တရက် မလှုပ်မယှက် လေးဖြစ်သွားခဲ့၏။

ကိုကို့လက်ရေးကတော့ အမှန်ပါ၊ ဒါပေမယ့် ပခြုပ် မယုံနိုင်။

ကိုကို သူမကို တကယ်ချစ်မိသွားတာလား၊ ဒါမှမဟုတ် ဦးလွင်ဦးတို့နဲ့ တစ်ခုခုငြိခဲ့တာရှိလို့ တစ်စုံတစ်ရာ တုံ့ပြန်ချင်တာလား ...၊

အံ့သြနေတာ ပြီးတော့ မယုံနိုင်ခြင်းများနှင့် ရင်တွေခုန်လာခဲ့သည်။ စာကိုကိုင်ထားသည့်လက်တွေတောင် ကတုန်ကယင်ဖြစ်လေသည်။

သူမ ရွှက်လွှင့် နဲ့ ဒီနေ့ လက်ထပ်မှာဖြစ်သည်။ ဘယ်လိုလုပ်ရမလဲ၊ ရွှက်လွှင့်ကိုလည်း သနားသည်၊ ကိုကို ဘယ်လိုစိတ်ပြောင်းသွားတယ်ဆိုတာကိုလည်း သိချင်၏။

လက်ထပ်တယ်၊ ဖျက်သိမ်းတယ်ဆိုတာ ကလေးကစားစရာမဟုတ်ပေ၊ ဒါကို ကိုကိုသိရက်နဲ့ ပခြုပ် က ကိုယ့်လူပဲဆိုပြီး ပိုင်နိုင်စွာအမိန့်ပေးတာမျိုးလား ...၊

ဒါဆို ပခြုပ်က ဒီပွဲကိုမဖျက်စေခဲ့ဘူးဆိုရင် ကိုကို့ဘက်မှာ ဘယ်လိုဆုံးရှုံးမှုတွေဖြစ်သွားနိုင်လဲ ...၊ စိတ်တွေက ယောက်ယက်ခတ်နေ၏။

ဦးလွင်ဦးနဲ့ ကိုကို ဆိုရင် ပခြုပ် ကိုကို့ဘက်ကိုပဲ လိုက်ရမည်၊ ဒါပေမယ့် ရွှက်လွှင့် ကတော့ ကြေကွဲရမည့်သူသာ ဖြစ်လေသည်။

သို့တည်းမဟုတ် ကိုကိုက ကိုယ့်ကို ခုချိန်ကျမှ မစွန့်လွှတ်နိုင်အောင် ချစ်မိခဲ့လို့ ထာဝရပေါင်းကြဖို့ခေါ်တာဆိုလျှင်ရော ...၊ ဒါက မဖြစ်နိုင်တော့ သည့်ကိစ္စပါ။

ကိုကို့ဘက်မှာ ဒီလိုပြောင်းလဲသွားဖို့အကြောင်း မရှိပေ။ ရှိနေခဲ့သည် ဆိုရင်လည်း မဖွယ်ရာကိစ္စပဲ ဖြစ်လိမ့်မည်။

ဘာပဲဖြစ်ဖြစ် ကိုကို့ကို ပခြုပ် တွေ့ချင်သည်။

ဒီနေ့ထွက်တော့မည်ဆိုတော့ အကျိုးအကြောင်းကို အချိန်မီသိရမှဖြစ်မည်။ ကိုကို့ရဲ့ အဓိကလိုအပ်ချက်ဟာ ဒီမင်္ဂလာပွဲမဖြစ်မြောက်ဖို့ဆိုတာ ထင်ရှားနေသဖြင့် ခုပဲ ကိုကို့နှင့်တွေ့မှ ဖြစ်မှာပါ။

ပခြုပ် စာကိုခေါက်ချိုးခေါက်၍ မှန်တင်ခုံပေါ် တင်လိုက်သည်။ ပြီးတော့ အပြင်ကပြန်လာသည့်အင်္ကျီကို အိမ်နေရင်းအင်္ကျီနှင့် လဲဝတ်လိုက်၏။

ဒါမှ အပြင်ထွက်သွားလို့ရမည်။ တောက်တောက်ပြောင်ပြောင် ဝတ်စားထွက်ရင်း ဦးလွင်ဦးက ဧည့်ခန်းက လှမ်းမေးနိုင်၏။

ပခြုပ် ကိုယ့်အစီအစဉ်နှင့်ကို အင်္ကျီလဲပြီး ပိုက်ဆံအိတ်ထဲကို မှတ်ပုံတင်ကတ် ထည့်နေဆဲ...

"ပခြုပ်... ဟာကွာ... တံခါးကြီးပိတ်ပြီး ဘာလုပ်တာလဲ"

"ဒေါက် ... ဒေါက်"

"ဟင် ...၊ လာပြီ ခဏလေး"

"လာကွာ၊ ဒဏ်ရာကိုရေစိုသွားတယ်ကွ၊ ဖြေရမယ့်အထူတူ ပင်လာစတာပါ ခွာလိုက်ပါတော့၊ အရှမ်းအနေရခက်တာပဲ"

ပခြုပ် တံခါးသွားဖွင့်လိုက်တော့ ရေချိုးပြီးစပဲစံနှင့် ချက်နှာတာသစ်မှုန်လှသော်လည်း ရှဲ့တွတွဖြစ်လျက်...

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်၊ သွားမလို့ ဒါပေမယ့် ကျွန်မ စကားပြောရဲပဲ"

ပခြုံပ်တို့ မာဆတ်ဆတ်ပြောပြီးဆို ပခြုံပ်ကနေ 'ကျွန်မ' ဖြစ်သွားတတ်တာ သတိထားမိသဖြင့် ရွှန်လွင့်က အံကြိတ်သည်။

"စကားပြောရဲပဲ ဟုတ်လား ..၊ မင်းတို့မိန်းကလေးတွေ ဒီလူကို မစ္စနေမကြည့်ရဲပါဘူးဆိုတဲ့အထိ ဆွဲဆောင်နေနိုင်တဲ့ယောကျ်ားး...၊ မင်း တစ်သက်လုံး တိတ်တိုးမြတ်နိုးခဲ့တဲ့သူ၊ မင်းကိုယ်တိုင် မဖြစ်နိုင်တာတွေ သူပြောလို့ နောက်ဆုတ်ထွက်လာခဲ့တာလေ...၊ အခု... အခု သူက ခေါ်နေတာ မင်းနဲ့အတူ နိုင်ငံခြားထွက်ကြဖို့ သူ ဆုံးဖြတ်ပြီးပြီတဲ့"

"အဲဒါ ရှင် ဒီစာကိုဖတ်ပြီး တွက်ကြည့်တဲ့ကိစ္စမို့လား ..၊ တကယ် ဆုံးဖြတ်ချက်က သူ့ရင်ထဲမှာပဲရှိတာ၊ ကိုကိုက သိပ်ကိုလျှို့ဝှက်တဲ့လူ၊ သူ့စိတ်ကူး သူ့ဆုံးဖြတ်ချက်..."

"ဟုတ်တယ်... လျှို့ဝှက်စွာချစ်နေတာ မင်းပဲ၊ တစ်သက်လုံး ရိုးသားစွာနေခဲ့တာတွေကလဲ ဟန်ဆောင်မှုက္ခ၊ သူကိုယ်သူထက် ပတ်ဝန်းကျင်က ပိုတောင်သိကြတယ်၊ ဒါပေမယ့် သူစောင့်ထိန်းခဲ့တဲ့ ကျင့်ဝတ်သိက္ခာ ရှိတယ်၊ သူ မင်းကို နေ့ရာမပေးခဲ့ရဲလေးတစ်ခုတည်းနဲ့ ကိုယ့်မှာ ကျေးဇူးတင်ခဲ့ရတာ၊ မင်း ချစ်နေနေ မနေနေ သူချစ်တဲ့သူဖြစ်စေ၊ မချစ်ဘူးဖြစ်စေ ဘာဖြစ်ဖြစ် ကိုယ်ကြည်ဖြူစွာရှိနေခဲ့တာ သူ့ရဲ့မျိုသိပ်နိုင်ခြင်း..."

"ထားလိုက်ပါ ..၊ သူ မျိုသိပ်သိပ် မသိပ်သိဝဲ့ အခုကိစ္စမှာ ရှင်ထင်နေတာတစ်ခုတည်းမဟုတ်ဘူး"

"မဟုတ်ရင် ဘာလဲ .. ပြောလေ...၊ မင်း ပြောလိုက်ပါ"

သူမ မပြောနိုင်ပါ။ မပြောနိုင်တာဟာ မသိလို့ပဲ ဖြစ်သည်။ လက်ရှိရင်ဆိုင်နေသည့် သုံးပွင့်ဆိုင်ပြဿနာဟာ အချစ်ကိစ္စမဟုတ်နိုင်သူးဆိုတာပဲ စိတ်ကသိနေ၏။

"နည်းနည်းနာတယ်၊ ပြေရှိန်မတန်သေးဘဲ ဖြေလိုက်လို့ထင်တယ်"

"အင်း... ရှင် အင်္ကျီလဲလိုက်လေ"

"ဘယ်ကိုလဲ မင်းက..."

အထဲဝင်သွားပြီးမှ ပြန်လှည့်လာကာ...

"ခဏကျောပေးနေလိုက်ရင် ရတယ်ကွာ၊ အပြင်ထွက်ဖို့ မလိုပါဘူး၊ ကိုယ် ခဏလေးပဲ"

ပခြုံပ် နေရကောင်းနိုး၊ သွားရကောင်းနိုးနှင့် ခဏလေး တွေဝေသွားစဉ် သူက မှန်တင်ခုံရှေ့ ရောက်သွားသည်။ ဟိုကိုအချိန်မီသွားရမှာမို့ စိတ်ကိုတုံးတုံးချပြီး ပခြုံပ် လှည့်ထွက်လိုက်စဉ်...

"မင်း ရာဇသံဆီကို သွားမှာပေါ့... ဟုတ်လား"

ဟင်... ရင်ထဲမှာ ဒိန်းခနဲ မြည်ဟည်းသွားစ၏။ အံ့သြလိုက်ခါနေသည့်အသံကို ကြားလိုက်လျှင် မှန်တင်ခုံပေါ်ကစာကို သူတွေ့သွားပြီမှန်း သိလိုက်စ၏။

"ကိုယ် တကယ်အံ့သြတယ် ပခြုံပ်ရယ်၊ မင်း သူ့ကို ချစ်နေတာ သိသိနဲ့ ကိုယ် လက်ထပ်ယူရဲတဲ့သူ...၊ ဒါပေမယ့် မင်း ခုလို ရက်စက်ပြတ်သားမယ်လို့တော့ မထင်ခဲ့မိဘူး၊ ကိုယ့်အတွက် မင်းပေးတဲ့တံပြန်မှုက ဒါတွေလား"

ပခြုံပ် မလှုပ်မယှက်လေး ကျောပေးလျက်နေသည့်နားကို သူ ရောက်လာစ၏။ ထိုပြင် စာရွက်လုံးချေသံကိုပါ ကြားလိုက်ရကာ...

"ရွေပခြုံပ်"

"မသိဘူး ... မပြောနဲ့"

"မပြောလို့မရဘူး၊ မင်း ... မင်းကွာ ..."

"ပခြုံပ် ဘာမှမပြောရသေးဘူး၊ ရှင် ဘာဖြစ်လို့စွပ်စွဲနေတာလဲ"

"ဟာ... ဒီမှာ မင်းကိုခေါ်ထားတဲ့စာ၊ မင်း အခု မျက်စိပျက် မျက်နှာပျက်နဲ့ ခြေလှမ်းပြင်နေကယ်"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

လူစည်း လူကမ်း ကျင့်ဝတ်သိက္ခာ ဒါတွေအပေါ်မှာ ဤမြို့ အလေးထား ဂရုစိုက်လွန်းသူဟာ လက်ဖျစ်တစ်ခတ်အတွင်းမှာ ကြီးမားသည့် ဆုံးဖြတ်ချက်တစ်ခုကို အလွယ်တကူချတာ မဖြစ်နိုင်။ ဟုတ်နေရင် တောင်မှ စီးပွားရေးနှင့် အိမ်ထောင်တစ်ခုကို လက်လွှတ်စပယ် ဘဲစား ဘဲကျေလုပ်ချင်တာမျိုးသာ ဖြစ်နိုင်၏။

သူမကလည်း ဆုံးဖြတ်ပြီးသားပါ။ သူ့အကျိုးအတွက် တစ်ကိုယ် ကောင်းဆန်စွာ အမြဲပေးခဲ့တာပဲ ဖြစ်ပါစေ ...၊ ဒီမင်္ဂလာပွဲကို ဖျက်ပစ်ရ မည်ဆိုရင်တောင်...

"ကျွန်မ သွားမယ်"

"မသွားရဘူး ပခြုံပ်၊ မင်း ထားမိနေသလို ငါထင်တဲ့အတိုင်းမဟုတ် ဘူးဆိုရင်တောင် သူကြောင့် ဒီပွဲ ဖျက်ရမှာမယ်ဆို မင်း ဘယ်လိုလုပ်မလဲ"

"ကိုကိုက ကျွန်မရဲ့ကျေးဇူးရှင်"

"ကျေးဇူးရှင်လောက် မခြင့်မားပေမယ့် ငါ့ရဲ့အချစ်တွေကရော ဘယ်ရောက်ကုန်ပြီလဲ"

ပခြုံပ် ငြိမ်သွား၏။ ရွက်လွင့်က သူမမျက်နှာရှေ့ကို ငုံ့ကြည့်၍...

"မင်း ကိုယ့်ကို ထားခဲ့ဦးမယ်ပေါ့"

ရင်ထဲတွန့်သွားသည်။ ဒါဖေမယ့် လက်တစ်ဖက်ကို ချုပ်ဖမ်းသလို ဆုပ်ကိုင်လိုက်တော့ ဒေါသဖြစ်သွားမိ၏။ ပြန်ဆောင့်ရုန်းတော့ မရ။

"ဒီမင်္ဂလာပွဲကြီးနဲ့ ကျွန်ခဲ့မယ့်ကိုယ့်ကို မင်း ထားခဲ့ရက်လား"

"ရွက်လွင့်"

"ပြောပါ"

"ရှင် ထင်သလို မဟုတ်နိုင်ဘူး၊ ကျွန်မ...ကျွန်မက ကိုကို့ရင်ထဲမှာ ဘယ်နေရာမှာမှ မရှိခဲ့တဲ့သူ"

"အခု ရှိနေပြီဆိုရင်ရော..."

ဒါ လွယ်တဲ့ကိစ္စလား... မဖြစ်နိုင်ပါ။ ပခြုံပ် ခေါင်းခါပစ်လိုက်၏။

သူက လက်ကို အလွယ်တကူ လွှတ်ပေးလိုက်ရင်း...

"သွားတော့"

ပခြုံပ် သူ့ကို ဖျတ်ခနဲ မော့ကြည့်၏။ သူက အခန်းထဲကို လှမ်းဝင် သွားလျှင် တစ်ယောက်နှင့်တစ်ယောက် အရှေ့နှင့်အနောက် ကျောနိုင်း လျှောက်လှမ်းကြသလိုဖြစ်ကာ...

"ငါ ဒီမင်္ဂလာပွဲကို မဖျက်ဘူး ပခြုံပ်၊ အဲဒါ ငါ အရှက်မရှိလို့ မဟုတ်ဘူး၊ ငါ့ဝတ္ထရား ငါ့အချစ်ကို ယုံကြည်လို့ ...၊ ကိုယ့်ဘက်ကို တစ်ချက်ကလေးငဲ့ဖို့ စိတ်ကူးဖြစ်လာရင် မင်း ပြန်ခဲ့ပါ"

ပခြုံပ် နားတွေကိုပိတ်ပစ်လိုက်မိသည်။ ပြီးတော့ လှေကားကြီး ပေါ်ကနေ ပြေးဆင်းလာခဲ့၏။

"သမီး ဘယ်လဲ၊ သား ရေချိုးလို့ပြီးပြီလား"

"ရှင်... ဟုတ်...၊ ပခြုံပ် သွားစရာရှိလို့"

စကားတွေ ဘယ်လိုထစ်အ ရှုပ်ထွေးကုန်သည်လဲ။ အိမ်နေရင်း အင်္ကျီနှင့်ထွက်လာပြီး ကားဆီမသွားဘဲ လမ်းအတိုင်း ခြေဦးလှည့်တော့ ရွက်လွင့်ဖေဖေ၏စကားသံ တိတ်ကျသွားသလို ကျောနောက်မှာဖြစ် သမျှကို လှည့်မကြည့်ဘဲ ခံစားမိနေသည်။

ခြေလှမ်း မမှန်တော့။ ပြေးသွားမိလိုက်၊ တစ်လှမ်းချင်းဖြစ်သွား လိုက်။ ရွက်လွင့်ပြောတာ တကယ်လား။ ဒါ ဖြစ်နိုင်သည်လား။

ဖြစ်နိုင်သည်ပဲ ထားကြည့်လိုက်တော့။ ရင်ထဲမှာ ကျင်ခနဲ ထိရှ သွားခဲ့သည်။ ကိုကိုက ပခြုံပ်ကို ချစ်နေသည့်အဖြစ်ဟာ သဘာဝမတန် ပေမယ့် တကယ်ဖြစ်ခဲ့သည်ဆိုလျှင် ဒါက မဖြစ်သင့်သည့်တရားလို့ စိတ်က ခံစားမိလာ၏။

ဒီမင်္ဂလာပွဲဖြစ်မြောက်ခဲ့တာ ဘယ်သူ့ကြောင့်လဲ။ မိန်းကလေးတစ် မဲ့ ချစ်ပါရစေ၊ ကြိုက်ပါရစေ အကြိမ်ကြိမ် ဖွင့်ဟခဲ့သည်။ ဂုဏ်ရက်စက် စက် ခေါင်းခါခဲ့တာရော ဘယ်သူလဲ...။

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးဆိုတဲ့အချိန်ထိ ဇေ နဲ့ ကိုကိုရွှေမှာ ပခြုံပ်က အရှက်သိက္ခာမဲ့တဲ့မိန်းကလေး ဖြစ်ခဲ့၏။

ပခြုံပ်နှင့်လက်ထပ်ရလျှင် ဘဝပျက်တော့မလို့ ကြောက်ရွံ့ခြင်းတွေနှင့် ဇေကို မချစ်ဘဲနဲ့လည်း ရွေလက်တွဲဖို့ ဖြစ်ခဲ့သေးသည်။

ဘဝတစ်လျှောက်လုံးမှာ ပခြုံပ်အတွက် စိတ်ချမ်းသာစေမည့် နွေးထွေးမှုမျိုး ကိုကို ပေးဖူးလို့လား။

ခြေလှမ်းက ခြံဝန်းမှာပဲ ဘုံခနဲရပ်သွား၏။

အလင်းရောင်ချင်းတူနေရင်တောင် ကိုကိုက နေရောင်၊ ရွှက်လွှင့်က လရောင်။

အေးမြတာချင်းတူရင်လည်း ကိုကိုက မိုး၊ ရွှက်လွှင့်က နှင်းမြူ။

ရွှက်လွှင့်နှင့်ပတ်သက်လာသမျှ ပခြုံပ် နွေးထွေးလုံခြုံခဲ့ရသည်။ ခုချိန်ထိ ဦးလွင်ဦး အပါအဝင် လူအများ၏ အထင်ကြီးမော်ရွေမှုကို ခံယူရရှိနေတာဟာ ရွှက်လွှင့်၏ချစ်ခြင်းမျက်နှာကြောင့် ဖြစ်ခဲ့၏။

သူမ ဘာအတွက်ကြောင့် ပြေးထွက်ခဲ့မိပါသလဲ။

ဘယ်လိုအကြောင်းကြောင့် ခေါ်သည်ဖြစ်စေ မကောင်းခဲ့တဲ့အတိတ်ကို ဘာဖြစ်လို့ နောက်တစ်ခေါက် ပြန်လျှောက်တော့မှလဲ။

နိုင်ခဲ့တင်းမာသောကြိုးတစ်ချောင်းကို ဖြတ်တောက်ဖို့ ကြိုးစားရသလို မလွယ်ကူသည့်ဝေဒနာကြောင့် ပခြုံပ် မျက်ရည်တွေ ဝိုးဝိုးပေါက်ပေါက် ကျလာကြ၏။

မထင်မှတ်ခဲ့သောနာကျင်ခြင်းက သေချာတွေးမှ ရေးရေးပေါ်လာ၏။ အချစ်နှင့်ပတ်သက်သည်ဆိုလျှင် ကိုကို့ဆီကို သူမ ဓသွားသင့်တာ သေချာပါ၏။

သိပ်ချစ်ပါသည်ဆိုရင်လည်း ကျေးဇူးတင်ပါတယ် ကိုကို။

ပခြုံပ် ချက်ချင်း နောက်ပြန်လှည့်၏။ ဧည့်ခန်းမှာ လူတွေရှိနေသေးတာကိုလည်း ဝေကျော်ကာ အပေါ်ထပ်ကိုပဲ တောက်လျှောက်

ပြေးတက်ခဲ့မိ၏။

တံခါးကို တွန်းလိုက်တော့ အထဲကနေ ပိတ်ထားသဖြင့် မျက်ရည်ကို လက်ခုံနှင့်သုတ်ရင်း တံခါးခေါက်လိုက်သည်။

"ခေါက် ... ခေါက်"

"ဘာလို့ ခဏခဏ ခေါ်နေတာလဲ၊ မင်္ဂလာပွဲချိန် မရောက်မချင်း ဘယ်သူမှ ထပ်မလာကြနဲ့"

ကွဲရှနေသောစကားသံက အဖျားခတ်တုန်ယင်နေ၏။ ပခြုံပ် ပါးစပ်ကိုပိတ်၍ အင့်ခနဲရှိုက်ငိုမိလေသည်။

မင်္ဂလာပွဲချိန်ရောက်တဲ့အထိ နေဦးမယ်တဲ့လား ရွှက်လွှင့်ရယ်။ စကားမဆိုနိုင်တော့အောင် ဆို့နှင့်သွားသည့်ရင်က ရှိုက်သံတွေကိုတော့ ပိတ်ဆို့ ကာကွယ်မနိုင်လောက်အောင် ဖြစ်ခဲ့၏။

ထိုစဉ် သူမ၏ရှိုက်သံတွေကို အထဲကနေ ကြားသွားသည်ထင်၏။ တံခါးက ရုပ်ခနဲ ပွင့်သွား၏။

"ရွှေပခြုံပ်"

"ရွှက်လွှင့်"

ခုထိ အင်္ဂါမဝတ်ရသေးသော ချည်ပုဆိုးကွက်စိပ်နှင့် သူ့ရင်ခွင်ထဲကို ပခြုံပ် တိုးဝင်လိုက်မိ၏။ ပြီးတော့ လွတ်လပ်သောရှိုက်သံတွေက မစဲနိုင်တော့ပေ။

"မင်း... ပြန်လာတယ် ဟုတ်လား။ ဘာလဲ အပြီးလားဟင်... ဂိုယ့်အတွက်လား"

သူမှာ လူတစ်ကိုယ်လုံး ရင်ခွင်ထဲပြန်ရောက်နေတာတောင် မသေချာနိုင်။

"ပြောပါဦး ပခြုံပ်ရယ်၊ မင်းရဲ့မျက်ရည်တွေက လွမ်းလို့ ငိုတာလား ဟင်"

"ဟင့်အင်း"

www.burmeseclassic.com

www.burmeseclassic.com

ပခြုပ် သူကျောပြင်ကို တအားပြန်ဖက်လိုက်မှ နားလည်သွား၏။ ထို့နောက် တစ်ကိုယ်လုံးကို လွတ်ထွက်သွားမှာစိုးသလို တင်းကျပ်စွာ ဖက်ထားလိုက်ပြီး…

"ဝမ်းသာလိုက်တာ… ကိုယ် တကယ် မယုံနိုင်ဘူး"

ပခြုပ်၏ လည်တိုင်နုနုနှင့် ကုပ်သားဖွေးဖွေးလေးသည် သူ့ရဲ့ အနမ်းများကြောင့် ခြေဆောင့် စိတ်ကောက်ကုန်ကြပြီ ထင်၏။

အချစ်စစ်နှင့် သူရဲ့လားရာအရပ်မျက်နှာများအကြောင်း နှစ်ယောက် စလုံး၏ရင်မှာ တွေးခေါ် ကြည်နူးမဆုံးဖြစ်ရရင်း ……

ချစ်သူများ မျော်ရှုင်ကြပါစေ…။

လရောင်ကျူးရင့်

BURMESE CLASSIC .com

www.burmeseclassic.com